# Livelihoods and Food Security Trust Fund



# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

## ၂၀၁၂ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ

## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

## အသိအမှတ်ပြုလွှာ

မြန်မာနိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးပြီး အင်အားနည်းပါးသူတို့အတွက် အသက်မွေးမှုလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေး တိုးတက်လာစေရန်အတွက် ရည်ရွယ်သည့် ၎င်းတို့၏ ရက်ရောသော လှူဒါန်းမှုများအတွက် ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများအား ကျေးဇူး ဥပကာရ တင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအတွက် အဆိုပါ နိုင်ငံများ၏ ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြုပါသည်။

## ရှင်းလင်းချက်

ဤအစီရင်ခံစာကို ဩစတေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများ၏ ငွေကြေး ပံ့ပိုးမှုဖြင့် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သော်လည်း ဤအစီရင်ခံစာတွင် ဖော်ပြထားချက်များသည် အဆိုပါ နိုင်ငံများ၏ သဘောထားအမြင်များကို ထင်ဟပ်သည်ဟူ၍ မယူဆနိုင်ပါ။

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**

UNOPS **ဘဏ္ဍာရေးတာဝန်ခံရုံး**

အမှတ် ၁၂ (O)၊ ပြည်သူလမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း +၉၅ ၁ ၆၅ ၇၇ ၀၂~၀၄၊ +၉၅ ၁ ၆၅ ၇၂ ၈၀~၈၇၊ ဖက်စ် +၉၅ ၁ ၆၅ ၇၇ ၀၂/ ၆၅ ၇၂ ၇၉
Email: lift@unops.org
Website: www.lift-fund.org



# မာတိကာ


အတိုကောက် စာလုံးများ ၂

အနှစ်ချုပ် တင်ပြချက် ၅

၁။ နိဒါန်း ၁၁
၁.၁။ အကြောင်းအရာ ၁၁
၁.၂။ LIFT ၏ နောက်ခံသမိုင်း ၁၂

၂။ ရလဒ်များ ၁၅
၂.၁။ ရည်မှန်းချက်အဆင့် အညွှန်းကိန်းများ ၁၆
၂.၂။ ရလဒ်အဆင့် အညွှန်းကိန်းများ ၂၁
၂.၃။ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း ၃၃


၃။ ဒေသများ ၃၇
၃.၁။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ ၃၈
၃.၂။ အပူပိုင်းဇုန် ၅၀
၃.၃။ တောင်တန်းဒေသ ၆၀
၃.၄။ ကမ်းရိုးတန်းဒေသ ၆၇

၄။ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသည့် ရလဒ်များ ၇၃
၄.၁။ အရပ်ဘက် အဖွဲ့အစည်းများ အားကောင်းလာရန် ဆောင်ရွက်ခြင်း (ရလဒ် ၅) ၇၃
၄.၂။ အစီအစဉ်နှင့် မူဝါဒဆိုင်ရာ တိုးတက်မှုအတွက် စောင့်ကြည့် အကဲဖြတ်ခြင်း (ရလဒ် ၆) ၇၈
၄.၃။ ရန်ပုံငွေ ခွဲဝေပေးအပ်ခြင်း (အကျိုးရလဒ် ၇) ၈၉
၄.၄။ ရန်ပုံငွေ စီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်မှု (အကျိုးရလဒ် ၈) ၉၁

၅။ သင်ခန်းစာများ ၉၇

၆။ ရန်ပုံငွေ စီမံခန့်ခွဲမှု ၁၀၁
၆.၁။ ဆက်သွယ် ဆက်ဆံရေး ၁၀၁
၆.၂။ ဘဏ္ဍာရေး ၁၀၄

နောက်ဆက်တွဲများ ၁၀၇

# အတိုကောက်စာလုံးများ

| | |
|---|---|
| ACIAR | Australian Centre for International Agricultural Research |
| ACTED | Agency for Technical Cooperation and Development |
| ADRA | Adventist Development and Relief Agency |
| ACF | Action Contre La Faim |
| AVSI | Association of Volunteers in International Service |
| AYO | Ar Yone Oo Relief and Development |
| BLO | Better Life Organisation |
| Cenfri | Centre for Financial Regulation and Inclusion |
| CAEDP | Community Agro-economic Development Platform |
| CBO | Community-based organisation |
| CDA | Community development association |
| CDN | Consortium of Dutch NGOs |
| CESVI | Cooperazione e Sviluppo (Cooperation and Development, Italian NGO) |
| CSO | Civil society organisation |
| CWP | Countrywide programme |
| DAR | Department of Agricultural Research |
| DC | Donor consortium |
| DFID | Department for International Development |
| DoA | Department of Agriculture |
| DPDO | Disabled People's Development Organisation |
| DRR | Disaster risk reduction |
| EGG | Evergreen Group |
| FAO | Food and Agriculture Organisation |
| FEG | Farmer extension groups |
| FFS | Farmer Field School |
| FIND | Financial Inclusion for National Development |
| FMO | Fund Management Office |
| FPE | Farm producer enterprise |
| FSIN | Food Security Information Network |
| FSWG | Food Security Working Group |
| GIS | Geographic information system |
| HAI | HelpAge International |
| HH | Household |
| HKI | Heller Keller International |
| ICAP | Integrated community action plan |
| IGA | Income-generating activities |
| IPM | Integrated Pest Management |
| IRC | International Rescue Committee |
| IRRI | International Rice Research Institute |
| IWMI | International Water Management Institute |
| LAMP | Land Administration and Management Programme |
| LEAD | Link Emergency Aid and Development |

# အတိုကောက်စာလုံးများ

| | |
|---|---|
| LEARN | Leveraging Essential Actions to Reduce Malnutrition |
| L&I | Learning and Innovation |
| LIFT | Livelihoods and Food Security Trust Fund |
| LoA | Letter of Agreement |
| M&E | Monitoring and Evaluation |
| MADB | Myanmar Agricultural Development Bank |
| MAP | Making Financial Access Possible in Myanmar |
| MARC | Myanmar Access to Rural Credit |
| MAS | Myanmar Agriculture Services |
| MBCA | Myanmar Business Coalition on AIDS |
| MCS | Myanmar Ceramics Society |
| MDG | Millennium Development Goal |
| MERN | Mangrove and Environmental Rehabilitation Network |
| MFI | Microfinance Institution |
| MKLDO | Mawkkon Local Development Organisation |
| MMSE | Myanmar Microfinance Supervisory Enterprise |
| MoAI | Ministry of Agriculture and Irrigation |
| MoSWRR | Ministry of Social Welfare, Relief, and Resettlement |
| MoU | Memorandum of Understanding |
| MSN | Mangrove Service Network |
| NGO | Non-governmental organisation |
| PIP | Pumped irrigation project |
| RCT | Randomised control trial |
| PwDs | People with disabilities |
| SDC | Swiss Agency for Development |
| SEZ | Special economic zone |
| SHG | Self-help group |
| SLRD | Settlement and Land Records Department |
| SMM | Shan Maw Myay company |
| SPPRG | Social Policy and Poverty Research Group |
| SRI | System of rice intensification |
| TLMI | The Leprosy Mission International |
| TSTTA | Tar Shwe Tan Tea Association |
| UNCDF | United Nations Capital Development Fund |
| UNDP | United Nations Development Programme |
| UNOPS | United Nations Office for Project Services |
| VDC | Village development committee |
| VfM | Value-for-money |
| VSLA | Village Saving and Loan Association |
| VVG | Village vegetable group |
| WFP | World Food Programme |
| WHH | Welthungerhilfe |



# အနှစ်ချုပ် တင်ပြချက်

ဤအနှစ်ချုပ် အစီရင်ခံစာသည် LIFT က လုပ်ငန်းဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ အဓိက ဒေသကြီးလေးခုတွင် ၂၀၁၂ ခုနှစ်အတွင်း အဖွဲ့၏ တိုးတက်မှုများကို ဖော်ပြသည်။ ဤဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ စစ်ကိုင်းတိုင်း တောင်ပိုင်းဒေသများနှင့် မကွေး၊ မန္တလေးတို့ ပါဝင်သော အလယ်ပိုင်းခြောက်သွေ့ဒေသ၊ ချင်း၊ ကချင်၊ ရှမ်းပြည်နယ်တို့ ပါဝင်သော တောင်တန်းဒေသများ ပါဝင်သည်။ LIFT သည် ပြည်နယ်/တိုင်းဒေသကြီး ၁၂ ခုနှင့် မြို့နယ် ၉၉ မြို့နယ်တို့တွင် လှုပ်ရှားဆောင်ရွက်နေသည်။

၂၀၁၂ ခုနှစ်တွင် LIFT အတွက် လုပ်ငန်းဆောင်ရွက်မှု ဝန်းကျင်အနေအထားမှာ သိသိသာသာ ပြောင်းလဲခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို လျင်မြန်စွာ အကောင်အထည်ဖော်မှုတွင် ကျေးလက်ဒေသ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း ဖူလုံရေးအတွက် အရေးပါသော ဥပဒေများ ပြဋ္ဌာန်းပေးခြင်းလည်း ပါဝင်ခဲ့သည်။ ပြဋ္ဌာန်းခဲ့သော ဥပဒေများမှာ လယ်ယာမြေ ပိုင်ဆိုင်ရေးဥပဒေ၊ မြေလွတ်မြေရိုင်းများ စီမံဖော်ထုတ်ရေးဥပဒေ၊ အသေးစားချေးငွေလုပ်ငန်းဥပဒေနှင့် ရပ်ကွက်ကျေးရွာအုပ်စုများ စီမံခန့်ခွဲရေး ဥပဒေတို့ ပါဝင်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း မြန်မာနိုင်ငံအစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များ ဖြေလျော့ပေးခြင်း၊ အရေးပါသော ကုန်သွယ်ရေးဆိုင်ရာ တားမြစ်ပိတ်ဆို့မှုများ ဖယ်ရှားပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးနှင့်အတူ ဆက်လက်၍ အားပေး ဆောင်ရွက်ခဲ့ကြသည်။

ဤပြုပြင်ဆောင်ရွက်မှုများသည် LIFT အတွက် နိုင်ငံတော် အစိုးရနှင့် ပိုမိုတက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ရန် အခွင့်အလမ်းသစ်များကို တစ်နှစ်ပတ်လုံးဖန်တီးပေးခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများကမြို့နယ်အဆင့်ရှိအစိုးရအဖွဲ့အစည်းများသည်၎င်းတို့၏စွမ်းဆောင်ရည်ရှိသလောက် ပါဝင်ဆောင်ရွက်ချင်သည့် စိတ်ဆန္ဒနှင့် လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် ပိုမိုတက်ကြွသော စိတ်ပါဝင်စားမှုကို ပြသကြသည်ဟု အစီရင်ခံကြသည်။ အချို့မိတ်ဖက်အဖွဲ့အစည်းများက နိုင်ငံတော်အဆင့်၌ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ကျား-မရေးရာ ကိစ္စတို့နှင့် ပတ်သက်သည့် အရေးပါသော အမျိုးသားရေး မူဝါဒများ ချမှတ်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပိုမိုနီးကပ်သော ပါဝင်ဆောင်ရွက်မှုကို ရရှိခဲ့သည်ဟု အစီရင်ခံကြသည်။ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့် ပတ်သက်သည့် LIFT Forum သည် နိုင်ငံတော်အစိုးရထံမှ ခိုင်မာသော ထောက်ခံမှုကို ရရှိခဲ့သည်။ ဤအခမ်းအနားကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoAI)၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (MNPED) နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO) တို့နှင့် ပူးပေါင်းလျက် ကျင်းပခဲ့သည်။ အထက်ပါ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒု-ဝန်ကြီးများအပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ပါ အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့သည်။

အခန်း(၂) သည် LIFT ၏ လုပ်ငန်းဆောင်ရွက်ရာတွင် တိုးတက်မှုများ၊ ရလဒ်များ၊ ရည်မှန်းချက်အဆင့် အညွှန်းကိန်းများကို ဖော်ပြသည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းထိ LIFT က ထောက်ပံ့သော စီမံချက်များသည် အကြမ်းဖျင်းအားဖြင့် လူဦးရေ ၁.၈ သန်း သို့မဟုတ် အိမ်ထောင်စုပေါင်း ၃၇၄၀၀၀ ကို ကူညီပေးနိုင်ခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ ၂၅၀၀၀ သော အိမ်ထောင်စုများသည် LIFT ၏ စိုက်ပျိုးရေးနှင့် ပတ်သက်သော ထောက်ပံ့မှုများမှ တစ်ဆင့် ပိုမိုများပြားသော ဝင်ငွေများကို ရရှိခဲ့ကြသည်။ (ရည်မှန်းချက်ဖြစ်သည့် အိမ်ထောင်စု ၂၀၀၀၀ ထက် ကျော်လွန်သည်။) LIFT သည် LIFT က ထောက်ပံ့ပေးနေသော မည်သည့် ဆောင်ရွက်မှုများက မိသားစုဝင်ငွေ တိုးစေရေးအတွက် အကျိုးအပြုဆုံးဖြစ်သည်ကို သိရှိနိုင်ရန် ပိုမိုစုံစမ်း လေ့လာစေနိုင်ပြီး ဤရလဒ်များကို တိုင်းတာပေးနိုင်မည့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမိသော အိမ်ထောင်စုစစ်တမ်းကို ၂၀၁၃ ခုနှစ်တွင် အကောင်အထည် ဖော်ပါမည်။

LIFT ၏ ရလဒ်အညွှန်းကိန်းများက ရောနှောနေသော တိုးတက်မှုကို ညွှန်းဆိုသည်။ မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ အိမ်ထောင်စုပေါင်း ၉၄၀၀ နီးပါး (ရည်မှန်းအိမ်ထောင်စု ၂၀၀၀၀ အနက်မှ) သည် လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး အကျိုးအမြတ် အနည်းဆုံး ၅ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး ၁၄၈၀၀ အိမ်ထောင်စုများမှာ (ရည်မှန်းအိမ်ထောင်စု ၄၀၀၀၀ အနက်မှ) အနည်းဆုံး တစ်လ

ပိုမို၍ စားနပ်ရိက္ခာဖူလုံမှု တိုးမြှင့်ရရှိခဲ့သည်[1]။ စုစုပေါင်း အိမ်ထောင်စု ၄၃၂၀၀ စုသည် Cash-for-Work အစီအစဉ်များမှ ဝင်ငွေ ရရှိခဲ့ကြသည်။ သို့သော် ၎င်းတို့အနက်မှ ၅၀ ရာခိုင်နှုန်းထက် နည်းပါးသော အိမ်ထောင်စုများကသာ ၎င်းတို့ရရှိသော Cash-for-Work မှာ ထိရောက်ပြီး အချိန်မီရရှိသည်ဟု သတင်းပို့ပြီး အိမ်ထောင်စု ၁၀၀၀၀ ကသာ Cash-for-Work အစီအစဉ်မှ ရရှိသောဝင်ငွေသည် ၎င်းတို့ စားနပ်ရိက္ခာ မလုံလောက်သော အခြေအနေနှင့် ကြုံရသည့် လ သို့မဟုတ် ရက်များကို လျှော့ချနိုင်ခဲ့သည်ဟု သတင်းပို့ကြသည်။ အိမ်ထောင်စု ၁၉၀၀ ကသာ ၎င်းတို့အနေဖြင့် Cash-for-Work အစီအစဉ်မှ ရသော ဝင်ငွေများကို အကျိုးရှိသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ နိုင်ခဲ့သည်ဟု သတင်းပို့ကြသည်။ ဤရလဒ်များက LIFT မှ ပံ့ပိုးသော Cash-for-Work အစီအစဉ်များမှ ဖန်တီးပေးသည့် အလုပ်အကိုင် အခွင့်အလမ်းများသည် အတိုင်းအတာတစ်ခုအထိ စားနပ်ရိက္ခာဖူလုံမှု အကျိုးအမြတ်ကို ထောက်ပံ့ပေးနိုင်ကြောင်း ပြသနေသည်။ သို့သော် ဤအကျိုးအမြတ်များမှာ အကန့်အသတ်ရှိပြီး ဤသို့ဖြစ်ရခြင်းမှာ အိမ်ထောင်စု တစ်ခုချင်းစီအတွက် ဖန်တီး ပေးနိုင်သည့် အလုပ်အကိုင်ရရှိသည့်ရက် အရေအတွက်မှာ အလွန်နည်းပါးခြင်း သို့မဟုတ် ပုံမှန်မဟုတ်ခြင်း ပုံသေမှန်းဆနိုင်မှု မရှိခြင်း တို့ကြောင့် ဖြစ်နိုင်ပါသည်။

အခန်း (၂) (အခန်း (၃) တွင်ပါ ဖော်ပြထား) တွင် ဖော်ပြထားသော ရလဒ်များမှာ မိတ်ဖက်အဖွဲ့အစည်းများ တင်ပြသော အချက်အလက်များကို ပေါင်းစည်းထားခြင်း ဖြစ်သည်။ ဤအချက်အလက်များကို Fund Manager ၏ ခရီးစဉ်များနှင့် ၎င်းပြုလုပ်ခဲ့သော လေ့လာမှုများမှ ရရှိသည့် သတင်းအချက်အလက်များဖြင့် အပြန်အလှန် တတ်နိုင်သမျှ ကိုးကား ရည်ညွှန်းထားသော်လည်း ဤအချက်အလက်များကို မှားယွင်းနိုင်ခြေရှိသည့် အကြမ်းဖျင်း ခန့်မှန်းခြေများအဖြစ်သာ မှတ်ယူသင့်ပါသည်။ အကြောင်းမှာ မိတ်ဖက် အဖွဲ့အစည်းများက အသုံးပြုသော တိုင်းတာသည့် နည်းစနစ်များမှာ မတူကွဲပြားကြပြီး တိုင်းတာမှုများ၏ အရည်အသွေးနှင့် အချိုးကိုက် တူညီမှုမှာလည်း ကွဲပြားသောကြောင့်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်မည့် အိမ်ထောင်စုစစ်တမ်း ပြီးစီးသည့်အခါတွင် ပို၍ စိတ်ချယုံကြည်ရသော တိုးတက်မှုများကို တင်ပြနိုင်လိမ့်မည် ဖြစ်ပါသည်။

အခန်း (၃) တွင် ၂၀၁၂ ခုနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ဆဲ စီမံချက် (၄၄) ခု၏ အကောင်အထည် ဖော်ဆောင်ခြင်းမှ မှတ်သားဖွယ် ချဉ်းကပ်မှုပုံစံများ၊ စိန်ခေါ်မှုများ၊ အကြောင်းအရာများကို ဆွေးနွေး တင်ပြ ထားပါသည်[2]။ ၎င်းတို့ကို ၎င်းတို့ အကောင်အထည် ဖေါ်ဆောင်နေသည့် သက်ဆိုင်ရာ စိုက်ပျိုးစီးပွားဇုန်အလိုက် ဆွေးနွေး တင်ပြထားပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတွင် LIFT သည် ဆန်စပါးလုပ်ငန်း အားကောင်းလာစေရန် အဓိက ရည်ရွယ်သည့် ထပ်လောင်း စီမံချက်ပေါင်း (၁၃) ခုကို ရန်ပုံငွေ ထောက်ပံ့ ပေးနေပါသည်။ ဤဒေသမှ စပါးစိုက်တောင်သူများ အရည်အသွေး ကောင်းမွန်သည့် မျိုးစေ့များ မရရှိနိုင်သည့် ပြဿနာကို ဖြေရှင်းရန်အတွက် LIFT သည် စပါးမျိုးစေ့များ စုံလင်စွာ ရရှိနိုင်မှုကို မြှင့်တင်ပေးရန်နှင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်သည့် လယ်သမားများ အနေဖြင့် အသုံးပြုနိုင်စေမည့် သီးနှံ စီမံခန့်ခွဲမှု နည်းပညာများကို ဖော်ထုတ်ရန်အတွက် အခြားသော မိတ်ဖက်အဖွဲ့ (၃) ဖွဲ့ကို ကူညီပေးရန် IRRI ကို စာချုပ်ချုပ်ဆိုခဲ့ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ၂၀၁၂ ခုနှစ်တွင် ၎င်းတို့၏ မျိုးစေ့ ထုတ်လုပ်မှုကို အကြမ်းဖျင်း ၂၃,၅၀၀ တင်းအထိ မြှင့်တင်နိုင်ခဲ့သည်။ သို့သော်လည်း ဤပမာဏမှာ လယ်ဧကပေါင်း ၁၅,၀၀၀ ဧက အတွက်သာ အများဆုံး လုံလောက်ပါသည်။ ဤပမာဏမှာ LIFT က လက်ရှိ လုပ်ငန်းဆောင်ရွက်နေသည့် မြစ်ဝကျွန်းပေါ် ဒေသရှိ မြို့နယ် သုံးမြို့နယ်ရှိ မိုးစပါး စိုက်ပျိုးသော ဧရိယာ၏ ၄ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှု အရှိန်မြှင့်တင်မှုသည် သဘောတူညီချက်များ မရှိမှုနှင့် မျိုးစေ့ စိုက်ပျိုးသူများအတွက် တင်းကျပ်သော အရည်အသွေး ထိန်းချုပ်မှုများ မရှိမှုများက အဟန့်အတား ဖြစ်စေခဲ့ပါသည်။ အမျိုးမျိုးသော လုပ်ငန်း လုပ်ဆောင်မှုများသည် ကောင်းမွန်စွာ တိုးတက်နေပါသည်။ ရေနစ်မြုပ်မှုနှင့် ဆားရေဝင်မှုကို ခံနိုင်ရည်ရှိသည့် အထွက်နှုန်း ကောင်းမွန်သော စပါးမျိုး ၁၆ မျိုးကို IRRI မှ ၂၀၁၂ ခုနှစ်တွင် စမ်းသပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အမျိုးပေါင်း (၂၀) အထိ တိုးတက် ပြုလုပ်သွားမည်ဖြစ်ပါသည်။

အပူပိုင်းဒေသတွင် LIFT ၏ စီမံချက် အများစုမှာ ၂၀၁၂ ခုနှစ် အကုန်ပိုင်းတွင် (၃) နှစ် အကောင်အထည်ဖော်သည့် ကာလ၏ ခရီးတစ်ဝက်သို့ ရောက်ရှိ ပြီးစီးခဲ့ပါသည်။ ဤစီမံချက်အားလုံး ထိုက်သင့်သော တိုးတက်မှုများ ရရှိနေပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့ (၆) ခုသည် လူထုအခြေပြု ဖွံ့ဖြိုးမှု ချဉ်းကပ်ပုံကို သုံး၍ စီမံချက်များကို အကောင်အထည်ဖော်ကြပါသည်။ ယခုအထိ ပေါ်ပေါက်လာသော အဓိက သင်ခန်းစာများမှာ ကျေးရွာအတွင်း ပံ့ပိုးပေးသူများ၏ စွမ်းရည်နှင့် အတွေ့အကြုံသည် အောင်မြင်မှုအတွက် အဓိက အကြောင်း အရင်း ဖြစ်ပါသည်။ သို့သော် များစွာသော NGO များသည် လူထုအခြေပြု လှုပ်ရှားမှုများတွင် ပံ့ပိုးပေးသည့် လုပ်ငန်းများတွင် အပေါ်ယံ သင်တန်းပို့ချမှုများသာ ရရှိခဲ့သည့် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိသော ဝန်ထမ်းများ အပေါ်တွင်သာ မှီခိုနေ ကြရပါသည်။ ဤအချက်ကို ပိုဆိုးစေသည့် အချက်မှာ မြောက်များလှစွာသော မိတ်ဖက်အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျယ်ပြန့်လှသော လုပ်ငန်းဆောင်ရွက်မှုများက ကျေးလက်အဆင့်ရှိ ဝန်ထမ်းများအတွက် မနိုင်မနင်းဖြစ်စေခြင်း ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများသည် စိတ်ဝင်စားဖွယ်ရာကောင်းသည့် ပါဝင်ဖော်ဆောင်ရေး စီစဉ်ဆောင်ရွက်သည့် နည်းလမ်းများကို တီထွင် ဖော်ထုတ် အသုံးပြုနေကြပါသည်။ ဤနည်းလမ်းများသည် ပိုမိုကျယ်ပြန့်စွာ လုပ်ငန်းချဲ့ထွင်ရေးအတွက် နမူနာများကို ပေးပါသည်။ ၎င်းတို့သည် လူမှုအဖွဲ့အစည်းများကို ငွေသားဖြင့် ထောက်ပံ့ခြင်းသည် ပိုမို၍ လိုလားနှစ်သက်ဖွယ်

1 LIFT မှ ပံ့ပိုးသော CfW အစီအစဉ်များမှ ဝင်ငွေရခြင်းသည် ကာလတိုမျှသာ ဖြစ်သည့်အတွက် ရေရှည် စားနပ်ရိက္ခာ ဖူလုံမှုကို ရရှိနိုင်ရန် မသေချာသဖြင့် CfW အစီအစဉ်များကြောင့် ဝင်ငွေ တိုးတက်ရရှိသော အိမ်ထောင်စုများ ပါဝင်ခြင်း မရှိပါ။

2 အခန်း (၃) တွင် ဖော်ပြထားသော ကိန်းဂဏန်းများသည် Delta I ဟုခေါ်သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပြုလုပ် ပြီးစီးခဲ့သော တစ်နှစ် စီမံကိန်း ၂၂ ခုမှ ရလဒ်များ မပါဝင်ပါ။

ဖြစ်ပုံ ပေါ်ပါသည်။ လယ်သမားများအတွက် ဈေးကွက်ရရှိမှု တိုးတက်အောင် လုပ်ဆောင်ပေးရာတွင် တိုးတက်မှုများ ရှိခဲ့ပါသည်။ သို့သော်လည်း လုပ်ငန်းဆောင်ရွက်မှုများ၏ ကျယ်ပြန့်မှု အတိုင်းအတာမှာ အကန့်အသတ် ရှိနေပါသည်။ လုပ်ငန်းချဲ့ထွင်မှုအတွက် အလားအလာရှိသော လုပ်ဆောင်မှု တစ်ခုမှာ ကုန်ပစ္စည်းဖလှယ်ရေး စင်တာများ ထူထောင်ခြင်း ဖြစ်ပါသည်။ MBCA သည် စင်တာအသစ် နှစ်ခုကို ထူထောင်ခဲ့ပြီး ဖြစ်သည်။ ၎င်းတို့အနက်မှ တစ်ခုမှာ ကုန်သည်များ အနေဖြင့် မြေနေရာ ဝယ်ယူမှုအတွက် ကုန်ကျစရိတ်များနှင့် စင်တာအတွက် အမြဲတမ်း အဆောက်အအုံတစ်ခု ဆောက်လုပ်ခြင်းတို့အတွက် ကုန်ကျစရိတ်များကို မျှဝေ ကျခံခဲ့ကြသည်။ လယ်သမားများက ၎င်းတို့အနေဖြင့် ၎င်းတို့၏ ထွက်ကုန်များအတွက် သိသိသာသာ ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိနိုင်အောင် အခွင့်အလမ်းတစ်ရပ်ကို အဆိုပါ စင်တာများက ဖန်တီးပေးခဲ့သည်ဟု သတင်းပို့ကြပါသည်။

LIFT သည် စီစဉ်ပြီးဖြစ်သည့် အပူပိုင်းဇုံ အစီအစဉ်သစ် ပုံစံနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်တွင် ရုန်းကန်ခဲ့ရသည်။ အပူပိုင်းဇုံဒေသ၏ ဧရိယာ (လူဦးရေ ၁၄ သန်း) နှင့် ၎င်း၏ ကွဲပြားစုံလင်မှုနှင့် မြို့နယ်အဆင့်၌ပင်လျှင် ယုံကြည်စိတ်ချရသည့် ဆင်းရဲမွဲတေမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက် မရရှိနိုင်မှုတို့က ဤအစီအစဉ်အတွက် ဒေသဆိုင်ရာ သို့မဟုတ် ကွဲပြားသော ခေါင်းစဉ်အလိုက် ဦးစားပေး ဆောင်ရွက်မှုကို ဖော်ထုတ်နိုင်ရန် ခက်ခဲစေခဲ့ပါသည်။ ဤအစီအစဉ်၏ ပုံစံနှင့် ပတ်သက်၍ ဆက်လက် အကောင်အထည်ဖော်ရန်မှာ ၂၀၁၃ ခုနှစ်အတွက် ဦးစားပေး တစ်ရပ်ဖြစ်ပါသည်။ စီမံကိန်း ရေးဆွဲရေးအတွက် ပါဝင်ဆောင်ရွက်မှု တစ်ခုအနေဖြင့် LIFT သည် International Water Management Institute နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၎င်းအဖွဲ့မှ အိမ်သုံးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးအတွက် ရရှိနိုင်သည့် ရေပမာဏ၊ ရေရရှိနိုင်မှုနှင့် သုံးစွဲနိုင်မှုအတွက် အဓိက အဟန့်အတားများ၊ အိမ်ထောင်စုများ၏ ဤပြဿနာကို ရင်ဆိုင်ရန်နှင့် ဖြေရှင်းရန်သုံးသော နည်းလမ်းများကို အကဲဖြတ်စစ်ဆေးမှု ပြုလုပ်ခဲ့ပါသည်။

တောင်ပေါ်ဒေသများတွင် LIFT က ပံ့ပိုးသည့် လယ်သမားကျောင်းများသည် တိုးတက်လာသော စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များမှ တစ်ဆင့် သီးနှံအထွက်နှုန်း ၁၀၀% အထိ တိုးမြှင့်စေနိုင်သည့် နည်းဖြင့် အောင်မြင်မှုအချို့ ရရှိနေပါသည်။ လယ်သမားကျောင်းများ၏ အောင်မြင်မှုကို အဓိက လွှမ်းမိုးသည့် အချက်များမှာ - သင်ရိုးညွှန်းတမ်းများသည် လယ်သမားများ၏ ဦးစားပေးလုပ်ငန်းများနှင့် ဒေသဆိုင်ရာ အခြေအနေများနှင့် ကိုက်ညီအောင်လုပ်ခြင်း၊ လယ်သမားများအတွက် အရည်အသွေးပြည့်မီသည့် သင်ကြားသင်ယူရေး ပစ္စည်းများရရှိနိုင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်းတွင် ချန်ပီယံ များကို ဖော်ထုတ်ခြင်းနှင့် ထောက်ပံ့ခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာ လုံလောက်သော အခြေခံသဘောတရား သိရှိနားလည်သည့် ပံ့ပိုးကူညီသူများကို ခန့်ထားခြင်း၊ လယ်သမားကျောင်းများကို အစိုးရ၏ လုပ်ငန်းများနှင့် တတ်နိုင်သမျှချိတ်ဆက်ပေးခြင်း တို့ဖြစ်ပါသည်။ လိုအပ်သော နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် သင်ကြားရေး နည်းလမ်းများကို လယ်သမားကျောင်းများတွင် အသုံးချနိုင်စေရန်အတွက် စီမံချက် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး ပြုလုပ်ရန် လိုအပ်ပါသည်။

လွန်ခဲ့သည့်နှစ်အတွင်း ကန်းရိုးတန်းဒေသအတွက် အဓိက ရည်မှန်းချက်မှာ ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိ LIFT ၏ အစီအစဉ်သစ် တစ်ခုဖြစ်သည့် `တက်လမ်း´ အစီအစဉ် ပုံဖော်ရေး ဖြစ်ခဲ့ပါသည်။ ၎င်းအစီအစဉ်ကို ရခိုင်ပြည်နယ်၏ မြို့နယ် လေးခု တွင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် လူမျိုးရေးအကြမ်းဖက်မှု နှစ်ခုက ဤအစီအစဉ် ပုံဖော်ရေးကို ရှုပ်ထွေးစေခဲ့ပြီး နောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော် နှစ်ကုန်ပိုင်းလောက်တွင် International Rescue Committee ဦးဆောင်သော NGO စုပေါင်းအဖွဲ့ကို အကောင်အထည် ဖော်ဆောင်ရေးအတွက် လုပ်ဖော်ကိုင်ဖက် အဖြစ် ရွေးချယ်ခဲ့ပါသည်။ `တက်လမ်း´ စီမံချက်သည် LIFT အတွက် ၎င်းက ထောက်ပံ့ပေးနေသည့် လုပ်ငန်းများကို ပုံစံ ရေးဆွဲရာတွင် အသုံးပြုသည့် ချဉ်းကပ်မှုတွင် သိသာထင်ရှားသော အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခဲ့သည်။ အခြားအခြားသော အကောင်အထည် ဖော်ဆောင်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ တင်သွင်းသည့် စီမံချက်ပုံစံများကို မရှာဖွေဘဲ `တက်လမ်း´ကို FAO Investment Centre မှ အခိုင်အမာထောက်ခံမှုဖြင့် LIFT က ဦးဆောင်သော ပုံစံနှင့် လိုအပ်ချက်စီစစ်မှုအပေါ် အခြေခံလျက် တစ်ခုတည်းသော ကူညီဆောင်ရွက်ရေး လုပ်ငန်းအဖြစ် ပုံဖော်ခဲ့ပါသည်။ ဤအစီအစဉ်တွင် သိသာထင်ရှားသော လူ့အဖွဲ့အစည်းအခြေပြု အခြေခံ အဆောက်အအုံ ဖွံ့စည်းမှု ပါဝင်ပါသည်။ ၎င်းတို့မှာ ရေသွင်းရေနုတ်မြောင်းများ ပြန်လည်ပြင်ဆင်ခြင်း၊ ကျေးရွာရှိ ရေကန်များနှင့် ရေသိုလှောင်ကန်များကို တည်ဆောက်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။ ဤအစီအစဉ်သည် ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရေးနှင့် ဆန်စပါးများ ခံနိုင်ရည်ရှိမှု တိုးတက်ရေး ဦးတည် လုပ်ဆောင်သွားမည် ဖြစ်ပြီး တစ်ချိန်တည်းမှာပင် သီးနှံမျိုးကွဲများ စိုက်ပျိုးရေးကိုလည်း တွန်းအားပေးသွားပါမည်။ ကျေးရွာအဆင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအတွက် ငါးဖမ်းလုပ်ငန်းဆိုင်ရာ အစီအစဉ်တစ်ခုလည်း ပါဝင်ပြီး VSLAs များမှတစ်ဆင့် ငွေချေးလုပ်ငန်းများသို့ ဆက်သွယ် ငွေချေးယူနိုင်ရေးကို အဓိက ထားပါသည်။

အခန်း (၄) တွင် နိုင်ငံလုံးဆိုင်ရာ လွှမ်းခြုံသည့် LIFT ၏ အကျိုးရလဒ် လေးခုအတွက် တိုးတက်မှုများကို တင်ပြ ဆွေးနွေး ထားပါသည်။ (အခန်း (၃)တွင် ဖော်ပြထားသော မည်သည့် စိုက်ပျိုးစီးပွားဇုန်ကိုမှ အတိအကျမညွှန်းပါ။) ပထမကဏ္ဍတွင် လူမှုအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်မှုကို ရည်ရွယ်သည့် LIFT ၏ လုပ်ငန်းစဉ်များကို တင်ပြထားပါသည်။ (အကျိုးရလဒ် (၅)) စုစုပေါင်းအားဖြင့် LIFT က ရန်ပုံငွေ ပံ့ပိုးပေးသည့် စီမံချက်များအတွက် ၁၀% ရာခိုင်နှုန်း နီးပါးကို လူမှုအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးအတွက် အသုံးပြုခဲ့ ပါသည်။ ယနေ့အထိ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများက သတင်းပို့ချက်အရ ၎င်းတို့အနေဖြင့် ပြည်တွင်း NGO မိတ်ဖက်အဖွဲ့

၂၇ ဖွဲ့ (ပံ့ပိုးထားသော ပြည်တွင်း NGO ၃၂ ခု အနက်မှ) ၏ စွမ်းရည်ကို မြှင့်တင်နိုင်ခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်း အားလုံးသည် ကျေးရွာအခြေပြု အဖွဲ့အစည်းများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း လက်တွဲ လုပ်ကိုင်ခဲ့ပါသည်။ မိတ်ဖက်အဖွဲ့များ၏ တင်ပြချက်အရ ၎င်းတို့သည် CBO ၄၇၀၀ ၏ အဖွဲ့ဝင်များကို သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ၎င်းတို့အနက်မှ ၂၈ ရာခိုင်နှုန်းသည် LIFT ပံ့ပိုးပေးသော လုပ်ငန်းများတွင် သင်တန်းမှ သင်ကြားပေးခဲ့သည်များကို လက်တွေ့ အသုံးချနိုင်ခဲ့သည်ကို တွေ့ရသည်ဟု ဆိုပါသည်။ သို့သော်ငြားလည်း ဤအဆိုများကို ထောက်ခံနိုင်မည့် ကိန်းဂဏန်း အချက်အလက်များ မရှိသေးပါ။ ဤအောင်မြင်မှုများကို စစ်မှန်မှု ရှိမရှိ အကဲဖြတ်နိုင်ရန် ဆက်လက် လုပ်ဆောင်ရန် လိုပါသည်။ မည်သို့ပင် ဖြစ်သော်ငြားလည်း LIFT ၏ ဒေသဆိုင်ရာ CSO များနှင့် ၂၀၁၂ ခုနှစ် အတွင်း ဆွေးနွေးတိုင်ပင်မှု၏ လုပ်ငန်းအစိတ်အပိုင်းအဖြစ် ကောက်ခံခဲ့သော အချက်အလက်များအရ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို အစီရင်ခံစာထဲတွင် ဖော်ပြထားပါသည်။ LIFT ၏ ရွာပေါင်း (၄၀) တွင် အသေးစိတ် အလေးထားအုပ်စုများနှင့် ဆွေးနွေးချက်များကို အကောင်အထည်ဖော်ခဲ့သည့် ကိန်းဂဏန်း အရေအတွက်ဆိုင်ရာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု စီမံချက်တွင်လည်း အပြုသဘောဆောင်သော တွေ့ရှိချက်များကို ဖော်ပြထားပါသည်။

လူမှုအဖွဲ့အစည်း အားကောင်းရေးဆိုင်ရာ အရေးပါသော စိန်ခေါ်မှုများသည် မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာများနှင့် Fund Manager ၏ အကဲဖြတ်လေ့လာရေး ခရီးစဉ်များမှ ပေါ်ပေါက်လာခဲ့ပါသည်။ ပထမအချက်အနေဖြင့် အချို့သော အဖွဲ့အစည်းများတွင် LIFT က ရန်ပုံငွေ ပံ့ပိုးပေးသော လုပ်ငန်းများ၌ လုပ်ကိုင်နေသော ဝန်ထမ်းများသာ LIFT ၏ သင်ကြားမှုအရင်းအမြစ်များဖြင့် သင်ကြားပို့ချမှုကို ရရှိပါသည်။ Fund Manager က ယုံကြည်သည်မှာ LIFT က ပံ့ပိုးပေးသော ဝန်ထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုများသည်သာ အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးကို မြှင့်တင်နိုင်လိမ့်မည် ဆိုသည်မှာ ဖြစ်နိုင်ဖွယ်မရှိဟု ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် သင်တန်းအများစုသည် LIFT ၏ လိုအပ်ချက်များ အပေါ်တွင်သာ တိုက်ရိုက် အဓိကထားကြပါသည်။ ဒေသဆိုင်ရာ NGO များက ဤလိုအပ်များနှင့် ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းဆိုင်ရာ အရည်အသွေး လိုအပ်ချက်များသည် ထပ်တူကျသည်ဟု အသိအမှတ် ပြုကြသော်လည်း ဤထပ်တူကျမှုသည် အကန့်အသတ် ရှိပါသည်။ နောက်ဆုံးအချက် အနေဖြင့် အဖွဲ့အစည်းအများစုက တင်ပြသည်မှာ ကျွမ်းကျင်သော သင်တန်းဆရာများ ရှာတွေ့နိုင်ရန် ခက်ခဲပြီး အချို့သော သင်တန်းပို့ချမှုများမှာ ညံ့ဖျင်းစွာ ပို့ချခဲ့ကြသည်ဟု ဆိုပါသည်။ LIFT သည် ၂၀၁၃ ခုနှစ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်တည်ဆောက်မှုနှင့် ပတ်သက်၍ ထိရောက်မှု ရှိမရှိကို လေ့လာမှုတစ်ရပ် ပြုလုပ်သွားပါမည်။

အခန်း (၄) တွင် LIFT ၏ စီမံချက်နှင့် မူဝါဒဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ချက်များနှင့် စောင့်ကြည့်လေ့လာရေးနှင့် စိစစ်ရေးဆိုင်ရာ အဓိက လုပ်ငန်းများကို ဖော်ပြထားပါသည်။ LIFT က ပံ့ပိုးပေးသော တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စီမံချက် (၁၀) ခုရှိပြီး ၎င်းတို့အားလုံးမှာ ခိုင်မာသော စီမံချက်နှင့် မူဝါဒ ဖွံ့ဖြိုးမှုဆိုင်ရာများ ပါဝင်ပါသည်။ ဤစီမံချက်များ ရွေးချယ်မှုနှင့် ရန်ပုံငွေ ပံ့ပိုးမှုများကို LIFT အတွင်းရှိ ရန်ပုံငွေ ထောက်ပံ့ရေး အစီအစဉ် နှစ်ခုမှ တစ်ဆင့် ဆောင်ရွက်ပါသည်။ ၎င်း အစီအစဉ်နှစ်ခုမှာ Learning and Innovation Window နှင့် Financial Inclusion Window တို့ ဖြစ်ပါသည်။ ဤအစီအစဉ် နှစ်ခုကို ဖော်ဆောင်ခြင်းသည် LIFT ၏ ပြောင်းလဲလာသော လုပ်ငန်းဖော်ဆောင်မှုဆိုင်ရာ အခြေအနေနှင့်အတူ ဆင့်ကဲဖြစ်ပေါ်တိုးတက်ရန် သန္နိဋ္ဌာန် ချထားမှုကို ထင်ဟပ်နေပါသည်။ Learning and Innovation Window အစီအစဉ်သည် LIFT ကို ပုဂ္ဂလိက ကဏ္ဍ၊ ပညာရပ်ဆိုင်ရာကဏ္ဍ၊ ကုလသမဂ္ဂအေဂျင်စီများ၊ NGO များထံမှ တီထွင်ဆန်းသစ်သော အကြံဉာဏ်များကို လျင်မြန်စွာ ထင်ဟပ် အသုံးပြုနိုင်စေခဲ့ပါသည်။ ၎င်းအပြင် Learning and Innovation Window အစီအစဉ်က အသုံးချ သုတေသနနှင့် မူဝါဒ စိစစ်မှုတွင် LIFT ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အသေးစားချေးငွေ လုပ်ငန်းဥပဒေကို အတည်ပြုခြင်းကို တုန့်ပြန်သည့်အနေဖြင့် တည်ထောင်ခဲ့သည့် The Financial Inclusion Window သည် LIFT ၏ ကျေးလက်ဒေသ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ကင်းမဲ့ခြင်းသည် ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းမှု ဖူလုံရေးကို မြှင့်တင်ရာတွင် အဓိက အတားအဆီးများအနက်မှ တစ်ခုဖြစ်သည်ဟူသော ခိုင်မာသည့် ယူဆချက်ကို ထင်ဟပ်နေပါသည်။ ဤအစီအစဉ်က LIFT ကို ၂၀၁၂ ခုနှစ်အတွင်း ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ချဲ့ထွင်နိုင်စေခဲ့ပြီး[3] နိုင်ငံတော်အစိုးရကို ငွေကြေးဆိုင်ရာ ပါဝင်မှုအတွက် အမျိုးသား မဟာဗျူဟာ အသစ်တစ်ရပ်ကို ဖော်ထုတ်ရန် ထောက်ပံ့မှုစတင်ပေးခဲ့သည်။

၂၀၁၂ ခုနှစ်တွင် LIFT က ဆောင်ရွက်ခဲ့သည့် လေ့လာချက်များနှင့် အကဲဖြတ်ချက်များ၏ နှစ်ချုပ်ကို ထည့်သွင်းဖော်ပြထားပါသည်။ ၎င်းတို့ထဲတွင် LIFT's Baseline Study, Qualitative Social and Economic Monitoring (QSEM), LIFT's Interim Review နှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်နှင့် တောင်တန်းဒေသ အချို့ရှိ ဆောင်ရွက်ဆဲ စီမံချက်များ၏ နှစ်လည်သုံးသပ်ချက်တို့ ပါဝင်သည်။ ရေးသားနေစဉ်အတွင်းတွင် သုံးသပ်ဆဲဖြစ်သော်လည်း အချို့သော နှစ်လည်သုံးသပ်ချက် ကနဦး အစီရင်ခံစာများကို နှစ်စဉ် အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားပါသည်။ ပထမအကြော့ QSEM ကွင်းဆင်းလုပ်ငန်း အစီရင်ခံစာကို ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ ဒုတိယအကြော့အတွက် ကွင်းဆင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပါသည်။

3 LIFT ၏ မိတ်ဖက်အဖွဲ့များသည် ၂၀၁၂ ခုနှစ်အတွင်းတွင် အိမ်ထောင်စုပေါင်း ၅၀,၀၀၀ ကျော်အား ချေးငွေများ ထုတ်ချေးခဲ့ပြီး ၂၀၁၁ ခုနှစ်က အိမ်ထောင်စု ၃,၆၄၀ ကိုသာ ထုတ်ချေးနိုင်ခဲ့သည်။

LIFT Baseline Study ၏ စိစစ်ချက်နှင့် ထုတ်ဝေခြင်းသည် ၂၀၁၂ ခုနှစ်တွင် ပြီးဆုံးခဲ့ပါသည်။[4] ဤလေ့လာချက်က အပူပိုင်းဇုံ၊ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများ၊ တောင်တန်းဒေသများမှ အိမ်ထောင်စု ၄၀၀၀ ကို လေ့လာခဲ့ပြီး အဆင်းရဲ အမွဲတေဆုံးနှင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အခြေအနေကို မီးမောင်းထိုးပြပါသည်။ နောက်ဆက်တွဲ အိမ်ထောင်စု စစ်တမ်းကို ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားပြီး မိတ်ဖက်အဖွဲ့အစည်းများ ပေးပို့သော ကိန်းဂဏန်း အချက်အလက်များမှ တစ်ဆင့် LIFT ၏ အောင်မြင်မှုများ၏ ပိုမိုအားကောင်းသော စိစစ်မှုကို တင်ပြနိုင်စေလိမ့်မည် ဖြစ်သည်။ LIFT က (၆) လ တစ်ကြိမ် မိတ်ဖက်အဖွဲ့အစည်းများထံမှ ကောက်ယူထားသည့် ကိန်းဂဏန်း အချက်အလက်များ၏ အရည်အသွေးမှာ ရှိသင့်သည့် အနေအထားသို့ မရောက်ရှိသေးပါ။ မပြည့်မစုံ တင်ပြမှုများနှင့် အညွှန်းများကို ကွဲပြားခြားနားစွာ ကောက်ယူ နားလည်ခြင်းတို့က ကိန်းဂဏန်း အချက်အလက်များကို စုပေါင်း နိုင်းယှဉ်မှုကို ခက်ခဲစေပါသည်။ ထို့ပြင် များစွာသော မိတ်ဖက်အဖွဲ့များ၏ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး စနစ်များမှာလည်း LIFT ၏ ရလဒ်နှင့် ရည်မှန်းချက်အဆင့် အညွှန်းများကို ပြည့်မီရန် ချမှတ်ထားခြင်း မဟုတ်သည်ကို တွေ့ရပါသည်။ အနည်းငယ်သော မိတ်ဖက်အဖွဲ့များသည်သာ အပြောင်းအလဲမျိုးစုံ ကွဲပြားမှုနှင့် ပိုင်ဆိုင်မှု အညွှန်းရမှတ်များကို တိုင်းတာနိုင်ပါသည်။

အခန်း (၄) တွင် စိုက်ပျိုးစက်မှုဇုန်အလိုက် LIFT ရန်ပုံငွေ ခွဲဝေခြားထားမှု (အကျိုးရလဒ် ၇) နှင့် ရန်ပုံငွေခွဲဝေချထားရန် သုံးသော ရန်ပုံငွေ အစီအစဉ်များအလိုက် (Delta 1၊ Delta 2၊ နိုင်ငံအဝန်း၊ တိုက်ရိုက်ရန်ပုံငွေများ၊ Learning and Innovation နှင့် Financial Inclusion Mechanisms များမှတစ်ဆင့်) LIFT ရန်ပုံငွေ ခွဲဝေချထားမှုနှင့် ပတ်သက်သည့် အစီရင်ခံစာကို ထည့်သွင်းထားပါသည်။ အခန်း(၄) ၏ နောက်ဆုံးတွင် ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ အစီရင်ခံစာ (အကျိုးရလဒ် ၈) ပါဝင် ပါသည်။
Fund Manager သည် စွန့်စားချက်ကြီးမားသော ချေးငွေပံ့ပိုးမှုများကို ဖော်ထုတ်ရန် Traffic Light Status Indicators စနစ်ကို မိတ်ဆက်ခဲ့သည်။ လေ့လာမှုများအရ စီမံချက် (၁၄) ခုကို စွန့်စားချက်ကြီးမားသည်ဟု အဆင့်သတ်မှတ်ခဲ့သည်။ စီမံချက်အားလုံးအတွက် စွန့်စားချက် ကြီးမားသော အဓိကအချက်အဖြစ် သတ်မှတ်နိုင်သည်မှာ နှေးကွေးသော အကောင်အထည်ဖော်မှု ဖြစ်သည်။ Fund Manager အတွက် အချိန်မီ ပြီးပြည့်စုံစွာ သတင်းပေးပို့ခြင်းသည် မိတ်ဖက်အဖွဲ့အစည်းများအတွက် အခက်အခဲ ဖြစ်ခဲ့သည်။ စီမံချက် အားလုံး၏ (၆၁) ရာခိုင်နှုန်းက အစီရင်ခံစာများကို အချိန်မီ တင်ပြနိုင်ခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် LIFT နှင့် သဘောတူ ထားသည့်အတိုင်း စာရင်းစစ်ပြီး အရေးယူလုပ်ဆောင်မှုများကို ပြီးမြောက်အောင် လုပ်ဆောင်ရာ၌ ကောင်းမွန်ခဲ့ကြသည်။ ဤအချက်က ညွှန်ပြသည်မှာ မိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းခွင်အတွင်း ထိန်းချုပ်မှုများကို ၂၀၁၁ ခုနှစ် ၎င်းတို့စာရင်း စစ်ဆေးခြင်း ခံရပြီး နောက်ပိုင်း ပိုမိုအားကောင်းအောင် ပြုလုပ်လာခဲ့ကြသည်။


အခန်း (၅) သည် LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများက အသုံးပြုသော အကောင်အထည် ဖော်ဆောင်သည့် နည်းလမ်းများနှင့် နည်းပညာများနှင့် သက်ဆိုင်သည့် သင်ခန်းစာများ ပါဝင်သည်။ လယ်သမားများနှင့် လူ့အဖွဲ့အစည်းများက ပိုမိုတည်တံ့သော အသက်မွေး ဝမ်းကျောင်းမှုကို ရရှိရန် ကြိုးစားကြသည် ဖြစ်သောကြောင့် ၎င်းတို့နှင့် လုပ်ကိုင်ရာတွင် ကြုံတွေ့လာရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ထိုးထွင်း သိမြင်မှုကို ဤသင်ခန်းစာများက ပေးပါသည်။ Fund Manager အတွက်လည်း သင်ခန်းစာများ ရှိပါသည်။ စုစုပေါင်းသင်ခန်းစာ (၆) ခုမှာ -

၁။ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများသည် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို အသုံးပြုရာတွင် ထိုသို့ပြုလုပ်ခြင်း၏ အကျိုးရလဒ်များကို သိမြင်ပြီး ဖြစ်သော်လည်း အတားအဆီး အမျိုးမျိုးနှင့် ကြုံတွေ့ရသည်။
၂။ လယ်သမားကျောင်းများသည် ပိုမိုတိုးတက်သော လယ်ယာစိုက်ပျိုးရေး နည်းလမ်းများကို မိတ်ဆက်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ သို့သော် ၎င်းတို့ကို သင့်တင့်လျောက်ပတ်စွာ အရင်းအမြစ် ပံ့ပိုးပေးခြင်းနှင့် အထောက်အပံ့ပေးခြင်း ရှိမှသာလျှင် ထိုသို့ပြုနိုင်သည်။
၃။ မြစ်ဝကျွန်းပေါ်ရှိ လယ်သမားများ၏ ပိုမိုကောင်းမွန်သော မျိုးစေ့များ လိုအပ်မှုသည် မြင့်မားပြီး ၎င်းတို့အနေဖြင့် မျိုးစေ့များ၏ အရည်အသွေးကို စိတ်ချယုံကြည်နိုင်ပါက သင့်တင့်လျောက်ပတ်သော ဈေးနှုန်းပေးရန် အသင့်ရှိကြသည်။
၄။ ဈေးကွက်များသို့ ဆက်သွယ်နိုင်မှုက ဈေးကွက် သတင်းအချက်အလက်များထက် လယ်သမားများ၏ ဝင်ငွေအပေါ်တွင် အဓိက အဟန့်အတားတစ်ရပ် ဖြစ်နေသည်။
၅။ လူထုအဆင့်၌ ပူးပေါင်းဆောင်ရွက်မှုကို မြင်တွေ့နေကျ ဖြစ်သော်လည်း လူထုအခြေပြုအဖွဲ့များက အသက်မွေးမှု ဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို မဆောင်ရွက်ကြပါ။
၆။ လယ်သမား အဖွဲ့အစည်းများကို ထောက်ပံ့ပေးခြင်းသည် ၎င်းတို့ကို ဆန်စပါး ရောင်းဝယ်သူများနှင့် ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိအောင် ညှိနှိုင်းရာတွင် အကူအညီပေးရာ၌ အောင်မြင်မှု ရရှိသည်။ သို့သော် လယ်သမားအဖွဲ့များက မည်သည့် လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများကို လိုလားပြီး လုပ်နိုင်စွမ်းသည်ဆိုသည်မှာ အကန့်အသတ်နှင့်ဖြစ်သည်။

အခန်း (၆) တွင် LIFT ၏ အဓိက ဆက်သွယ်ရေး လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာကို ဖော်ပြထားပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက် နေ့စွဲအရ အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၆၆) သန်းရှိခဲ့ပါသည်။ LIFT ၏ ၂၀၁၂ ခုနှစ်အတွင်း အသုံးစရိတ်မှာ ဘတ်ဂျက်ရှိငွေ အမေရိကန်ဒေါ်လာ ၃၇.၂ သန်းမှ ၃၁.၆ သန်းကို သုံးစွဲခဲ့ပါသည်။

4 ဤကွင်းဆင်းလုပ်ငန်းကို ၂၀၁၁ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ဆောင်ရွက်ခဲ့သည်။

## စိုက်ပျိုးစီးပွား ဒေသအလိုက် LIFT ရန်ပုံငွေ ထောက်ပံ့သော ဆောင်ရွက်မှုများ တည်ရှိရာ မြို့နယ်များ



# ၁။ နိဒါန်း

ဤအစီရင်ခံစာသည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) က ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရန်ပုံငွေ ပံ့ပိုးပေးခဲ့သော လုပ်ငန်းများကို ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် LIFT က လုပ်ငန်းဆောင်ရွက်နေသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး တောင်ပိုင်း၊ မကွေးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းတို့ ပါဝင်သော အပူပိုင်းဇုံဒေသ၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့ပါဝင်သော တောင်တန်းဒေသများတွင် LIFT ၏ လုပ်ငန်း တိုးတက်မှုများကို ဖော်ပြထားပါသည်။ ၂၀၁၂ ခုနှစ် စာရင်းအရ LIFT သည် ပြည်နယ်နှင့် တိုင်း ၁၂ ခု ခရိုင် ၃၆ ခု မြို့နယ် ၉၉ ခုတို့တွင် လုပ်ငန်း ဆောင်ရွက်နေပါသည်။ စာရင်းအပြည့်အစုံကို နောက်ဆက်တွဲ (၃) တွင် ဖော်ပြထားပါသည်။

## ၁.၁။ အကြောင်းအရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်၍ ဖော်ဆောင်နေသော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုမှာ ၂၀၁၂ ခုနှစ်အတွင်း လျှင်မြန်စွာ ဆက်လက်ဖြစ်ပေါ်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက ဇန်နဝါရီလတွင် နိုင်ငံရေးပါတီအဖြစ် တရားဝင် မှတ်ပုံတင် ပြီးနောက် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး လွှတ်တော်တွင် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ပြီး ယခင် ပြည်ပြေးအများစု နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ရန် ပြည်တော်ပြန်ခဲ့ကြသည်။ ပြည်တွင်း လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး စာပေစိစစ်ရေး မူဝါဒများကိုလည်းဖြေလျော့ပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကိုလည်း ထပ်မံလွှတ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရန် သန္နိဋ္ဌာန် ချထားမှုက အနည်းဆုံး ဥပဒေအသစ် (၃၀) နီးပါးကို ထုတ်ပြန် (သို့မဟုတ်) ပြင်ဆင် ပေးခဲ့သည်။ ၎င်းတို့အနက် LIFT နှင့် သက်ဆိုင်သော လယ်ယာမြေဆိုင်ရာ ဥပဒေ  အသေးစား ချေးငွေလုပ်ငန်းဆိုင်ရာ ဥပဒေ၊ ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေတို့ ပါဝင်သည်။

- **လယ်ယာမြေဥပဒေ။** ။၂၀၁၂ ခုနှစ် မတ်လတွင် လယ်ယာမြေ ဥပဒေအသစ်နှစ်ခုကို လွှတ်တော်က ပြဋ္ဌာန်း ပေးခဲ့သည်။ ၎င်းတို့မှာ လယ်ယာမြေ ဥပဒေနှင့် မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေတို့ ဖြစ်ကြသည်။ လယ်ယာမြေ ဥပဒေသည် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့၏ လယ်ယာမြေများအား တရားဝင် ငှားရမ်းခွင့်ကို ခွင့်ပြုခဲ့သည်။ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေအရ မြန်မာအစိုးရ သို့မဟုတ် မြန်မာကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် လက်ရှိ လုပ်ကိုင်ခြင်းမပြုသည့် လယ်ယာမြေများကို အသုံးပြုရန် လျှောက်ထားနိုင်သည်။ ဤဥပဒေများကို အမျိုးသမီးများ လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်ခွင့်နှင့် အမွေဆက်ခံခွင့် အခွင့်အရေးများနှင့် ပတ်သက်၍ လည်းကောင်း၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်သည့် လယ်သမားများ၏ အခွင့်အရေးနှင့် ပတ်သက်၍ လည်းကောင်း အကာအကွယ်ပေးမှု အားပျော့ခြင်းအတွက် ဝေဖန်ခံခဲ့ရသည်။ ဤဥပဒေများသည် ကြီးမားသော စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် အဓိက ရေးဆွဲထားပုံပေါ်သည်။ ဤဥပဒေများက တောင်သူလယ်သမားများ၏ သီးနှံ ရွေးချယ်မှုအပေါ် နိုင်ငံတော်အစိုးရ၏ ထိန်းချုပ်မှုကိုလည်း ဖော်ပြထားပါသည်။[5]
- **အသေးစားငွေချေးဥပဒေ။** ။အသေးစား ငွေချေးလုပ်ငန်းများအတွက် အခြေခံမှုကို ၂၀၁၁ ခုနှစ်နှောင်းပိုင်း ကတည်းက အကုန်လုံးနီးပါး ပြုပြင်ပြောင်းလဲ ခဲ့သည်။ အသိသာ အထင်ရှားဆုံး ထိန်းကျောင်းသည့် ပြုပြင်ပြောင်းလဲမှုများမှာ အသေးစားချေးငွေ ဥပဒေ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်း) အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သည့် ညွှန်ကြားလွှာနှင့် အမိန့်စာများ (၁) နှင့် (၂) (၂၀၁၁ ခုနှစ် ဒီဇင်ဘာလ နေ့စွဲ) အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်မှုဦးစီးဌာနမှ ပြဋ္ဌာန်းသည့် ညွှန်ကြားလွှာ (၁) (၂၀၁၁ ဒီဇင်ဘာ ၂၀၁၃) တို့ ဖြစ်ကြသည်။ ဥပဒေအသစ်နှင့်အတူ ပါရှိလာသော စည်းမျဉ်းစည်းကမ်းများသည် ကျယ်ပြန့်လာသော အသေးစား ငွေချေးလုပ်ငန်းများကို ပထမဆုံးအကြိမ်အဖြစ် ထိရောက်စွာ တရားဝင် ပြုလုပ်ပေးခြင်းအားဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ပုဂ္ဂလိကပိုင် အသေးစားငွေချေးလုပ်ငန်းများ တည်ထောင်ခွင့် ပေးခဲ့သည်။ ဥပဒေသစ်နှင့်အညီ အသေးစား ငွေချေးလုပ်ငန်း ဝန်ဆောင်မှုအတွက် လိုင်စင်များ ထုတ်ပေးရန်နှင့် ကြီးကြပ်ကွပ်ကဲရန် မြန်မာ့ အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်မှုဦးစီးဌာန Myanmar Microfinance Supervision Enterprise (MMSE) ကို တည်ထောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် MMSE သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ပုဂ္ဂလိက

5 လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေများအပေါ် ဥပဒေရေးရာ သုံးသပ်ခြင်း၊ FSWG မြေယာဇာတိုအဖွဲ့၊ နိုဝင်ဘာ ၂၀၁၂

ကုမ္ပဏီများ၊ သမဝါယမများ ပါဝင်သည့် အဖွဲ့အစည်းပေါင်း ၁၃၀ ကို အသေးစားငွေချေးလုပ်ငန်း လိုင်စင်များ ထုတ်ပေးခဲ့သည်။ ၎င်းတို့ထဲတွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သော Pact, Save the Children နှင့် GRET တို့ ပါဝင်သည်။ အခြားသော လိုင်စင်ရ ငွေချေးလုပ်ငန်းများ၏ ဝန်ဆောင်မှုများသည် အဓိကအားဖြင့် မြို့ပြနှင့် မြို့ပြအနီးအနား ဧရိယာများအပေါ်တွင် အဓိက ထားသည်။ အပြုသဘောဆောင်သော တိုးတက်မှုများ ရှိခဲ့သော်ငြားလည်း၊ အသေးစားချေးငွေ ဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ စိုးရိမ် ကြောင့်ကြမှုများရှိနေပြီး ၎င်း၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့် ပြင်ဆင်ချက်များတွင် အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်မှုနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းတို့တွင် အမျိုးမျိုးသော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ရှင်းလင်းစွာ ဖော်ပြရန်လိုပြီး အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်သူကို လုံလောက်သော အခွင့်အာဏာနှင့် နည်းလမ်းများ ပေးရန် လိုအပ်ပါသည်။[6]


- **ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေး ဥပဒေ။** ။၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးဥပဒေ အသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေအရ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်ရမည်။ ဤဥပဒေသည် ကျေးရွာလူကြီးများနှင့် ရပ်မိရပ်ဖများကိုလည်း အသိအမှတ်ပြုသည်။ ဤဥပဒေသည် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် တိကျသော တာဝန်ထမ်းဆောင်ရမည့် ကာလအပိုင်းအခြားကို ဖော်ပြထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး များကို မည်သို့မည်ပုံ ရွေးချယ် တင်မြှောက်ရမည်ကို ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များ ပထမဦးဆုံးအကြိမ် သတ်မှတ် ပေးထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများကို လစာငွေ ပေးရမည်ဟု ဖော်ပြထားသည်။[7]

၂၀၁၂ ခုနှစ်တွင်နိုင်ငံရပ်ခြားအစိုးရများနှင့်အလှူရှင်များကမြန်မာနိုင်ငံနှင့်ပတ်သက်၍အရေးပါသောမူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူ ပိတ်ဆို့မှုများကို ဆိုင်းငံ့ရန် သဘောတူခဲ့ပြီး အခြားနိုင်ငံ အများအပြားကလည်း ၎င်းတို့၏ အရေးယူ ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးခြင်း သို့မဟုတ် ဖြေလျှော့ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ဤပြုပြင်ပြောင်းလဲမှုများက အစိုးရနှင့် ပိုမိုတက်ကြွစွာ ဆက်ဆံဆောင်ရွက်နိုင်ရန် LIFT အတွက် အခွင့်အရေးသစ်များကို ဖန်တီးပေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှု အထောက်အပံ့များ ပိုမိုတိုးတက်လာခဲ့ပြီး ပြည်တွင်းတွင် ဝင်ရောက် ဆောင်ရွက်သည့် အကူအညီ ပေးရေးနှင့်ဆိုင်သော နိုင်ငံခြားအဖွဲ့အစည်းများ၏ အရေအတွက်များလည်း များပြားလာခဲ့သည်။ LIFT Donor Consortium သို့ အလှူရှင်နှစ်ဦး ထပ်တိုးလာခဲ့သည်။[8]

## ၁.၂။ LIFT ၏ နောက်ခံသမိုင်း

LIFT သည် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တည်ထောင်ခဲ့သည့် အလှူရှင် ပေါင်းစုံ၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေသော ရန်ပုံငွေ ဖြစ်ပါသည်။ LIFT ၏ အလှူရှင် နိုင်ငံများမှာ ဩစတေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြပါသည်။ UNOPS ကို LIFT အတွက် စောင့်ကြည့်လေ့လာမှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ထောက်ပံ့ပေးရန်နှင့် ရန်ပုံငွေ များကို စီမံကွပ်ကဲရန် Fund Manager အဖြစ် ခန့်အပ်ထားပါသည်။

LIFT အစီအစဉ် ရလဒ်အလိုက် ရန်ပုံငွေ ခွဲဝေချထားပေးမှု




LIFT ၏ အလုံးစုံရည်မှန်းချက်မှာ မြန်မာနိုင်ငံ အနေဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် အမှတ် ၁[9] ကို ပြည့်မီနိုင်စေရေးအတွက် အကျိုးပြုသွားရန် ဖြစ်ပါသည်။ ၎င်း၏ကူညီဆောင်ရွက်မှုဖြင့် LIFT သည်ရည်မှန်းထားသည့် အကျိုးခံစားခွင့်ရှိသူ ပြည်သူ (၂) သန်းတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာရရှိမှုကို တိုးတက်စေရန် ရည်ရွယ်ထားပါသည်။ LIFT ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲမွဲတေသူများနှင့် ထိခိုက်လွယ်သူများ၏ စားနပ်ရိက္ခာနှင့် အသက်မွေးမှု ဖူလုံရေးကို တိုးတက်စေရေး ရည်မှန်းချက်များကို ပြီးမြောက်စေရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများကို အကူအညီပေးရေးအတွက် ထိရောက်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာရန် ဖြစ်ပါသည်။ LIFT အနေဖြင့် အစီအစဉ်များကို အဆက်အစပ်ရှိရှိ အကောင်အထည်ဖော်မှု၊ တီထွင်ဖန်တီးမှုနှင့် သင်ယူရေးတို့ကို မြှင့်တင်ပေးမည့် ဩဇာလွှမ်းမိုးမှုရှိသော စုပေါင်းအားကို ကိုယ်စားပြုသော အသံဖြစ်လာရန်လည်း ရည်ရွယ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးသည့် အခြေခံမူဘောင်တစ်ခု ထောက်ပံ့

6 အထူးသဖြင့် ဖော်ထုတ်ရရှိသော ကြောင့်ကြဖွယ် အချက်များမှာ (က) ဥပဒေတွင် ဖော်ပြထားသော အသေးစားချေးငွေအား အဓိပ္ပါယ်ဖွင့်ဆိုမှုသည် လက်ရှိ အခြေအနေတွင် ထိန်းကျောင်း ကြီးကြပ်မှု ပြုလုပ်နိုင်ရန် ကျယ်ပြန့်လွန်းသည်။ (ခ) အသေးစားချေးငွေ အဖွဲ့အစည်းများအား ကြီးကြပ်မည့် အာဏာပိုင်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ပြရန် လိုအပ်သည်။ (ဂ) MFI များအတွက် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှု ပုံစံနှင့် စာရင်းကိုင် စံနှုန်းများ လိုအပ်သည်။ (ဃ) (စည်းကမ်း ပိုမိုတင်းကြပ်ရန်လိုသည့်) အပေါင်ပစ္စည်းယူသော MFI များနှင့် အပေါင်ပစ္စည်း မယူသော MFI များကြား ရှင်းလင်းသော ခွဲခြားသတ်မှတ်မှု လိုအပ်သည်။ (င) လူမှုစွမ်းဆောင်ရည်နှင့် ဖွံ့ဖြိုးမှု ရလဒ်များအား အစီရင်ခံရန် လိုအပ်ချက်များကို ပြင်ဆင် ဖြည့်စွက်ရန် လိုအပ်သည်။

7 LIFT ၏ လုပ်ငန်းဧရိယာများတွင် ယင်းဥပဒေကို စတင် အကောင်အထည်ဖော်ခြင်း မရှိသေးပါ။ Susanne Kempel ထံမှ ဆန်းစစ်သုံးသပ်မှုကို ရရှိသည်။ "Village Institutions and Leadership in Myanmar: A View from Below" by Myanmar Development Research and Susanne Kempel, 2012

8 ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စု

9 ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် (၁) - တစ်ရက်ဝင်ငွေ ၁.၂၅ ဒေါ်လာအောက် ရရှိသည့် လူဦးရေ ထက်ဝက်လျှော့ချပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင် အားလုံးအတွက် ပြည့်စုံ ထိရောက်၍ ကောင်းမွန်သော အလုပ်အကိုင်များ ဖန်တီးပေးကာ ဆာလောင်ငတ်မွတ်နေသူ ဦးရေ ထက်ဝက်လျှော့ချရန်

အထည်ဖော်ရန် ရည်မှန်းထားပါသည်။

LIFT ၏ အလုံးစုံရည်မှန်းချက်များကို အောက်ဖော်ပြပါ အကျိုးရလဒ်များကို ပံ့ပိုးပေးခြင်းအားဖြင့် ရရှိနိုင်ပါသည်။

(၁) ထုတ်လုပ်မှုမြှင့်တင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ပံ့ပိုးပေးခြင့်ဖြင့် ဝင်ငွေနှင့် လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်စေခြင်း သွင်းအားစုများနှင့် ဈေးကွက်များကို တိုးတက်ရရှိလာခြင်း

(၂) ရည်မှန်းထားသည့် အိမ်ထောင်စုများကို လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် အခြားသော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်း (သို့မဟုတ်) အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးခြင်း

(၃) သဘာဝအရင်းအမြစ် သယံဇာတများကို ရေရှည်သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည် ပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ခြင်း

(၄) ကာလရှည်စွာ ဆင်းရဲမွဲတေခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေများကို မြှင့်တင်ပေးမည့် ထိရောက်သော လူမှုလုံခြုံရေး အစီအမံများ ဆောင်ရွက်ပေးခြင်း။

(၅) ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းမှု ဖူလုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း။

(၆) စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု အထောက်အထား၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သော လေ့လာမှုများကို အသုံးပြုလျှက် အစီအစဉ်နှင့် မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုကို အစီရင်ခံခြင်း။

ထို့အပြင် အောက်ပါစီမံခန့်ခွဲမှု ရလဒ်များကို ဖော်ဆောင်ရန်လည်း ကြိုးပမ်း နေပါသည်။

(၇) ရန်ပုံငွေများကို ရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့၏ မူဝါဒများနှင့်အညီ ခွဲဝေထောက်ပံ့ပေးပြီး ၎င်းတို့အတွက် ပွင့်လင်းမြင်သာစွာ တာဝန်ခံခြင်း။

(၈) ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း။





# ၂။ ရလဒ်များ

သွားရန်လည်း ရည်ရွယ်ပါသည်။ LIFT သည် ၎င်း၏လုပ်ငန်းများကို အနည်းဆုံး ၂၀၁၆ ခုနှစ် အကုန်ပိုင်းအထိ ဆက်လက် အကောင် LIFT ၏ တိုးတက်အောင်မြင်မှုနှင့် လျာထားချက် အနှစ်ချုပ်စာရင်းမှ ၎င်း၏ သက်တမ်းတစ်လျှောက် မျှော်မှန်းထားသည့် ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ၊ အကျိုးရလဒ်များကို ဖော်ပြထားပါသည်။ ၎င်း၏အညွှန်း (၁၉) ခုမှ တစ်ခုချင်းစီသည် စီမံချက် အကျိုးရလဒ်များနှင့် ချိတ်ဆက်ထားသည့်အတွက် LIFT သည် ၎င်း၏ ၂၀၁၆ ခုနှစ် စီမံချက် ပြီးဆုံးချိန်တွင် ရရှိရန် ရည်မှန်းထားသည့် ရည်မှန်းချက်ကို ပြဌာန်းထားပြီး ဤကာလအတွင်း ကြားဖြတ် ပြီးမြောက်မှု ရည်မှန်းချက်များကိုလည်း ချမှတ်ထားပါသည်။ LIFT ၏ အညွှန်းအများစုမှာ ရလဒ်အဆင့်တွင် ဖြစ်ပြီး ၎င်းတို့သည် မိသားစုအဆင့် သို့မဟုတ် ဖွဲ့စည်းပုံအဆင့်၌ ဖြစ်ပေါ်သော စနစ်ကျသော ပြောင်းလဲမှု (သို့မဟုတ်) အပြုအမူဆိုင်ရာ ပြောင်းလဲမှုကို ရည်ညွှန်းပါသည်။ LIFT ၏ တိုးတက်အောင်မြင်မှုနှင့် လျာထားချက် အနှစ်ချုပ် စာရင်းသည် ပုံမှန် ပြန်လည်စစ်ဆေးပြီး ခေတ်မီအောင် အကြိမ်ပေါင်းများစွာ ပြင်ဆင်ထားသော အားကောင်းသည့် စာရွက်စာတမ်း တစ်ခု ဖြစ်ပါသည်။

တိုင်းတာရေးဆိုင်ရာ ရလဒ်များအနေဖြင့် LIFT သည် ၎င်း၏ အညွှန်းများအလိုက် တိုးတက်မှုများကို မှတ်တမ်းတင်နိုင်စေသည့် သတင်းအချက်အလက် ရင်းမြစ်အမျိုးမျိုးကို အသုံးပြုပါသည်။ အိမ်ထောင်စု စစ်တမ်းများသည် အရေးပါဆုံးသော သတင်းရင်းမြစ်များ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် LIFT သည် ၎င်းက လုပ်ငန်းလုပ်ဆောင်နေသော သို့မဟုတ် အနာဂတ်တွင် လုပ်ဆောင်ရန် ရည်ရွယ်ထားသော စိုက်ပျိုးစီးပွားဇုံများကို လွှမ်းခြုံမိသည့် အခြေခံ စစ်တမ်းတစ်ရပ် ကို ကောက်ယူခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် LIFT သည် နောက်ဆက်တွဲ အိမ်ထောင်စု စစ်တမ်းကို ကောက်ယူမည် ဖြစ်ပြီး ၂၀၁၅ သို့မဟုတ် ၂၀၁၆ ခုနှစ်တွင် နောက်ဆုံးစစ်တမ်းကို အကောင်အထည် ဖော်ပါမည်။ ဤစစ်တမ်းများမှ ရရှိသော သတင်းအချက်အလက်များသည် အိမ်ထောင်စုနှင့် လယ်ယာအဆင့်၌ သင်တန်းများနှင့် စွမ်းရည်မြှင့် အစီအစဉ်များ၏ ရလဒ်များနှင့် အိမ်ထောင်စု အဆင့်၌ ဖြစ်ပေါ်သော အပြောင်းအလဲများကို ရှင်းလင်းစွာ ဖော်ပြပေးပါမည်။ ၂၀၁၂ ခုနှစ် စာရင်းအရ အခြေခံ အိမ်ထောင်စု သတင်းအချက်အလက်သာ ရနိုင်သည် ဖြစ်သောကြောင့် အိမ်ထောင်စု စစ်တမ်း သတင်းအချက်အလက်ကို အသုံးပြုသော အညွှန်းများ၏ တိုးတက်မှုကို မှတ်တမ်းတင်နိုင်ခြင်း မရှိသေးပါ။

သို့သော်လည်း ဤအစီရင်ခံစာအတွက် တိုးတက်မှုကို ဖော်ပြနိုင်ရန်နှင့် စီမံချက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် LIFT သည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) အစီရင်ခံစာ၊ မိတ်ဖက်အဖွဲ့များ၏ နှစ်လယ် အစီရင်ခံစာနှင့် နှစ်ချုပ်အစီရင်ခံစာ၊ Fund Manager ၏ ကွင်းဆင်းမှတ်တမ်းများနှင့် အစီရင်ခံစာများ၊ မကြာခင်က ပြုလုပ်ခဲ့သော LIFT ၏ လုပ်ဆောင်ဆဲ စီမံချက်များ၏ နှစ်လည်သုံးသပ်ချက်များ အပါအဝင် အစီရင်ခံစာ အမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။

မိတ်ဖက်အဖွဲ့ တစ်ခုချင်းစီတွင် တိုးတက်အောင်မြင်မှုနှင့် လျာထားချက် အနှစ်ချုပ်စာရင်းရှိပြီး ၎င်းသည် LIFT ၏ log frame နှင့် ချိတ်ဆက်ထားပါသည်။ မိတ်ဖက်အဖွဲ့များ၏ အကောင်အထည်ဖော်နေသော စီမံချက် အမျိုးအစားပေါ် မူတည်၍ ပိုမိုသော အညွှန်းများကို အသုံးပြုကြပါသည်။ LIFT သည် မိတ်ဖက်အဖွဲ့အစည်းများကို ၎င်းတို့၏ စီမံချက်နှင့် ဆက်စပ်သော LIFT ၏ အညွှန်းများအတွက် တိုးတက်မှုကို (၆) လ တစ်ကြိမ် အစီရင်ခံရန်နှင့် ၎င်းတို့၏စာရင်းတွင် ထည့်သွင်းရန် တောင်းဆိုပါသည်။ ဤအစီရင်ခံစာသည် အလုံးစုံ ပြီးပြည့်စုံသည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အားလုံးသော မိတ်ဖက်အဖွဲ့များက အညွှန်းများကို ပုံမှန် မှတ်တမ်း မတင်သောကြောင့် ဖြစ်ပါသည်။[10] ကိန်းဂဏန်း အချက်အလက်များကို နိုင်ငံအဝန်း လုပ်ဆောင်နေသော စီမံချက်များ[11]၊ Delta 2 စီမံချက်များ[12] နှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ တိုက်ရိုက်ထောက်ပံ့သော အစီအစဉ် နှစ်ခုတို့မှ ကောက်ယူပါသည်။[13] ဤကိန်းဂဏန်းများတွင် ၂၀၁၁ ခုနှစ်တွင် ပိတ်သိမ်းခဲ့သော Delta (1) အစီအစဉ်[14] မှ ကိန်းဂဏန်းများ မပါဝင်ပါ။ ၂၀၁၃ ခုနှစ်မှ စတင်၍

10 ယင်းသည် မိတ်ဖက်များ၏ အမှားဟု မဆိုနိုင်ဘဲ ဝင်ငွေ၊ ကုန်ထုတ်စွမ်းအား သို့မဟုတ် စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် ဆိုင်သော အညွှန်းကိန်းများကို တိုင်းတာရန်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် အားစိုက်ထုတ်မှုများ လိုအပ်သဖြင့် အမြဲတမ်း မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

11 နိုင်ငံအဝှမ်း အစီအစဉ် (CWP) တွင် မိတ်ဖက် ၁၆ ဖွဲ့ သည် စိုက်ပျိုးစီးပွားဒေသ ၃ ခု၌ သုံးနှစ်စီမံကိန်းများ အကောင်အထည်ဖော်နေပြီး အပူပိုင်းဇုံတွင် ၁၁ ဖွဲ့၊ တောင်တန်းဒေသတွင် ၇ ဖွဲ့နှင့် ကမ်းရိုးတန်းဒေသတွင် ၂ ဖွဲ့ ဖြစ်သည်။ CWP အစီအစဉ်၏ ပထမဆုံး သုံးနှစ်စီမံကိန်းကို ၂၀၁၀ နိုဝင်ဘာလတွင် စတင်ခဲ့ပြီး နောက်ဆုံး စီမံကိန်းသည် ၂၀၁၄ ဇွန်လအထိ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်သည်။

12 Delta 2 အစီအစဉ်တွင် မိတ်ဖက် ၁၁ ဖွဲ့က ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ် ၃ ခုတွင် သုံးနှစ်စီမံကိန်းများ အကောင်အထည်ဖော်လျက် ရှိသည်။

13 တိုက်ရိုက် ထောက်ပံ့သော စီမံကိန်းများကို Oxfam နှင့် Action Aid တို့က အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

14 Delta I အစီအစဉ်တွင် မိတ်ဖက် ၂၂ ဖွဲ့က ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး အာရုံစိုက်သော တစ်နှစ် စီမံကိန်းများကို ဆောင်ရွက်နေသည်။ ၂၀၁၂ အကုန်ထိ မြစ်ဝကျွန်းပေါ်ဒေသနှင့် နိုင်ငံတစ်ဝှမ်းလုံးတွင် အကျိုးခံစားရရှိသူ အိမ်ထောင်စု ၃၇၃,၅၂၀ ရှိပြီး Delta I မှ အိမ်ထောင်စု ၁၅၃,၈၀၈ နှင့် Delta II မှ အိမ်ထောင်စု ၅၇,၄၉၅ ပါဝင်သည်။ Delta I အစီအစဉ်သည် ၂၀၁၁ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။

LIFT သည် ၎င်း၏ တိုးတက်အောင်မြင်မှုနှင့် လျာထားချက် စာရင်းအညွှန်းတွင် Learning and Innovation Window၊ Financial Inclusion Window နှင့် Rakhine Tet Lan Program တို့မှ မိတ်ဖက်အဖွဲ့များ၏ စီမံချက်များကို ထည့်သွင်းပါမည်။

မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာများမှ ရလဒ်များကို မှားယွင်းနိုင်ချေရှိသော အကြမ်းခန့်မှန်းချက်များ အဖြစ်သာ မှတ်ယူသင့်ပါသည်။ အကြောင်းမှာ မိတ်ဖက်အဖွဲ့များ အသုံးပြုသော တိုင်းတာရေး နည်းလမ်းများမှာ ကွဲပြားမှုရှိပြီး ထိုတိုင်းတာချက်များ၏ အရည်အသွေးနှင့် ကိုက်ညီမှုမှာလည်း ကွဲပြားသောကြောင့် ဖြစ်ပါသည်။ အချို့သော မိတ်ဖက်များသည် စစ်တမ်းကောက်ယူသည့် လုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံကြပြီး အချို့မှာမူ ကွင်းဆင်းအဖွဲ့များ၏ ကျေးရွာအဆင့် သတင်းအချက်အလက်များပေါ်တွင် အဓိက မှီခိုနေဆဲဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့များအနေဖြင့် အညွှန်းအားလုံးကို နည်းလမ်းတစ်မျိုးတည်းဖြင့် နားလည် သဘောပေါက်ကြသည် မဟုတ်ပါ။ ဤအစီရင်ခံစာကို ဖတ်ရှုရာတွင် ယင်းကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အထူးသဖြင့် အခန်း ၂.၁ နှင့် ၂.၂ ရှိ ရလဒ်များကို အကဲဖြတ်ရာတွင် ပိုလိုအပ်ပါသည်။

မိတ်ဖက်များထံမှ ရရှိသော ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာမှုအရ အောက်ပါကိစ္စများပေါ်ပေါက်လာပါသည်။

- အချို့သော အညွှန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် မိတ်ဖက်အဖွဲ့အစည်းများ၏တူညီစွာနားလည်မှု ကင်းမဲ့ခြင်း
- အချို့သောအညွှန်းများကို တိုင်းတာရန်အတွက် စံတိုင်းတာရေးကိရိယာများမရှိခြင်း
- ရလဒ်အညွှန်းများကို တိုင်းတာရန် အချို့သော မိတ်ဖက်များ၌ စွမ်းရည်မရှိခြင်း
- LIFT ၏ Log Frame Indicator နှင့် မိတ်ဖက်စီမံချက်များ၏ Log Frame Indicator များအကြား ပိုမိုကောင်းမွန်သော ညီညွတ်မှု ရှိရန်လိုခြင်း

## ၂.၁။ ရည်ရွယ်ချက် – ရည်မှန်းလူဦးရေ (၂) သန်း၏ ဝင်ငွေနှင့် စားနပ်ရိက္ခာ ရရှိမှု ရေရှည် တိုးတက်လာစေရန်

### ဇယား (၁) – ရည်မှန်းချက်အဆင့် အညွှန်းများနှင့် ခန့်မှန်း တိုးတက်မှုဇယား အနှစ်ချုပ်

| အညွှန်းကိန်း* | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက်** | မှတ်တိုင် ၁ ၂၀၁၂ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု*** | မှတ်တိုင် ၁ နှင့် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| P1: (စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ စီးပွားရေး စသည့်) ဝင်ငွေ တိုးမြင့်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း@ | ၁၃၀,၀၀၀@@ (အိမ်ထောင်စု ၂၂၀,၀၀၀ ၏ ၆၀%) | ၂၀,၀၀၀ | ၂၅,၄၀၀ | ၁၂၇% |
| P2: စိုက်ပျိုးရေး ထုတ်လုပ်မှု အနည်းဆုံး ၅% တိုးလာသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၃၀,၀၀၀ (အိမ်ထောင်စု ၂၂၀,၀၀၀ ၏ ၆၀%) | ၂၀,၀၀၀ | ၉,၄၀၀ | ၄၇% |
| P3: အစားအစာ စားသုံးမှု တိုးလာ သို့မဟုတ် အမျိုးမျိုး ကွဲပြား စားသုံးနိုင်လာသော အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၄၀,၀၀၀ (အိမ်ထောင်စု ၄၀၀,၀၀၀ ၏ ၆၀%) | ၄၀,၀၀၀ | ၁၃,၂၀၀ | ၃၃% |
| P4: စားနပ်ရိက္ခာ ဖူလုံမှု ၁ လနှင့်အထက် မြင့်တက်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၄၀,၀၀၀ (အိမ်ထောင်စု ၄၀၀,၀၀၀ ၏ ၆၀%) | ၄၀,၀၀၀ | ၁၄,၈၀၀ | ၃၇% |
| P5: ပစ္စည်းပစ္စယ ပိုင်ဆိုင်မှု မြင့်တက်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း (ကျား/မ ခွဲခြားတွက်ချက်ထား) | ၁၂၀,၀၀၀ (အိမ်ထောင်စု ၂၄၀,၀၀၀ ၏ ၅၀%) | ၂၅,၀၀၀ | ၂၆,၈၀၀ (အမျိုးသမီးဦးဆောင် အိမ်ထောင်စု ၃,၇၀၀) | ၁၀၇% |

* P1၊ P2၊ P3၊ P4 နှင့် P5 ၅ ခုလုံးတွင် ထည့်သွင်းရေတွက်မိသော အိမ်ထောင်စုများလည်း ရှိနိုင်သည်။

** ဤမှတ်တိုင်များသည် LIFT ၏ အကောင်အထည်ဖော်မှု နှစ်များတစ်လျှောက် စီမံကိန်းကာလများအတွင်း အကျိုးခံစားရသူ လယ်သမားအရေအတွက် တိုးလာခြင်းသာမက လယ်သမားများမှ နည်းပညာသစ်များကို အသုံးပြုလာခြင်းကိုပါ ထပ်ဟပ်သည်။ လယ်သမားများသည် သင်ယူလွယ်သော်လည်း လက်ခံအသုံးပြုရန်မှ နှေးကွေးကြပြီး Everett Rogers ၏ အဆိုအရ နည်းပညာသစ်များ သို့မဟုတ် ပိုကောင်းသော အလေ့အထများကို ဖြည်းဖြည်းနှင့် မှန်မှန်သာ လက်ခံအသုံးပြုကြကြောင်း သိရသည်။ မျိုးစေ့ ရွေးချယ်ခြင်းနှင့် အပင်ခြား စိုက်ပျိုးခြင်း ကဲ့သို့သော အလေ့အထများကို နည်းပညာသစ်များဟု သတ်မှတ်နိုင်ပြီး လယ်သမားတစ်ဦးအနေဖြင့် SRI နည်းပညာစု အားလုံးကို အပြည့်အဝ အသုံးချရမည်ဟု မဆိုလိုပေ။ နည်းပညာသစ်များ၏ အကျိုးကို ခံစားရပြီးနောက်မှသာ ကျန်သူများက ယင်းနည်းပညာသစ်ကို လက်ခံလာကြပြီး စီမံကိန်းပြီးချိန်တွင် မျှော်မှန်းအိမ်ထောင်စု၏ ၆၀% အထိ အသုံးပြုလာနိုင်ပါသည်။

*** မိတ်ဖက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စောင့်ကြည့်လေ့လာသည့် နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးတို့ မတူညီ ကွဲပြားကြသဖြင့် အစီရင်ခံလာသည့် ကိန်းဂဏန်းများတွင် မှားယွင်းနိုင်သည့် အလားလာကို ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါသည်။ ပိုမို၍ စိတ်ချလက်ခံနိုင်သော အချက်အလက်များကို မကြာမီ ထွက်ရှိမည့် အိမ်ထောင်စု ဆန်းစစ်လေ့လာချက်တွင် ရရှိနိုင်ပါမည်။

@ ရည်မှန်းချက်အဆင့် အညွှန်းကိန်း (P1) အောက်တွင် စီမံကိန်း ၂၆ ခုက အကျိုးခံစားခွင့်ရရှိသည့် အိမ်ထောင်စုများသည် LIFT ၏ ဝင်ရောက် ဆောင်ရွက်မှုကြောင့် ဝင်ငွေများ တိုးတက်ရရှိလာကြသည်ဟု အစီရင်ခံကြပါသည်။ သို့သော် P1 အောက်တွင် အစီရင်ခံလာသော စီမံကိန်း ၂၆ ခုအနက် ၁၇ ခုသည် အိမ်ထောင်စုဝင်ငွေ တိုးတက်လာမှု ရာခိုင်နှုန်းကို မဖော်ပြ ခဲ့ကြပေ။ စီမံကိန်း ၆ ခုကမူ အိမ်ထောင်စုဝင်ငွေသည် ၁၀ နှင့် ၂၀% ကြား တိုးတက်လာပြီး စီမံကိန်း ၃ ခုကမူ ၃၀ ရာခိုင်နှုန်း တိုးတက်လာသည်ဟု အစီရင်ခံပါသည်။

@@ အိမ်ထောင်စု ၁၃၀၀၀၀ ဆိုသည်မှာ လက်ရှိနှင့် အနာဂါတ် မိတ်ဖက် စီမံကိန်းများမှ ရည်မှန်းထားသော ပမာဏ၏ ၆၀% ဖြစ်သည်။ ၂၀၁၁ ဒီဇင်ဘာလတွင် LIFT ၏ အဆိုပြုချက်များသည် စုစုပေါင်း ပမာဏ ဒေါ်လာ ၇၄ သန်း ရှိခဲ့ပါသည်။ ယင်းပမာဏအနက် ဒေါ်လာ ၁၀ သန်းသည် သုတေသနလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်ပြီး အိမ်ထောင်စုများအပေါ် တိုက်ရိုက် သက်ရောက်မှုရှိမည် မဟုတ်ပေ။ ဒေါ်လာ ၇၆ သန်း ဘတ်ဂျက်မှ အနာဂတ် ဘတ်ဂျက် ဒေါ်လာ သန်း ၁၅၀ မှ ရန်ပုံငွေ ထောက်ပံ့မည့် စီမံကိန်းများ တိုးလာသဖြင့် ၂၀၁၁ ဒီဇင်ဘာတွင် ရရှိထားသော အဆိုပြုချက်များမှ ခန့်မှန်းထားခဲ့သည့် ရလဒ်မျှော်မှန်းချက်နှင့် မှတ်တိုင်များလည်း နှစ်ဆတိုးလာခဲ့သည်။

## ရည်မှန်းချက်အညွှန်း(၁) – ဝင်ငွေ တိုးတက်ရရှိလာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများအတွင်း သိသိသာသာ ကွဲပြားမှုအချို့ ရှိသော်လည်း LIFT ၏ စုစုပေါင်းခန့်မှန်း အောင်မြင်ပြီးမြောက်မှုသည် သတ်မှတ် ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ပါသည်။ LIFT အဖွဲ့များက တစ်ညီတစ်ညွတ်တည်း တင်ပြကြသော လယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးအတွက် ရင်ဆိုင်ရသည့် ပြဿနာတစ်ရပ်မှာ တတ်နိုင်ပြီး ပြင်လွယ် ပြောင်းလွယ်သည့် စိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာငွေ ကင်းမဲ့မှု ဖြစ်ပါသည်။ ဆိုလိုသည်မှာ လယ်သမားများအနေနှင့် ဈေးရ အနည်းဆုံးဖြစ်သော ရိတ်သိမ်းချိန် ပြီးနောက် ၎င်းတို့၏ စပါးနှင့် အခြားသီးနှံများကို မဖြစ်မနေ ရောင်းချရသောကြောင့်ဖြစ်ပါသည်။ ဤပြဿနာနှင့် LIFT က ပံ့ပိုးသော စီမံချက်များက ကြီးကြပ်သော တီထွင်ဆန်းသစ်သော စိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာငွေ လုပ်ငန်း တို့ကို အစီရင်ခံစာ၏ အခန်း (၃) တွင်ဖော်ပြထားပါသည်။

ကာလတိုတွင်း ဝင်ငွေ ပြောင်းလဲမှုများသည် LIFT ၏ မိတ်ဖက်အဖွဲ့များက အကောင်အထည်ဖော်သော လုပ်ငန်းများ၏ ပြင်ပ သက်ရောက်မှုများပေါ်တွင် မူတည်ပါသည်။ ၂၀၁၂ ခုနှစ်နှင့် ပတ်သက်၍ အောက်ပါ အရေးကြီး အချက်များကို မိတ်ဖက် အဖွဲ့အစည်းများက ဖော်ပြထားပါသည်။

- အပူပိုင်းဇုန်၏ အချို့ဒေသများတွင် စီးပွားရေးအခြေအနေ ယိုယွင်းမှုကြောင့် အခြားဒေသများကို ပြောင်းရွှေ့လုပ်ကိုင်မှုများ ရှိပြီး စိုက်ပျိုးရေး ရာသီချိန်တွင် ဒေသတွင်း၌ အလုပ်သမား မလုံလောက်မှု ကြုံတွေ့ရခြင်း၊
- ဒေါ်လာဈေးနှင့် နှိုင်းယှဉ်လျှင် မြန်မာငွေတန်ဖိုး မြင့်တက်လာခြင်း - ဤအခြေအနေက နိုင်ငံခြားတင်ပို့သော စိုက်ပျိုးရေး ထွက်ကုန်များကို ဈေးနှုန်း မြင့်မားစေသည်၊
- အပူပိုင်းဒေသတွင် သာမာန်ထက် ပိုမိုလျော့နည်းသော မိုးရေချိန်[15]က သီးနှံထွက်နှုန်းကို ဆိုးရွားစေပြီး ရေတွင်းရေကန်များ၌ ရေများ လျော့နည်းစေခြင်း၊ (အချို့ရေကန်များမှာ ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် ခြောက်ခန်းသွားနိုင်သည်။)
- မြစ်ဝကျွန်းပေါ်ဒေသတွင် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့် မိုးသည်းထန်ခြင်း၊
- ရခိုင်ဒေသတွင် လူမျိုးစုအချင်းချင်း အကြမ်းဖက်မှုနှင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခြင်း၊
- အချို့ဒေသများတွင် ပိုးမွှားများ ကျရောက်ခြင်း၊



15 ၂၀၁၂ မိုးရာသီ မိုးရေချိန်သည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း အနည်းဆုံးဖြစ်သည်။ ပုံမှန် မိုးရေချိန် လက်မ ၃၀ ရှိသော အပူပိုင်းဒေသ၏ နေရာအများအပြားတွင် ၁၇ လက်မသာ ရွာသွန်းခဲ့သည်။ (မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနနှင့် အပူပိုင်းဒေသရှိ MAS အရာရှိများ ပူးပေါင်း ထုတ်ပြန်သော စာရင်းဇယားကို အခြေခံသည့် Proximity Designs ၏ အချက်အလက် ဖြစ်သည်။) ယင်းအချက်ကို ၂၀၁၂ QSEM 2 အစီရင်ခံစာတွင်လည်း ထောက်ခံ တင်ပြထားသည်။

## ရည်မှန်းချက်အညွှန်း(၂) – စိုက်ပျိုးရေး ထုတ်လုပ်မှု အနည်းဆုံး ၅ ရာခိုင်နှုန်း တိုးတက်လာသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

ရည်မှန်းအိမ်ထောင်စုများအတွင်း ထုတ်လုပ်မှုတိုးတက်စေရန် လုပ်ဆောင်နေသော LIFT ၏ မိတ်ဖက်များက ၎င်းတို့အနေဖြင့် ရည်မှန်းချက်၏ ၄၇ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စုပေါင်း ၉၄၀၀ ကို စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရန် အနည်းဆုံး (၅) ရာခိုင်နှုန်းမြင့်မားလာစေရန် ကူညီနိုင်ခဲ့သည်ဟု သတင်းပို့ပါသည်။ LIFT မိတ်ဖက်အဖွဲ့ (၁၀) ဖွဲ့ကသာဤအညွှန်းအတွက် ကိန်းဂဏန်းများကို ၎င်းတို့၏၂၀၁၂ ခုနှစ် နှစ်စဉ် အစီရင်ခံစာအတွက် ဖော်ပြထားပါသည်။[16]

**ဇယား (၂) မိတ်ဖက်အဖွဲ့များက တင်ပြသော အိမ်ထောင်စုများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မှု**

| အကောင်အထည်ဖော်ရေး မိတ်ဖက် | စိုက်ပျိုးရေး ထုတ်လုပ်မှု ၅% အထက် တိုးတက်လာသည့် အိမ်ထောင်စု အရေအတွက် | |
|---|---|---|
| | ၃ နှစ် အစီအစဉ် | နောက်ဆုံး အစီရင်ခံထားသော အရေအတွက် |
| Mercy Corps (နိုင်ငံအဝှမ်း) | ၁,၅၀၀ | ၃,၄၁၀ |
| မေတ္တာဖောင်ဒေးရှင်း | ၅,၀၀၀ | ၃,၀၉၄ |
| ရတနာဓရော | ၂,၁၀၀ | ၆၁၆ |
| DPDO | ၆၈၀ | ၄၅၇ |
| LEAD | ၁,၁၁၀ | ၄၂၅ |
| Oxfam | ၂,၃၂၂ | ၄၁၅ |
| SWISSAID | ၁,၀၆၀ | ၄၀၃ |
| MERN | ၈၉၀ | ၃၁၀ |
| CESVI | ၃,၀၀၀ | ၂၃၉ |
| အခြားမိတ်ဖက်များ | ၈,၃၂၅ | ၄၀ |
| စုစုပေါင်း | ၂၆,၀၀၀ | ၉,၄၀၀ |

စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတာလာကြောင်း အစီရင်ခံမှု အများစုသည် အရည်အသွေး မြှင့်တင်ထားသော မျိုးစေ့နှင့် မြေသြဇာများ ဖြန့်ဝေပေးခြင်း၊ ပိုးမွှား ကူးစက်ခြင်း ထိန်းချုပ်မှု အလေ့အထများနှင့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု အလေ့အထများ မိတ်ဆက်ပေးခြင်း တို့ပါဝင်သော လယ်သမားကျောင်း ဆောင်ရွက်မှုများနှင့် ဆက်နွယ်နေသည်။[17] Mercy Corps ၏ စိုက်ပျိုးရေး တိုးချဲ့ အစီအစဉ်သည် လယ်သမားများ ဦးဆောင်သည့် တိုးချဲ့စနစ်နှင့် လယ်သမားကျောင်းများအကြား အလယ်အလတ် အနေအထားတွင် ရှိပြီး မတူညီသော စိုက်ပျိုးစီးပွားဖုံ ၃ ခု (ချင်း၊ ရခိုင်နှင့် အပူပိုင်းဖုံ) တွင် အကောင်အထည်ဖော်ခဲ့သည်။ အသုံးပြုခဲ့သော စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း နည်းပညာများမှာ အမျိုးမျိုး ကွဲပြားကြသည်။

ဇယား (၂) တွင် ဖော်ပြထားသော ရလဒ်အချို့သည် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့များ၏ တိုးတက်မှုကို တစ်စိတ်တစ်ပိုင်း အားဖြင့်သာ ထင်ဟပ်ပါသည်။ ဥပမာအားဖြင့် Oxfam ၏ ကိန်းဂဏန်းများ ပဲလွန်နှင့် နမ်းတို့အတွက်သာ ဖြစ်ပြီး မိုးစပါးနှင့် မွေးမြူရေးလုပ်ငန်းအတွက် ကိန်းဂဏန်းများ ရရှိခြင်း မရှိသေးပါ။ အချို့သော မိတ်ဖက်အဖွဲ့များသည် ဤအညွှန်းနှင့် ပတ်သက်၍ သတင်းပို့ခြင်း မရှိပါ။ ဤသည်မှာလည်း ဤအညွှန်းသည် စစ်တမ်းကောက်ယူမှု လုပ်ငန်း ပါဝင်သောကြောင့် စိုးရိမ်ဖွယ်ရာ မဟုတ်ပါ။ စစ်တမ်း ကောက်ယူမှုမှာလည်း မိတ်ဖက်အဖွဲ့များက နှစ်စဉ်ပြုလုပ်သည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

လယ်သမားကျောင်းများ (မေတ္တာ၊ SWISSAID နှင့် CESVI) အနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း သင်ကြားခဲ့သည့် နည်းလမ်းများကို လယ်သမား (၆၀) ရာခိုင်နှုန်းအထိ အသုံးချခဲ့ပုံ ပေါ်ပါသည်။ လယ်သမားကျောင်းများ အကောင်အထည်ဖော်မှုမှ ရရှိသည့် ပို၍ အသေးစိတ်ကျသော သင်ခန်းစာများကို အခန်း(၃) ၏ တောင်တန်းဒေသများ ကဏ္ဍတွင် ဖော်ပြထားပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် တိုးတက်မှု တစ်စုံတစ်ရာ သတင်းပေးပို့ချက်မရှိပါ။ အုပ်စုများ သို့မဟုတ် တစ်သီးပုဂ္ဂလများကို တိရိစ္ဆာန်များ ထောက်ပံ့ပေးခဲ့သော စီမံကိန်းများက မိတ်ဆက်ပေးထားသည့် (ကြက်ခြံများ၊ ကာကွယ်ဆေးထိုးခြင်း စသည့်)

16 LIFT ၏ မိတ်ဖက်အဖွဲ့ ၁၈ ဖွဲ့သည် စိုက်ပျိုးရေး ထုတ်ကုန် တိုးမြှင့်ရေးအတွက် ပုံစံထုတ်ထားသော စိုက်ပျိုးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင် လုပ်ဆောင်နေကြသည်။ (၁၆ ဖွဲ့သည် ဤအညွှန်းကိန်းအတွက် ဦးတည်ချက်ထား ဆောင်ရွက်နေပြီး ၃ ဖွဲ့မှာမူ စိုက်ပျိုးရေးအတွက် လုပ်ကိုင်နေသော်လည်း ဦးတည်ချက် သတ်မှတ်ထားခြင်း မရှိပါ။

17 အသေးစား ချေးငွေဆိုင်ရာ log frame များသည် ဝင်ငွေတိုးတက်မှုကိုသာ တိုင်းတာပြီး စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးမြှင့်လာခြင်းကို တိုင်းတာခြင်း မဟုတ်သောကြောင့် အသေးစား ချေးငွေများ ရရှိခဲ့စားရသူများကို ဤအညွှန်းကိန်းအောက်တွင် ထည့်သွင်းမထားပါ။

နည်းလမ်းများသည် ထုတ်လုပ်မှု တိုးတက်လာကြောင်း တိုင်းတာနိုင်လောက်သည့် အနေအထားသို့ မရောက်ရှိသေးဟု ဆိုရမည်ဖြစ်ပါသည်။

## ရည်မှန်းချက် အညွှန်း (၃) တိုးတက်လာသော သို့မဟုတ် အမျိုးစုံ ကြွယ်ဝလာသော စားသုံးမှုရှိသည့် အိမ်ထောင်စုအရေအတွက် သို့မဟုတ် ရာခိုင်နှုန်း

LIFT ၏ Log Frame Milestone သည် အိမ်ထောင်စုပေါင်း ၄၀,၀၀၀ ကို ၂၀၁၂ ခုနှစ်တွင် ၎င်းတို့၏ စားနပ်ရိက္ခာ စားသုံးမှုကို မြှင့်တင်ရန်နှင့် အမျိုးစုံ ကြွယ်ဝစေရန် ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့များက အိမ်ထောင်စုပေါင်း ၁၃,၂၀၀ ရောက်ရှိသည်ဟု တင်ပြကြပါသည်။ သို့သော် ဤကိန်းဂဏန်းများကို သတိဖြင့် ကြည့်မြင်သင့်ပါသည်။ LIFT ၏ မိတ်ဖက်များဖြစ်သော Mercy Corps နှင့် SWISSAID (၂) ခုသည်သာ ၎င်းတို့၏ ရလဒ်များကို စစ်တမ်းများဖြင့် အကဲဖြတ်မှုများအပေါ်တွင် အခြေခံပြီး Mercy Corps အနေဖြင့် (ရည်မှန်းချက် အိမ်ထောင်စု ၅၉၄၅ စုအနက်) ၄၈၇၁ အိမ်ထောင်ကို စားနပ်ရိက္ခာ သုံးစွဲမှု တိုးတက် သို့မဟုတ် မျိုးစုံကြွယ်ဝ စေခဲ့သည်ဟု သတင်းပို့ပါသည်။ SWISSAID အနေဖြင့် အိမ်ထောင်စုပေါင်း (၂၇၆) စု (ရည်မှန်းချက်အိမ်ထောင်စု ၂၄၃ စု) စားနပ်ရိက္ခာ သုံးစွဲမှု တိုးတက် သို့မဟုတ် မျိုးစုံကြွယ်ဝစေခဲ့သည်ဟု ၎င်း၏ စစ်တမ်းအရ သိရပါသည်။ LIFT ၏ အခြားသော မိတ်ဖက်များ အနေဖြင့် စစ်တမ်းများ ပြုလုပ်ခဲ့ခြင်း မရှိဘဲ ခန့်မှန်းချက်များသာ ပေးပို့ခဲ့ပါသည်။

မြင့်မားသော ဝင်ငွေရရှိမှုက ပိုမိုကောင်းမွန်သော စားသုံးမှုကို ဖြစ်စေခြင်းရှိမရှိ အကဲဖြတ်ရခြင်းသည် အချို့သော မိတ်ဖက်များအတွက် ပြဿနာ ဖြစ်ခဲ့ပါသည်။[18] များစွာသော မိတ်ဖက်အဖွဲ့များသည် စားနပ်ရိက္ခာ စားသုံးမှုစစ်တမ်း ကောက်ယူရေးနှင့် အာဟာရဆိုင်ရာ ကိစ္စရပ်များတွင် လေ့ကျင့်သင်ကြားမှု မရရှိခဲ့ဘဲ Save the Children၊ Mercy Corps နှင့် Oxfam စသည့် မိတ်ဖက်အဖွဲ့အနည်းငယ် သာ ဤအညွှန်း၏ ရလဒ်များကို တိုင်းတာရန် ကျွမ်းကျင်မှုနှင့် တိုင်းတာရေး ကိရိယာများ ရှိပါသည်။ ဤအညွှန်းကို တိကျစွာ တိုင်းတာရန် အတွက် အကျိုးခံစားခွင့် ရရှိသူများနှင့် ၎င်းတို့၏ စားနပ်ရိက္ခာ စားသုံးမှု၊ အမျိုးစုံကြွယ်ဝစွာ စားသုံးမှုနှင့် စားနပ်ရိက္ခာရရှိမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် လိုအပ်ပါသည်။ LIFT ၏ Baseline Study က နိုင်ငံတကာ အသိအမှတ်ပြု တိုင်းတာရေး ကိရိယာများကို သုံး၍ ဤအညွှန်းအတွက် ကိန်းဂဏန်းများကို ကောက်ယူခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ထပ်မံပြုလုပ်မည့် အိမ်ထောင်စု စစ်တမ်းသည် ပိုမိုပြည့်စုံ အားကောင်းသော ကိန်းဂဏန်း အချက်အလက်များကို ယခုအစီရင်ခံသည်ထက် ပိုမို ပေးနိုင်ပါလိမ့်မည်။

## ရည်မှန်းချက် အညွှန်း (၄) စားနပ်ရိက္ခာ ဖူလုံမှု အနည်းဆုံး တစ်လပိုမိုလာသည့် ရည်မှန်း အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤအညွှန်းအတွက် Log frame milestone မှာ ၂၀၁၂ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၄၀,၀၀၀ ၏ စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်စေရန် ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့များက (ရည်မှန်းချက်၏ ၃၇ ရာခိုင်နှုန်း) အိမ်ထောင်စုပေါင်း ၁၄၈၀၀ ကိုသာ အကျိုးပြုနိုင်ခဲ့ကြောင်း သတင်းပို့ပါသည်။ သို့သော်ငြားလည်း အခြားသော ရည်ရွယ်ချက်အဆင့် အညွှန်းကဲ့သို့ပင် ဤကိန်းဂဏန်းများကိုလည်း သတိဖြင့် ရှုမြင်သင့်ပါသည်။ SWISSAID နှင့် Proximity အဖွဲ့များသာလျှင် ၎င်းတို့တင်ပြသော ကိန်းဂဏန်းများကို စစ်တမ်းတစ်ခုပေါ်တွင် အခြေခံပါသည်။ ဤအညွှန်းအတွက် အစီရင်ခံသော အခြားမိတ်ဖက်အဖွဲ့ အားလုံးသည် ၎င်းတို့၏ ကိန်းဂဏန်းများကို ဝင်ငွေနှင့် စားနပ်ရိက္ခာ ဖူလုံမှုကြားမှ အပြန်အလှန်ဆက်စပ်မှုကို မှန်းဆကောက်ယူချက်များအပေါ်တွင် အခြေခံကြပါသည်။ အမှန်တကယ်တွင်မူ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အပြောင်းအလဲများ ကို မှန်ကန်တိကျစွာ အစီရင်ခံနိုင်ရန်အတွက် လိုအပ်သော အသေးစိတ် အချက်အလက်များ ရယူရန် ကျယ်ပြန့်သော စစ်တမ်းတစ်ခုနှင့် Focus Group များ၏ ဆွေးနွေးပွဲများ လိုအပ်ပါသည်။ ၂၀၁၃ ခုနှစ်အတွက် စီမံချက်ဆွဲထားသော အိမ်ထောင်စုစစ်တမ်းသည် ဤအညွှန်းအတွက် ပိုမိုတိကျခိုင်မာသော အစီရင်ခံမှုကို ပေးနိုင်ပါစေလိမ့်မည်။

18 အချို့ မိတ်ဖက်အဖွဲ့များသည် ဝင်ငွေ တိုးတက်လာပြီး ပိုမို ထုတ်လုပ်နိုင်လာပါက (အညွှန်း ၁ နှင့် ၂) အစားအစာ စားသုံးမှု တိုးမြင့်လာ သို့မဟုတ် အမျိုးမျိုးကွဲပြား စားသုံးလာမည်ဟု ယူဆကြသည်။ သို့သော်လည်း ယင်းသည် တစ်ထစ်ချ မယူဆနိုင်ဘဲ ဝင်ငွေနှင့် ထုတ်လုပ်မှု တိုးတက်လာခြင်းကို ပညာရေး၊ ကျန်းမာရေးနှင့် အခြား လူသုံးကုန် ပစ္စည်းများ ဝယ်ယူမှုအတွက်လည်း အသုံးချနိုင်ပါသည်။

ဇယား (၃) မိတ်ဖက်အဖွဲ့များက တင်ပြသော အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှု တိုးတက်မှုများ

| အကောင်အထည်ဖော်ရေး မိတ်ဖက် | စားနပ်ရိက္ခာ ဖူလုံမှု အနည်းဆုံး တစ်လ တိုးမြင့်လာသော အိမ်ထောင်စု အရေအတွက် | |
|---|---|---|
| | ၃ နှစ် အစီအစဉ် | ဆောင်ရွက်ပြီးမှု |
| Proximity | | ၄,၉၀၅ |
| ADRA | | ၂,၀၃၈ |
| မေတ္တာ | ၅,၀၀၀ | ၂,၀၂၉ |
| MCS | ၁,၂၁၂ | ၁,၂၁၂ |
| ADRA | | ၁,၀၀၀ |
| Oxfam/ NAG | ၁,၄၆၉ | ၈၈၄ |
| Oxfam | ၄,၇၅၀ | ၈၆၄ |
| MERN | ၂,၄၀၀ | ၆၃၄ |
| SWISSAID | ၁,၄၃၄ | ၆၂၂ |
| အခြား (LEAD, Help Age, AVSI, Action Aid, CESVI) | ၁၂,၂၄၁ | ၆၃၃ |
| စုစုပေါင်း | ၂၈,၅၀၆ | ၁၄,၈၂၁ |

LIFT ၏ ၂၀၁၂ ခုနစ်အတွက် log frame ရည်မှန်းချက်မှာ အိမ်ထောင်စုပေါင်း ၄၀,၀၀၀ ၏ စားနပ်ရိက္ခာဖူလုံမှု တိုးတက်ရန် ဖြစ်ပြီး LIFT ၏ စာချုပ်ချုပ်ဆိုပြီး မိတ်ဖက်များ၏ စုစုပေါင်း ရည်မှန်းချက်မှာ၂၈,၅၀၀ အိမ်ထောင်စု ဖြစ်သည်။ ဤအချက်က LIFT အနေဖြင့် ဤအညွှန်းကို အဓိက တိုးတက်စေမည့် စီမံချက်အသစ်များကို ရန်ပုံငွေ ထောက်ပံ့ပေးရန် လိုအပ်ပြီး သို့မဟုတ်ပါက ၎င်း၏ ရည်မှန်းချက်များကို လျှော့ချရန် လိုအပ်သည်ဟု ဆိုလိုသည်။

## ရည်မှန်းချက်အညွှန်း (၅) တိုးတက်လာသော အရင်းအမြစ်များနှင့် ရည်မှန်း အိမ်ထောင်စုများ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤအညွှန်းအတွက် Log frame milestone မှာ အိမ်ထောင်စုပေါင်း ၂၅,၀၀၀ ၏ အိမ်ထောင်စု အရင်းအမြစ်များကို ၂၀၁၂ ခုနစ်တွင် တိုးတက်စေရန်ဖြစ်ပါသည်။[19] မိတ်ဖက်အဖွဲ့များက စုစုပေါင်းရလဒ် ၂၆,၈၀၀ အိမ်ထောင်စု ကို အစီရင်ခံပါသည်။ သို့သော် ဤအစီရင်ခံသော အောင်မြင်မှုသည် ကြပ်ကြပ်မတ်မတ် ဆုံးဖြတ်ထားခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တိုင်းတာရေးစံ အမျိုးမျိုးကို သုံးထားသည့် မိတ်ဖက်များ၏ အစီရင်ခံစာကို စုပေါင်းထားသောကြောင့်ဖြစ်ပါသည်။ အိမ်ထောင်စု စားနပ်ရိက္ခာ အရင်းအမြစ် တည်ဆောက်ရာတွင် အတက်ကြွဆုံးသော စီမံချက်မှာ အပူပိုင်းဇုံဒေသတွင် Mercy Corps က အကောင်အထည်ဖော်နေသော စီမံချက်ဖြစ်ပါသည်။ ချင်းပြည်နယ်တွင် GRET မြောက်ပိုင်း ရှမ်းပြည်နယ်တွင် CESVI နှင့် ရခိုင်ဒေသတွင် MERN တို့သည် အကျိုးခံစားခွင့် ရှိသူများအတွက် အိမ်ထောင်စုအရင်းအမြစ် တည်ဆောက်ရေးတွင် တက်ကြွစွာ ဆောင်ရွက်နေပါသည်။



19 ဤအညွှန်းကိန်းသည် ပစ္စည်းပစ္စယ ၂၅ မျိုးအား အိမ်ထောင်စုအလိုက် ပိုင်ဆိုင်မှု အခြေအနေအပေါ် အခြေခံသည့် အိမ်ထောင်စုတစ်စု ပစ္စည်းပစ္စယ ပိုင်ဆိုင်မှု ရမှတ်ကို အသုံးပြု တိုင်းတာရန် ရည်ရွယ်ပါသည်။

## ၂.၂။ ရလဒ်အဆင့် အညွှန်းများ

## ရလဒ်(၁)။ ဈေးကွက်နှင့်သွင်းအားစုများ ပိုမိုရရှိနိုင်မှု၊ တိုးတက်လာသော ထုတ်လုပ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကြောင့် တိုးတက်လာသော ဝင်ငွေနှင့် စိုက်ပျိုးရေး ထုတ်လုပ်မှု

**ဇယား (၄) ရလဒ် (၁) အတွက် ၂၀၁၂ အကုန်ထိ (တိုးတက်လာသော ဝင်ငွေနှင့် စိုက်ပျိုးရေး ထုတ်လုပ်မှု)[20]**

| အညွှန်း | ၂၀၁၆ ခုနှစ်အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ ခုနှစ် မှတ်တိုင် ၁ | ဒီဇင်ဘာ ၂၀၁၂ ထိ ဖြစ်ပေါ်မှု | မှတ်တိုင် ၁ နှင့် ဖြစ်ပေါ်မှုကြား ရာခိုင်နှုန်း |
|---|---|---|---|---|
| O1.1 တိုးတက်လာသော နည်းပညာသစ်များကို သတိပြုမိလာသည့် အိမ်ထောင်စုများ | ၁၄၀,၀၀၀ | ၇၀,၀၀၀ | ၂၆,၇၀၀ | ၃၈% |
| O1.2 တိုးတက်လာသော စိုက်ပျိုးရေး နည်းစနစ်များကို အသုံးပြုလာသည့် အိမ်ထောင်စုများ | ၁၀၀,၀၀၀ | ၃၅,၀၀၀ | ၂၀,၆၀၀ | ၅၉% |
| O1.3 ငွေချေးအဖွဲ့များ၊ ကျေးရွာ ငွေစုအဖွဲ့များနှင့် အတိုးနှုန်းနည်း အသေးစား ချေးငွေလုပ်ငန်းများထံမှ စိုက်ပျိုးရေးအတွက် ချေးငွေ ရယူနိုင်ခဲ့သည့် အိမ်ထောင်စုများ | ၁၁၀,၀၀၀ | ၆၀,၀၀၀ | ၆၉,၀၀၀ | ၁၁၆% |

### ရလဒ် ၁.၁။ တိုးတက်လာသော နည်းပညာသစ်များကို သတိပြုမိလာသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

ဆက်လက်ဆောင်ရွက်နေဆဲ LIFT စီမံချက် (၄၄) ခုအနက်မှ (၁၈) ခုသည် အသစ် သို့မဟုတ် တိုးတက်လာသော စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများကို မိတ်ဆက်ရာတွင် ပါဝင်ဆောင်ရွက်နေကြသည်။[21] LIFT ၏ ၂၀၁၂ ခုနှစ်အတွက် ရည်မှန်းချက် ပန်းတိုင်မှာ အိမ်ထောင်စုပေါင်း ၇၀,၀၀၀ ဖြစ်သည်။ မိတ်ဖက်အဖွဲ့များက ၎င်းတို့အနေဖြင့် ယနေ့အထိ အိမ်ထောင်စုပေါင်း ၆၀,၂၀၀ ကို အသစ် သို့မဟုတ် တိုးတက်လာသော နည်းလမ်းများအား မိတ်ဆက်ပေးခဲ့သည်ဟု သတင်းပို့ပါသည်။ စီမံချက် အများစုသည် ၎င်းတို့ ရည်မှန်းချက်၏ ထက်ဝက်စီသို့ ရောက်ရှိနေကြပြီ ဖြစ်သောကြောင့် တင်ပြထားသော အောင်မြင်မှုများမှာ အကျိုးအကြောင်း ဆီလျော်မှု ရှိပါသည်။ စီမံချက် အများစုသည် ၎င်းတို့၏ ရည်မှန်းချက်များကို ပြည့်မီသည် သို့မဟုတ် ကျော်လွန်ကြသည်ဟု သတင်းပို့ကြပါသည်။ ဥပမာအားဖြင့် GRET သည် ၎င်း၏ ရည်မှန်းချက် လယ်သမားဦးရေ၏ ၁၁၅ ရာခိုင်နှုန်းကို ရောက်ရှိပြီး ADRA နှင့် CESVI တို့သည် ၈၅ ရာခိုင်နှုန်း၊ မေတ္တာက ၇၅ ရာခိုင်နှုန်းနှင့် Help Age က ၅၆ ရာခိုင်နှုန်း ပြည့်မီကြပါသည်။

### ရလဒ် ၁.၂။ တိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုလာသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

ဤအညွှန်းသည် စိုက်ပျိုးရေးစနစ် အသစ်များကို အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ အသုံးချမှုတွင် မည်မျှအတိုင်းအတာအထိ ပိုမိုသိမြင် နားလည်လာသနည်း ဆိုသည့် နားလည်မှု အတိုင်းအတာပေါ်တွင် အဓိက မူတည်ထားသည်။ တိုးတက်လာသော စိုက်ပျိုးရေး နည်းစနစ်များကို အသုံးပြုနေသည့် အိမ်ထောင်စု အရေအတွက်တွင် စီမံချက်လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် အိမ်ထောင်စုများလည်း ပါဝင်နိုင်သည်။ သို့သော် ၎င်းတို့အနီးအနားရှိ လယ်သမားများကို လေ့လာ အတုယူခြင်းအားဖြင့် နည်းစနစ်အသစ်များကို လက်ခံကျင့်သုံးရသော လယ်သမားများ ပါဝင်ပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့ (၁၆) ခုက အိမ်ထောင်စုပေါင်း ၂၀၆၀၀ သည် နည်းလမ်းအသစ်များကို အသုံးပြုခဲ့ကြသည်ဟု သတင်းပို့ကြပါသည်။[22] ဤအရေအတွက်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ Delta (1) Programme အစီအစဉ်မှ မပါဝင်ပါ။ Delta (1) ၏ အကဲဖြတ်ချက်အစီရင်ခံစာမှ နည်းလမ်းအသစ်များကို ကျင့်သုံးကြသည့် လယ်သမားအရေအတွက် ကို ဖော်ပြမထားပါ။ သို့သော် ၎င်းက ပျိုးပင်ပြုစုခြင်း၊ ပိုးမွှားထိန်းချုပ်ခြင်း နှင့် မြေဆီလွှာပြုပြင်ခြင်းတို့ လယ်သမားများအကြား ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့သည်

20 "Achieved to Dec 2012" column တွင် ဖော်ပြထားသည်များမှာ မိတ်ဖက်အဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အသုံးပြုသော စောင့်ကြည့်လေ့လာမှု နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးများမှာ ကွဲပြားကြသဖြင့် မှားယွင်းနိုင်မှု အလားအလာ ရှိသည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ပိုမို စိတ်ချလက်ခံနိုင်သော ကိန်းဂဏန်းများကို အိမ်ထောင်စု ဆန်းစစ်ချက်အား အသုံးပြု၍ ၂၀၁၃ ခုနှစ်တွင် ကောက်ခံသွားပါမည်။

21 ဤလုပ်ငန်းတွင် ပါဝင်သည့် မိတ်ဖက်အဖွဲ့ ၁၈ ဖွဲ့အနက် ၁၄ ဖွဲ့က ဤအညွှန်းကိန်းအောက်တွင် အစီရင်ခံ တင်ပြခဲ့ပါသည်။

22 ၎င်းတို့၏ log frame အတွင်း ဤအညွှန်းကိန်းကို ထည့်သွင်းထားသည့် မိတ်ဖက်အဖွဲ့ ၂ ဖွဲ့မှာ ယင်းနှင့်ပတ်သက်၍ အစီရင်ခံနိုင်ခြင်း မရှိသေးပါ။ Proximity Designs အနေဖြင့် ဤအညွှန်းကိန်းအတွက် ရည်မှန်းချက်များကို ၎င်းတို့ log frame တွင် ထည့်သွင်းထားသော်လည်း အသေးစိတ် အချက်အလက် တစ်စုံတစ်ရာ အစီရင်ခံခြင်း မရှိပါ။ ၎င်းတို့၏ သက်ရောက်မှု အဖွဲ့သည် ဆန်းစစ်မှုများ ပြုလုပ်မှု မပြီးစီးသေးဟု မှတ်ချက်ပြုထားပါသည်။ GRET ကမူ ဤအညွှန်းကိန်းနှင့် ပတ်သက်၍ အချက်အလက် ပုံမှန်ကောက်ယူမှု ရှိသော်လည်း ဤအစီရင်ခံစာ အတွက် နောက်ဆုံးရ အချက်အလက်များကို အချိန်မီ တွက်ချက်နိုင်ခဲ့ခြင်း မရှိပါ။

ဟုကောက်ချက်ချပါသည်။ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်မည့်အိမ်ထောင်စု စစ်တမ်းသည် LIFT ၏စီမံချက်များအတွင်း စိုက်ပျိုးရေး နည်းစနစ်အသစ်များကို ရယူအသုံးပြုသည့် လယ်သမားအရေအတွက်ကို ဖော်ပြပါမည်။

SWISSAID နှင့် Mercy Corps အဖွဲ့များသည်သာ ၎င်းတို့၏ အပူပိုင်းဇုန် စီမံချက်များတွင် ၎င်းတို့၏ အစီရင်ခံစာများကို အစစ်အမှန် စစ်တမ်းများပေါ်တွင် အခြေပြုခဲ့ပါသည်။ Mercy Corps ၏ နှစ်လယ်သုံးသပ်ချက် အစီရင်ခံစာအရ (ရည်မှန်းချက်အိမ်ထောင်စု ၁၅၀၀) အိမ်ထောင်စုပေါင်း ၁၀၃၈ သည် လယ်သမားကျောင်းများမှ တိုးတက်လာသော နည်းလမ်း အနည်းဆုံး (၂) ခု ကို အသုံးပြုခဲ့ကြသည်ဟု သိရပါသည်။ SWISSAID ၏ စစ်တမ်းအရ (အိမ်ထောင်စုပေါင်း ၉၉၄ အနက်) ၆၂၀ သည် နည်းလမ်းသစ်များကို အသုံးပြုခဲ့ကြပါသည်။ အသုံးပြုခဲ့ကြသည့် နည်းလမ်းအသစ် (၂) ခုမှာ သဘာဝမြေသြဇာ ထုတ်လုပ်ခြင်းနှင့် rhizobium (မျိုးစေ့များနှင့် ရောထားသည့်) ကို တစ်ပင်ချင်း ရွှေ့ပြောင်းစိုက်ပျိုးခြင်းတွင် အသုံးပြုခြင်းတို့ ဖြစ်ပါသည်။ SWISSAID ၏ စစ်တမ်းအရ အိမ်ထောင်စု (၉၉၄) ခုအနက်မှ ၆၂၀ သည် နည်းလမ်းအသစ်များကို အသုံးပြုခဲ့သည်ဟု သိရပါသည်။ Metta အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာအရ နည်းလမ်းအသစ်များကို ၆၅ ရာခိုင်နှုန်း၊ ကိရိယာအသစ်များကို ၄၀ ရာခိုင်နှုန်းအထိ ပြောင်းလဲ သုံးစွဲခဲ့ကြသည်ဟု သိရပါသည်။ ဆားဒဏ်ခံနိုင်သည့် မျိုးစေ့များ ရွေးချယ်မှုကို မေတ္တာအဖွဲ့က ပံ့ပိုးသော လယ်သမားကျောင်းများတွင်သာ တူညီစွာ အသုံးပြုကြပါသည်။ ADRA (အပူပိုင်းဇုန်) နှင့် ရတနာရောတို့သည် ၁၀၀ ရာခိုင်နှုန်းအထိ အောင်မြင်မှုရှိသည်ဟု သတင်းပို့ကြပါသည်။ ဆိုလိုသည်မှာ နည်းလမ်းအသစ်များကို သိရှိလာသည့် အိမ်ထောင်စု ၁၀၀ ရာခိုင်နှုန်းက ထိုနည်းလမ်းများကို အသုံးပြုလာခြင်းဖြစ်ပါသည်။ သီးနှံများတွင် ပိုးသတ်ဆေးနှင့် ဓါတ်မြေသြဇာများ အနည်းငယ်သာ သုံးစွဲရန် သင်ကြားပေးချက်များကို အသုံးမပြုကြပါ။ အောက်ပါဇယားက မိတ်ဖက်အဖွဲ့များ၏ ဤအညွှန်းအတွက် ပါဝင်ဆောင်ရွက်မှုများကို ဖော်ပြပါသည်။

**ဇယား (၅) စိုက်ပျိုးရေး နည်းပညာသစ်များ ပြောင်းလဲသုံးစွဲမှုနှုန်း**

| ဒေသ/ဇုံ | မိတ်ဖက် | ပြောင်းလဲ အသုံးပြုသည့် နည်းလမ်း သို့မဟုတ် ကိရိယာ | ပြောင်းလဲအသုံးပြုနှုန်း |
|---|---|---|---|
| တောင်ပေါ် | မေတ္တာ<br>Mercy Crops<br>CESVI<br>SwissAid | • ၂၀၁၂ တွင် မိတ်ဆက်ပေးခဲ့သော အဓိက နည်းလမ်းနှင့် ကိရိယာများမှာ ထွန်ခြစ်၊ အစေ့ချ ကိရိယာနှင့် ပေါင်းရှင်း ကိရိယာတို့ ဖြစ်သည်။<br>• နည်းသစ်များမှာ - ရေငန်ဒဏ်ခံ မျိုးစေ့ ရွေးချယ်ခြင်း၊ အတန်းလိုက် စိုက်ပျိုးခြင်း၊ အပင်လိုက် ရွှေ့စိုက်ခြင်း၊ လေးပတ်ကြာပြီးနောက် ရွှေ့စိုက်ခြင်း၊ သဘာဝ ပိုးသတ်ဆေးနှင့် မြေသြဇာ သုံးခြင်း၊ double cropping နှင့် ပိုးမွှားကူးစက်မှု စီမံခန့်ခွဲခြင်းတို့ ဖြစ်သည်။ | ရှမ်း<br>၆၅% (နည်းလမ်းသစ်)<br>၄၀% (ကိရိယာသစ်) |
| အပူပိုင်း | ADRA<br>DPDO<br>Help Age<br>Oxfam | • ကုလားပဲ မျိုးပွားခြင်း၊ မြေဆီလွှာ ထိန်းသိမ်းခြင်း<br>• ရောစပ်ခြင်းဖြင့် သဘာဝ မြေသြဇာ ပြုလုပ်ခြင်း<br>• Food processing<br>• မိုးရေသိုလှောင်ရန် အဆောက်အဦများ<br>• မိုးခေါင်မှုဒဏ် ခံနိုင်သည့် မျိုးစေ့များ ပွားများခြင်း<br>• အရည်အသွေးမြင့် မိုးခေါင်မှုဒဏ်ခံ မျိုးစေ့များ ထိန်းသိမ်းရန် နှင့် ဖြန့်ဖြူးရန် မျိုးစေ့ဘဏ်များ<br>• မြေဆီလွှာ အစိုဓာတ်နှင့် သြဇာဓာတ် ထိန်းသိမ်းရန် ထွန်ယက်နည်း အမျိုးမျိုး<br>• မြေဆီလွှာ တိုက်စားမှုကို ကာကွယ်ရန် သင့်လျော်သည့် ထွန်ယက်ခြင်း နည်းစနစ်များ<br>• မြေဆီလွှာအတွင်း ဇီဝပစ္စည်းများ ထည့်၍ မြေဆီလွှာ အစို ဓာတ် ထိန်းထားနိုင်မှုကို မြှင့်တင်ရန် သစ်ဆွေး မြေသြဇာ<br>• အရည်အသွေးကောင်း နှမ်း ထုတ်လုပ်ခြင်း | ၁၁% (သဘာဝ မြေသြဇာ)<br>29% (မြေဆီလွှာ ထိန်းသိမ်းခြင်း)<br>34% (ရေရှည်ခံသော စိုက်ပျိုးမှု အလေ့အကျင့်များ)<br>40% (အရည်အသွေးကောင်း နှမ်းထုတ်လုပ်မှု) |
| Delta II | AVSI<br>IRRI<br>LEAD<br>Mercy Crops<br>ရတနာရော<br>WHH-GRET | • ပဲသီး ရိတ်သိမ်းမှု<br>• အိမ်တွင်း သီးနှံစိုက်ခင်း<br>• လက်ဖြင့် ရွှေ့ပြောင်းစိုက်ခြင်း<br>• မြေသြဇာ အသုံးပြုခြင်း<br>• ပိုးမွှားနှင့် ရောဂါ ထိန်းချုပ်ခြင်း<br>• ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် ကိစ္စများ<br>• မြေယာ ပြုပြင်ခြင်း၊ မျိုးစေ့ အပင်ပေါက်နှုန်း၊ မြေသြဇာ အသုံးပြုခြင်း၊ ပိုးသတ်ဆေး အသုံးပြုခြင်း<br>• မျိုးစေ့ ထုတ်လုပ်ခြင်း၊ ပွားများခြင်းနှင့် သီးညှပ် စိုက်ပျိုးခြင်း | ၉၀% (ပဲသီး)<br>၅၀% (အိမ်တွင်း သီးနှံစိုက်ခင်း)<br>၉၇% (လက်ဖြင့် ရွှေ့စိုက်ခြင်း)<br>၈၀% (မြေသြဇာအသုံးပြုခြင်း)<br>၆၀% (ပိုးမွှားနှင့် ရောဂါ ထိန်းချုပ်ခြင်း)<br>၆၀% (ရိတ်သိမ်းချိန်လွန်လုပ်ငန်း) |

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်လည်သုံးသပ်ချက်အတွက် ပြုလုပ်ခဲ့သော တိုးချဲ့စီမံချက်များတွင် ပါဝင်ကြသော တောင်သူ လယ်သမားများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ပါဝင်သည့် လယ်သမား အများအပြားသည် လက်ဖြင့် ပြောင်းရွှေ့စိုက်သည့်

နည်းလမ်းကို သုံးကြသည်ဟု သိရပါသည်။ ဤသည်မှာ ၎င်းတို့၏ စပါးစိုက်ဧရိယာ ၃၅ ရာခိုင်နှုန်းခန့်ပေါ် တွင် ဖြစ်ပါသည်။ သို့သော်လည်း တစ်ပင်ချင်း ပြောင်းရွှေ့စိုက်ပျိုးခြင်းမှာမူ အလွန်ပင် နည်းနေပါသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသည်ကို ရှင်းပြနိုင်သည့် စစ်တမ်းမရှိပါ။ သို့သော်လည်း FMO ၏ လယ်သမားများနှင့် ဆွေးနွေးချက်များအရ ရေလွှမ်းမိုးခြင်း၊ လုပ်သားစရိတ် ကြီးမားခြင်းတို့က လယ်သမားတို့ တစ်ပင်ချင်း ရွှေ့ပြောင်းစိုက်ပျိုးမှုကို ပြုလုပ်ရန် လက်တွန့်မှု ဖြစ်စေသည့် အကြောင်းအရင်းများဟု ဖော်ပြပါသည်။ တစ်ပင်ချင်း ပြောင်းရွှေ့ စိုက်ပျိုးခြင်းသည် လက်ဖြင့် စိုက်ပျိုးခြင်းထက် ကုန်ကျစရိတ် ပိုမိုခြင်း မရှိသော်လည်း ကျွမ်းကျင် လုပ်သားများမှာ ဈေးကြီးနေပြီး ဤစနစ်က ပိုမို၍ အချိန်ကုန်ပါသည်။ သို့သော်လည်း ဤနည်းစနစ် နှစ်ခုစလုံးသည် ပျိုးကြဲ စိုက်ပျိုးခြင်းထက် များစွာ ကုန်ကျပါသည်။ လယ်သမားများက နည်းလမ်းအသစ်များကို အသုံးပြု/ မပြုနှင့် အသုံးပြုမှုနှုန်းကို မည့်သို့မြင့်မားအောင် လုပ်ရမည်ဆိုသည့် နည်းလမ်းများနှင့် ပတ်သက်သည့် အသေးစိတ် စမ်းသပ်ချက်ကို ၂၀၁၃ ခုနှစ်တွင် ပြုလုပ်သွားပါမည်။

LIFT ၏ မိတ်ဖက်များက ဆုံးရှုံးမှုဖြစ်နိုင်သည့် အလားအလာရှိပါက စွန့်စားဆောင်ရွက် ပြုလုပ်ရန် စိတ်အားထက်သန်ခြင်း မရှိသည့် ပိုမိုဆင်းရဲသော အိမ်ထောင်စုများကို ရည်မှန်းထားသည် ဖြစ်သောကြောင့် ဆောင်ရွက်ဆဲ စီမံချက်များ၏ (အကြမ်းဖျင်း ၅၀ ရာခိုင်နှုန်း) က အစီရင်ခံသည့် နည်းစနစ်အသစ်များကို ကျင့်သုံးမှုနှုန်းသည် ဆီလျော်မှုရှိပါသည်။ QSEM (1) အစီရင်ခံစာ[23] က ဆင်းရဲသော လယ်သမားများအနေဖြင့် နည်းပညာအသစ်များကို စမ်းသပ်ကြည့်ရာတွင် အရှုံး/အမြတ် ကြုံနိုင်သောကြောင့် ၎င်းတို့အနေဖြင့် တတ်နိုင်သမျှ အရဲစွန့် စွန့်စားခြင်းကို ကန့်သတ်ရန် ကြိုးစားကြသည်ဟု ဆိုသည်။ လယ်သမားကျောင်း ချဉ်းကပ်မှုကို အသုံးပြုသည့် မိတ်ဖက်များသည် အသင့်အတင့် အောင်မြင်မှု ရရှိနေပုံ ပေါ်ပါသည်။ အကြောင်းမှာ လယ်သမားများ အနေဖြင့် ၎င်းတို့ကိုယ်တိုင် စမ်းသပ် ဆောင်ရွက်နိုင်ပြီး ရလဒ်များကို မြင်ရန် အခွင့်အရေးရသောကြောင့် ဖြစ်ပါသည်။ လယ်သမားကျောင်းများတွင် မိတ်ဆက်ခဲ့သော လယ်ယာစိုက်ပျိုးရေး နည်းလမ်းများကို လက်ခံသုံးစွဲမှုကို အကျိုးသက်ရောက်သည့် အဓိကအချက်များမှာ (အခန်း (၃) တောင်တန်းဒေသများ အပိုင်းတွင် အသေးစိတ် ဆွေးနွေးထားပါသည်။)

- သင်ရိုးညွှန်းတမ်းကို ဒေသလိုအပ်ချက်နှင့် ကိုက်ညီအောင် ရေးဆွဲနိုင်မှု
- အရည်အသွေးပြည့်မီသော သင်ကြားရေး ပစ္စည်းများရရှိနိုင်မှု
- လယ်သမားကျောင်းသင်ကြားရေး ဝန်ထမ်းများ၏ သင်တန်းအရည်အသွေး
- လူထုအဖွဲ့အစည်းတွင် လယ်သမားကျောင်း ချန်ပီယံများရှိမှု
- အစိုးရ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားခြင်းရှိမှု

## ရလဒ် ၁.၃။ စိုက်ပျိုးရေးအတွက် ငွေချေးအဖွဲ့များ၊ ကျေးရွာငွေစုအဖွဲ့များနှင့် အတိုးနည်း အသေးစား ချေးငွေလုပ်ငန်းများမှ ငွေချေးယူနိုင်ကြသည့် LIFT က ထောက်ပံ့ထားသော ကျေးရွာများမှ အိမ်ထောင်စု အရေအတွက်

ဤအညွှန်းအတွက် အိမ်ထောင်စု အရေအတွက် အမြင့်မားဆုံးကို အကျိုးဖြစ်ထွန်းစေသော စီမံချက်များမှာ Mercy Corps (မြစ်ဝကျွန်းပေါ်ဒေသ) ၊ ADRA (အပူပိုင်းဇုန်) တို့က အကောင်အထည်ဖော်နေသော ကျေးရွာ ရန်ပုံငွေ လှည့်ပတ် စီးဆင်းရေး လုပ်ငန်းနှင့် UNDP နှင့် Pact မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်နှင့် တောင်တန်းဒေသများက ပံ့ပိုးပေးနေသည့် အသေးစား ငွေချေးလုပ်ငန်းများ ဖြစ်ပါသည်။ ဤအသေးစား ငွေချေးလုပ်ငန်းများက အိမ်ထောင်စုပေါင်း ၆၉၀၀၀ ကို ချေးငွေများ ပံ့ပိုးပေးခဲ့ပါသည်။ အများစုမှာ မွေးမြူရေးနှင့် ငါးလုပ်ငန်းအတွက် ဖြစ်ပြီး ငွေချေးယူသူ ၃၁ ရာခိုင်နှုန်းက ဒုတိယမြောက် ချေးငွေအပြင် စိုက်ပျိုးရေး ချေးငွေကိုပါ ထုတ်ယူကြပါသည်။

LIFT ၏ အခိုင်အမာ တောင်းဆိုမှုကြောင့် Pact ၏ အသေးစား ငွေချေးလုပ်ငန်းများက လယ်သမားများကို ချေးယူသည့် ကာလ၏ အဆုံးမှ အကြွေးပြန်ဆပ်ခွင့်ပြုရန် သဘောတူခဲ့ပါသည်။ Pact အနေဖြင့် ချေးယူသည့်ကာလကို (၄) လမှ (၅) လသို့ တိုးမြှင့် သဘောတူခဲ့ပါသည်။ လယ်သမားများကို ရိတ်သိမ်းချိန်ပြီးနောက် အကြွေးများကို ပြန်ဆပ်ရာတွင် ပိုမို၍ အဆင်ပြေမှု ရှိစေရန် ဖြစ်ပါသည်။ သို့သော်ငြားလည်း Pact အနေဖြင့် အရစ်ကျပေးရသော အတိုးငွေကို လိုအပ်ဆဲဖြစ်ပါသည်။ ငွေစုငွေချေး အသင်းသားများက အတိုးနှုန်းပေးရသည့် အချိန်ဇယားကို (၂) ပတ် တစ်ခါမှ လစဉ် စနစ်သို့ ပြောင်းလဲပေးရန် တောင်းဆိုထားပါသည်။

Pact ၏ စိုက်ပျိုးရေးချေးငွေ ဖောက်သည်များက တင်ပြသော အခြားပြဿနာများမှာ အထူးသဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ် အစရှိသော ငွေချေးငှားပေးသည့် အဖွဲ့များ၏ အချိန်ကိုက်မှု ပါဝင်ပါသည်။ လယ်သမားများက ဖော်ပြသည်မှာ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေများသည် မကြာခဏ နောက်ကျတတ်ပြီး ၎င်းတို့၏ စိုက်ပျိုးရေး ရာသီအတွက် အသုံးပြုရန် နောက်ကျတတ်သည်ဟု ဆိုပါသည်။ ၎င်းတို့က ဆက်လက်၍ ၎င်းတို့အနေဖြင့် သီးနှံများကို ဈေးကောင်းရချိန်အထိ (အများအားဖြင့် ရိတ်သိမ်းပြီး ၃ လခန့်) သိုလှောင်ထားရန် နေရာဂိုဒေါင်များ မရှိခြင်းကိုလည်း ထောက်ပြကြပါသည်။ လယ်သမား အများစုသည် ငွေကြေးဆိုင်ရာ အခြားရရန်နည်းလမ်းများ မရှိမှုနှင့် ချေးငွေပြန်ပေးရန် လိုအပ်မှုကြောင့် ပုဂ္ဂလိကများထံမှ အတိုးနှုန်း မြင့်မားသော

23 QSEM 1: စာမျက်နှာ ၂၂၊ ဒုတိယစာပိုဒ်

ချေးငွေများကို မှီခိုနေရဆဲ ဖြစ်ပါသည်။
နိုင်ငံလုံးဆိုင်ရာ စီမံချက်အောက်၌ UNDP သည် အသေးစားချေးငွေလုပ်ငန်း အစီအစဉ် (၃) ခုမှတစ်ဆင့် လုပ်ငန်းလုပ်ကိုင်နေပါသည်။ ၎င်းတို့မှာ Pact, Save the Children နှင့် GRET တို့ဖြစ်ပါသည်။ ဤသည်မှာ လိုအပ်ခဲ့ပါသည်။ အဘယ်ကြောင့် ဆိုသော် UNDP သာလျှင် မြန်မာနိုင်ငံတွင် အပေါင်ပစ္စည်းမပါဘဲ ငွေချေးနိုင်သောကြောင့် ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သော အသေးစား ချေးငွေ ဥပဒေက အဖွဲ့အစည်းအတော်များများကို အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။ ဥပဒေအသစ်အရ ဤ NGO သုံးခုသည် ရွာသူရွာသားများကို တိုက်ရိုက် တရားဝင် ငွေချေးနိုင်ပါသည်။ နိုင်ငံအဝန်း စီမံချက်သည် အသေးစား ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြဿနာများကို ကြုံတွေ့ရပါသည်။

- အချို့ဒေသများ၏ လုံခြုံရေး အခြေအနေ - ဥပမာအားဖြင့် မန်စီ၊ မိုးကုတ်၊ ကျောက်မဲနှင့် ကချင်ပြည်နယ်မှ တင်းမာမှုများက ဒေသသစ်များကို လုပ်ငန်းတိုးချဲ့ခြင်းကို ဟန့်တားထားပါသည်။
- ဖောက်သည်ရရှိနိုင်မှုမှာ ကျောက်မဲဒေသတွင် အလွန်နည်းပါးပြီး ရှားပါးသော အလုပ်အကိုင်အခွင့်အလမ်းကြောင့် ဖောက်သည် ဦးရေ နည်းပါးပါသည်။
- ရှမ်းပြည်နယ်တွင် ရှမ်းစကားပြောနိုင်သည့် ကွင်းဆင်းအရာရှိများ မရှိမှု
- ရည်မှန်းလူထုအတွင်း စီးပွားရေး စွမ်းဆောင်ရည်မရှိမှုက လုပ်ငန်းဆိုင်ရာ ခွဲခြားဆန်းစစ်မှု ပြုလုပ်ပြီးနောက် အကျိုးခံစားခွင့်ရှိသူများကို အရည်အချင်း ပျိုးထောင်ရေး သင်တန်းနှင့် ဈေးကွက်သင်တန်းများ ပံ့ပိုးပေးရန် အကြံပြုခြင်းဆီသို့ ဦးတည်သွားသည်။

မိတ်ဖက်အဖွဲ့ (၇) ဖွဲ့သည် အဖွဲ့ဝင်များက စီမံခန့်ခွဲသော လှည့်ပတ်စီးဆင်းသည့် ရန်ပုံငွေမှ ချေးငွေများ ထည့်သွင်း ထားပါသည်။[24] ဤရန်ပုံငွေများကို အဖွဲ့ဝင်များက အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် ချေးယူကြပြီး အခြားသော ဝင်ငွေ ဖန်တီးပေးသည့် လုပ်ငန်းများဖြစ်သည့် တိရိစ္ဆာန် မွေးမြူခြင်း၊ ကုန်သွယ်ခြင်း၊ ကုန်ပစ္စည်းဆိုင် ဖွင့်ခြင်း၊ စက်ချုပ်ခြင်း၊ အသေးစား စားသောက်ကုန်လုပ်ငန်း တို့အတွက်လည်း ချေးယူကြပါသည်။ ကျန်းမာရေးနှင့် ပညာရေးအတွက်လည်း ချေးယူကြပါသည်။

ထို့အပြင် အပူပိုင်းဇုန်တွင် Proximity Designs အဖွဲ့မှလည်း ချေးငွေများကို ပံ့ပိုးပေးနေသည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်တွင် Proximity အဖွဲ့သည် အိမ်ထောင်စုပေါင်း ၆၉၉၀ ကို ချေးငွေ သုံးကြိမ် ထုတ်ချေးခဲ့သည်။ ဤစီမံချက်ကို အသေးစားချေးငွေ အဖြစ် သီးခြား တည်ဆောက်ထားခြင်း မဟုတ်ပါ။ ၎င်းသည် ချေးငှားသူများကို ရေသွင်း စိုက်ပျိုးရေးအတွက် ခြေနင်းပန့် တစ်ခု ဝယ်ယူရန် တစ်ကြိမ်တစ်ခါတည်း ထုတ်ချေးသော သေးငယ်သော ချေးငွေ ဖြစ်သည်။ တင်းကြပ်သော ချေးငွေ စည်းမျဉ်းများကို ကျင့်သုံးမှု မရှိခဲ့ခြင်းကြောင့် ချေးငွေ ၂၀ ရာခိုင်နှုန်းမှာ ပြန်လည်ပေးအပ်ခြင်း မရှိပါ။ Proximity Designs အဖွဲ့က ၎င်း၏ အသေးစားချေးငွေ စီမံချက်တွင် အသုံးပြုမည့် နည်းလမ်းမှာ ချေးငွေများ ပိုမိုရရှိနိုင်မည်ဟူသော မက်လုံးပေး ဆွဲဆောင်ခြင်း ဖြစ်ပါသည်။ ၎င်းအပြင် ချေးငှားသူကို NGO တစ်ခုအဖြစ် မတင်ပြရန် လည်း သတိထားရပါမည်။ ချေးငွေ ချေးငှားသူအနေဖြင့် ရန်ပုံငွေများကို လုပ်ငန်းတစ်ခုအဖြစ် သို့မဟုတ် စီးပွားရေး လုပ်ငန်းအဖြစ် အသုံးပြုရန် သေချာစေရပါမည်။

## ရလဒ်(၂) စိုက်ပျိုးရေးမဟုတ်သော သက်မွေးမှုလုပ်ငန်းများနှင့် အလုပ်အကိုင်အတွက် အသက်မွေးဝမ်းကျောင်း စွမ်းရည်များ ထောက်ပံ့ပေးထားသော အိမ်ထောင်စုများ

**ဇယား (၆) ရလဒ် (၂) အတွက် ၂၀၁၂ အကုန်ထိ (စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းမှု)**[25]

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား ရာခိုင်နှုန်း |
|---|---|---|---|---|
| O2.1: လုပ်ငန်း ထူထောင်ထားသည့် လေ့ကျင့်ပေးထားသူ အရေအတွက်* နှင့် ရာခိုင်နှုန်း | ၇၅% | ၄၀% | ၁၄,၃၀၀ (ကျား=၈၀၀၊ မ=၁၃,၅၀၀) | ၂၉% |
| O2.2: စိုက်ပျိုးရေးမဟုတ်သော အသက်မွေးမှုများအတွက် အတိုးနည်း ချေးငွေအဖွဲ့များ သို့မဟုတ် VLSA များမှ ချေးငွေ ရရှိသော အိမ်ထောင်စု အရေအတွက် | ၃၅,၀၀၀ | ၁၅,၀၀၀ | ၁၇,၈၀၀ | ၁၁၉% |
| O2.3: No. of targeted households with an increase in income from non-agricultural activities and/or vocational training | ၃၅,၀၀၀ | ၁၅,၀၀၀ | ၃,၃၀၀ | ၂၂% |

24 Action Aid၊ DPDO၊ LEAD၊ Mercy Corps၊ MERN၊ Swiss Aid နှင့် WHH

25 "Achieved to Dec 2012" column အောက်တွင် ဖော်ပြထားသော ခန့်မှန်း ရောက်ရှိလူဦးရေ အရေအတွက်သည် မိတ်ဖက်အဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အသုံးပြုသော စောင့်ကြည့်လေ့လာမှု နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးများမှာ ကွဲပြားကြသဖြင့် မှားယွင်းနိုင်မှု အလားအလာ ရှိသည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ပိုမို စိတ်ချလက်ခံနိုင်သော ကိန်းဂဏန်းများကို အိမ်ထောင်စု ဆန်းစစ်ချက်အား အသုံးပြု၍ ၂၀၁၃ ခုနှစ်တွင် ကောက်ခံသွားပါမည်။

* 02.1 LIFT log frame ၏ ၂၀၁၆ ခုနှစ်အတွက် ရည်မှန်းချက်မှာ စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်သွားသည့် သင်ကြားတတ်မြောက်သူ ၆၀၀၀၀ ရှိရန် ဖြစ်သည်။ (စုစုပေါင်း သင်ကြားတတ်မြောက်သူ ၈၀၀၀၀ ၏ ၇၅%)

## ရလဒ် ၂.၁။ လုပ်ငန်းတည်ထောင်ထားသည့် လေ့ကျင့်ထားသူ ရာခိုင်နှုန်း (ကျား/မ ခွဲခြား တွက်ချက်သည်)

ဤအညွှန်းက သင်တန်း သို့မဟုတ် သင်တန်းသားများကို ဆက်လက်စောင့်ကြည့်ရန် စဉ်ဆက်မပြတ် အကဲဖြတ်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်တစ်ခု၏ အောင်မြင်မှုနှုန်းကို တိုင်းတာရန် စစ်တမ်းတစ်ခု လိုအပ်သည်။

LIFT log frame ၏ ၂၀၁၂ ခုနှစ်အတွက် ရည်မှန်းချက်မှာ သင်တန်းသား ၄၀% လုပ်ငန်းတစ်ခု တည်ထောင်နိုင်ရန် ဖြစ်သည်။ LIFT ၏ လက်ရှိ မိတ်ဖက်များအနက် (၁၄) ဖွဲ့သည် ဤရလဒ်တွင် ပါဝင်နေပြီး (၁၁) ဖွဲ့က အစီရင်ခံခဲ့ပြီး ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အများအပြားက စက်ချုပ်သင်တန်း၊ အစားအစာ ထုတ်လုပ်ရေးနှင့် ရေရှည်ခံအောင် ပြုလုပ်ရေး သင်တန်း၊ ဆပ်ပြာလုပ်နည်း သင်တန်း၊ ပန်းရံနှင့် လက်သမား သင်တန်း၊ စက်ဘီးနှင့် ဆိုင်ကယ်ပြင် သင်တန်းများကို ပို့ချခဲ့ကြပါသည်။ ဤ (၁၁) ဖွဲ့က အစီရင်ခံသည်မှာ သင်တန်းတက်ရောက်ပြီးသူပေါင်း ၁၄၃၀၀ သည် အသေးစား လုပ်ငန်းများကို ထူထောင်နိုင်ခဲ့ကြသည်ဟု ဆိုပါသည်။ ၎င်းတို့အနက် ၉၅% မှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ သို့သော်လည်း မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာတွင် လူဦးရေ မည်မျှသင်ကြား ပို့ချပေးခဲ့ကြောင်း ရှင်းလင်းစွာ မဖော်ပြပါ။ Pact က ပြုလုပ်ပေးခဲ့သော အသေးစား စီးပွားရေးလုပ်ငန်းနှင့် အသေးစား ငွေချေးလုပ်ငန်း သင်တန်းတက်ရောက်ခဲ့သည့် အမျိုးသမီး ၁၂၇၀၀ ဦး (အမျိုးသား ၂၅၂ ဦး) တို့သည် ချေးငွေများ၏ အကူအညီဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ကြခြင်း ဖြစ်သည်။

စီမံချက် အားလုံးနီးပါးမှ အမျိုးသမီးများသည် သင်တန်းတက်ရောက်ပြီးနောက် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အများအပြား ဖြစ်လာကြကြောင်း အစီရင်ခံပါသည်။ Disabled People's Development Organization (DPDO) က ၎င်းတို့အနေဖြင့် အစပိုင်းတွင် အမျိုးသမီးများအား သင်တန်းတက်ရောက်ရန် အားပေးရာ၌ အခက်အခဲများ ကြုံတွေ့ရကြောင်း အစီရင်ခံပါသည်။ သို့သော် ၎င်းအဖွဲ့က အမျိုးသမီး ၁၂၈ ဦးနှင့် အမျိုးသား ၁၄၃ ဦးတို့ သင်တန်းတက်ရောက် ကြပြီး ကိုယ်ပိုင်လုပ်ငန်းများ စတင်ကြကြောင်း သတင်းပို့ပါသည်။

အချို့မိတ်ဖက်အဖွဲ့များသည် သိသိသာသာ နောက်ကျပုံပေါ်ပါသည်။ ဥပမာအားဖြင့် ActionAid (အပူပိုင်းဇုန်) အနေဖြင့် လုပ်ငန်းသစ်ပေါင်း ၆၉၀ မျှော်လင့်ခဲ့သော်လည်း ယနေ့အထိ လုပ်ငန်းသစ် တစ်စုံတစ်ရာ ရှိသည်ဟု သတင်းပေးပို့ခြင်း မရှိသေးပါ။ မြန်မာနိုင်ငံစဥ့်အသင်း (MCS) သည် ခံစားခွင့် ရထိုက်သူများအတွက် လုပ်ငန်းသစ်ပေါင်း (၁၀၀၀) ထူထောင်ရန် စီစဉ်ခဲ့ပြီး လုပ်ငန်းအသစ် (၁၄၄) ခုသာ တည်ထောင်နိုင်ခဲ့ပါသည်။ WHH/GRET ၏ ရည်မှန်းချက်မှာ လုပ်ငန်းသစ်ပေါင်း (၃၀၀) တည်ထောင်ရန် ဖြစ်သော်လည်း ၂၀၁၂ ကုန်ပိုင်းတွင် လုပ်ငန်းသစ် (၁၉) ခုသာ တည်ထောင်နိုင်ခဲ့ပါသည်။

Fund Manager ၏ ကွင်းဆင်း လေ့လာချက်များအရ လုပ်ငန်းသစ်များ စတင်မှုနှုန်းကို အဆုံးအဖြတ်ပေးသည့် အဓိကအချက်တစ်ခုမှာ ဈေးကွက် စိစစ်လေ့လာမှု မည်မျှ နံ့နံ့စပ်စပ်လုပ်ထားသလဲ ဆိုသည်နှင့် အဆက်အစပ်ရှိသော စီးပွားရေး အစီအစဉ်ပြင်ဆင်ထားမှုပေါ်တွင် မူတည်သည်ဟု တွေ့ရှိရပါသည်။ CESVI အနေဖြင့် ကြုံတွေ့ရသည်မှာ မုန့်ပဲသရေစာလုပ်ငန်း သင်တန်းသည် လုပ်ငန်းသစ်များစွာကို ဖန်တီးပေးနိုင်ခြင်း မရှိပါ။ ခေါက်ဆွဲထုတ်လုပ်ခြင်း လုပ်ငန်းသည် မမျှော်လင့်ပဲ အောင်မြင်သော စီးပွားရေးလုပ်ငန်းပေါင်းများစွာကို စတင်နိုင်စေခဲ့ပါသည်။ CESVI အနေဖြင့် စွမ်းရည်လိုအပ်မှု ရှိစေရန်နှင့် ၎င်းတို့၏ မြို့ရွာများရှိ ဈေးကွက်များ ပြည့်လျှံမသွားစေရန် ဂရုစိုက်ခဲ့ပါသည်။ ADRA အဖွဲ့သည် လူပေါင်း (၁၇၈၄) ဦးကို စက်ချုပ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ကားပြင်လုပ်ငန်းနှင့် ဂဟေလုပ်ငန်းတို့ကို သင်ကြားပေးခဲ့ပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းသည် စီးပွားရေး လုပ်ငန်းများစတင်နိုင်ခဲ့သည် (သို့မဟုတ်) ဤဒေသများတွင် အလုပ်ရရှိခဲ့ကြပါသည်။[26] သင်တန်းပေးခဲ့သော သူများအနက် ၆၂ ရာခိုင်နှုန်းသည် စက်ချုပ်လုပ်ငန်း သင်တန်းတက်ရောက်ခဲ့ပြီး ၄၁ ရာခိုင်နှုန်းသည် အစားအစာထုတ်လုပ်ရေးနှင့် ၄ ရာခိုင်နှုန်းသည် စက်ပြင်လုပ်ငန်း သင်တန်းတက်ရောက်ခဲ့ကြကာ ၎င်းတို့ကိုယ်ပိုင် လုပ်ငန်းများ ထူထောင်နိုင်ခဲ့ကြပါသည်။ SWISSAID က အစီရင်ခံချက်အရ စက်ချုပ် သင်တန်းသား/သူများသည် အပိုဝင်ငွေအဖြစ် တစ်လလျှင် (၂၃) ဒေါ်လာခန့် ဝင်ငွေရနေကြပြီး ချည်ထည်ထုတ်ကုန် သင်တန်းသားများသည် တစ်လလျှင် (၃) ဒေါ်လာခန့် ဝင်ငွေရရှိနေပါသည်။ SWISSAID နှင့် ActionAid/ Thadar တို့က ပို့ချခဲ့သော ဆပ်ပြာလုပ်နည်း သင်တန်းမှာ ဒေသအလိုက် ဈေးကွက်တောင်းဆိုမှု နည်းပါးခြင်းနှင့် ကုန်ကြမ်းပစ္စည်း မရှိခြင်း တို့ကြောင့် အောင်မြင်မှု မရှိခဲ့ပါ။

---

26 ADRA အနေဖြင့် အိမ်တွင်းမှု အချုပ်အလုပ်သင်တန်း တက်ရောက်သူများအား လုပ်ငန်းစတင်နိုင်ရန် ဒေါ်လာ ၁၀၀ စီ ထောက်ပံ့ပေးခဲ့သော်လည်း ယင်း ဒေါ်လာ ၁၀၀ ပမာဏသည် အပ်ချုပ်စက် တစ်လုံးနှင့် အခြားလိုအပ်သော ပိတ်စနှင့် ကိရိယာများပါ ဝယ်ယူရန်အတွက် မလုံလောက်ကြောင်း တွေ့ရှိရသည်။ သင်တန်းတက်ရောက်ခဲ့သူ အများအပြားသည် စီးပွားရေး လုပ်ငန်းတစ်ခု စတင်ရန် စွန့်စားမှု (အထူးသဖြင့် ပံ့ပိုးပေးသော ရန်ပုံငွေ မလုံလောက်မှုကြောင့်) မပြုလုပ်လိုခဲ့ကြပေ။ အချို့သော ကျေးရွာများမှာ သင့်လျော်သော ဈေးကွက်နှင့် အလှမ်းဝေးကွာနေသည်များကိုလည်း တွေ့ရှိရသည်။ အကယ်၍ လုံလောက်သော ဈေးကွက်သုတေသနနှင့် စီးပွားရေး အစီအစဉ်များ ပြင်ဆင်ခဲ့ပါက ယင်း အဟန့်အတားဖြစ်နေသည့် အချက်တစ်ခုချင်းစီကို အစကနဦးကတည်းက တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့မည် ဖြစ်သည်။

## ရလဒ် ၂.၂။ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးမှုများအတွက် အတိုးနည်းချေးငွေ အုပ်စုများ သို့မဟုတ် VLSA များမှ ချေးငွေရယူနိုင်သည့် LIFT မှ ထောက်ပံ့ထားသော ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက်

LIFT ၏ မိတ်ဖက်များသည် အိမ်ထောင်စုပေါင်း ၁၇၈၀၀ ကို အတိုးနည်းချေးငွေများ ရယူနိုင်ရန် ကူညီခဲ့ပြီး ၂၀၁၂ ခုနှစ် လျာထားချက်ထက် ကျော်လွန်ခဲ့သည်။[27] အဓိကချေးငွေ ထောက်ပံ့ပေးသော အဖွဲ့များမှာ UNDP/Pact (မြစ်ဝကျွန်းပေါ်ဒေသ)၊ Pact (ဖျာပုံ) နှင့် MCS (ရှမ်းပြည်နယ်) တို့ ဖြစ်သည်။ UNDP/Pact (မြစ်ဝကျွန်းပေါ်) သည် ၎င်း၏ ရည်မှန်းချက်ထက် ကျော်လွန်အောင် လယ်ယာစိုက်ပျိုးရေး ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပြီး အထူးသဖြင့် ရည်မှန်းဦးရေထက် ကျော်လွန်အောင် ထုတ်ချေးနိုင်ခဲ့ကာ လယ်ယာစိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများအတွက်မူ လျာထားချက် ပြည့်မီခြင်း မရှိခဲ့ပါ။ လယ်သမားများအနေနှင့် မိုးရာသီစပါး စိုက်ချိန်ဖြစ်၍ အလုပ်များပြီး စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ယူချိန်ဖြစ်၍လည်း စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများအတွက် ချေးယူငွေများ ထုတ်ချေးမှု နည်းပါးရခြင်း ဖြစ်သည်ဟု Pact က ဖော်ပြပါသည်။ LIFT သည် အခြားအလှူရှင်များနှင့်အတူ Pact ၏ အသေးစား ငွေချေးလုပ်ငန်းခွဲ တစ်ခု ဖျာပုံမြို့တွင် တည်ထောင်ဖွင့်လှစ်ရန် ကူညီပေးခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ရည်မှန်းချက် ၂၅၀၀ ဦးရေမှ ၄၃၀၀ ဦးကို ဖျာပုံလုပ်ငန်းခွဲမှ နေ၍ ငွေထုတ်ချေးခဲ့သည်ဟု အစီရင်ခံပါသည်။

MCS အနေဖြင့် ချေးငွေများ ထုတ်ချေးရာတွင် ဘဏ်များနှင့် လုပ်ကိုင်ရာ၌ စိန်ခေါ်မှုများရှိခဲ့သောကြောင့် ၂၀၁၂ ခုနှစ်အတွက် ၎င်း၏ ရည်မှန်းချက်ကို မပြည့်မီခဲ့ပါ။ ဘဏ်များဘက်မှ စာရွက်စာတမ်းများ အပါအဝင် အပေါင်ပစ္စည်းများကို တောင်းခံသည့်အပြင် MCS ၏ ငွေသားအာမခံကိုပါ တောင်းခံခဲ့ပါသည်။ MCS သည် ပထမ ပုဂ္ဂလိကဘဏ် (FPB) ၌ စာရင်းသေအပ်ငွေ အမေရိကန်ဒေါ်လာ (၁၁,၂၀၀) ကို အပ်နှံခဲ့သော်လည်း ဘဏ်ကတောင်းဆိုသော စာရွက်စာတမ်းများကြောင့် အသေးစားချေးငွေ ထုတ်ချေးရေးလုပ်ငန်းမှာ နှောင့်နှေးခဲ့ပါသည်။ သို့သော်လည်း အဆိုပါဘဏ်နှင့် ၂၀၁၂ ခုနှစ်တွင် သဘောတူညီမှုရရှိပြီးနောက် အိုးဖုတ်လုပ်ငန်း ပိုင်ရှင်များသည် အိမ်ထောင်စု တစ်စုလျှင် အမေရိကန်ဒေါ်လာ ၅၅၅ စီ ဘဏ်ချေးငွေများ ရရှိခဲ့ကြပါသည်။ ပြန်လည်ပေးဆပ်သည့် နှုန်းမှာ ၂၀၁၂ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းပြည့် ဖြစ်ပါသည်။

## ရလဒ် ၂.၃။ အသက်မွေးမှု သင်တန်းများနှင့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိသည့် အိမ်ထောင်စုအရေအတွက်

ဤအညွှန်းသည် ၂.၂ အညွှန်းနှင့် ဆက်စပ်နေပါသည်။ ၎င်းတို့နှစ်ခုလုံးသည် နောက်ဆုံးရည်မှန်းချက် (၃၅၀၀၀ အိမ်ထောင်စု) တူညီစွာရှိပြီး ၂၀၁၂ ခုနှစ် ရည်မှန်းချက် (၁၅၀၀၀ အိမ်ထောင်စု) ရှိပါသည်။ သို့သော် ဤအညွှန်းအတွက် အစီရင်ခံ တင်ပြသော အောင်မြင်မှုနှုန်းမှာ ၂.၂ ထက် များစွာ နိမ့်ကျပါသည်။ အကြောင်းမှာ မိတ်ဖက်အဖွဲ့ အမြောက်အမြားက ချေးငွေရရှိနိုင်သည့် လူဦးရေကို အစီရင်ခံပြီး ဤချေးငွေရရှိမှုကြောင့် ဝင်ငွေတိုးတက်လာမှုအပေါ်တွင် အစီရင်ခံခြင်း မပြုသောကြောင့် ဖြစ်ပါသည်။

ADRA ကသာလျှင် ဤအညွှန်းအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်မှုကို အစီရင်ခံပါသည်။ UNDP/Pact (နိုင်ငံအနှံ့နှင့် မြစ်ဝကျွန်းပေါ် စီမံချက် (၂)) နှင့် Pact (ဖျာပုံ) စသည့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှ မြင့်မားသော ဝင်ငွေများရရှိနိုင်မည်ဟု မျှော်လင့်သည့် မိတ်ဖက်အဖွဲ့များသည် ၎င်းတို့၏ စီမံချက်များ၏ ရလဒ်များကို စစ်ဆေးခြင်း မပြုရသေးပါ။ ၂၀၁၃ ခုနှစ်တွင် LIFT သည် ၎င်းက ထောက်ပံ့နေသည့် အသေးစား ချေးငွေလုပ်ငန်းများအတွက် အကျိုးသက်ရောက်မှု စစ်ဆေးသည့် စနစ်တစ်ရပ်ကို တည်ထောင်ပါမည်။



27 ဤရလဒ်အတွက် ပါဝင်ဆောင်ရွက်နေကြသော မိတ်ဖက်အဖွဲ့နှင့် စီမံကိန်းများကို နောက်ဆက်တွဲအခန်းတွင် "၂၀၁၂ ခုနှစ်အတွင်း ချေးငွေများမှ အကျိုးခံစားခွင့် ရရှိခဲ့သည့် လူဦးရေ" ဇယားတွင် ဖော်ပြထားပါသည်။

## ရလဒ် (၃) ရေရှည်တည်တံ့သော သဘာဝ သယံဇာတ စီမံခန့်ခွဲမှုနှင့် ဒေသတွင်း အသက်မွေးဝမ်းကျောင်းမှုကို ကာကွယ်ပေးမည့် သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး

**ဇယား (၇) ရလဒ် (၃) အတွက် ၂၀၁၂ နှစ်ကုန်အထိ (သဘာဝရင်းမြစ် စီမံခန့်ခွဲမှု)[28]**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား ရာခိုင်နှုန်း |
|---|---|---|---|---|
| O3.1: သယံဇာတ စီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်သော အိမ်ထောင်စု အရေအတွက် | ၄၀,၀၀၀ | ၈,၀၀၀ | ၂၄,၇၀၀ | ၃၀၉% |
| O3.2: သင်တန်းက အကျိုးရှိသည်ဟု ယူဆသော သယံဇာတ စီမံ ခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူ ဦးရေ (ကျား/မ ခွဲခြား တွက်ချက်သည်) | သတ်မှတ်ရန် | သတ်မှတ်ရန် | ၇,၀၀၀ (ကျား=၃,၅၂၅၊ မ=၃,၄၇၅) | |

### ရလဒ်၃.၁။ သယံဇာတ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်သော အိမ်ထောင်စု အရေအတွက်

သယံဇာတစီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ၂၀၁၂ ခုနှစ် ရည်မှန်းချက်မှာ အိမ်ထောင်စုပေါင်း ၈၀၀၀ ဖြစ်သည်။ LIFT ၏ မိတ်ဖက်များဖြစ်သော (CESVI, GRET, ADRA, HelpAge, MERN, Oxfam, Action-Aid/ Thadar, LEAD, MDN နှင့် Pact) တို့က အိမ်ထောင်စုပေါင်း ၂၄၇၀၀ က သဘာဝပတ်ဝန်းကျင် တိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်ဟု အစီရင်ခံပါသည်။ မိတ်ဖက်အဖွဲ့များသည် သစ်ပင်ပျိုးခင်းများ၊ လေကာ စိုက်ခင်းများ၊ ပြန်လည်ပျိုးထောင်ရေး တိုးတက်မှု၊ စွမ်းအားမြှင့် စိုက်ပျိုးခြင်း၊ လူထုသစ်တော စိုက်ကွက်များ၊ သစ်ပင်ပြုစုပျိုးထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း ပေါင်းစပ်ထားသည့် စိုက်ပျိုးရေး၊ မြေဆီလွှာ ထိန်းသိမ်းခြင်းနှင့် စွမ်းအင်ချွေတာသည့် မီးဖိုများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ Mangrove Service Network က ၎င်းတို့ပြုလုပ်ခဲ့သော လုပ်ငန်းများတွင် အိမ်ထောင်စုပေါင်း ၈၄၀၀ ပါဝင်ခဲ့သည်ဟု သတင်းပို့ပါသည်။ ဤရလဒ်တွင် MSN ၏ ပင်မကျေးရွာ (၁၀) ရွာနှင့် အရံကျေးရွာ (၁၁၉) ရွာတို့ ပါဝင်ပါသည်။ ဤအရံကျေးရွာများသည် စီမံချက်ပျိုးခင်းမှ သစ်ပင်မျိုးစေ့ ရရှိခြင်းစသည့် စီမံချက်လုပ်ငန်းများမှ သွယ်ဝိုက်အကျိုးရကြပါသည်။

### ရလဒ်၃.၂။ သင်တန်းများက အကျိုးရှိသည်ဟု ယူဆသည့် သယံဇာတ စီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဦးရေ (ကျား/မ ခွဲခြားတွက်ချက်ထားသည်)

LIFT မိတ်ဖက်များက လူဦးရေပေါင်း ၁၀၃၀၀ ကို ရေရှည်တည်တံ့သော သယံဇာတ စီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးခေါင်းစဉ်များတွင် သင်ကြားပို့ချပေးခဲ့သည်ဟု အစီရင်ခံပါသည်။ ဤအညွှန်းအတွက် အစီရင်ခံသော မိတ်ဖက် (၁၀) ဖွဲ့က သင်တန်းတက်ရောက်သူ ၇၀၀၀ (၇၀ ရာခိုင်နှုန်း) သည် ဤသင်တန်းများ အသုံးဝင်သည်ကို သိရှိခဲ့ကြပါသည်။ သို့သော် ဤအညွှန်းကို မိတ်ဖက်အဖွဲ့များက မည်သို့တိုင်းတာသည် ဆိုသည်နှင့် ပတ်သက်၍ ကြီးမားသော ကွဲပြားမှုရှိခဲ့ပါသည်။ ဥပမာအားဖြင့် MERN က သင်တန်းပြီးနောက် သင်တန်း၏ အသုံးဝင်မှုနှင့် ဆီလျော်မှုကို စစ်ဆေးရန် သင်တန်းတက်ရောက်သူများကို မေးခွန်းလွှာ ဖြည့်ခိုင်းခဲ့ပါသည်။ LEAD က သင်တန်း၏ အသုံးဝင်မှုကို စစ်ဆေးရန် ကျေးရွာဖွံ့ဖြိုးမှု အဖွဲ့များ၏ စာရင်းဇယားများ၏ အရည်အသွေး အစရှိသည့် စဉ်ဆက်မပြတ် အကဲဖြတ်သော ကိန်းဂဏန်း အချက်အလက်များကို အသုံးပြုခဲ့ပါသည်။ ဤအချက်အလက်များကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စာရင်းစာအုပ်မှ မှတ်တမ်းများတွင် ထည့်သွင်းထားပါသည်။ မိတ်ဖက်အဖွဲ့ အများအပြားက လယ်သမားများအနေဖြင့် မြေဆီလွှာ ကြွယ်ဝမှုကို ထိန်းသိမ်းရန်၊ ရေကို ထိန်းသိမ်းရန်နှင့် သဘာဝမြေဩဇာ ပြုလုပ်ရန် လေ့လာမှုပြုရန် စိတ်ဝင်စားကြသည်ဟု အစီရင်ခံကြပါသည်။

ဤအညွှန်းအတွက် ရလဒ်များသည် သယံဇာတ စီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်သည့် အိမ်ထောင်စု အရေအတွက်နှင့် နှိုင်းယှဉ်ပါက သင်တန်းများသည် အိမ်ထောင်စုများ ဤလုပ်ငန်းများတွင် ပါဝင်ခြင်း မပါဝင်ခြင်းကို အဓိက ဆုံးဖြတ်သည့်အရာ မဟုတ်ဟု ဖော်ပြနေသည်။ ဥပမာအားဖြင့် MSN သည် လူဦးရေ ၉၁၆ ဦးကိုသာ သင်တန်းပေးခဲ့သော်လည်း လုပ်ငန်းများတွင် လူဦးရေ ၈၀၀၀ ကျော် ပါဝင်ခဲ့သည်။ ထိုနည်းတူစွာ Help Age အဖွဲ့က ၎င်းတို့အနေဖြင့် သယံဇာတ စီမံခန့်ခွဲမှုတွင် မည်သည့် သင်တန်းမှ

28 "Achieved to Dec 2012" column တွင် ဖော်ပြထားသည်များမှာ မိတ်ဖက်အဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အသုံးပြုသော စောင့်ကြည့်လေ့လာမှု နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးများ ကွဲပြားကြသဖြင့် မှားယွင်းနိုင်မှု အလားအလာ ရှိသည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ပိုမို စိတ်ချလက်ခံနိုင်သော ကိန်းဂဏန်းများကို အိမ်ထောင်စု ဆန်းစစ်ချက်အား အသုံးပြု၍ ၂၀၁၃ ခုနှစ်တွင် ကောက်ခံသွားပါမည်။

ပို့ချခြင်း မရှိခဲ့သော်လည်း အိမ်ထောင်စုပေါင်း ၂၇၀၀ ခန့်က သယံဇာတ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်ဟု အစီရင်ခံသည်။ GRET က ၎င်းတို့အနေဖြင့် လူဦးရေ ၃၇၅၀ ကို သင်တန်းပေးခဲ့သော်လည်း ၁၇၆ ဦးသာ သယံဇာတ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ မည်သည့် အရာများက ပြည်သူများကို သယံဇာတ စီမံခန့်ခွဲမှုနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ရန် လှုံ့ဆော်ခဲ့သည်ကို သိရှိနိုင်ရန် ဆက်လက်စုံစမ်းရန်လိုအပ်ပါသည်။

## ရလဒ် (၄) ကာလရှည်ကြာစွာ ဆင်းရဲမွဲတေခဲ့သည့် အိမ်ထောင်စုများ သက်မွေးဝမ်းကျောင်း ရယူခွင့်များကို ကာကွယ်မည့် သို့မဟုတ် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ မြင့်တင်ပေးမည့် ဝင်ငွေမြင့်မားစေမည့် ထိရောက်သော လူမှုကာကွယ်ရေး ဆောင်ရွက်မှုများ

**ဇယား (၈) ရလဒ် (၄) အတွက် ၂၀၁၂ အကုန်ထိ (လူမှုကာကွယ်ရေး ဆောင်ရွက်မှုများ)[29]**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား ရာခိုင်နှုန်း |
|---|---|---|---|---|
| 04.1: ကူညီမှုသည် အချိန်ကိုက်ဖြစ်ပြီး ထိရောက်သည်ဟု ယူဆသည့် CfW အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၁၈၀,၀၀၀ | ၃၀,၀၀၀ | ၂၁,၆၀၀ | ၇၂% |
| 04.2: ဝင်ငွေတိုးစေသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သော ပစ္စည်းနှင့် ငွေကြေး ထောက်ပံ့ခံရသည့် အိမ်ထောင်စုများ | ၁၂၀,၀၀၀ | ၅၀,၀၀၀ | ၁,၉၀၀ | ၄% |
| 04.3: စားနပ်ရိက္ခာ မလုံလောက်သည့် လ/ရက်များကို လျှော့ချနိုင်ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၄၀,၀၀၀ | ၂၀,၀၀၀ | ၉,၉၉၀ | ၅၀% |

## ရလဒ်၄.၁။ ကူညီမှုသည် အချိန်ကိုက်ဖြစ်ပြီး ထိရောက်သည်ဟု ယူဆသည့် အလုပ်အတွက် ငွေကြေးနှင့် လုပ်အား လဲလှယ်သည့် (CfW) အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက်

ငွေကြေးနှင့် လုပ်အား လဲလှယ်ခြင်း အစီအစဉ်မှ ငွေကြေးရရှိနေသည့် အိမ်ထောင်စုများ၏ အရေအတွက်ကို စီမံချက်အားလုံးက တိုင်းတာပြီးဖြစ်ပါသည်။ သို့သော်လည်း ဤအလုပ်အတွက် ငွေကြေးအစီအစဉ်ကို အသင့်လျော်ဆုံး အချိန်တွင် ပေးသည် သို့မဟုတ် ထိရောက်မှု ရှိသည်နှင့် ပတ်သက်၍ စစ်ဆေးရခြင်းသည် ပိုမိုခက်ခဲပါသည်။[30] အမှန်တကယ်တွင်မူ LIFT မိတ်ဖက်များက ၂၀၁၂ ခုနှစ်တွင် ဤအလုပ်အတွက် ငွေကြေး အစီအစဉ်များ၏ ထိရောက်မှုကို တိုင်းတာရန် မည်သည့် စစ်တမ်းမျှ ကောက်ယူခဲ့ခြင်း မရှိပါ။ ထို့ကြောင့် တင်ပြသော ကိန်းဂဏန်းများသည် မိတ်ဖက်များ၏ ခန့်မှန်းချက်များ ပေါ်တွင်သာ အခြေပြုပြီး အထက်ဖော်ပြပါ ကိန်းဂဏန်းများသည် ပိုမို တွက်ချက်ထားခြင်း ဖြစ်ကောင်းဖြစ်ပါမည်။ အခြားတစ်ဖက်တွင်လည်း ငွေကြေးနှင့် လုပ်အား လဲလှယ်ခြင်းလုပ်ငန်း (CfW) များတွင် ပါဝင်သူများကို အစီရင်ခံနေသည့် အဖွဲ့ (၁၁) ဖွဲ့အနက်မှ (၈) ဖွဲ့သာလျှင် ပါဝင်သူ အရေအတွက် မည်မျှလောက်က ငွေကြေးနှင့် လုပ်အား လဲလှယ်ခြင်း (CfW) များ အချိန်ကိုက် ဆီလျော်ပြီး ထိရောက်မှုရှိသည်ဟု ထင်ကြောင်း အစီရင်ခံကြပြီး အစီရင်ခံသော ကိန်းဂဏန်းသည် လျှော့တွက်ထားသည်လည်း ဖြစ်နိုင်ပါသည်။

CfW အစီအစဉ်များသည် LIFT ၏ အစီအစဉ်တွင် အမျိုးအစားကြီးမားစွာ ပါဝင်ပါသည်။ LIFT သည် ၂၀၁၆ ခုနှစ်အထိ အိမ်ထောင်စုပေါင်း ၁၈၀၀၀၀ ထိ လွှမ်းခြုံမိ၍ အချိန်ကိုက်ဖြစ်သော CfW အစီအစဉ်များတွင် ပါဝင်စေနိုင်ရန် ရည်မှန်းချက်တစ်ရပ် ချမှတ် ထားပါသည်။ ဤအချက်က အကျိုးသက်ရောက်မှုနှင့် အကျိုးရလဒ်များဆိုင်ရာ တိကျသော ကိန်းဂဏန်း အချက်အလက်များကို စုစည်းမည့် စစ်တမ်းများဖြင့် လူမှုကာကွယ်ရေး ဆောင်ရွက်ချက်အပြင် CfW အစီအစဉ်၏ ထိရောက်မှုကို တိုင်းတာရန် အရေးပါစေပါသည်။ ဤတွင် အိမ်ထောင်စုများက ၎င်းတို့၏ အလုပ်အတွက် ငွေကြေးအစီအစဉ်မှ ရသော လုပ်ခများကို မည်သို့ အသုံးပြုသည်၊ မြင်လွယ်သိလွယ်သော မည်သည့် အကျိုးကျေးဇူးများ ရရှိသည်။ စားနပ်ရိက္ခာ လျော့နည်းမှုကို ကာကွယ်ခြင်း၊ ကျေးလက် အခြေခံ အဆောက်အဦ မြှင့်တင်မှု၊ ဈေးကွက် ပိုမိုရရှိမှု၊ စီးပွားရေး လုပ်ငန်းများ ပိုမိုထောက်ပံ့မှု စသည်တို့ ပါဝင်နိုင်ပါသည်။

29 "Achieved to Dec 2012" column တွင် ဖော်ပြထားသည်များမှာ မိတ်ဖက်အဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အသုံးပြုသော စောင့်ကြည့်လေ့လာမှု နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးများ ကွဲပြားကြသဖြင့် မှားယွင်းနိုင်မှု အလားအလာ ရှိသည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ပိုမို စိတ်ချလက်ခံနိုင်သော ကိန်းဂဏန်းများကို အိမ်ထောင်စု ဆန်းစစ်ချက်အား အသုံးပြု၍ ၂၀၁၃ ခုနှစ်တွင် ကောက်ခံသွားပါမည်။

30 ဤနေရာတွင် အချိန်ကိုက်ဖြစ်ခြင်းဆိုသည်မှာ ပုံမှန် လုပ်သားလိုအပ်မှု နည်းပါးချိန်နှင့် လုပ်သားများ၏ အိမ်ထောင်စုများ စားနပ်ရိက္ခာ လိုအပ်နေချိန် တွင် CfW အခွင့်အလမ်းများ ဖန်တီးပေးခြင်းကို ဆိုလိုပါသည်။

## ရလဒ်၄.၂။ ဝင်ငွေတိုးစေသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သော ပစ္စည်းနှင့် ငွေကြေးများ ထောက်ပံ့ခံရသည့် အိမ်ထောင်စု အရေအတွက်

LIFT ၏ မည်သည့် မိတ်ဖက်အဖွဲ့ကမျှ လိုအပ်သော စစ်တမ်းများ ကို ယနေ့အထိ မပြုလုပ်ခဲ့ပဲ အစီရင်ခံထားသည့် ကိန်းဂဏန်းများမှာ ကျေးရွာများတွင် လုပ်ကိုင်နေသော ၎င်းတို့၏ ကွင်းဆင်းဝန်ထမ်းများ၏ အစီရင်ခံစာများပေါ်တွင် မူတည်ထားသည့် ခန့်မှန်းချေများသာ ဖြစ်ပါသည်။ မိတ်ဖက် (၈) ဖွဲ့က ၂၀၁၂ ခုနှစ် ရည်မှန်းချက် အိမ်ထောင်စု ၅၀၀၀ မှ ၁၉၀၀ အိမ်ထောင်စုသို့ ရောက်ရှိခဲ့သည်ဟု အစီရင်ခံကြသည်။ ADRA အစီရင်ခံစာအရ ၎င်းတို့ ရည်မှန်းထားသော အိမ်ထောင်စု ၂၀၀၀ အနက်မှ အိမ်ထောင်စု ၅၄ ခုသာလျှင် အလုပ်အတွက် ငွေကြေးအစီအစဉ်မှ ရသော လုပ်ခများကို အကျိုးရှိသော လုပ်ငန်းများတွင် အောင်မြင်စွာ ပြန်လည် ရင်းနှီးမြှုပ်နှံ နိုင်သည်ဟု သိရသည်။ ၎င်းတို့က ဖော်ပြသည်မှာ ဤကိန်းဂဏန်းထက် ပိုမိုသော အိမ်ထောင်စုများသည် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကြသော်လည်း ဤရင်းနှီးမြှုပ်နှံမှုများမှ ဝင်ငွေရရှိသည့် သတင်းကိုမူ မရရှိပါ။ Oxfam (အပူပိုင်းဇုန်) က ၎င်းတို့ ထောက်ပံ့ပေးသော အိမ်ထောင်စု ၁၉၅ စုမှ အိမ်ထောင်စု ၄၃ စုသာလျှင် အကျိုးအမြတ်ရစေသည့် လုပ်ငန်းများတွင် ပြန်လည် ရင်းနှီးမြှုပ်နှံကြသည်ဟု အစီရင်ခံပါသည်။ ဤမိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာ (၂) ခုက ကြီးမားသော စံနမူနာကို မပေးသော်ငြားလည်း ၎င်းတို့၏ တွေ့ရှိချက်များက အခြားသော ဖြစ်စဉ် သက်သေများကို ထောက်ပံ့ပေးပါမည်။ ထိုအထဲတွင် LIFT ၏ ကွင်းဆင်း စစ်ဆေးမှုများအတွင်း ကောက်ယူခဲ့သည့် သက်သေများပါဝင်သည်။ ၎င်းတို့က ဖော်ပြသည်မှာ ငွေကြေးနှင့် လုပ်အား လဲလှယ်သည့် အစီအစဉ်မှ ဝင်ငွေများသည် အစားအစာ ဝယ်ယူရန် သို့မဟုတ် ဆပ်ရန်အချိန်လွန်နေသော ချေးငွေများကို ပြန်လည်ပေးအပ်ရန် အဓိက အသုံးပြုသည်ဟု ဖြစ်ပါသည်။ လုံလောက်သော ပမာဏ ရရှိသော အခါမှသာလျှင် အိမ်ထောင်စုများအနေဖြင့် အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများကို စတင်နိုင်ပါမည်။

## ရလဒ်၄.၃။ စားနပ်ရိက္ခာ မလုံလောက်သည့် လ/ရက်များကို လျှော့ချနိုင်ခဲ့သော အိမ်ထောင်စု အရေအတွက်

ဤအညွှန်းက အိမ်ထောင်စုများ သတ်မှတ်စံများကို ပြည့်မီခြင်း ရှိမရှိကို သိရှိနိုင်ရန် အသေးစိတ် ကိန်းဂဏန်းပြ စစ်တမ်းများကို လိုအပ်သည်။ ဤအညွှန်းသည် လူမှုကာကွယ်ရေး၏ ဆောင်ရွက်မှုများကိုသာ စိတ်ဝင်စားသည် ဖြစ်သောကြောင့် ငွေသား ပေးအပ်မှုများနှင့် CfW အစီအစဉ်များကိုသာ ထည့်သွင်း စဉ်းစားသည်။ စားနပ်ရိက္ခာ မဖူလုံသည့် လများကို လျှော့ချပေးနိုင်သည့် ဝင်ငွေ ဖန်တီးရေးလုပ်ငန်းများအတွက် ထောက်ပံ့မှုကို ဤအညွှန်းဘောင်တွင် ထည့်သွင်းမထားပါ။

LIFT log frame က ၂၀၁၂ ခုနှစ်အတွက် စားနပ်ရိက္ခာ ဖူလုံမှု မရှိသည့်လများ လျှော့နည်းလာမှု အကျိုးခံစားရသည့် အိမ်ထောင်စု ပေါင်း ၂၀၀၀၀ ကို ရည်မှန်းထားပြီး LIFT မိတ်ဖက်များက အိမ်ထောင်စုပေါင်း ၁၀၀၀၀ အတွက် စားနပ်ရိက္ခာ မဖူလုံမှုကို အောင်အောင် မြင်မြင် လျှော့ချနိုင်ခဲ့သည်ဟု အစီရင်ခံသည်။ ၂၀၁၂ နှစ်ကုန်ပိုင်းတွင် Proximity Designs အနေဖြင့် အိမ်ထောင်စုပေါင်း ၄၉၀၀ ကို စားနပ်ရိက္ခာ မဖူလုံသည့်လများ လျော့ကျစေရန် ကူညီပေးခဲ့သည်ဟု အစီရင်ခံပါသည်။ ADRA အပူပိုင်းဇုံ စီမံချက်မှ ကျေးရွာ တစ်ရွာချင်းစီ၏ ခံစားခွင့်ရှိသူ ၆၅ ရာခိုင်နှုန်း အနေဖြင့် စားနပ်ရိက္ခာ မဖူလုံသော လကို တစ်လမှ (၂) လနီးပါးထိ လျှော့ချ နိုင်ခဲ့သည်ဟု အစီရင်ခံပါသည်။ Oxfam က အိမ်ထောင်စုပေါင်း ၈၆၄ ခုအတွက် စားနပ်ရိက္ခာ လျော့နည်းမှုကို တစ်လအထိ လျှော့ချနိုင်ခဲ့သည်ဟု အစီရင်ခံပါသည်။ ဤစီမံချက်က တစ်လစာ စားနပ်ရိက္ခာအတွက် လုံလောက်သော ပမာဏ အမေရိကန် ဒေါ်လာ ၅၉ ဒေါ်လာကို ဤအိမ်ထောင်စုများအား ပေးအပ်ခဲ့ပါသည်။ Mercy Corps က ရည်မှန်းအိမ်ထောင်စုများ၏ ၆၂ ရာခိုင်နှုန်းသည် အိမ်ထောင်စု စားနပ်ရိက္ခာ ကြွယ်ဝစွာ စားသုံးမှုကိန်းတွင် အနည်းဆုံး တစ်မှတ် (point) တက်လာသည်ဟု ဆိုပြီး ဤသည်မှာ စားနပ်ရိက္ခာဖူလုံမှု တက်လာသည်ဟု ဆိုလိုပါသည်။ သို့သော်လည်း စားနပ်ရိက္ခာ မဖူလုံသည့် လများ၊ ရက်များ လျော့ကျလာသည့် အိမ်ထောင်စု အရေအတွက်ကို အတိအကျ မဖော်ပြနိုင်ပါ။ LIFT log frame က LIFT သည် အိမ်ထောင်စုပေါင်း ၁၄၀၀၀၀ အတွက် စားနပ်ရိက္ခာ မဖူလုံသည့်လ အရေအတွက်ကို လျှော့ချရန် ရည်မှန်းထားပါသည်။ ဤကိန်းဂဏန်းသည် Delta (1) အစီအစဉ်မှ အိမ်ထောင်စုများ ပါဝင်ပါသည်။ သို့သော် LIFT ၏ Delta (1) အစီအစဉ်မှ ဝင်ရောက် ကူညီမှုကြောင့် အိမ်ထောင်စုပေါင်း မည်မျှ စားနပ်ရိက္ခာ လျော့ပါးသည့် လများကို လျှော့ချနိုင်ခဲ့သည် ဆိုသည့် သတင်းအချက်အလက်များ မရှိပါ။

# ရလဒ်(၅) ဆင်းရဲသားများအတွက် စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု ဖူလုံရေးကို မြှင့်တင်ရန်နှင့် ထောက်ပံ့ပေးရန် အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း

**ဇယား (၉) ရလဒ် (၅) အတွက် ၂၀၁၂ နှစ်ကုန်အထိ (အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း)[31]**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား ရာခိုင်နှုန်း |
|---|---|---|---|---|
| O5.1 နည်းပညာဆိုင်ရာ ကိစ္စများနှင့် စီမံကိန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက် | ၄၅ | ၂၅ | ၂၇* | ၁၀၈% |
| O5.2: သင်ကြား တတ်မြောက်လာသည်များကို LIFT မှ ထောက်ပံ့သော လုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO များ | ၁၀,၀၀၀ | ၆,၀၀၀ | ၁,၃၀၀ | ၂၂% |
| O5.3: Number of changes in technical or project management made by local NGOs in LIFT-funded activities | | | | |

## ရလဒ်၅.၁။ နည်းပညာဆိုင်ရာ ကိစ္စများနှင့် စီမံချက်နှင့် ငွေကြေးစီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက်

ယနေ့အထိ LIFT မိတ်ဖက်အဖွဲ့များအနေဖြင့် ဒေသတွင်း NGO (၃၂) ခုအနက် (၂၇) ၏ စွမ်းရည်ကို မြှင့်တင်ပေးခဲ့သည်ဟု အစီရင်ခံပါသည်။ သို့သော်လည်း ဝန်ထမ်းတစ်ဦးချင်း၏ အဆင့်၌သော်လည်းကောင်း ၎င်းတို့လုပ်ကိုင်သော အဖွဲ့အစည်း အဆင့်၌သော်လည်းကောင်း စွမ်းရည်တိုးတက်မှု ရှိသည်ဟု တင်ပြချက်ကို ထောက်ခံရန် အချက်အလက်မရှိပါ။ ဤသည်မှာ မိတ်ဖက်အဖွဲ့များ အနေဖြင့် တိုးတက်မှုကို တိုင်းတာရန် ကြိုးစားမှု မပြုဟု ဆိုလိုခြင်း မဟုတ်ပါ။ အမှန်တကယ်တွင်မူ မိတ်ဖက်အဖွဲ့များ အနေဖြင့် ၎င်းတို့၏ ဒေသတွင်း လုပ်ဖော်ကိုင်ဖက်များ၏ စွမ်းရည်တွင် အပြောင်းအလဲဖြစ်မှုကို တိုင်းတာရန်အတွက် နည်းလမ်းမျိုးစုံကို သုံးစွဲပါသည်။ ပြဿနာမှာ ၎င်းတို့အသုံးပြုသော နည်းလမ်းများမှာ ခိုင်မာမှု မရှိသလောက်ဖြစ်ပြီး စုပေါင်းစာရင်းနှင့် အားလုံး ခြုံငုံမိသော ခွဲခြမ်း စိတ်ဖြာမှုအတွက် စံတူညီမှု မရှိခြင်းဖြစ်သည်။

**ဇယား (၁၀) ဒေသတွင်း မိတ်ဖက် NGO များအား စွမ်းရည်မြှင့်တင်ပေးနေသည်ဟု အစီရင်ခံသော LIFT မိတ်ဖက်အဖွဲ့များ**

| မိတ်ဖက် | ဒေသခံ မိတ်ဖက် အရေအတွက် | ပိုမို ကျွမ်းကျင်လာသည်ဟု အစီရင်ခံလာသော အရေအတွက် | ပံ့ပိုးပေးခဲ့သော စွမ်းရည်မြှင့် အစီအစဉ် အမျိုးအစား | | အသုံးပြုခဲ့သော ဆန်းစစ်ခြင်း နည်းလမ်း |
|---|---|---|---|---|---|
| | | | ဝန်ထမ်းအား သင်တန်းပေးခြင်း | အဖွဲ့အစည်း ဖွံ့ဖြိုးရေး | |
| Action Aid | ၁၂ | ၁၂ | Yes | Yes | FMO က သုတမျှဝေမှု တိုးတက်ခြင်း ရှိ/ မရှိ လေ့လာခဲ့ပြီး စွမ်းဆောင်ရည်ကို သုံးသပ်၍ အပြောင်းအလဲပြုလုပ်ရန် တိုက်တွန်းခဲ့သည် |
| Mercy Corps | ၃ | ၁ | Yes | Yes | သင်တန်း၏ ထိရောက်မှုကို ဆန်းစစ်ရန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့သည် |
| Oxfam | 2 | 1 | Yes | No | ပြန်လည်ဆန်းစစ်မှု အလုပ်ရုံ ဆွေးနွေးပွဲတွင် စီမံကိန်း၏ ထိရောက်မှုကို အတူတကွ သုံးသပ်ခဲ့သည် |
| Help Age | 2 | 2 | Yes | No | ဝန်ထမ်းများနှင့် ပုံမှန် တွေ့ဆုံခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို အကျိုးခံစားသူများနှင့် တွေ့ဆုံ၍ ပြန်သုံးသပ် |

31 "Achieved to Dec 2012" column တွင် ဖော်ပြထားသည်များမှာ မိတ်ဖက်အဖွဲ့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အသုံးပြုသော စောင့်ကြည့်လေ့လာမှု နည်းလမ်းနှင့် တိုင်းတာမှု အရည်အသွေးများ ကွဲပြားကြသဖြင့် မှားယွင်းနိုင်မှု အလားအလာ ရှိသည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ပိုမို စိတ်ချလက်ခံနိုင်သော ကိန်းဂဏန်းများကို အိမ်ထောင်စု ဆန်းစစ်ချက်အား အသုံးပြု၍ ၂၀၁၃ ခုနှစ်တွင် ကောက်ခံသွားပါမည်။

* Fund Manager အနေဖြင့် မိတ်ဖက်အဖွဲ့များမှ ပေးပို့လာသော ဤအချက်အလက်များကို စိစစ် အတည်ပြုနိုင်ခြင်း မရှိသေးသဖြင့် ဤကိန်းဂဏန်းများသည် အကြမ်းဖျဉ်း ခန့်မှန်းချက်များသာ ဖြစ်ပါသည်။

| မိတ်ဖက် | ဒေသခံ မိတ်ဖက် အရေအတွက် | ပိုမို ကျွမ်းကျင်လာသည်ဟု အစီရင်ခံလာသော အရေအတွက် | ပံ့ပိုးပေးခဲ့သော စွမ်းရည်မြှင့် အစီအစဉ် အမျိုးအစား | | အသုံးပြုခဲ့သော ဆန်းစစ်ခြင်း နည်းလမ်း |
|---|---|---|---|---|---|
| | | | ဝန်ထမ်းအား သင်တန်းပေးခြင်း | အဖွဲ့အစည်း ဖွံ့ဖြိုးရေး | |
| GRET | ၂ | ၁ | Yes | Yes | MFI များ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည် |
| MERN | ၆ | ၆ | Yes | No | သင်တန်း၏ ထိရောက်မှုကို ဆန်းစစ်ရန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ပြီး FMO က သုတမျှဝေမှု တိုးတက်ခြင်း ရှိ/ မရှိ လေ့လာခဲ့သည် |
| SwissAid | ၆ | ၆ | Yes | Yes | အဖြစ်အပျက်များနှင့် ဘဏ္ဍာရေး အစီရင်ခံမှုများ တိုးတက်မှု ရှိ/မရှိ လေ့လာခဲ့ပြီး CBO များနှင့် အစိုးရ ဝန်ထမ်းများကြား ချိတ်ဆက်မိစေခဲ့ |

အထက်ဖော်ပြပါ ဇယားတွင် LIFT က တိုက်ရိုက်စာချုပ် ခန့်ထားသော မည်သည့်ဒေသဆိုင်ရာ NGO များက LIFT က ထောက်ပံ့ပေးသော စီမံချက်များ အကောင်အထည်ဖော်မှုကြောင့် မည်သည့် အတိုင်းအတာအထိ ၎င်းတို့၏ စွမ်းရည်ကို မြှင့်တင်နိုင်ခဲ့သည်ကို အကဲဖြတ်ချက် မပါဝင်ပါ။ အဘယ်ကြောင့်ဆိုသော် ဒေသဆိုင်ရာ NGO များ အနေဖြင့် ၎င်းတို့၏ စွမ်းရည်အပြောင်းအလဲနှင့် ပတ်သက်၍ LIFT သို့ အစီရင်မခံသောကြောင့် ဖြစ်ပါသည်။ ဤကွာဟချက်ကို တိုင်းတာရေး နည်းစနစ်အသစ်ကို အသုံးပြုလျက် ၂၀၁၃ ခုနှစ်တွင် ဖြည့်ဆည်းသွားပါမည်။ ၂၀၁၂ ခုနှစ်အကုန်တွင် Fund Manager သည် "အသိသာ အထင်ရှားဆုံး အပြောင်းအလဲ" ဇာတ်လမ်း ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရေး ကိရိယာအဖြစ်သတ်မှတ်ခဲ့ပြီး ၎င်းက ပါဝင်ဆောင်ရွက်သူများအား အပြောင်းအလဲများကို ဖော်ထုတ်နိုင်စေခဲ့ပြီး ၎င်းတို့အထဲတွင် ဒေသခံအဖွဲ့အစည်းများက အပြောင်းအလဲကို မည်ကဲ့သို့ သိရှိနားလည်သည်နှင့် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များအတွက် မည်သည့် အပြောင်းအလဲက အဆီလျော်ဆုံးဖြစ်သည်ဟု ထင်မြင်ယူဆသည် စသည်များပါဝင်သည်။ LIFT သည် ၂၀၁၃ ခုနှစ် ပထမနှစ်ဝက်တွင် မိတ်ဖက်အဖွဲ့(၃) ခုနှင့် ဤကိရိယာကို စတင် ကြိုးကြပ်ပါမည်။ ဤအစီအစဉ်က ဤကိရိယာသည် မည်မျှ အသုံးဝင်သည်၊ မည်သည့် အပြောင်းအလဲများကို တွေ့ရှိသည်ကို ဖော်ပြပါမည်။ ဤအစီအစဉ်မှနေ၍ Fund Manager သည် ဤနည်းလမ်းက အပြုသဘောဆောင်သော အပြောင်းအလဲများကို ဒေသခံ အဖွဲ့အစည်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများအကြား ဆောင်ကျဉ်းပေးခြင်း ရှိ/မရှိကို လေ့လာနိုင်ပါသည်။

## ရလဒ်၅.၂။ LIFT က ပံ့ပိုးပေးသော လုပ်ငန်းများမှ သင်တန်းများကို လက်တွေ့ အသုံးချနေသည့် သင်ကြားတတ်မြောက်ပြီး လူထုအခြေပြုအဖွဲ့ အရေအတွက်

မိတ်ဖက်အဖွဲ့ အားလုံးနီးပါးသည် ကျေးရွာအခြေပြု အဖွဲ့များနှင့် တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အလုပ်လုပ်ကြပါသည်။ ၎င်းတို့က လူထုအခြေပြု အဖွဲ့ပေါင်း ၄၇၀၀[32] ကို သင်တန်းများ ပေးခဲ့ပြီး ၂၈ ရာခိုင်နှုန်းသည် LIFT က ထောက်ပံ့သော လုပ်ငန်းများတွင် သင်တန်းမှ ဆည်းပူးခဲ့သည်များကို အသုံးချနိုင်ကြသည်ဟု အစီရင်ခံပါသည်။ Fund Manager အနေဖြင့် ဤ စုပေါင်းအကဲဖြတ်ချက်ကို စစ်မှန်သည် မစစ်မှန်သည် ခွဲခြားနိုင်ခြင်း မရှိပါ။ သို့သော် သင်တန်းမှ သင်ကြားခဲ့သည်များကို ပြန်လည် အသုံးချနိုင်သော လူထုအခြေပြု အဖွဲ့အရေအတွက်နှင့် သင်တန်း တက်ရောက်ခဲ့သော လူထုအခြေပြု အဖွဲ့အရေအတွက်မှာ မကြာခဏ တစ်ထပ်တည်းနီးပါး သို့မဟုတ် တစ်ထပ်တည်း တူညီပါသည်။ အစီရင်ခံ တင်ပြသော ကိန်းဂဏန်းများမှာ CESVI (၁၀၁ အနက်မှ ၁၀၁)၊ Help Age (၃၀ အနက်မှ ၃၀)၊ MCS (၇ အနက်မှ ၇)၊ ADRA (၁၀၀ အနက်မှ ၁၀၀) နှင့် မေတ္တာ (၂၀၀ အနက်မှ ၁၈၀) တို့ ဖြစ်ပါသည်။

WHH၊ Proximity Designs နှင့် Oxfam တို့မှလွဲ၍ ကျန်သည့် မိတ်ဖက်များအားလုံး ၎င်းတို့၏ ရည်မှန်းချက်ကို ပြည့်မီခဲ့ပါသည်။ ဤအချက်က ထင်ဟပ်သည်မှာ ရည်မှန်းကျေးရွာများတွင် လူထုအခြေပြု သင်တန်းများ ပြီးစီးခဲ့ပြီးသော်လည်း၊ ဤအဖွဲ့များက သင်တန်းမှ ပို့ချချက်များကို LIFT က ပံ့ပိုးသော လုပ်ငန်းများတွင် အသုံးချနေသည်ဟု မဆိုလိုပါ။ အများအားဖြင့် မိတ်ဖက်အဖွဲ့များသည် ဤအညွှန်းကို လူထုအခြေပြု အဖွဲ့များနှင့် ခံစားခွင့်ရှိသူများနှင့် တွေ့ဆုံပွဲများ၊ ၎င်းတို့၏ ပုံမှန်ကွင်းဆင်း ခရီးစဉ်များတွင် ပြုလုပ်သော လေ့လာချက်များ မှတစ်ဆင့် တိုင်းတာပါသည်။ Action Aid/Thadar Consortium အဖွဲ့ကသာ ၎င်းတို့၏ ရလဒ်များကို စံတိုင်းတာရေး ကိရိယာကို အခြေခံလျက် အစီရင်ခံခဲ့သည်။ လူထုအခြေပြုအဖွဲ့များ၏ စွမ်းရည်ကို ရှုထောင့်(၆) မျိုးဖြင့် တိုင်းတာသော ဤကိရိယာကို လူထုအဖွဲ့အစည်း (၂၄) ခုနှင့် အသုံးပြုခဲ့သည်။ လေးပုံ သုံးပုံသည် အနည်းဆုံးလိုအပ်ချက်များကို ပြည့်မီကြောင်းတွေ့ရှိခဲ့သည်။

32 မိတ်ဖက်အဖွဲ့အများအပြားက ကျေးရွာတစ်ရွာအတွင်း CBO (အထူးသဖြင့် ကိုယ်ထူကိုယ်ထအဖွဲ့များ) တစ်ဖွဲ့ထက် ပို၍ ပူးပေါင်းဆောင်ရွက်နေကြောင်း အစီရခံကြသည်။

အချို့မိတ်ဖက်များက လူထုအခြေပြုအဖွဲ့များကို ၎င်းတို့၏ ကွင်းဆင်းဝန်ထမ်းများ၏ လူထုနှင့် နေ့စဉ်ထိတွေ့မှုမှ တစ်ဆင့် စောင့်ကြည့် လေ့လာခဲ့သည်။ ဥပမာအားဖြင့် CESVI ဝန်ထမ်း (၂၀) သည် လူထုနှင့် နီးစပ်စွာ အလုပ်လုပ်ခဲ့ခြင်းကို စောင့်ကြည့် လေ့လာနိုင်စေခဲ့သည်။ သင်တန်းမှ သင်ကြားပေးသည်များအား အသုံးချမှုကို တိုင်းတာရန်နှင့် နားလည်ရန်အတွက် SWISSAID သည် အစဦး လုပ်ငန်းတစ်ခုကို လူထုအခြေပြုအဖွဲ့များ၏ တိုးတက်မှုဆိုင်ရာ မေးခွန်းလွှာတစ်ခုဖြင့် စတင်ခဲ့သည်။ ဤမေးခွန်းလွှာကို လူထုအခြေပြု အဖွဲ့များနှင့် ကျေးလက် အာဏာပိုင်များက ပုံမှန် ဖြေဆိုပေးရန် လိုအပ်သည်။

ရှာပေါင်း (၄၀) တွင် ပြုလုပ်ခဲ့သည့် ရည်ညွှန်းအုပ်စုများနှင့် အသေးစိတ် ဆွေးနွေးပွဲဖြစ်သည့် LIFT ၏ QSEM စီမံချက်က " ပြင်ပမှ အကူအညီပေးသည့် အဖွဲ့များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် တည်ရှိဆဲ လူမှုစံနှုန်းများကို ထင်ဟပ်လေ့ ရှိခဲ့သော်လည်း ဤအုပ်စုများတွင် ပါဝင် ဆောင်ရွက်ခြင်းသည် ပိုမိုကျယ်ပြန့်သော လူမှု အကျိုးသက်ရောက်မှု ရှိကြောင်း၊ စာရင်းပြုစုသူများသည် အစိုးရ အပါအဝင် ပြင်ပဆောင်ရွက်သူများ စွမ်းရည်တိုးတက်မှုများကို လူထုအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များတွင် လေ့လာတွေ့ရှိခဲ့ကြောင်း၊ ထိုနည်းတူစွာ အမျိုးသမီးများသည် ပိုမိုတက်ကြွလာပြီး ပညာရေးကို ပိုမိုအလိုရှိလာကြသည်ကို လေ့လာတွေ့ရှိရကြောင်း " အစီရင်ခံခဲ့ပါသည်။

LIFT ၏ log framework က သင်တန်းမှ သင်ကြားသည်များကို အသုံးချနိုင်သည့် လူထုအခြေပြု အဖွဲ့ပေါင်း ၁၀၀၀ ကို ရည်မှန်း ထားပါသည်။ ဤရည်မှန်းချက်မှာ ပြည့်မီနိုင်မည့်ပုံ မပေါ်ပါ။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြသည့် အောင်မြင်မှုမှာ လူထုအခြေပြု အဖွဲ့ပေါင်း ၁၃၀၀ ဖြစ်ပြီး ဤစာရင်းတွင် Delta (1) စီမံချက်မှ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်တွင် LIFT ၏ မိတ်ဖက်များက သင်တန်း ပို့ချခဲ့သော လူထုအခြေပြု အဖွဲ့ ၃၄၅၀ ကို ပေါင်းထည့်နိုင်ပါသည်။ ဤရည်မှန်းချက်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။

## ရလဒ်၅.၃။ LIFT က ပံ့ပိုးပေးသော လုပ်ငန်းများတွင် ဒေသဆိုင်ရာ အဖွဲ့များမှ ပြုလုပ်သော နည်းပညာ သို့မဟုတ် စီမံခန့်ခွဲမှုများတွင် ပြောင်းလဲမှု အရေအတွက်

ဤအညွှန်းအတွက် LIFT ၏ ရည်မှန်းချက်မရှိပါ။ ဤအညွှန်းသည် လက်တွေ့တွင် တိုင်းတာရန် ခက်ခဲပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့ (၃) ဖွဲ့သာ ဤအညွှန်းအတွက် လုပ်ငန်းများ အစီအစဉ် ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။ ADRA က ၎င်းတို့အနေဖြင့် စီစဉ်ထားသော အပြောင်းအလဲ (၅) ခု အနက်မှ ၎င်းတို့၏ မြစ်ဝ ကျွန်းပေါ်ဒေသ စီမံချက်က (၃) ခု ပြည့်မီခဲ့ပါသည်ဟု အစီရင်ခံပါသည်။ ရေတွင်းရေကန်များ၏ ပုံစံ၊ စားသောက်ကုန် ထုတ်လုပ်ခြင်း နည်းလမ်းနှင့် CfW လုပ်ငန်းများတွင် နည်းစနစ် အပြောင်းအလဲများ ပြုလုပ်ခဲ့ပါသည်။

SWASSAID က ၎င်းတို့နှင့်အတူ လုပ်ကိုင်ခဲ့သည့် ဒေသတွင်း အဖွဲ့အစည်း (၆) ခုသည် စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ရရှိခဲ့ပြီး အဖွဲ့အားလုံးက ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများတွင် နည်းလမ်းအသစ်များကို အသုံးချကြသည်ဟု အစီရင်ခံပါသည်။ မိတ်ဖက်အဖွဲ့များ အနေဖြင့် စဉ်ဆက်မပြတ် အကဲဖြတ်စောင့်ကြည့်ရေးတွင် ပိုမိုထိရောက်လာပြီး ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များနှင့် ရည်မှန်း လူထုများအတွက် ၎င်းတို့၏ ထောက်ပံ့မှုကို တိုးတက်လာစေခဲ့သည်။ ထို့အပြင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်ဆံရာတွင် မိမိကိုယ်ကို ယုံကြည်မှုကို တိုးမြှင့်နိုင်ခဲ့သည်။

MERN သည် စီမံချက်ကာလတွင် အပြောင်းအလဲ (၆) ခုကို ရရှိရန် စီစဉ်ခဲ့ပြီး ၎င်းတို့အနက်မှ (၃) ခုကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့သည်ဟု သတင်းပို့ပါသည်။ ကနဦးတွင် MERN သည် လူထုအဖွဲ့အစည်း ဖွံ့ဖြိုးမှုအတွက် အပေါ်အောက် ချဉ်းကပ်နည်းကို အသုံးပြုခဲ့ပြီးနောက် ပါဝင်ဆောင်ရွက်သော ကျေးရွာအခြေပြု ဖွံ့ဖြိုးမှု ချဉ်းကပ်နည်းကို သုံးခဲ့သည်။ ရလဒ်အဖြစ် စီမံချက်ကို ပြန်လည် ရေးဆွဲပြီး ပိုမိုကောင်းမွန်သော စူးစိုက်မှုကို ဖန်တီးနိုင်ခဲ့သည်။ အပြောင်းအလဲ မတိုင်မီက MERN သည် လူထုအဖွဲ့အစည်း ဖွံ့ဖြိုးမှုအတွက် အပေါ်အောက် ချဉ်းကပ်နည်းကို အသုံးပြုခဲ့ပြီးနောက် ပါဝင်ဆောင်ရွက်သော ကျေးရွာအခြေပြု ဖွံ့ဖြိုးမှု ချဉ်းကပ်နည်းကို သုံးခဲ့သည်။ ရလဒ်အဖြစ် စီမံချက်ကို ပြန်လည်ရေးဆွဲပြီး ပိုမိုကောင်းမွန်သော စူးစိုက်မှုကို ဖန်တီးခဲ့သည့် အပြောင်းအလဲ မတိုင်မီက MERN ၏ မိတ်ဖက်များသည် စီမံချက်မန်နေဂျာမှတစ်ဆင့် ရန်ကုန်ရှိ သက်ဆိုင်ရာ ရုံးများ၏ ညွှန်ကြားချက်များကို ယူခဲ့သည်။ ဤအချက်က ကြီးမားသော လုပ်ငန်း မထိရောက်မှုကို ဦးတည်ခဲ့ပြီး စီမံချက်ကို ပိတ်ရလုနီးပါး ဖြစ်စေခဲ့သည်။ ယနေ့တွင်မူ ကွင်းဆင်း ဆောင်ရွက်သော စီမံချက်မန်နေဂျာကို စီမံချက်ကို ပိုမိုကောင်းမွန်စွာ အုပ်ချုပ်နိုင်စေရန် ဆုံးဖြတ်ချက် ချမှတ်ရန် အခွင့်အာဏာ ပိုမို ပေးအပ်ထားသည်။ ဤသည်မှာ MERN အတွက် အနာဂတ် စီမံချက်များတွင် အသုံးပြုလာနိုင်မည့် အရေးပါသော သင်ယူမှု ဖြစ်စဉ်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်အစောပိုင်းတွင် အကောင်အထည်ဖော်မည့် "အသိသာ အထင်ရှားဆုံး အပြောင်းအလဲ ဇာတ်လမ်းဖြစ်စဉ်" သည် ဤအညွှန်း အတွက် များစွာ အထောက်အကူပြုစေပါလိမ့်မည်။

## ၂.၃။ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း

LIFT အဖွဲ့အနေဖြင့် (၆) လတစ်ကြိမ် ၎င်း၏မိတ်ဖက်အဖွဲ့များကို လုပ်ငန်းအဆင့် (၂၃) ခု ပါဝင်သော အညွှန်းများနှင့် ပတ်သက်၍ အစီရင်ခံစာ ပေးပို့ရန် တောင်းဆိုခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်း တစ်ခုစီက ၎င်းတို့၏ စီမံချက်ရှိ တိကျသော ဆောင်ရွက်မှုများနှင့် ကိုက်ညီသော အညွှန်းများအတွက် အစီရင်ခံကြပါသည်။ Fund Manager က ကိန်းဂဏန်းများကို စုပေါင်းပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ရက်စွဲအရ ဤစဉ်ဆက်မပြတ် စစ်ဆေးသည့် အချက်အလက်များ၏ အနှစ်ချုပ်ကို ဇယား (၁၁) တွင် တင်ပြထားပါသည်။ ဤအချက်အလက်များသည် နိုင်ငံအဝန်း စီမံချက်၊ Delta (2) စီမံချက်နှင့် အခြားသော တိုက်ရိုက်ခွင့်ပြု ပေးအပ်သည် ဖြစ်စေ မြစ်ဝကျွန်းပေါ်ဒေသမှ စီမံချက် (၂) ခုမှ စုပေါင်း ကောက်ယူထားခြင်း ဖြစ်ပါသည်။ ဤအချက်အလက်များသည် ၂၀၁၁ ခုနှစ်တွင် ပိတ်သိမ်းခဲ့သော Delta (1) အစီအစဉ်မှလည်း ပါဝင်ပါသည်။

ဤအညွှန်းများကို ရည်မှန်းချက် ပန်းတိုင်၊ ရည်ရွယ်ချက်၊ အကျိုးရလဒ်အဆင့်များကို အထူးပြုသော LIFT Logical Framework ၏ အညွှန်းများနှင့် မရောထွေးသင့်ပါ။ ဇယား၏ ဒုတိယကော်လံက ၂၀၁၆ ခုနှစ်တွင် မိတ်ဖက်အဖွဲ့များ ရယူရန် ရည်ရွယ်ထားသည့် အညွှန်း တစ်ခုစီအတွက် ရည်မှန်းချက်များ ဖြစ်ပါသည်။ ဤရည်မှန်းချက်များသည် LIFT နှင့် စာချုပ်ချုပ်ဆိုထားပြီး ဖြစ်သည့် ရည်မှန်းချက်များ အပေါ်တွင် အခြေခံထားပါသည်။

ပါဝင်ကူညီမှု အားလုံးနီးပါးသည် လုပ်ငန်းဆောင်ရွက်မှု ဒုတိယနှစ်ကို စတင်ခဲ့ပြီး အချို့မှာ တတိယနှစ်ကို စတင်ပြီး ဖြစ်ပါသည်။ အောင်မြင်မှုများ (ညာဘက်မှ ကော်လံ ၂၊ ၃ ကို ကြည့်ပါ။) က အကျိုးရလဒ်အညွှန်း (၂၃)ခု အနက်မှ (၁၂) ခုတွင် ရည်မှန်းချက်ထက် ကျော်လွန်သည်ကို ပြသ နေပါသည်။



**ဇယား (၁၁) ၂၀၁၂ ခုနှစ် အကုန်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ထားသော စီမံကိန်းများ၏ အကောင်အထည်ဖော်ခြင်း တိုးတက်မှုအကျဉ်း**

| အညွှန်း သတ်မှတ်ချက်များ | မိတ်ဖက်အဖွဲ့များအတွက် ၂၀၁၆ စုပေါင်း ရည်မှန်းချက် | ၂၀၁၂ အတွင်း တိုးတက်မှု | ၂၀၁၂ အကုန်တွင် စုပေါင်း တိုးတက်မှု | |
|---|---|---|---|---|
| | | | အရေအတွက် | % |
| စီစဉ်ထားသော အလုံးစုံ ရည်မှန်းချက် (အိမ်ထောင်စုများ ၂ ကြိမ် ရေတွက်မိခြင်း မပါ) | | | | |
| တိုက်ရိုက် အကျိုးခံစားရသော အိမ်ထောင်စု အရေအတွက် | ၃၆၀,၈၉၀ | ၁၅၀,၂၉၁ | ၃၇၃,၅၂၀ | ၁၀၃% |
| အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု အရေအတွက် | ၁၄,၇၂၀ | ၁၇,၁၈၃ | ၂၀,၈၇၄ | ၁၄၂% |
| မသန်စွမ်းသူ ရှိသည့် အိမ်ထောင်စု အရေအတွက် | ၃,၆၇၆ | ၂,၃၄၄ | ၃,၄၀၈ | ၉၃% |
| စိုက်ပျိုးရေး ထုတ်လုပ်မှု (သီးနှံများ) | | | | |
| စိုက်ပျိုးရေး ထုတ်လုပ်မှုအတွက် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၉၉,၈၃၂ | ၄၂,၈၅၄ | ၁၀၂,၀၀၉ | ၁၀၂% |
| ဈေးကွက်အချက်အလက်နှင့်ချိတ်ဆက်မှုများရရှိသော အိမ်ထောင်စု အရေအတွက် | ၂၁,၀၅၉ | ၂၁,၅၂၃ | ၂၄,၈၄၇ | ၁၁၈% |
| မွေးမြူရေး ထုတ်လုပ်မှု | | | | |
| မွေးမြူရေး ထုတ်လုပ်မှုအတွက် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၁၆,၅၄၀ | ၆,၆၅၃ | ၁၆,၃၉၇ | ၉၉% |
| ရေလုပ်ငန်း ထုတ်လုပ်မှု | | | | |
| မွေးမြူရေး မဟုတ်သော ငါးဖမ်းယူမှုအတွက် ပံ့ပိုးခံရသော အိမ်ထောင်စုပေါင်း | ၆,၃၉၀ | ၃,၁၇၇ | ၇,၉၇၆ | ၁၂၅% |
| အခြား ဝင်ငွေရရှိရေး လုပ်ငန်းများ | | | | |
| အခြား ဝင်ငွေရရှိရေး လုပ်ငန်းများအတွက် ပံ့ပိုးခံရသော အိမ်ထောင်စုပေါင်း | ၁၇,၂၆၁ | ၂,၆၂၀ | ၁၇,၉၅၄ | ၁၀၄% |
| ချေးငွေ | | | | |
| စိုက်ပျိုးရေးအတွက် ချေးငွေ ရရှိသော အိမ်ထောင်စု အရေအတွက် (မွေးမြူရေးနှင့် စိုက်ပျိုးရေးနှင့် တွဲဖက်သော ရေလုပ်ငန်းတို့ အပါအဝင်) | ၁၃၄,၉၃၀ | ၆၁,၇၆၅ | ၆၉,၃၃၀ | ၅၁% |
| စိုက်ပျိုးရေးအတွက် မဟုတ်သော ချေးငွေ ရရှိသည့် အိမ်ထောင်စု အရေအတွက် | ၁၀၁,၈၄၀ | ၁၇,၁၄၂ | ၁၇,၈၄၉ | ၁၈% |
| လှည့်လည်စီးဆင်းသော ရန်ပုံငွေမှ ပံ့ပိုးမှု ရရှိသည့် အိမ်ထောင်စု အရေအတွက် | ၁၃,၅၉၄ | ၁၇,၂၁၁ | ၁၉,၃၂၃ | ၁၄၂% |
| သင်တန်း | | | | |
| အောက်ပါ သင်တန်းများ တက်ရောက်ခဲ့သူ စုစုပေါင်း | ၁၀၉,၆၈၂ | ၆၉,၅၅၇ | ၁၂၉,၅၅၄ | ၁၁၈% |
| စိုက်ပျိုးရေး (မွေးမြူရေးနှင့် ရေလုပ်ငန်းပါ) နှင့်ဆိုင်သော သင်တန်းတက်ခဲ့သူပေါင်း | ၄၇,၄၉၂ | ၄၁,၂၃၁ | ၆၀,၂၀၄ | ၁၂၇% |
| အခြားဝင်ငွေရရှိရေး လုပ်ငန်းဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူပေါင်း | ၁၃,၃၆၀ | ၁,၇၅၉ | ၉,၁၉၅ | ၆၉% |
| မွေးမြူရေး မဟုတ်သော ငါးဖမ်းလုပ်ငန်းဆိုင်ရာ သင်တန်း တက်ရောက်ခဲ့သူပေါင်း | ၅၄၈ | ၁၉၅ | ၁၉၅ | ၃၆% |
| သင်တန်းတက်ခွင့်ရခဲ့သော စိုက်ပျိုး/မွေးမြူရေးနှင့် ရေလုပ်ငန်း တိုးချဲ့လုပ်သားများ | ၅,၅၄၂ | ၁,၄၂၂ | ၆,၄၈၉ | ၁၁၇% |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး/ပြန်လည်ထူထောင်ရေး သင်တန်း တက်ခဲ့သူပေါင်း | ၉,၉၀၈ | ၆,၄၇၇ | ၉,၀၁၁ | ၉၁% |
| CBO စီမံခန့်ခွဲမှု စွမ်းရည်ဆိုင်ရာ သင်တန်း တက်ရောက်ခဲ့သူပေါင်း | ၃၂,၁၆၅ | ၁၈,၄၇၃ | ၄၄,၄၆၀ | ၁၃၈% |
| ငွေကြေးနှင့် လုပ်အား လဲလှယ်ခြင်း (CfW) | | | | |
| CfW ရရှိခဲ့သော person-days အရေအတွက် (ကျားရော မပါ) | ၂,၁၆၆,၉၇၄ | ၆၇၁,၁၁၆ | ၁,၀၄၅,၅၈၅ | ၄၈% |
| CfW ရရှိခဲ့သော အမျိုးသမီး person-days အရေအတွက် | ၆၇၂,၁၃၁ | ၂၄၆,၈၂၁ | ၄၁၁,၀၁၂ | ၆၁% |
| CfW မှတဆင့် ပံ့ပိုးမှု ရရှိခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၁၀,၅၉၈ | ၄၃,၂၂၇ | ၁၀၈,၁၃၀ | ၉၈% |
| (CfW, grants, စသည်တို့မှ) ပစ္စည်းနှင့် အခြေခံအဆောက်အဦများ ရရှိခြင်း | | | | |
| တည်ထောင်/ စွမ်းရည်မြှင့်ပေးခဲ့သော CBO အရေအတွက် | ၄,၀၁၉ | ၂,၉၂၄ | ၆,၃၉၁ | ၁၅၈% |





# ၃။ ဒေသများ


ရှေ့ပိုင်းအခန်းတွင် စီမံချက် (၆၆) ခု[33] ၏ စုပေါင်း အောင်မြင်မှုများကို ဖော်ပြခဲ့သည်။ ဤစီမံချက် (၆၆) ခုသည် စတင်ချိန်မှ၂၀၁၂ ခုနှစ် အဆုံးအထိ LIFT ၏ ရန်ပုံငွေများကို ရရှိခဲ့သည်။ ဤစီမံချက်များ အနက်မှ (၂၂) ခုသည် Delta (1) အစီအစဉ်မှ ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ပြီးစီးခဲ့သည့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှ တစ်နှစ် စီမံချက်များ ဖြစ်ကြသည်။ ဆက်လက်ဆောင်ရွက်ဆဲ စီမံချက် (၄၄) ခုမှ (၃ နှစ်ကြာ အချိန်သတ်မှတ်ထားသည့် စီမံချက်များ အပါအဝင်) အများစုသည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည်။ (၁၈) ခုမှာ ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည်။ စီမံချက်များအကြောင်းကို LIFT ၏ Website www.lift-fund.org တွင် ဖော်ပြထားပါသည်။

LIFT သည် နိုင်ငံ၏ အဓိက စိုက်ပျိုးစီးပွားဇုန်များပေါ်တွင် အခြေခံထားသည့် အောက်ပါ ဒေသကြီးလေးခုတွင် အဓိက လုပ်ငန်းဆောင်ရွက်နေပါသည်။

- ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ (ဤဒေသကို မြစ်ဝကျွန်းပေါ်ဒေသဟု ညွှန်းဆိုလေ့ ရှိသည်။)
- အပူပိုင်းဇုန် (မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်း တောင်ပိုင်းဒေသများ ပါဝင်သော အလယ်ပိုင်း မြေနိမ့်ဒေသ)
- တောင်တန်းဒေသ (ကုန်းမြင့်ဒေသများ ဖြစ်ကြသော ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်များ)
- ကမ်းရိုးတန်းဒေသ (ရခိုင်ပြည်နယ်)

စီမံချက် (၁၀) ခုသည် တစ်နိုင်ငံလုံး ဖြန့်ကျက်ရန် ရည်မှန်းထားသည်။

**Allocation of LIFT-funded project budgets by agro-ecological region (up to end 2012)**




33 ၂၀၁၂ ဒီဇင်ဘာ စာရင်းရှိ စီမံကိန်း စုစုပေါင်း- ၆၆ ခု - နိုင်ငံအဝှမ်း (၁၆ ခု); Delta 1 (၂၂ ခု); Delta 2 (၉ ခု); တိုက်ရိုက် ထောက်ပံ့မှု (၂ ခု); Learning and Innovation Window (၁၂ ခု); ရခိုင် (၁ ခု); Financial Inclusion Window (၄ ခု).

## ၃.၁ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ

### ဒေသ မိတ်ဆက်

မြစ်ဝကျွန်းပေါ်ဒေသတွင် အိမ်ထောင်စု ၂၅ ရာခိုင်နှုန်းအတွက် ဆန်စပါး စိုက်ပျိုးရေးသည် အဓိက ဝင်ငွေရလမ်းဖြစ်ပြီး ၁၂ ရာခိုင်နှုန်းအတွက် အဓိက ဝင်ငွေရလဒ်မှာ ငါးဖမ်းလုပ်ငန်း ဖြစ်သည်။ အိမ်ထောင်စုအားလုံး၏ ၄၅ ရာခိုင်နှုန်းနှင့် အဆင်းရဲဆုံး အိမ်ထောင်စုများ၏ ၆၈ ရာခိုင်နှုန်းသည် လယ်ယာ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြပြီး ၎င်းတို့သည် တစ်နေ့အတွက် အမေရိကန်ဒေါ်လာ (၁) ဒေါ်လာအောက် ရရှိကြကာ အဓိက ဝင်ငွေရလမ်းမှာ ကျပန်းလုပ်ခြင်း ဖြစ်သည်ဟု ဆိုသည်။[34]

မိုးစပါး စိုက်ပျိုးခြင်းသည် ဤဒေသ၏ အဓိက စီးပွားရေးမောင်းနှင်အား ဖြစ်ပြီး လယ်သမားများအတွက် ပထမ အရေးကြီးဆုံး စီးပွားရေးလုပ်ငန်း ဖြစ်ပြီး မြေယာမဲ့ အလုပ်သမားများအတွက် ဒုတိယ အရေးကြီးဆုံး စီးပွားရေးလုပ်ငန်း ဖြစ်သည်။ သို့သော် မိုးစပါး စိုက်ပျိုးခြင်းသည် နိမ့်ကျ၍ ဆက်လက်လည်း ကျဆင်းနေသော အထွက်နှုန်း၊ ညံ့ဖျင်းသော ပျိုးပင် အရည်အသွေး၊ ကုန်ကျစရိတ်ကြီးမားသော သွင်းအားစုများနှင့် ညံ့ဖျင်းသော ရိတ်သိမ်းနည်းပညာတို့နှင့် ဆန်စပါး လုပ်ငန်းနယ်ပယ်မှ လယ်သမား၊ ဆန်စက်ပိုင်ရှင်နှင့် အခြားသူများအတွက် တတ်နိုင်သော ဈေးငွေ မရရှိခြင်း တို့ကြောင့် အမြဲတမ်း အမြတ်အစွန်း ရနိုင်သည်မျိုး မဟုတ်ပါ။

လယ်သမား အများစုအနေဖြင့် ၎င်းတို့၏ ဆန်များကို စားသုံးသည်ထက် ရောင်းချရသည်က ပိုများပါသည်။ Mercy Corps ၏ လပွတ္တာမြို့နယ်တွင် ကနဦး လေ့လာမှုအရ ဆန်စပါး ၇၅ ရာခိုင်နှုန်းကို ဈေးကွက်တွင် ရောင်းချပြီး ၂၀ ရာခိုင်နှုန်းကို စားသုံးကြ၍ ၅ ရာခိုင်နှုန်းကို နောက်နှစ် ရာသီအတွက် မျိုးစပါး အဖြစ်ထားကြသည်။[35] တစ်ချိန်တည်းမှာပင် အိမ်ထောင်စုများသည် ၎င်းတို့ စိုက်ပျိုးသည်ထက် စပါးကို ပိုမို ဝယ်ယူကြရသည်။[36]


အထွက်တိုးရန်အတွက် အခွင့်အလမ်းများရှိသော်လည်း ၎င်းတို့မှာ မြစ်ဝကျွန်းပေါ်ရှိ စိုက်ပျိုးစီးပွားဇုန် ဒေသခွဲ (၃) ခုအလိုက် ကွဲပြားကြသည်။

- ရေချိုဇုန် (မြစ်ဝကျွန်းပေါ် အလယ်ပိုင်းမှ မြောက်ဘက်သို့) သည် လယ်ယာ စိုက်ပျိုးရေးအတွက် အလားအလာ ကောင်းများရှိသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကဖြစ်ပြီး လွှမ်းမိုးထားပြီး နွေစပါး၊ မိုးစပါး သီးထပ်စိုက်ပျိုးမှုသည် သိသာထင်ရှားသော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးသည်။ နွေစပါးအထွက်မှာ မိုးစပါးထက် (၂) ဆ ပိုမိုသည်။
- ရေငန်ဇုန် (မြစ်ဝကျွန်းပေါ် တောင်ပိုင်းအစပ်မှ ပင်လယ်နားထိ) သည် စိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် အလားအလာ နည်းပါးပြီး အဓိက စီးပွားရေးလုပ်ငန်းမှာ ငါးဖမ်းလုပ်ငန်းဖြစ်သည်။ အခြားလုပ်ငန်းများမှာ ပုဇွန်မွေးမြူခြင်း၊ ဆားချက်ခြင်း၊ မိုးစပါး စိုက်ပျိုးခြင်း (အရင်းအနှီး နည်းနည်းနှင့် အထွက်နည်းနည်းသာ ရသည်။) အသေးစား တိရစ္ဆာန် မွေးမြူရေးနှင့် ကြက်၊ ဘဲ မွေးမြူခြင်းတို့ဖြစ်သည်။
- ကြားဇုန်သည် ခြောက်သွေ့ရာသီအတွင်း ဖို့မြေနှင့် ကာရံထားခြင်း မရှိပါက ရေငန်များ ဝင်ရောက်နိုင်သော ဧရိယာကို ခေါ်သည်။ ဤဒေသတွင် ရေချိုမရှိပါက သီးထပ်စိုက်ပျိုးခြင်း မပြုနိုင်ပါ။



34 LIFT's Baseline Survey Report, 2012.
35 Mercy Corps baseline, 2011.
36 LIFT's Baseline Survey Report, 2012.

LIFT သည် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးပုံစံများကို မြေပုံဆွဲရန်အတွက် International Rice Research Insistute ကို ထောက်ပံ့ ပေးနေပါသည်။ အောက်ဖော်ပြပါ ပုံသည် IRRI ၏ ဘိုကလေး မြို့နယ်အတွက် ပုံကြမ်းဖြစ်ပြီး ဤဇုန်များအတွင်း နယ်နိမိတ်မျဉ်းများကို ရှင်းလင်းစွာ ပြသထားပါသည်။




## မြစ်ဝကျွန်းပေါ်ဒေသအတွင်း LIFT ၏ လုပ်ဆောင်ချက်များ

၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆိုင်ကလုန်း နာဂစ်၏ ဒဏ်ရာ ဒဏ်ချက်များကို ကုစားရန်အတွက် LIFT ၏ ရောဂတီ မြစ်ဂကျွန်းပေါ် ဒေသ ကနဦးလုပ်ငန်းများသည် နှစ်တိုပြန်လည်ထူထောင်ရေး စီမံချက်များကို ဦးစားပေးထောက်ပံ့ခဲ့သည်။ (Delta (1) ဟု ရည်ညွှန်းသည့်) အဆိုပြုချက်များအတွက် ပထမဆုံး ခေါ်ယူမှုသည် သီးခြားစီမံချက်များဖြစ်ပြီး အဆိုပြုချက်များ အကဲဖြတ်မှုနှင့် မိတ်ဖက်များနှင့် ညှိနှိုင်းမှုများက စီမံချက်များ အချင်းချင်း ပိုမိုပေါင်းစည်းရန် လိုအပ်မှုကို အလေးအနက်ထား ဖော်ပြခဲ့သည်။[37] ဤအချက်က LIFT ကို (Delta 2 ဟုရည်ညွှန်းသည်။) နှစ်ရှည်စီမံချက်များကို ထောက်ပံ့ပေးရန် ဖြစ်စေခဲ့သည်။ စီမံချက်များကြား ဆက်စပ်ပေါင်းစည်းမှုကို မြှင့်တင်ရန်အတွက် LIFT သည် ၎င်း၏ မိတ်ဖက်များကို ပိုမိုအစီအစဉ်ကျသော ချဉ်းကပ်မှုကို ဖော်ထုတ်နိုင်ရန်အတွက် မဟာမိတ်ဖွဲ့မှုများကို ကြိုးပမ်းဆောင်ရွက်ရန် အားပေးခဲ့သည်။ Fund Manager သည် ဤဒေသအတွက် Delta Coordinator ကို မိတ်ဖက်အဖွဲ့များကြား လုပ်ငန်း ပေါင်းစည်းမှုကို ကူညီရန်နှင့် သင်ခန်းစာများ မျှဝေမှုကို ကူညီရန် ခန့်ထားခဲ့သည်။

၂၀၁၂ ခုနှစ် အဆုံးပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ခုနစ်စီမံချက် (၁၃)[38] ခုရှိခဲ့ပြီး ၎င်းတို့အနက် အများစုမှာ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အားကောင်းရန် ပုံစံဆွဲထားသည်။ ၎င်းတို့အတွက် စုစုပေါင်း ရန်ပုံငွေ ဘတ်ဂျက် အမေရိကန် ဒေါ်လာ

37 LIFT သည် မြစ်ဝကျွန်းပေါ် ဒေသရှိ ရွာပေါင်း ၁၃၀၀ တွင် နာဂစ်ဆိုင်ကလုန်းကြောင့် ပျက်စီးသွားခဲ့သော ဆန်စပါး ထုတ်လုပ်ရေး လုပ်ငန်းများ ပြန်လည်တည်ဆောက်နိုင်ရေး ကူညီဆောင်ရွက်နိုင်ရန် မိတ်ဖက်အဖွဲ့ ၂၂ ဖွဲ့အား ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ရန်ပုံငွေများ ချထားပေးခဲ့သည်။ ယင်းစီမံကိန်းများ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို LIFT ၏ ၂၀၁၁ နှစ်ချုပ် အစီရင်ခံစာနှင့် Delta I ပြန်လည်သုံးသပ်ခြင်း အစီရင်ခံစာတို့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

38 Delta II အစီအစဉ်အောက်ရှိ စီမံကိန်း ၉ ခု၊ တိုက်ရိုက်ထောက်ပံ့သော စီမံကိန်း ၂ ခု၊ မြန်မာ့ ဆန်စပါးဝန်းကျင်ကို ဖော်ထုတ်ရန် အာရုံစိုက်သည့် IRRI စီမံကိန်းတစ်ခု အပါအဝင် မြစ်ဝကျွန်းပေါ် ဦးစားပေး L&I Window အောက်ရှိ စီမံကိန်း ၂ ခုတို့သည် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုံ နှစ်ခုလုံးတွင် လုပ်ကိုင်နေကြသည်။ ၂၀၁၂ ခုနှစ်တွင်မှ စတင်ခဲ့သော UNDP/Pact၊ Proximity Designs၊ ရတနာရောနှင့် IRRI စီမံကိန်းတို့မှအပ မြစ်ဝကျွန်းပေါ် ဒေသရှိ LIFT စီမံကိန်း အများစုသည်၂၀၁၁ ခုနှစ် တတိယ ၃ လပတ်အတွင်း စတင်ခဲ့ကြသည်။

၂၃.၅ သန်းရှိပြီး ၁၃.၄ သန်းကို လယ်ယာစိုက်ပျိုးရေး (ရလဒ် (၁)) အတွက် ခွဲဝေ သုံးစွဲခဲ့သည်။ LIFT ၏ လပွတ္တာ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်း မြို့များမှ စီမံချက်များသည် လယ်သမားများသို့ ချေးငွေ ထုတ်ချေးသော Pact ၏ အသေးစားချေးငွေလုပ်ငန်းမှ ကူညီမှုဖြင့် အမြတ်ရရှိမှုနှင့် စိုက်စပါး ထုတ်လုပ်မှုကို တိုးတက်စေခဲ့သည်။ Proximity Designs က လယ်သမားများနှင့် ထုတ်လုပ်သူများ အတွက် ဈေးကွက်လက်လှမ်းမီ တိုးတက်စေရန်အတွက် အလုပ်အတွက် ငွေကြေးစီမံချက်ဖြင့် အငယ်စား အခြေခံ အဆောက်အဦများ တည်ဆောက်ရန် အာရုံစိုက် လုပ်ဆောင်ခဲ့သည်။ ဤစီမံချက် (၁၃) ခု အနက်မှ အများစုကို ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုး ခဲ့သော်လည်း မိတ်ဖက်အဖွဲ့ အများအပြားမှာ ၂၀၁၁ ခုနှစ် မိုးစပါးစိုက်ကာလအတွက် လယ်သမားများကို အချိန်မီ ပံ့ပိုးနိုင်ခြင်း မရှိခဲ့ပါ။ သို့သော်လည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မိတ်ဖက်များ၏ မိုးစပါးအတွက် စိုက်ပျိုးရေး တိုးချဲ့လုပ်ငန်းများမှာ မြို့နယ် (၃) မြို့နယ်တွင် ကောင်းမွန်စွာ တည်ထောင်ပြီး ဖြစ်ပါသည်။

LIFT ၏ မြစ်ဝကျွန်းပေါ် စီမံချက်များကို ထောက်ပံ့ရန်နှင့် အကျိုးရလဒ်များကို တိုးမြှင့်စေရန်အတွက် အမေရိကန်ဒေါ်လာ ၃.၆ သန်း တန်ဖိုးရှိ (IRRI နှင့် ActionAid) (၃) နှစ် ထပ်တိုးစီမံချက် နှစ်ခုကို ၂၀၁၂ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့သည်။ LIFT သည် IRRI ကို LIFT ၏ မိတ်ဖက်များအား နည်းပညာအကူအညီ ထောက်ပံ့ပေးရန်နှင့် ဆားငန်ရေနှင့် ကြာရှည်စွာ ရေမြုပ်ခြင်းကို ခံနိုင်သော စပါးမျိုးစေ့များကို ရွေးချယ်ခြင်းအတွက် ကြီးကြပ်ပေးရန် စာချုပ်ချုပ်ဆိုခဲ့သည်။ IRRI နှင့် ဆက်သွယ်ခြင်းနှင့် ၎င်း၏ မိတ်ဖက်ဆောင်ရွက်မှုတို့က Delta (2) အစီအစဉ်ကို နိုင်ငံ၏ သုတေသနနှင့် တိုးချဲ့ခြင်းစနစ်နှင့် ချိတ်ဆက်ပေးခဲ့သည်။

ရေချိုနှင့် ကြားဇုန်များတွင် LIFT သည် စပါးစိုက်ပျိုးရေး လုပ်ငန်းများကို ဦးစားပေးခဲ့သည်။ ရေငန်ဇုန်တွင် LIFT ၏ လုပ်ငန်းများသည် ဒီရေတော ထိန်းသိမ်းရေးနှင့် ငါးထုတ်ကုန်လုပ်ငန်း၊ ဈေးကွက်မြှင့်တင်ခြင်း လုပ်ငန်းတို့ကို ဦးတည်ခဲ့သည်။ ရေငန် ဝင်ရောက်မှု ရှိသော်ငြားလည်း မြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသတွင် စိုက်ပျိုးရေးကို မြှင့်တင်ရန် ကြိုးပမ်းခဲ့သည်။ အမှန်တကယ်တွင် LIFT က လုပ်ငန်း လုပ်ဆောင်နေသော ကျေးရွာ အများစုသည် ကြားဇုန်တွင် ရှိပြီး ခြောက်သွေ့ရာသီတွင် ရေချိုရရှိမှုမှာ အကန့်အသတ်ရှိသည်။[39] အခြေခံ စစ်တမ်းတွင် ပါဝင်သော မြစ်ဝကျွန်းပေါ်မှ (၄၁) ရွာအနက် ၂၂ ရာခိုင်နှုန်းသာ ခြောက်သွေ့ရာသီ သီးနှံများကို ရေသွင်း စိုက်ပျိုးရန် ရေချိုရရှိနိုင်သည်။ သို့သော်လည်း လယ်သမားများသည် လက်ဖြင့် ရွှေ့ပြောင်း စိုက်ပျိုးနည်း၊ အထူးသဖြင့် တစ်ပင်ချင်း ရွှေ့ပြောင်း စိုက်ပျိုးနည်းကို ဤနည်းများ၏ အားသာချက်များကို သိသော်လည်း အသုံးပြုရန် နှေးကွေးနေကြသည်။ ဤအတွက် အဓိက အကြောင်းရင်းများမှာ - မြစ်ဝကျွန်းပေါ်ဒေသ (အထူးသဖြင့် တောင်ပိုင်းဒေသ) တွင် လယ်ရှိရေကို လုံလောက်စွာ စီမံခန့်ခွဲခြင်း မပြုနိုင်မှု၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်းအတွက် လုံလောက်သော ကျွမ်းကျင်လုပ်သားများကို ပို့ဆောင်ပေးရန် အခက်အခဲရှိမှု၊ လိုအပ်သော သွင်းအားစုများအတွက် ပေးချေရန် တတ်နိုင်သော ချေးငွေရရှိမှု နည်းပါးမှုတို့ ဖြစ်ပုံပေါ်ပါသည်။ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာရန်အတွက် နှစ်အနည်းငယ် ကြာကောင်းကြာနိုင်ပါသည်။

IRRI က "ရေငန်ဒေသတွင် (၂) သီး စိုက်ပျိုးရန် ဖြစ်နိုင်ချေမှာ ဒေသ၏ စီးပွားရေးတွင် ကြီးမားသော အောင်မြင်မှု ဖြစ်နိုင်ပါသည်ဟု အစီရင်ခံပါသည်။ IRRI ၏ အစီအစဉ်မှာ စပါး (၂) မျိုး စိုက်ပျိုးနိုင်ရန်အတွက် သင့်လျော်သော စပါးမျိုးများကို တွေ့ရှိရန် ဖြစ်ပြီး ၎င်း (၂) မျိုးမှာ ကာလတိုခံသော အမျိုးအစား (မိုးရာသီတွင် စိုက်ရန်) နှင့် ဆားဓာတ်ခံနိုင်သော အမျိုးအစား (နွေရာသီ စိုက်ရန်) တို့ ဖြစ်သည်။ IRRI ၏ ကနဦး အစီအစဉ်မှာ ကျေးရွာ (၆) ရွာတွင် စမ်းသပ်မှုများကို စတင်ရန် ဖြစ်သည်။

LIFT က ရန်ပုံငွေ ထောက်ပံ့ပေးသော ဤသုတေသနလုပ်ငန်းသည် လက်ရှိ ဆားဒဏ်ခံနိုင်သည့် မျိုးစိတ်များကို ထုတ်လုပ်ရန်နှင့် လူသိ များလာစေရန် အခြားမိတ်ဖက်များ၏ လက်ရှိ ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်ပေးပါသည်။ IRRI သည် အထွက်နှုန်း မြင့်မားသည့် ဆားဒဏ်နှင့် ရေမြုပ်ဒဏ် ခံနိုင်သော မျိုးကွဲ (၁၆) ခုကို စမ်းသပ်ရန် WHH/GRET နှင့် Mercy Corps တို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ ပါသည်။ ဤလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် မျိုးကွဲပေါင်း (၂၀) အထိ တိုးချဲ့သွားမည်ဖြစ်ပါသည်။

အရည်အသွေးမြင့် စပါးမျိုးစေ့များ အမြောက်အများ ပွားများခြင်းအတွက် အထောက်အပံ့ပေးမှုကို ဆောင်ရွက်နိုင်ခဲ့မှုကြောင့် စုစုပေါင်း စပါးအထွက်နှုန်း အနည်းဆုံး ၂၃,၅၀၀ တင်းအထိ ရှိခဲ့သော်လည်း မြို့နယ် (၃) မြို့နယ်အတွက် လိုအပ်ချက်နှင့် နှိုင်းယှဉ်လျှင် အလွန် နည်းနေပါသေးသည်။ ဤလုပ်ငန်းများကို တိုးချဲ့ခြင်းမှာလည်း သဘောတူညီထားပြီး ဖြစ်သည့် လုပ်ထုံးလုပ်နည်းများနှင့် မျိုးစေ့ စိုက်ပျိုးသူများ၏ အားကောင်းသော အရည်အသွေး ထိန်းချုပ်မှု ကင်းမဲ့ခြင်းတို့ကြောင့် ဆောင်ရွက်ရန် မလွယ်ကူသည့်ပုံ ပေါ်ပါသည်။ LIFT အနေဖြင့် IRRI နှင့် ပူးပေါင်းလျှက် မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်မည့် နည်းလမ်းများကို ရှာဖွေ သွားပါမည်။

စွမ်းရည်တည်ဆောက်ရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနနှင့် အခြားသော အဖွဲ့အစည်းများဖြစ်သည့် AVSI၊ LEAD၊ Mercy Corps၊ Ar Yone Oo Relief and Development (AYO)၊ World Concern၊ UNDP နှင့် CDN တို့သည် IRRI မှ ပို့ချသည့် Participatory Va-

39 ဒီရေနှင့် ရာသီဥတုတို့ကြောင့် မည်သည့်မြေဆီလွှာက ချိုသည်/အငန်စွက်သည်/ဆားငန်ရေဖြစ်သည်၊ မည်သည့်နေရာတွင် စ၍ မည်သည့်နေရာတွင် ဆုံးသည်ကို ရှင်းရှင်း လင်းလင်း သတ်မှတ်ရန် ခက်ခဲလှသည်။ စံသတ်မှတ် ဖွင့်ဆိုချက်မျိုး မရှိဘဲ ရွာတစ်ရွာတည်းမှ လူချင်းပင်လျှင် ပြောပြပုံချင်း ကွဲပြားနေသည်။ သို့သော်လည်း IRRI က ယင်းမြေဆီလွှာ အမျိုးအစား ၃ မျိုးအတွင်း အကျုံးဝင်သည် ဇရိယာများကို ဖော်ထုတ်သတ်မှတ်နိုင်ရေး လေ့လာချက်တစ်ခုကို ထုတ်ဝေနိုင်ရန် ကြိုးပမ်းနေသည်။

rietal Selection (PVS) နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို တက်ရောက်ခဲ့ကြပါသည်။ IRRI သည် မိတ်ဖက်အဖွဲ့အများစုက ဝယ်ယူကြသည့် ရိတ်သိမ်းချိန်လွန် အရည်အသွေး တိုင်းတာရေး ပစ္စည်းများကိုပါ မိတ်ဆက်ပေးခဲ့ပါသည်။ ဤမိတ်ဖက်အဖွဲ့များက PVS သင်တန်းတွင် တက်ရောက်ခဲ့ကြသော လယ်သမားများကို ဖော်ပြခဲ့ကြပါသည်။ ယခုနှစ်တွင် အခြားသော မိတ်ဖက်အဖွဲ့များ၏ ပံ့ပိုးမှုဖြင့် လယ်ကွင်းများတွင် baby trials များကို တည်ထောင်သွားမည် ဖြစ်ပါသည်။

Proximity Designs၊ WHH/GRET နှင့် ရတနာရောတို့၏ အဆိုအရ ၂၀၁၂ ခုနှစ်တွင် မုတ်သုံစပါး ထုတ်လုပ်မှုမှာ ဆိုးရွားသော ရာသီဥတု အခြေအနေကြောင့် ပျမ်းမျှထက် လျော့နည်းခဲ့သည်ဟု သိရပါသည်။ ၂၀၁၂ ခုနှစ်တွင် မိုးဦးစောခြင်းနှင့် ရေကြီးခြင်းတို့က လပွတ္တာမြို့နယ် တောင်ပိုင်းတွင် သီးနှံများကို ထိခိုက်စေခဲ့ပါသည်။ လယ်သမားအများစု၏ အထွက်နှုန်းမှာ ၎င်းတို့၏ ပျမ်းမျှအဆင့်ထက် လျော့နည်းခဲ့ပြီး အချို့မှာ သီးနှံအားလုံး ဆုံးရှုံးခဲ့ကြပါသည်။ မြောက်ပိုင်းဒေသများတွင် ရေကြီးသည့်ပြဿနာ မရှိခဲ့သောကြောင့် သီးနှံ ပိုမိုထွက်ရှိခဲ့သည်ဟု အစီရင်ခံကြပါသည်။ သို့သော်လည်း မိုးရာသီအလွန် နှောင်းမိုး ရွာသွန်းမှုကြောင့် သီးနှံအများစု ပျက်စီးခဲ့ပါသည်။ AHO က အစီရင်ခံသည်မှာ ၎င်းတို့ ကွင်းဆင်း စစ်ဆေးမှုချက်များအရ စပါးအနည်းဆုံး ၁၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးပြီး ၃၀ ရာခိုင်နှုန်းမှာ အရည်အသွေး ညံ့ဖျင်းကာ သာမန်ပေါက်ဈေးထက် ထက်ဝက်ခန့် လျှော့ရောင်းခဲ့ရသည်ဟု ဆိုပါသည်။ WHH နှင့် GRET တို့သည် ၂၀၁၂ ခုနှစ် ခြောက်သွေ့ရာသီတွင် ပဲလွန်း စိုက်ပျိုးခြင်းကို လယ်သမား (၂၆) ယောက်နှင့် စမ်းသပ်ခဲ့ပါသည်။ သို့သော် လယ်သမားများက (စပါး ရိတ်သိမ်းချိန်နှင့် တိုက်နေသောကြောင့်) သင့်လျော်သော လတွင် စိုက်ပျိုးခြင်း မပြုခဲ့သဖြင့် အထွက်နှုန်း နည်းခဲ့ပါသည်။ ထို့အပြင် လယ်သမားများက အညွှန်းအတိုင်း ပဲလွန်းပင်များကို ရေလောင်းခြင်း၊ မြေသြဇာကျွေးခြင်း မပြုလုပ်ခဲ့ကြပါ။ ပိုးမွှားများ ကျရောက်ခြင်းနှင့် ဆားငန်ရေများ ဝင်ရောက်ခြင်းတို့ပါ ဖြစ်ခဲ့ပါသည်။ ဤအချက်များကြောင့် ဤဒေသတွင် လယ်သမားများက ပဲလွန်းများကို စိုက်ပျိုးခြင်းမပြုကြတော့ပါ။

မိတ်ဖက်အဖွဲ့ (၄) ဖွဲ့ WHH/GRET၊ Mercy Corps၊ ရတနာရောနှင့် AVSI တို့သည် စိုက်ပျိုးရေး သွင်းအားစုများကို အမြောက်အမြား အလုံးအရင်းဖြင့် ဝယ်ယူခြင်း၊ ရိတ်သိမ်းပြီးချိန် စီမံခန့်ခွဲမှု ပါဝင်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ စုပေါင်း ပိုင်ဆိုင်ခန့်ခွဲမှုနှင့် ထုတ်ကုန်များကို ဈေးကွက်တင် ရောင်းချမှုတို့ကို ဆောင်ရွက်ရန် လယ်သမားအဖွဲ့အစည်း အသစ်များကို ထောက်ပံ့ပေးနေသည်။ ပေါ်ပေါက်လာသော လေ့လာရန် သင်ခန်းစာများမှာ (၁) သွင်းအားစုများကို စုပေါင်း၍ ဝယ်ယူခြင်းက လယ်သမားများအနေဖြင့် ငွေကြေး စုဆောင်းမိလာစေခြင်း၊ (၂) ဤအုပ်စုများက စက်ပစ္စည်းများကို ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှုကို လုပ်ဆောင်ရန် မတတ်နိုင်၍ (သို့မဟုတ်) စိတ်မပါ၍ စိုက်ပျိုးရေး စက်ပစ္စည်းများ စုပေါင်းပိုင်ဆိုင်ခန့်ခွဲမှု အတွေ့အကြုံများမှာ စိတ်ပျက်ဖွယ်ဖြစ်ခြင်း၊ (၃) တစ်ရွာချင်းကို ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများကို တည်ထောင်ရန်ထက် ရွာပေါင်းများစွာကို ဝန်ဆောင်မှု ပေးနေသော လယ်သမား အဖွဲ့အစည်းများမှာ တည်ထောင်ရန် ပိုမိုခက်ခဲခြင်းတို့ဖြစ်သည်။

Pact သည် လယ်သမားပေါင်း ၅၀၀၀ ကို ရောက်ရှိသော ၎င်း၏ LIFT က ရန်ပုံငွေ ထောက်ပံ့သော မိုးရာသီ ချေးငွေများကို ၂၀၁၂ ခုနှစ်တွင် ထုတ်ပေးခဲ့သည်။ ချေးငွေရယူလိုမှု အားကောင်းခဲ့ပြီး ပြန်လည်ပေးဆပ်မှုမှာ အသင့်အတင့်ရှိသည်။ သို့သော် ချေးငွေ ပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းများမှာ လယ်သမားများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များကို ဈေးအများဆုံးရအောင် ရောင်းချရာတွင် အချိန်ကိုက် ဖြစ်စေရန်အတွက် လုံလောက်သော အလျော့အတင်း လုပ်နိုင်မှုကို မပေးပါ။ WHH/GRET သည် ဤပြဿနာကို ကိုင်တွယ်ရန်အတွက် (လယ်သမားများ အနေဖြင့် အပေါင်အဖြစ် သိမ်းထားသော စပါး၏ တန်ဖိုးအတွက် ချေးငွေရသော) inventory credit ကို မိတ်ဆက်ပေးခြင်း ပြုလုပ်ခဲ့သည်။ ဤစနစ်က လယ်သမားများကို ၎င်းတို့၏ ထွက်ကုန်များကို မြင့်မားသော ဈေးနှုန်း ရသည်အထိ စောင့်ဆိုင်း ရောင်းချနိုင်စေသည်။

## လယ်ယာစိုက်ပျိုးရေး တိုးချဲ့လုပ်ငန်းများ

LIFT ၏ မိတ်ဖက်အဖွဲ့များက လုပ်ကိုင်သောလယ်ယာစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများမှာ အဓိက အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်နှင့် စပါးအထွက် နှုန်းတိုးရန် ၊ အရည်အသွေးမြှင့်ရန်အတွက် ရေးဆွဲထားသော လုပ်သားအင်အားအများအပြားအသုံးပြုသည့် ဆန်စပါးစိုက်ပျိုးရေးကို အဓိကရည်မှန်းသည်။ WHH/GRET နှင့် Radanar Ayar တို့သည်လယ်သမားများကို SRI (System of Rice Intensification)[40] စနစ်ကိုအသုံးပြုရန် တိုက်တွန်းသည်။ ဤစနစ်တွင် မျိုးခြားစိုက်ပျိုးခြင်း သို့မဟုတ် ရေနက်တွင်စိုက်ပျိုးရသော တုတ်ထိုး စိုက်ပျိုးခြင်းမှ လိုင်းကြောင်းအတိုင်း အစိပ်အကျဲညီစွာ ပျိုးပင်ငယ်များနှင့် တစ်ပင်ချင်း သို့မဟုတ် အပင်များစွာ လက်ဖြင့် ပြောင်းရွှေ့ စိုက်ပျိုးခြင်းကို ပြောင်းလဲအသုံးပြုသည်။ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို အသုံးပြုလျှင် ရရှိသော အားသာချက်များမှာ ပျိုးကြဲ

40 System of Rice Intensification (SRI) ဆိုသည်မှာ လယ်ယာမြေမှ ထုတ်လုပ်သော စပါးအထွက်နှုန်း တိုးမြှင့်ရန် ရည်ရွယ်သည့် နည်းစနစ်တစ်ခု ဖြစ်သည်။ SRI မူများတွင် အနိမ့်ဆုံး ပံ့ပိုးရမည့် ရေပမာဏနှင့် အလွန်နုနယ်သော မျိုးစေ့ငယ်များကို လေးထောင့်ပုံသဏ္ဍာန် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ပါဝင်သည်။ Cornell University ၏ အဆိုအရ SRI ၏ အဓိက မူများမှာ

- စပါးမျိုးစေ့များကို ၁၅ ရက်သားထက် ငယ်ပြီး အစေ့ရွက် ၂ ရွက်သာ ရှိသေးချိန်တွင် အမြစ်မထိခိုက်ရန် အထူးဂရုစိုက်၍ ရွှေ့ပြောင်း စိုက်သင့်သည်။
- အမြစ်နှင့် မြေပေါ်ပိုင်း ပိုမို ကြီးထွားနိုင်ရန်နှင့် အရွက်တိုင်း နေရောင်ခြည် ရရှိစေရန် နေရာလွတ် ကျယ်ကျယ်ဖြင့် တစ်ပင်ချင်းစီ စိုက်ပျိုးသင့်သည်။
- စပါးခင်း၏ မြေဆီလွှာ၏ စိုထိုင်းဆကို ထိန်းသိမ်းထားပြီး အောက်ဆီဂျင် ပြတ်လပ်မှု နည်းနိုင်သမျှ နည်းအောင် ထားခြင်းဖြင့် အမြစ် ကြီးထွားမှုကို အားပေးပြီး ကြီးထွားမှုကို အထောက်အကူ ဖြစ်စေသင့်သည်။

အခြား အလေ့အထများသည် ဤပင်မ မူများနှင့် ဆက်နွယ်နေသည်။ (high density nursery, line transplanting, regular mechanical weeding, နှင့် soil oxygenation, fertilization).

စိုက်ပျိုးခြင်းနှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်း တိုးခြင်းနှင့် ပျိုးစေ့နည်းပါးစွာ သုံးရခြင်း စသည့် အားသာချက်များ ထင်ရှားသည်။ Fund Manager ၏ ကွင်းဆင်းခရီးစဉ်အတွင်း တွေ့ဆုံမေးမြန်းခဲ့သော လယ်သမားများ၏ အဆိုအရ တစ်ဧကအတွက် ပျိုးကြဲရသော နှုန်းမှာ ၄၀ မှ ၅၀ ရာခိုင်နှုန်းကို လျော့နည်းနိုင်သည်။ WHH/GRET ၏ အစီရင်ခံချက်အရ စပါးအထွက်နှုန်း ၂၀ မှ ၅၀ ရာခိုင်နှုန်းအထိ တိုးသည်ဟု သိရသည်။

**ဇယား (၁၂) WHH/GRET မှ တင်ပြလာသော SRI စံပြစိုက်ကွက် ၅ ခုမှ စပါးအထွက်နှုန်း**

| နည်းစနစ် | ပျမ်းမျှ အထွက်နှုန်း (တစ်ဧကထွက် တင်း) | ပျိုးကြဲခြင်းနှင့် ယှဉ်လျှင် အထွက်တိုးသည့် % |
|---|---|---|
| ပျိုးကြဲခြင်း | ၃၉ | - |
| လက်ဖြင့် ရွှေ့စိုက်ခြင်း (မျိုးစေ့ ၂ စေ့မှ ၃ စေ့) | ၄၆ | ၁၈% |
| တစ်ပင်ချင်း ရွှေ့စိုက်ခြင်း | ၆၁ | ၅၆% |

ဖော်ပြပြီးသောအားသာချက်များအပြင်မြစ်ဝကျွန်းပေါ်မှလယ်သမားများသည်လက်ဖြင့်စိုက်ပျိုးခြင်းကိုအသုံးပြုရန်နှောင့်နှေးကြပါသည်။ အထူးသဖြင့် တစ်ပင်ချင်း ပြောင်းရွှေ့စိုက်ပျိုးမှုကို ကျင့်သုံးရန် နှေးကွေးကြပါသည်။ ၎င်းအတွက် အဓိကအကြောင်းအရင်းမှာ

- <u>မြစ်ဝကျွန်းပေါ်ဒေသတွင် လယ်ရှိရေကို လုံလောက်စွာ စီမံခန့်ခွဲခြင်း မပြုနိုင်မှု</u> - မြစ်ဝကျွန်းပေါ် တောင်ပိုင်းတွင် ပတ်ဝန်းကျင် အနေအထားက ဆားငန်ရေ ဝင်ရောက်မှုနှင့် ရေနစ်မြုပ်နိုင်မှုတို့အပြင် ၎င်းစပါး ထုတ်လုပ်ခြင်းအတွက် လုပ်သား အခြေအနေ နည်းပါးသည်။ ရေလွှမ်းမိုးနိုင်သော နေရာများတွင် ပျိုးပင်ငယ်များမှာ ရေလွှမ်းမိုးမှု ခံရနိုင်ပြီး လယ်သမားများ အနေဖြင့် ရေနက်တွင် ပြောင်းရွှေ့ စိုက်ပျိုးရဖွယ် ရှိနိုင်သည်။ စပါးကွင်း ရေပမာဏကို မထိန်းသိမ်းနိုင်မှုက လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးမှု၊ အောင်မြင်မှု အလားအလာများကို ကန့်သတ်ထားသည့် လယ်မြေများကို ကာကွယ်ရန် တာတမံများ တည်ဆောက်ခြင်းနှင့် ခြောက်သွေ့ရာသီတွင် ရေချိုများကို ထိန်းသိမ်းထားရန် ရေကာတာများ ဆောက်လုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှု အကြီးအကျယ် လိုအပ်သည်။
- <u>ရွှေ့ပြောင်းစိုက်ပျိုးခြင်းအတွက် လုံလောက်သော ကျွမ်းကျင်လုပ်သားများကို ပို့ဆောင်ပေးရန် အခက်အခဲရှိခြင်း</u> - တစ်ပင်ချင်း စိုက်ပျိုးခြင်းနှင့် လက်ဖြင့် ရွှေ့ပြောင်း စိုက်ပျိုးခြင်းသည် လုပ်သားအင်အား အများအပြား လိုအပ်ပြီး မကြာခင်နှစ်များတွင် လုပ်အားခများမှာ တရိပ်ရိပ် တက်လာခဲ့သည်။ လက်ဖြင့် စိုက်ပျိုးခြင်းသည် ကျွမ်းကျင်မှု လိုအပ်သည်။ ၎င်းကျွမ်းကျင်မှုမျိုး ဒေသခံ လယ်သမားများ၌ မရှိချေ။ လယ်သမားများသည် ပိုမို၍ အတွေ့အကြုံရင့်သော ပို၍ ဈေးကြီးပေးရသော အခြားဒေသမှ လယ်သမားများကိုရှာဖွေခန့်ထားလေ့ရှိသည်။AVSIက၎င်းအချက်ကိုရှောင်လွဲနိုင်ရန်အတွက်အမျိုးသမီးအလုပ်သမားအုပ်စုများကို ရွာခြောက်ရွာမှ စည်းရုံးဖွဲ့စည်းပြီး စပါးမျိုးစေ့ ပွားခြင်းအတွက် ပြောင်းရွှေ့စိုက်ပျိုးရန် ဆောင်ရွက်ခဲ့သည်။ ရတနာရောနှင့် WHH/GRET သည် ပိုမို အခြေအနေကောင်းသော လယ်သမားများသည် အလုပ်သမားအုပ်စုများကို စုစည်း သင်တန်းပို့ချနိုင်ခဲ့သည်ဟု တွေ့ရှိကြသည်။ ရတနာရောက အစီရင်ခံသည်မှာ လယ်မဲ့ယာမဲ့ မိသားစုများမှ အမျိုးသမီးများသည် ၎င်းတို့အနေဖြင့် ပြောင်းရွှေ့ စိုက်ပျိုးခြင်းမှ တစ်ရာသီတွင် ဒေါ်လာ ၇၀ မှ ၁၁၇ ဒေါ်လာခန့်အထိ မြင့်မားသော လုပ်ခများရကြသည်ဟု ဆိုသည်ဟု သတင်းပို့သည်။
- <u>လိုအပ်သော သွင်းအားစုများအတွက် ပေးချေရန် တတ်နိုင်သော ချေးငွေများရရှိမှုနည်းပါးခြင်း</u> - လယ်သမားများသည် ရွှေ့ပြောင်း စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များကို ကာမိရန် မိုးရာသီနှင့် ခြောက်သွေ့ရာသီများအတွက် Pact ထံမှ ပိုမိုကြီးမားသော ချေးငွေများ ရရှိရန် တောင်းဆိုနေကြပါသည်။ Pact က ၎င်းအနေဖြင့် ၂၀၁၃ ခုနှစ်တွင် တစ်ဧကလျှင် အမေရိကန်ဒေါ်လာ (၂၁၁) နှုန်းဖြင့် အများဆုံး (၅) ဧကအထိ နွေစပါးအတွက် ပိုမိုကြီးမားသော ချေးငွေများ ထုတ်ပေးမည်ဟု ကြေငြာထားပါသည်။ ယခင်ကမူ တစ်ဧကလျှင် ၁၇၆ အမေရိကန် ဒေါ်လာနှုန်းဖြင့် အများဆုံး (၃) ဧကအထိ ထောက်ပံ့ခဲ့ပါသည်။ ၎င်းငွေကြေးထဲမှ မည်မျှ ပမာဏကို လုပ်အားအတွက် အသုံးပြုမည်ကို စောင့်ကြည့်ရမည် ဖြစ်ပါသည်။

ပိုမိုလိုလားဖွယ် ဖြစ်လျှင်သော်မှ ၎င်းနည်းစနစ်ကို ကျယ်ပြန့်စွာ သုံးစွဲကြရန် နှစ်အနည်းငယ် ကြာမြင့် ပါလိမ့်မည်။ ယခု လောလောဆယ် တွင်မူ လယ်သမားအများစုက အခြားသူများ စမ်းသပ်ကြသည်ကို စောင့်ကြည့်ပြီး ၎င်းတို့ကိုယ်တိုင် အနည်းငယ်သာ စမ်းသပ် ကြိုးစား ကြည့်ချင် ကြပါသည်။ အခြားဗျူဟာ တစ်ရပ်မှာ မျိုးစေ့ချရာနှင့် အပင်လိုက် ရွှေ့ပြောင်း စိုက်ပျိုးရန်အတွက် လုပ်အား သက်သာစေသော စက်ပစ္စည်းများ အသုံးပြုခြင်းကို အားပေးရန် ဖြစ်ပါသည်။ ရွှေ့ပြောင်းစိုက်ပျိုးခြင်းအတွက် အချိန်အနည်းငယ်သာ ရရှိသည့် အခြေအနေတွင် အချိန်နှင့် ငွေအရင်းအနှီးက အဟန့်အတား ပြုခံရသည့် လယ်သမားများအတွက် နွေစပါးစိုက်ပျိုးရာတွင် လုပ်အား သက်သာစေသော စက်ပစ္စည်းများသည် သင့်လျော်ပါသည်။ WHH/GRET နှင့် Yadana Ayar တို့သည် drum seeder[41] အသုံးပြုမှုကို စမ်းသပ်ခဲ့ပြီး ယခုအခါ အားပေးလျက်ရှိပါသည်။ ၎င်းစက်က ပျိုးခင်း၏ အရည်အသွေးကို မြှင့်တင်ပေးပြီး ပျိုးကြဲစိုက်ပျိုးနည်းနှင့်

41 အစေ့ချ စိုက်ပျိုးရေး ကိရိယာများသည် SRI တွင် အကျုံးမဝင်သော်လည်း LIFT ၏ မိတ်ဖက်အဖွဲ့များသည် SRI စနစ်သုံးရန်ကိုသာ သီးသီးသန့်သန့် မြှင့်တင်ပေးနေခြင်း မဟုတ်ဘဲ လယ်သမားများ ကြုံတွေ့ရသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် သင်တန်းများကို ပြင်ဆင်ကြခြင်း ဖြစ်ပါသည်။

နိုင်းယှဉ်ပါက မျိုးစေ့အသုံးပြုရမှုနှုန်းကို (၅၀) ရာခိုင်နှုန်းအထိ လျော့ချပေးသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ အလုပ်သမားဈေးကွက် အနေဖြင့် လက်ဖြင့်ရွှေ့ပြောင်းစိုက်ပျိုးခြင်းကို ပိုမိုအသုံးပြုလာခြင်းအတွက် တားဆီးနေသော အဟန့်အတားများကို ပိုမိုနားလည်သိမြင်လာရန် အတွက် ပိုမိုလေ့လာရန် လိုအပ်သည်။ WHH/GRET သည် ၂၀၁၃ ခုနှစ်တွင် SRI ကို အခြေပြုသည့် သုတေသနတစ်ခုကို ပြုလုပ်မည် ဖြစ်ပြီး ပိုမိုကောင်းမွန်သော ဆန်စပါး စွမ်းအားမြှင့် တင်ခြင်း အတွက် အခွင့်အလမ်းများကို ရှာဖွေသွားမည် ဖြစ်သည်။

## မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးကွဲများ ရွေးချယ်ခြင်း

မြစ်ဝကျွန်းပေါ်ဒေသတွင် အရည်အသွေးမြင့် စပါးမျိုးစေ့များ ရရှိနိုင်မှုသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး နောက်ပိုင်းတွင် ကျဆင်းလာခဲ့သည်။ အကြောင်းမှာ လယ်သမားများ သိုလှောင်ထားသော မျိုးစေ့များ ဆုံးရှုံးသွားသောကြောင့် ဖြစ်သည်။ ဤဒေသတွင် မျိုးစေ့အရည်အသွေး ညံ့ဖျင်းမှုသည် စိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိက အတားအဆီး ဖြစ်နေသည်။ လယ်သမား အများစုသည် နောင်နှစ် စိုက်ပျိုးရန် မျိုးစေ့များကို မိမိတို့ဘာသာ စုဆောင်းကြရမည်။ ဤသည်မှာ ကုန်ကျငွေအလျောက် အကျိုးထိရောက်သော်လည်း အရည်အသွေး ကောင်းမွန်သည့် မျိုးစေ့များ ရရှိရေးကို အာမ မခံနိုင်ပါ။ လယ်သမားများ အနေဖြင့် အကောင်းဆုံး မျိုးစေ့ကို အမြဲတမ်း ရွေးချယ်ချင်မှ ရွေးချယ်ပေမည်။ ၎င်းတို့၌ သတ်မှတ်ချက် ပြည့်မီသော မျိုးစေ့သစ်များကို ဝယ်ယူရန် ငွေကြေးမရှိပါ။ IRRI ၏ သုတေသနအရ မျိုးစေ့ကောင်းများကို သုံးခြင်းသည် အထွက်နှုန်းကို ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေနိုင်သည်ဟု သိရသည်။[42] အစိုးရ သို့မဟုတ် ပုဂ္ဂလိကမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချသော လမ်းကြောင်းမှာလည်း အကန့်အသတ်ရှိဆဲ ဖြစ်သည်။ စံမီမျိုးစေ့များကို ထောက်ပံ့သူမှာလည်း လိုအပ်သော ပမာဏကို ပြည့်မီအောင် မထောက်ပံ့နိုင်ပါ။ ထို့ကြောင့် LIFT ၏ အဓိက ဦးစားပေး လုပ်ငန်းတစ်ရပ်မှာ အရည်အသွေးမြင့် စပါးမျိုးစေ့များ ရရှိနိုင်မှုကို မြှင့်တင်ရန်နှင့် လယ်သမားများအနေဖြင့် အရည်အသွေးနှင့် စွမ်းဆောင်ရည်ကို ထိန်းသိမ်းရန်အတွက် (၃) နှစ် တစ်ကြိမ် မျိုးစေ့ လဲလှယ်စေနိုင်ရန်အတွက် စံမီမျိုးစပါးများ လုံလုံလောက်လောက် ထုတ်လုပ်သွားရန်ဖြစ်သည်။



42 http://www.knowledgebank.irri.org/

**ဇယား (၁၃) မြစ်ဝကျွန်းပေါ် ဒေသတွင်း LIFT ၏ မျိုးစေ့ပွားခြင်း လုပ်ငန်းများ**[43]

| | ရတနာရေ | GRET | Mercy Corps | AVSI | LEAD |
|---|---|---|---|---|---|
| မျိုးစေ့ထုတ်လုပ်သော ကျေးရွာပေါင်း | ၂၈ | ၃၃ | ၁၆ | ၇ | ၁ |
| မျိုးစေ့ ထုတ်လုပ်သူပေါင်း | ၁၈၈ | ၅၃ | ၆၀ | ၄၄ | ၃ |
| မျိုးကွဲ အရေအတွက် | ၅ (နံကား၊ ပေါ်ဆန်း ဘေးကြား၊ သီးထက်ယဉ်၊ ဆင်းသွယ်လတ်၊ ရတနာတိုး) | 1 (ဘေးကြားလေး) | မရှိ | 3 (ပေါ်ဆန်းယဉ်၊ ရေငန်ဗိုလ်၊ ဆင်းသွယ်လတ်) | 1 (ဆင်းသွယ်လတ်) |
| ဆားငန်ဒဏ်ခံ မျိုးကွဲများ | ၁ | မရှိ | Focus | ၂ | ၁ |
| မျိုးစေ့ ရင်းမြစ်/ အမျိုးအစား | DAR နှင့် အခြား/ "certified" သို့မဟုတ် "registered" | ရှမ်းမောမြေ (ပုဂ္ဂလိက ကုမ္ပဏီ) | DAR နှင့် အခြား/ "registered" | မရှိ | မရှိ |
| အရည်အသွေး ထိန်းချုပ်မှု | အပင်ပေါက်နှုန်း ၈၅% အထက် | စိုထိုင်းဆ ၁၄% အောက် | အပင်ပေါက်နှုန်း | မရှင်းလင်းပါ | မရှင်းလင်းပါ |
| မိတ်ဖက်အဖွဲ့မှ အထောက်အကူပေးမှု | သင်တန်း၊ မျိုးစေ့၊ မြေသြဇာနှင့် ငွေကြေး ထောက်ပံ့မှု | မျိုးစေ့ | သင်တန်းနှင့် မျိုးစေ့ | လယ်သမား ကျောင်း၊ မျိုးစေ့နှင့် မြေသြဇာ | မျိုးစေ့ (၂ တင်း)၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ငွေကြေး |
| အထောက်အပံ့ရယူသူ လိုက်နာရန် သတ်မှတ်ချက်များ | အခမဲ့ သို့မဟုတ် လှည့်လည် စီးဆင်း ရန်ပုံငွေသို့ ပြန်ဆပ်ရန် (လယ်သမားအဖွဲ့က ဆုံးဖြတ်ပေး) | ငွေသား သို့မဟုတ် အခြားနည်းဖြင့် ကုမ္ပဏီသို့ ပြန်ဆပ်ရန် | မရှင်းလင်းပါ | ငွေသား မဟုတ်သော နည်းဖြင့် ပြန်လည် ပေးဆပ်ရန် | ပြန်လည် ပေးဆပ်ရန် (တင်း ၃၀ / မျိုးစေ့ ထုတ်လုပ်ပေးခြင်း) |
| မျိုးစေ့ ထုတ်လုပ်ခြင်း ဆိုင်ရာ စည်းကမ်းများ* | ရှိ | ရှိ | မရှင်းလင်းပါ | မရှင်းလင်းပါ | SRI |
| မျိုးကြဲ ဧရိယာ (ဧက) | ဧက ၂၀၀ | ဧက ၁၄၀ | ဧက ၁၀၀ | ၁၃၂ ဧက | မသိရပါ |
| ပျမ်းမျှထွက်နှုန်း (တင်း/ဧက) | တင်း ၅၀ ခန့် | မသိရပါ | ၄၉ တင်း | မသိရပါ | ၅၅ တင်း |
| မျိုးစေ့ထုတ်လုပ်မှု (တင်း) | တင်း ၁၀၀၀၀ ခန့် | မသိရပါ | မသိရပါ | တင်း ၆၃၀၀ | ၂၇ တင်း |
| လဲလှယ်/ ရောင်းချ ပမာဏ (တင်း) | ၂၇၇ တင်း | ၁၉၂၄ တင်း | ၅၂၈၉ တင်း | မသိရပါ | မသိရပါ |
| Certification | မရှင်းလင်းပါ | မရှိ | မရှင်းလင်းပါ | မရှင်းလင်းပါ | မရှိ |
| အရည်အသွေး ထိန်းချုပ်မှု | ဓာတ်ခွဲခန်းဖြင့် စမ်းသပ် | စိုထိုင်းဆ ၁၄% အောက်၊ မျက်မြင် | မရှင်းလင်းပါ | မရှင်းလင်းပါ | စီမံကိန်းအလိုက်၊ မရှင်းလင်းပါ |
| ဖြန့်ဝေမှု လမ်းကြောင်း | စီမံကိန်း၏ ဗဟို မျိုးစေ့ ဘဏ်မှ မျိုးစေ့ ထုတ်လုပ် သူ အသစ်များထံ ဖြန့်ဝေ ရန်နှင့် လယ်သမား များအား ရောင်းချရန် ဝယ်ယူပေးသည် (လျာထား = တင်း ၃၀၀၀) | Contract farming ဈေးကွက် ပေါက်ဈေးထက် ၂၀% ပိုပေး၍ ကုမ္ပဏီမှ ဝယ်ယူသည် | မျိုးစေ့ထုတ်သူများ ထံမှ မျိုးစေ့များ ဝယ်ယူနိုင်ရန် လယ်သမား ထုတ်လုပ်သူအဖွဲ့ (FPE) ဝင်များအား စီမံကိန်းမှ ရန်ပုံငွေ ထောက်ပံ့သည် | မသိရပါ | မျိုးစေ့ထုတ်သူများ မှ စီမံကိန်းအား ပြန်လည် ပေးဆပ် (တင်း ၉၀ မျှော်မှန်း သော်လည်း အရည်အသွေး ကောင်း မျိုးစေ့ ၂၇ တင်းသာ ရရှိ) |

43 LIFT မှ ထောက်ပံ့သော စီမံကိန်း ၆ ခု (Mercy Corps၊ WHH/GRET၊ AVSI၊ ရတနာရေနှင့် LEAD) တို့တွင် မျိုးစေ့ပွားခြင်း လုပ်ငန်းများ ပါဝင်သည်။

* မျိုးစေ့ထုတ်လုပ်ခြင်း စည်းကမ်းများ- မျိုးစေ့ထုတ်လုပ်သူများ အနေဖြင့် မိတ်ဖက်အဖွဲ့က ၎င်းတို့အား အသိအမှတ်ပြုနိုင်ရန် သက်ဆိုင်ရာ ဆောင်ရွက်ပုံ နည်းလမ်းများ (SRI၊ နေရာလပ် ချန်ခြင်း၊ မြေသြဇာသုံးခြင်း၊ မသန်သော အပင်များ နှုတ်ခြင်း၊ ရိတ်သိမ်းချိန်လွန် စီမံမှု စသည်) ကို လိုက်နာရသည်။ မိတ်ဖက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ကွဲပြားနိုင်ပါသည်။

စုစုပေါင်း မျိုးစေ့စိုက်ပျိုးသည့် အရေအတွက် ကို မသိရပါ။ သို့သော် မိတ်ဖက်များ၏ အစီရင်ခံစာများမှ ဖြန့်ချီခဲ့သော အရည်အသွေးကောင်း မျိုးစေ့များ၏ အရေအတွက်ကို ခန့်မှန်းနိုင်ပါသည်။ ဤကိန်းဂဏန်းများက လယ်ဧကပေါင်း ၁၅၀၀၀ ဧကတွင် (တစ်ဧကလျှင် ၁.၅ တင်း) စိုက်ပျိုးနိုင်သည့် မျိုးစေ့တင်းပေါင်း ၂၃၅၀၀ ကို ဖြန့်ချီပေးခဲ့သည်ဟု ဖော်ပြသည်။ ဤပမာဏမှာ မြစ်ဝကျွန်းပေါ် ဒေသများ (ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ)[44] တွင် LIFT ၏ လိုအပ်ချက်များနှင့် နှိုင်းယှဉ်လျှင် (၅ ရာခိုင်နှုန်းလျော့နည်း) အကန့်အသတ်ရှိသည်။ ရတနာရောက နောက်နှစ်တွင် ၎င်း၏ ထုတ်လုပ်မှုကို တိုးမြှင့်သွားရန် ရည်မှန်းထားသည်။

စပါးမျိုးပွားခြင်းနှင့် ဖြန့်ချီခြင်းအတွက် နည်းလမ်းများမှာ မိတ်ဖက်အဖွဲ့ တစ်ခုနှင့် တစ်ခုကြား အလွန်ကွဲပြားသည်။ ဥပမာအားဖြင့် ရတနာရောသည် ရွာတစ်ရွာလျှင် မျိုးစေ့စိုက်ပျိုးသူ (၇) ဦးမှ (၁၀) ဦးထိနှင့် လုပ်ကိုင်ပြီး ဤသည်မှာ ၎င်းတို့သည် မိမိတို့ရွာ ပြင်ပ အခြားဈေးကွက်များသို့ လက်လှမ်းမမီပဲ ပေါ်သည်။ စီမံချက်က ထုတ်လုပ်သော မျိုးစေ့၏ ၃၀ ရာခိုင်နှုန်းကို ဝယ်ယူရန် မျိုးစေ့ဘဏ်တစ်ခု တည်ဆောက်ရန် ကြိုးစားခဲ့သည်။ သို့သော် လယ်သမားများအနေဖြင့် ၎င်းတို့၏ မျိုးစေ့များကို ရောင်းချရန် တွန့်ဆုတ်နေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အတွက် မျိုးစေ့များကို သိမ်းထားလိုပြီး ၎င်းတို့ဒေသထွက် မျိုးစေ့များကို ဈေးကောင်းကောင်းဖြင့် ရောင်းချလိုသောကြောင့် ဖြစ်သည်။ (ဈေးနှုန်းမှာ မျိုးစေ့ တစ်တင်းလျှင် ၆ ဒေါ်လာ သို့မဟုတ် မျိုးစေ့နှင့် စပါးကို လဲလှယ်ခြင်းအတွက် ၁ း ၁.၅ အချိုးဖြင့်) ရတနာရော ဗဟိုမျိုးစေ့ဘဏ်က စီစဉ်ထားသော တင်းပေါင်း ၃၀၀၀ အနက်မှ ၂၇၇ တင်းသာ ဝယ်ယူနိုင်ခဲ့သည်။

WHH/GRET သည် မျိုးစေ့ စိုက်ပျိုးသူများနှင့် နှစ်ပေါင်းများစွာ လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်တွင် ရွှေမောမြေ ကုမ္ပဏီက ဒေသထွက် မျိုးစေ့များ ထောက်ပံ့ခဲ့ပြီး လယ်သမား တစ်ဦးချင်းထံမှ တင်း ၅၀ စီကို ၎င်းတို့ ဖျာပုံတွင် ရနိုင်သည့် ဈေးထက် ၂၀ ရာခိုင်နှုန်း ပိုသော ဈေးနှုန်းဖြင့် ဝယ်ယူရန် စီစဉ်ခဲ့သည်။ GRET သည် အရည်အသွေး ထိန်းချုပ်ရေးအတွက် တာဝန်ယူပြီး မျိုးကွဲ ၂ ခုကို ငြင်းပယ်ခဲ့သည်။ ထုတ်လုပ်ခြင်းသည် မျှော်မှန်းထားချက်နှင့် မကိုက်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ပျိုးခင်းများ မိုးဦးစောသဖြင့် ပျက်စီးပြီး ရိတ်သိမ်းထားသော မျိုးစေ့များကို မိုးလွန်ကာလ မိုးနှောင်းက စိုရွဲ ပျက်စီးစေခဲ့သောကြောင့် ဖြစ်သည်။ မည်သို့ပင် ဖြစ်သော်လည်း ကုန်သည်များနှင့် ဤသို့ပူးပေါင်း ဆောင်ရွက်မှုက မျိုးစေ့များကို အနီးအနား လယ်သမားများကို ကျော်လွန်၍ ဈေးကွက်များဆီသို့ ပို့ဆောင်ရာတွင် အလားအလာကောင်းများ ထွက်လာစေပါသည်။

တစ်ပင်ချင်း ရွှေ့ပြောင်းစိုက်ပျိုးမှုက မလိုအပ်သော အပင်များကို ဖယ်ရှားရာတွင် အကူအညီပေးသည့် အတွက် မျိုးစေ့စိုက်ပျိုးခြင်းတွင် ဤစနစ်ကို သုံးရန် ညွှန်းလိုပါသည်။ သို့သော် မျိုးစေ့စိုက်ပျိုးသူများသည် ပေါင်းပင်များကို စနစ်တကျ ဖယ်ရှားခြင်းမရှိပါ။ အပင်ပေါက်နှုန်း မှတစ်ပါး စံသတ်မှတ်ခြင်းနှင့် အရည်အသွေးဖော်ပြသော မျိုးစေ့များအတွက် စံအရည်အသွေး ထိန်းချုပ်သည့် နည်းစနစ်များမှာ ရှင်းလင်းမှု မရှိပါ။ စံသတ်မှတ်ခြင်းဆိုသည့် စကားလုံးကိုပင် မိတ်ဖက်အဖွဲ့ အများစုက မှားယွင်းစွာ အသုံးပြုကြပါသည်။ Mercy Corps က ၎င်းတို့အနေဖြင့် မျိုးစပါး စိုက်ပျိုးသူများကို စံမီမျိုးများ စိုက်ပျိုးစေရန်အတွက် မှတ်ပုံတင်ထားသော မျိုးစေ့များကို ပံ့ပိုးပေးခဲ့သည်။ သို့သော် စီမံချက်က ရရှိသော မျိုးစေ့များ၏ အရည်အသွေးမှာ အဆန်ချောင်များနှင့် ညစ်ညမ်းမှုများကြောင့် စိတ်ကျေနပ်ဖွယ်ရာ မရှိပါ။ Mercy Corps အနေဖြင့် မျိုးစေ့ စံသတ်မှတ်ခြင်းအတွက် မည်သည့်စည်းမျဉ်းမျှ မဖော်ပြပါ။ ရတနာရော၏ အဆိုအရ မျိုးစေ့စိုက်ပျိုးသူများ အနေဖြင့် မျိုးတစ်မျိုးတည်း စိုက်ပျိုးခြင်းမှ လွဲ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျိုးစေ့ဌာနမှ ချမှတ်သော လိုအပ်သည့် စံသတ်မှတ်ချက်များကို ပြည့်မီခြင်းမရှိဟု ဆိုသည်။ အရည်အသွေး ကွဲပြားမှုက အလွန်သိသာ ထင်ရှားစွာ ကြီးမားနေလျှင် ယုံကြည်စိတ်ချရသော ဖြန့်ချီရေး လမ်းကြောင်းများ တည်ဆောက်နိုင်မှုကို ထိခိုက်နိုင်သည်။

မျိုးကွဲများ ထိန်းချုပ်မှု၊ အရည်အသွေးနှင့် မျိုးစေ့ခွဲခြားရေးတို့တွင် ပွင့်လင်းမြင်သာမှု ကင်းမဲ့ပါသည်။ မျိုးစေ့ စိုက်ပျိုးသူများ အနေဖြင့် အနာဂတ်တွင် အရည်အသွေးမြင့် စံမီ မျိုးစေ့များကို ရနိုင်စေရန် ရှင်းလင်းသော စည်းမျဉ်းများ ရေးဆွဲခြင်း၊ မျိုးကွဲများ ထိန်းချုပ်မှုနှင့် မျိုးပွားခြင်းဆိုင်ရာ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သည်။ စိန်ခေါ်မှုတစ်ရပ်မှာ စိုက်ပျိုးရေး သုတေသန ဦးစီးဌာနက ထိန်းချုပ်သော မျိုးစေ့ ထုတ်လုပ်ခြင်းနှင့် ကျေးရွာအခြေပြု မျိုးစေ့ စိုက်ပျိုးသူများကြားမှ ဆက်သွယ်မှု ဖြစ်ပါသည်။ ကျေးရွာအခြေပြု မျိုးစပါး စိုက်သူများကို စံမျိုးစေ့များဖြင့် ထောက်ပံ့ရန် မှတ်ပုံတင်ပြီး မျိုးစေ့များကို ပုဂ္ဂလိက ကုမ္ပဏီများက ပွားပေးရန်လိုအပ်ပါသည်။

မိတ်ဖက်များသည် မျိုးစေ့စိုက်ပျိုးသူများကို ၎င်းတို့ ထုတ်လုပ်ချင်သော မျိုးများကို ရွေးချယ်ခွင့်ပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အခြားလယ်သမားများ၏ လိုအပ်ချက်ကို ပိုမိုသိနားလည်သောကြောင့် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် မိတ်ဖက်များက ဆားဒဏ် ခံနိုင်သော မျိုးများကို ပွားများပြီး ဆားငံရေ ဝင်သည့် ဒေသများတွင် ဖြန့်ချီပေးနိုင်အောင် လုပ်ဆောင်ပေးပါသည်။

ဆားဒဏ်နှင့် ရေမြုပ်ဒဏ် ခံနိုင်သော မျိုးကောင်းများက အထွက်နှုန်း ကောင်းစေပါမည်။ IRRI သည် ယခုအခါ တွင် မြစ်ဝကျွန်းပေါ်ရှိ အမျိုးမျိုးသော စပါးစိုက် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆားဒဏ်နှင့် ရေမြုပ်ဒဏ် ခံနိုင်သော ထွက်နှုန်းမြင့်မားသည့်

44 DOA ၏ စာရင်းဇယားအရ ယင်းမြို့နယ် ၃ ခုတွင် မိုးစပါး ဧက ၈၆၀၀၀၀ နှင့် နွေစပါး ဧက ၁၉၈၀၀၀ စိုက်ပျိုးကြောင်း သိရသည်။ ပျိုးထောင်ခြင်းနှင့် လက်ဖြင့် ရွှေ့ပြောင်း စိုက်ခြင်းအတွက် အရည်အသွေးကောင်း မျိုးစေ့ လိုအပ်မှုသည် တစ်ဧကလျှင် ပျမ်းမျှ ၁.၅ တင်း (ပျိုးကြဲလျှင် ယင်းထက် ၂ဆ ၃ ဆ ပိုလိုသည်) ဖြစ်ပြီး လယ်သမားများ အနေဖြင့် ၃ နှစ်လျှင် တစ်ကြိမ်သာ မျိုးစေ့အသစ် လဲလှယ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် တွက်ချက်ရရှိသည့် ထုတ်လုပ်ရန် လိုအပ်သော မျိုးစေ့ ပမာဏမှာ တင်း ၅၃၀၀၀၀ ဖြစ်ပါသည်။ ယင်းသည် အနည်းဆုံး ခန့်မှန်းပမာဏသာ ဖြစ်ပြီး လက်ရှိ ပျိုးကြဲနည်းက ယင်းထက် ပိုမို လိုအပ်ပါသည်။ ထို့ကြောင့် လိုအပ်ချက်၏ ၄.၅% ကို LIFT ၏ မိတ်ဖက်အဖွဲ့များက ထုတ်လုပ်နိုင်ခြင်းသည် အကောင်းဆုံး ရလဒ်ဖြစ်သည်။

စပါးမျိုးကွဲများကို စမ်းသပ်ရန် WHH/GRET နှင့် Mercy Corps တို့နှင့် လက်တွဲ လုပ်ကိုင်နေပါသည်။ ပါဝင်ဆောင်ရွက်သော မျိုးစေ့ ရွေးချယ်သည့် နေရာများမှ ရွာ (၁၈) ရွာမှ လယ်သမား ၁၈၀ ဦးတို့သည် ၂၀၁၂ ခုနှစ်တွင် မျိုးစေ့ပေါင်း ၁၆ ခုကို စစ်ဆေးခဲ့ပါသည်။ ဤအနက်မှ လယ်သမား (၁၂၆) ဦး ပါဝင်သော အုပ်စုတစ်စုသည် ထိပ်တန်းမျိုး ၆ ခု၏ အရသာနှင့် ချက်ပြုတ်ရာ၌ ရှိသည့် အရည်အသွေးတို့ကို အကဲဖြတ်ခြင်းတွင် ပါဝင်ခဲ့ပါသည်။ ထိပ်တန်းမျိုး (၅) မျိုးမှာ ဆယ်တော်၊ ဆင်းသွယ်လတ်၊ ရွှေပြည်ဌေး၊ ဆင်းသုခ၊ ရွှေတစ်ဆုပ်နှင့် နံကားတို့ ဖြစ်ပါသည်။ ဤမျိုးများထဲမှ (၃) ခု (တစ်ခုမှာ ဆားဒဏ်ခံနိုင်ရည်ရှိ) မှာ photosensitive (နေ့ခင်းဘက် အလင်းရောင် ရရှိမှုအလိုက် အပွင့် ပွင့်ခြင်းကို ဆိုလိုသည်) မဟုတ်သောကြောင့် ၂၀၁၃ ခုနှစ် ခြောက်သွေ့ရာသီအတွင်း မျိုးစေ့ပွားရေးအတွက် ရွေးချယ်ခဲ့ပါသည်။[45] ၂၀၁၃ ခုနှစ်တွင် မျိုးကွဲ (၂၀) အထိ တိုးချဲ့သွားပါမည်။

အချုပ်အားဖြင့် LIFT ၏ မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများမှ ရသော အဓိကသင်ခန်းစာမှာ တိုးတက်မှုများ ရှိခဲ့စဉ်တွင်ပင် တိုးတက်နိုင်သော ရလဒ်များကို အားကောင်းသော အရည်အသွေး ထိန်းချုပ်မှု မရှိခြင်းနှင့် သဘောတူထားသည့် စည်းမျဉ်းများ မရှိခြင်းက ဟန့်တားခဲ့သည်။ ဤအချက်ကို IRRI က အတည်ပြုခဲ့သည်။ IRRI သည် LIFT အနေဖြင့် ၎င်း၏ မိတ်ဖက်များကို အနည်းဆုံး နည်းပညာ နှုန်းစံများကို စဉ်ဆက်မပြတ် အသုံးပြုရာတွင် ပိုမိုတက်ကြွစွာ ကူညီသင့်သည်ဟု အကြံပြုခဲ့သည်။ ဤအချက်က သဘောတူပြီး ဖြစ်သည့် မျိုးစေ့ ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများ ချမှတ်မှုကို လိုအပ်လိမ့်မည်။

## လယ်သမားအဖွဲ့အစည်းများအတွက် ထောက်ပံ့ခြင်း

လယ်သမားအဖွဲ့အစည်းများကို LIFT ၏ အချို့သော မိတ်ဖက်များက စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ၊ ထုတ်ကုန်များကို စုပေါင်း ဈေးကွက်တင်ခြင်း၊ လယ်ယာစိုက်ပျိုးရေး ပစ္စည်းများကို စီမံခန့်ခွဲမှု သို့မဟုတ် စုပေါင်းပိုင်ဆိုင်မှု တို့အတွက် ထောက်ပံ့ငွေ အမြောက်အများဖြင့် အားပေး ထောက်ပံ့ခဲ့သည်။ အောက်ပါဇယားသည် မိတ်ဖက်အဖွဲ့များ၊ ၎င်းတို့ထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် ၎င်းတို့ ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ ပါဝင်သည်။

**ဇယား(၁၄) မြစ်ဝကျွန်းပေါ်ဒေသတွင်း လယ်သမားအဖွဲ့များအား ထောက်ပံ့ရာတွင် အောင်မြင်ခဲ့သော LIFT၏ လုပ်ဆောင်မှုများ**

| | WHH/GRET | Mercy Corps | ရတနာဒေရာ | AVSI |
|---|---|---|---|---|
| မြို့နယ်များ | ဘိုကလေးနှင့် မော်လမြိုင်ကျွန်း | လပွတ္တာ | ဘိုကလေး | လပွတ္တာ |
| ကျေးရွာပေါင်း | ၁၁၀ | ၃၉ | ၄၂ | ၆ |
| လယ်သမားအဖွဲ့များ | လူထုအခြေပြု စိုက်ပျိုး စီးပွား ဖွံ့ဖြိုးရေး ပလက်ဖောင်း (CAEDP) ၁၂ ဖွဲ့ | လယ်သမား ထုတ်လုပ်သူများ အဖွဲ့ ၃၉ ဖွဲ့ | farmer pools ၄၂ ဖွဲ့ | သမဝါယမ ၁ ဖွဲ့ |
| လွှမ်းခြုံမှု | ကျေးရွာ အများအပြား | တစ်ရွာချင်း | တစ်ရွာချင်း | ကျေးရွာ အများအပြား |
| အဖွဲ့ဝင်များ | ဆိုင်ရာ VDC မှတဆင့် လယ်သမား ၈၀၀ ဦး | လယ်သမား ၁၄၀၄ ဦး | လယ်သမား ၃၅၁ ဦး | လယ်သမား ၄၆ ဦး |
| လယ်သမားအဖွဲ့များ ပြုလုပ်ခဲ့သည့် ဆောင်ရွက်မှုများ | CAEDP = အဓိကအားဖြင့် သွင်းအားစု စုစည်းရန် ဖြစ် သို့သော် (WHH မှ ပံ့ပိုးသော) CAEDP ၁၀ ဖွဲ့သည် VDC အဆင့်တွင် တိုးချဲ့၊ ကိရိယာ စီခန့်ခွဲမှုနှင့် လှည့်လည် စီးဆင်းသော ရန်ပုံငွေများလည်း ဆောင်ရွက်ပါသည်။ | သွင်းအားစုများ ဝယ်ခြင်း၊ စက်ကိရိယာများ စုပေါင်း ဝယ်ယူခြင်းနှင့် စီမံ ခန့်ခွဲခြင်း၊ တိုးချဲ့ခြင်းနှင့် ထုတ်ကုန်များ ဈေးကွက်တင်ခြင်း | သွင်းအားစုများ ဝယ်ခြင်း၊ မျိုးစေ့ ထုတ်လုပ်ခြင်း၊ တိုးချဲ့ခြင်းနှင့် စက်ကိရိယာများ စုပေါင်း စီမံ ခန့်ခွဲခြင်း | သွင်းအားစုများ ဝယ်ခြင်း၊ တိုးချဲ့ခြင်းနှင့် စက်ကိရိယာများ စုပေါင်း စီမံ ခန့်ခွဲခြင်း |

လယ်သမားအဖွဲ့အစည်း အများအပြားမှာ မကြာခင်ကမှ ဖွဲ့စည်း တည်ထောင်ခဲ့ကြသောကြောင့် ၎င်းတို့ မည်သို့လုပ်ဆောင်ကြသည်၊ မည်သည့် လုပ်ငန်းများက ၎င်းတို့အတွက် သင့်လျော်မည်ကို အခိုင်အမာ ကောက်ချက်ချရန် အချိန် စောနေပါသေးသည်။ သို့သော် သင်ခန်းစာအချို့ ပေါ်ပေါက်လာနေပုံ ပေါ်ပါသည်။

45 Photosensitive စပါးမျိုးကို နေ့ဖက် အလင်းရောင် ရရှိမှု လျော့နည်းသည့် မိုးရာသီတွင်သာ စိုက်ပျိုးနိုင်သည်။ ယင်း၏ ကောင်းကျိုးမှာ ပျိုးထောင်ချိန်နှင့် ရွှေ့စိုက်ချိန်ကို ထည့်သွင်း စဉ်းစားရန် မလိုဘဲ အပင်အားလုံး တညီတည်း ဖြစ်ပြီး တိကျသော အချိန်တွင် အပွင့်ပွင့်၍ ရင့်မှည့်ပါသည်။ ဒေသခံ မျိုးရင်းနှင့် စိုက်ပျိုးချိန် ကြာသော မျိုးကွဲများသည် photo-sensitive ဖြစ်ကြသည်။ ယင်းမျိုးကွဲများကို အလင်းရောင်ရချိန် ရှည်ကြာသည့် ခြောက်သွေ့ရာသီတွင် မစိုက်ပျိုးနိုင်ပေ။ ခြောက်သွေ့သော ရာသီများတွင် photosensitive မဟုတ်သော မျိုးကွဲများကို အသုံးပြုရန် လိုအပ်သည်။

- သွင်းအားစုများကို စုပေါင်းဝယ်ယူခြင်းသည် လယ်သမားများအတွက် ငွေစုဆောင်းမှုများ ဖြစ်ပေါ်စေပါသည်။ မိတ်ဖက်အဖွဲ့ ၄ ခုလုံးက အစီရင်ခံရာတွင် လယ်သမားအဖွဲ့အစည်းများသည် သွင်းအားစုများကို ဝယ်ယူ သယ်ယူရာတွင် တစ်ဦးချင်းထက် ပိုမို ဈေးသက်သာစွာ ဝယ်ယူနိုင်သည်ဟု ဆိုပါသည်။ ဤအချက်က WHH/GRET အတွက် ကျေးရွာ ဖွံ့ဖြိုးမှုအဖွဲ့ (VDC) များကို လူထု စိုက်ပျိုးစီးပွား ဖွံ့ဖြိုးမှု အခြေခံအဖွဲ့ (CAEDP) အဖွဲ့များဟုခေါ်သည့် ပေါင်းစည်းအဖွဲ့များသို့ ထည့်သွင်းရေးအတွက် အဓိက တွန်းအား ဖြစ်ပုံပေါ်ပါသည်။ CAEDP အဖွဲ့များသည် စိုက်ပျိုးရေး သွင်းအားစုများ၊ သိုလှောင်ရုံများအဖြစ် လုပ်ငန်း လည်ပတ်ပြီး စိုက်ပျိုးရေး သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ အမြောက်အများ ဝယ်ယူခြင်းနှင့် လယ်သမားများကို ထိုစိုက်ပျိုးရေး သွင်းအားစုများကို အကြွေးဖြင့် ရောင်းချခြင်းကို အဓိက ဆောင်ရွက်ပါသည်။ WHH/GRET က အစီရင်ခံသည်မှာ ကျေးရွာ ပေါင်းစည်းအဖွဲ့များနှင့် လုပ်ကိုင်ခြင်းက လယ်သမားများကို ကျေးရွာ တစ်ရွာချင်းစီတွင် လယ်သမားများနှင့် လုပ်ကိုင်ခြင်း (Mercy Corps နှင့် ရတနာရောတို့ လုပ်သကဲ့သို့)[46] ထက် ပိုမိုကောင်းမွန်သော စီးပွားရေးကို ရရှိစေသည်ဟု ဆိုသည်။ သို့သော် စနစ်ကျသော ဈေးနှုန်းနှိုင်းယှဉ်မှု မပြုလုပ်ရသေးပါ။
- စက်ဖြင့် စပါးခြွေလှေ့ခြင်းက အားသာချက်များရှိသော်လည်း[47] စုပေါင်းခန့်ခွဲမှုနှင့် စပါးခြွေလှေ့စက် ပိုင်ဆိုင်မှုသည် စိတ်ပျက်ဖွယ်ရာ ဖြစ်သည်။ WHH က မကြာခင်က ပြုလုပ်ခဲ့သော စစ်ဆေးချက်အရ ထောက်ပံ့ပေးသော ခြွေလှေ့စက် (၄၀) အနက်မှ လယ်သမား အုပ်စုများက စီမံခန့်ခွဲနေသည်မှာ (၃) ခုသာ ရှိသည်။ ခြွေလှေ့စက် (၁၈) ခု၏ စီမံခန့်ခွဲမှုကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များကို လွှဲပြောင်းပေးခဲ့ပြီး ၎င်းတို့က ဤစက်များကို လယ်သမားများကို အငှားချထားသည်။ အခြားစက်များမှာ ရောင်းချခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အုပ်စုမှ အဖွဲ့ဝင်များ၏ လက်ဝါးကြီးအုပ် သိမ်းယူခြင်းခံရသည်။ အသုံးပြုသူများ အနေဖြင့် စက်ပစ္စည်းများ ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှု တာဝန်များကို ခွဲဝေယူရန် မတတ်နိုင် သို့မဟုတ် ဆန္ဒမရှိသည်မှာ သိသာထင်ရှားသည်။
- အခြောက်ခံစက်များကို အုပ်စုလိုက် ပိုင်ဆိုင်မှုများနှင့် စီမံခန့်ခွဲမှုများက ပိုမိုကောင်းမွန်ခြင်း ရှိမရှိ မရှင်းလင်းပါ။ ရတနာရောက အခြောက်ခံစက် (၅) ခု တည်ဆောက်ခဲ့ပြီး ၎င်းစက်များက သီးနှံထိခိုက်မှု လျော့နည်းစေပြီး တိုက်ရိုက် နေရောင်ထိခြင်းမှ ရှောင်ရှားခြင်းဖြင့် သီးနှံအရည်အသွေး တိုးမြှင့်စေသည့်အပြင် စပါးများကို နာရီပိုင်းအတွင်း ခြောက်စေနိုင်သည်။ လယ်သမား အဖွဲ့အစည်းများကို အခြောက်ခံစက်များ စီမံမှုအတွက် တာဝန်ပေးခြင်းခံရသည်။
- ကျေးရွာပေါင်း များစွာအတွက် လယ်သမားအဖွဲ့အစည်းများကို တည်ထောင်ရန်မှာ ပိုမိုရှုပ်ထွေးပြီး အများစုနှင့် အကိုက်ညီဆုံး ဖြစ်မည့် လုပ်ငန်းများကို အာရုံစိုက်ရန် လိုအပ်သည်။ ကျေးရွာပေါင်းစည်းရေးအဖွဲ့များ WHH/GRET/AVSI တို့နှင့် အလုပ်လုပ်သော မိတ်ဖက်အဖွဲ့များက အစီရင်ခံသည်မှာ လယ်သမားအုပ်စုများ ဖွဲ့စည်းခြင်းသည် မတူညီသော ကျေးရွာများမှ လယ်သမားများ အကြား ယုံကြည်မှု တည်ဆောက်ရာတွင် ပိုမိုကြာမြင့်သောကြောင့် မျှော်မှန်းသည်ထက် ပိုကြာနေသည်ဟု ဆိုသည်။ လယ်သမားများ အနေဖြင့် ၎င်းတို့၏ ကျေးရွာ နယ်နိမိတ်အတွင်း မနေထိုင်သည့် အဖွဲ့များအတွက် ဆုံးဖြတ်ချက် သို့မဟုတ် အရင်းအနှီးများကို တိုက်ရိုက်ထိန်းချုပ်ရန် တွန့်ဆုတ်ကြသည်။ ဆိုလိုသည်မှာ CAEDP များအနေဖြင့် သွင်းအားစု ထောက်ပံ့ရေး အတွက် အသင့်လျော်ဆုံး ဖြစ်ပြီး စိုက်ပျိုးရေးပစ္စည်းများ စီမံခန့်ခွဲမှုတွင် ဝင်ရောက်ပါဝင်ခြင်း မပြုသင့်ပါ။

## စိုက်ပျိုးရေးဆိုင်ရာ ငွေရေးကြေးရေးလုပ်ငန်း

**ဇယား (၁၅) မြစ်ဝကျွန်းပေါ် ဒေသတွင်း စိုက်ပျိုးရေး ချေးငွေဆိုင်ရာ အချက်အလက်များ**

| | မြို့နယ် | ကျေးရွာ/ လယ်သမား | ၂၀၁၂ အတွင်း ထုတ်ချေး ပမာဏ (US$) | အတိုးနှုန်း (US$) | ပြန်လည် ပေးဆပ်မှု နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂၀၁၂ အတွင်း မြစ်ဝကျွန်းပေါ် ဒေသတွင် စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးခဲ့သော LIFT မိတ်ဖက်များ | | | | | | |
| Pact ဖျာပုံ | ဖျာပုံ | ၄၃/၈၀၅ | 112,860 | ၉၃ /ကေ (တစ်လ ၂.၅%) | ၁၀၀% | လယ်သမားတစ်ဦး အများဆုံး ၃ ကေထိ |
| UNDP/Pact | လပွတ္တာ၊ ဘိုကလေး၊ မော်ကျွန်း | ၂၄၇/၄,၇၃၅ | ၁,၅၁၃,၂၃၅ | ၁၁၇ /ကေ (တစ်လ ၂.၅%) | ၉၈% | လယ်သမားတစ်ဦး အများဆုံး ၃ ကေထိ |
| ၂၀၁၂ အတွင်း မြစ်ဝကျွန်းပေါ် ဒေသတွင် စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးခဲ့သော အခြားအဖွဲ့များ | | | | | | |

46 ရတနာရောနှင့် Mercy Corps နှစ်ဖွဲ့လုံးသည် ကျေးရွာများအတွင်း ဝင်ရောက် လုပ်ကိုင်ပါသည်။ ရတနာရောသည် ဘိုကလေးမြို့နယ်အတွင်း ၎င်းတို့၏ စီမံကိန်း ကျေးရွာများတွင် လယ်သမားအဖွဲ့ဝင် ၇ ဦးမှ ၁၀ ဦးထိ ပါဝင်သော "farmer pool" များ ဖွဲ့စည်းနိုင်ရန် စပါးစိုက် တောင်သူများကို စည်းရုံးခဲ့သည်။ လပွတ္တာတွင်မူ Mercy Corps သည် ၎င်းတို့ စီမံကိန်း ကျေးရွာများတွင် သွင်းအားစုများ ဝယ်ယူခြင်းနှင့် ထုတ်ကုန်များ ရောင်းချခြင်းအတွက် ဈေးနှုန်း ပိုမို ညှိနှိုင်းနိုင်ရေးအတွက် လယ်ယာ ထုတ်လုပ်သူများ အဖွဲ့ (FPE) နှင့် ကျေးရွာ ဟင်းသီးဟင်းရွက်အဖွဲ့ (VVG) များ ဖွဲ့စည်းပေးခဲ့သည်။

47 နေရောင် ထိတွေ့ခံရခြင်းကြောင့် အစေ့အဆန်များ ကွဲအက်ခြင်း ဖြစ်ပေါ်စေနိုင်ပြီး ရိတ်သိမ်းပြီး စပါးများကို လယ်ကွက်တွင်း ထား၍ အခြောက်ခံခြင်းကြောင့် ပိုးမွှားများရန်နှင့် (၂၀၁၂ ခုနှစ်က ဖြစ်သကဲ့သို့) မိုးစို ပျက်စီးခြင်းများ ကြုံတွေ့ရနိုင်ပါသည်။ စပါးနယ်စက်များ အသုံးပြုခြင်းဖြင့် စပါးများ မြန်ဆန်စွာ ခြွေလှေ့နိုင်ပြီး အထက်ပါ ဒုက္ခများ ကင်းဝေးနိုင်ပါသည်။

| | မြို့နယ် | ကျေးရွာ/ လယ်သမား | ၂၀၁၂ အတွင်း ထုတ်ချေး ပမာဏ (US$) | အတိုးနှုန်း (US$) | ပြန်လည် ပေးဆပ်မှု နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| MADB | မြစ်ဝကျွန်းပေါ် ဒေသ တစ်ခုလုံး | မသိရပါ | မသိရပါ | ၅၉ /ဧက (တစ်နှစ် ၈.၅%) | | ချေးငွေ ချထားပေးမှု နောက်ကျလေ့ ရှိသည်။ (မြေယာ ပြင်ဆင်မှု ကာလအပြီး ၁ လ ၂ လနေမှ ရတတ်သည်။) |
| Proximity Designs | မသိရပါ | မသိရပါ | မသိရပါ | ၁၁၇ (တစ်လ ၂.၅%) | | လယ်သမား အများစုသည် ဧက အနည်းငယ်သာ ပိုင်သဖြင့် လယ်ဧကကို မကြည့်ဘဲ အတိုးနှုန်းကို အသေ သတ်မှတ်ထားသည် |
| ဆန်စပါး အထူးပြု ကုမ္ပဏီများ | မသိရပါ | မသိရပါ | မရှိ | မသိရပါ (တစ်လ ၂.၀%) | မသိရပါ | ၂၀၁၁ ခုနှစ်အတွင်း ပြန်လည် ပေးဆပ်မှုနှုန်း အလွန် နည်းသဖြင့် ၂၀၁၂ တွင် မြစ်ဝကျွန်းပေါ် ဒေသအတွင်း ထုတ်ချေးခဲ့ခြင်း မရှိပေ |
| အဖွဲ့အစည်း မဟုတ်သော ရင်းမြစ်များ (ဆန်စက်ပိုင်ရှင်၊ ကုန်သည်၊ ကုန်စုံဆိုင် ပိုင်ရှင် စသည်) | မသိရပါ | မသိရပါ | မသိရပါ | မသိရပါ (တစ်လ ၅% မှ ၁၀% ထိ) | မသိရပါ | စိုက်ပျိုးရေး ချေးငွေအတွက် ရယူမှု အများဆုံး ရင်းမြစ် ဖြစ်ပါသည်။ |

စိုက်ပျိုးရေးအတွက် ချေးငွေရရှိရေးသည် အလွန်အရေးကြီးသော်လည်း မြစ်ဝကျွန်းပေါ်ရှိ လက်ရှိအခြေအနေများအရ အတိုးနည်း ချေးငွေများ ရရှိနိုင်ရန် ခက်ခဲပြီး လယ်သမားများ အနေဖြင့် အတိုးနှုန်း ၁၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုသော နှုန်းဖြင့် ပုဂ္ဂလိက ငွေချေးသူများထံမှ ချေးယူနေရသည်။ မြန်မာစိုက်ပျိုးရေးဘဏ်က တစ်နှစ်လျှင် ၈.၅ ရာခိုင်နှုန်း ဖြင့်ချေးငှားသော်လည်း ၎င်းအနေဖြင့် လယ်သမားများကို စပါးဈေး ကျချိန်ဖြစ်သည့် စပါးပေါ်ချိန် ပြီးပြီးချင်း အကြွေးပြန်ဆပ်ခိုင်းခြင်း၊ ယခင်နှစ်က အကြွေးများကို တစ်ရှာလုံး အပြေအလည် အပ်ပြီးမှသာ နောက်နှစ်အတွက် ငွေထုတ်ချေးခြင်း၊ တရားဝင် လယ်မြေပေါ်တွင် လုပ်ကိုင်သူများကိုသာ ငွေချေးခြင်း (ဤအချက်ကြောင့် သစ်တောမြေအဖြစ် တရားဝင် မှတ်ပုံတင်ထားသော တောင်ပိုင်းဒေသမှ လယ်သမားများ ငွေချေးယူ၍ မရပါ။) စသည့် ချေးငွေစည်းကမ်းများ တင်းကြပ်စွာ သတ်မှတ်ထားသည်။ Mercy Corps နှင့် အခြား NGO များက လပွတ္တာမြို့နယ်တွင် ပြုလုပ်ခဲ့သည့် ဆန်စပါးလုပ်ငန်း လေ့လာချက်အရ တွေ့ဆုံမေးမြန်းခဲ့သော လယ်သမားများ၏ ၇၅ ရာခိုင်နှုန်းက ပုဂ္ဂလိက ငွေချေးသူများ ထံမှ ချေးငွေ ရယူခဲ့ကြသည်။

LIFT ၏ မိတ်ဘက်အဖွဲ့များသည် ပိုမို တီထွင်ကြံဆသော နည်းလမ်းများကို တီထွင်ခဲ့ကြသော်လည်း အတွေ့အကြုံများမှာ အကောင်း အဆိုး ရောထွေးနေသည်။

- သွင်းအားစုများကို စာချုပ်ဖြင့် ရောင်းခြင်း - Mercy Corps သည် ဓာတ်မြေဩဇာနှင့် လယ်ယာသုံး ပစ္စည်းများကို လယ်ယာ ထုတ်လုပ်သူ အဖွဲ့ (FPE) များထံမှ အကြွေးဖြင့် ဝယ်ယူနိုင်ရန် လယ်သမားများကို ကူညီခဲ့သည်။[48] စုစုပေါင်း လယ်သမား(၁၇၄) ယောက်သည် ဓါတ်မြေဩဇာ ရောင်းချသူကို အကြွေး၏ ၂၇ ရာခိုင်နှုန်းကို ကို ပေးချေပြီး ၎င်းတို့၏ ဆောင်းရာသီ သီးနှံအတွက် ဓာတ်မြေဩဇာ များ ဝယ်ယူခဲ့သည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်တွင် ဤစီမံချက်သည် ၆၆ ရာခိုင်နှုန်းသာ ငွေပြန်လည်ပေးဆပ် သည် နှင့်ကြုံရပြီး လယ်သမားများနှင့် ပုဂ္ဂလိက ရောင်းချသူများ ကြား ပြဿနာဖြစ်ခဲ့သည်။ ကုမ္ပဏီများက လယ်သမားများကို သီးနှံ ရိတ်သိမ်းချိန်တွင် ချေးငွေအပြည့်အဝပြန်လည်ပေးအပ်စေလိုပြီး လယ်သမားများက ဈေးကောင်းရချိန်မှ ပြန်လည်ပေးဆပ်လိုသည်။ ပြန်လည် ပေးဆပ်မှုနည်းသောကြောင့် ပုဂ္ဂလိက ကုမ္ပဏီများသည် လုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုကို ဆက်လက် လုပ်ကိုင်ရန် ငြင်းဆိုခဲ့သည်။
- Inventory Credit – WHH/GRET သည် Inventory Credit အစီအစဉ် (၂) ခု (Inventory Credit နှင့် Purchase Finance စနစ်) ကို ကြီးကြပ်နေသည်။ ဤအစီအစဉ်မှာ လယ်သမားများ အနေဖြင့် တစ်လ ၂.၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် မျှတစွာ ဈေးတွက်ထားသော ချေးငွေပမာဏကို ရယူရန် ၎င်းတို့၏ သီးနှံများကို အပေါင်အဖြစ် ထားနိုင်သည်။ လွတ်လပ်သော ကော်မတီတစ်ခုက ဤ Inventory Credit ကိုစီမံခန့်ခွဲပြီး Purchase Finance စနစ်ကိုမူ လယ်သမားအဖွဲ့ (CAEDP) များက စုပေါင်း စီမံခန့်ခွဲသည်။ စိတ်ပါဝင်စားသော လယ်သမားများအနေဖြင့် စပါးရိတ်သိမ်းချိန်၌ ၎င်းတို့၏ စပါးများကို သိုလှောင်ထားပြီး စပါးဈေးတက်သော

48 FPE များတွင် သင့်လျော်သော ချေးငွေ အနေအထားနှင့် ထုတ်ကုန်များ ဈေးပိုရရေး စုပေါင်း ညှိနှိုင်းနိုင်ရန် လယ်သမား ၅၀ ပါဝင် ဖွဲ့စည်းထားသည်။

အခါတွင် ရောင်းနိုင်သည်။ Inventory Credit စနစ်တွင် လယ်သမား အနေဖြင့် သိုလှောင်ထားသည့် စပါးတန်ဖိုး၏ ၆၅ ရာခိုင်နှုန်းကို ချေးငွေအဖြစ် ရရှိသည်။ ၎င်းတို့ အနေဖြင့် ဈေးကွက်ပေါက်ဈေးကို စုံစမ်းနေပြီး ၎င်းတို့ ရောင်းထုတ်ချင်သော အခါတွင် ရယူငွေနှင့် အတိုးပေါင်းပြီး သိုလှောင်စရိတ်များပါ ပေါင်းစပ်လျက် ဖြည့်ပေးရသည်။ Purchase Finance စနစ်အရမူ စပါးကို CAEDP က ဈေးကွက် ပေါက်ဈေး၏ ၈၀ ရာခိုင်နှုန်း ပေး၍ စပါးပေါ်ချိန်ပြီးသည်နှင့် ဝယ်ယူထားသည်။ အရည်အသွေးကို ထိန်းချုပ်ထားပြီး စပါးကို ပြန်လည် ထုပ်ပိုး၍ ချိတ်ပိတ်ထားသည်။ IRRI ၏ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု သင်တန်း တက်ရောက်ထားသည့် ဂိုဒေါင်မှူးက စာရင်းများကို ကိုင်တွယ်သည်။ စပါးဈေးမြင့်လာသောအခါ ထိုစပါးများကို ပြန်ရောင်းပြီး ကျန်သောငွေပမာဏကို ကုန်ကျစရိတ် များနုတ်လျက် ပြန်ပေးသည်။

ဤအစီအစဉ် နှစ်ခုမှာ အနည်းငယ် ကွာခြားသည်။ အဓိကအားဖြင့် ချေးငွေထုတ်ချေးသူ ကွာခြားသည်။ သို့သော် အနှစ်သာရ အားဖြင့်မူ လယ်သမားများအနေဖြင့် ၎င်းတို့၏ ဆန်စပါးပမာဏအလိုက် ချေးငွေများ (သိုလှောင်ထားသည့် စပါးတန်ဖိုး၏ ၃ ပုံ ၂ ပုံ) ရရှိကြသည်။။ ရောင်းချချိန် မတိုင်မီ သို့မဟုတ် ရောင်းချချိန်တွင် မူရင်းချေးငွေနှင့် အတိုးအပြင် သိုလှောင်စရိတ်ပါ ပေးရသည်။ လယ်သမားအနေဖြင့် ချေးငွေကို ပြန်လည် မပေးဆပ်နိုင်ပါက Inventory Credit ကော်မတီက ဤစပါးကို ရောင်းချနိုင်သည်။ ဤအစီအစဉ်နှစ်ခု၏ ရလဒ်များကို ၂၀၁၃ ခုနှစ်ထိ မရနိုင်သေးပါ။ ကံဆိုးစွာပင် လယ်သမားများအနေနှင့် ဤအစီအစဉ်တွင် စိတ်ပါဝင်စားမှုကို ကနဦးပိုင်းတွင် ပြသခဲ့သော်လည်း ၎င်းတို့ သိုလှောင်နိုင်မည့် စပါးပမာဏကို ဆိုးရွားစွာ ကျဆင်းစေခဲ့သည့် ဒီဇင်ဘာ အစောပိုင်းနှင့် နိုဝင်ဘာ နှောင်းပိုင်း မိုးသည်းထန်မှုက ဤအစီအစဉ်ကို ကောင်းမွန်စွာ အသုံးချနိုင်ခြင်း မပြုနိုင်ခဲ့ပါ။

- ဆန်စက်များအတွက် ငွေကြေးထောက်ပံ့ခြင်း[49]- Mercy Corps က ဒေသခံ (မြို့နယ်အဆင့် အောက်) ဆန်စက်လုပ်ငန်းရှင် များကို ၎င်းတို့၏စက်များ အဆင့်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲရေးအတွက် သင်တန်းများ ပေးခဲ့သည်။ ဤအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်ပြီးနောက် လျှော့ချထားသော ကြိတ်ခွဲခနှုန်းနှင့် လယ်သမားများအတွက် စပါးသိုလှောင်ခ အခမဲ့ ခွင့်ပြုခြင်းတို့ ပြုစေ၍ စက်ပစ္စည်းများ အဆင့်မြှင့်ရန်အတွက် ဆန်စက် တစ်ခုလျှင် (ကုန်ကျစရိတ် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်း) ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၀၀ ကို ဆန်စက်ပိုင်ရှင် ၃၀ ကို ပေးအပ်ခဲ့သည်။ လက်ရှိတွင် ဆန်စပါး ကြိတ်ခွဲမှုများ ပြုလုပ်နေကြသည်။ ပဏာမ ရလဒ်များကို ကောက်ယူနေပြီး ၎င်းတို့ထဲတွင် ပျက်စီးသွားသော ဆန် တိုင်းတာမှု၊ ကြိတ်ခွဲပြီး ဆန်တစ်တင်းမှ ရရှိသော စပါး အရည်အသွေး၊ တစ်နာရီ ကြိတ်ခွဲပြီးသည့် ဆန်တင်း အရေအတွက်တို့ ပါဝင်သည်။ တိုးတက်လာသော ဆန်စပါး ကြိတ်ခွဲခြင်းမှ လယ်သမားများ အတွက် ရရှိသော အကျိုးများကို သိရှိရန် စစ်ဆေးမှုတစ်ခု ပြုလုပ်သွားပါမည်။

မြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့နယ် (၃) ခုတွင် UNDP/Pact သည် ၂၀၁၂ ခုနှစ်တွင် စိန်ခေါ်မှုများ အများအပြား ကြုံတွေ့ခဲ့ရသည်။ မတက်ကြွသော ဖောက်သည် ၁၁ ရာခိုင်နှုန်း၊ ထွက်သွားသည့် ဖောက်သည် ၃ ရာခိုင်နှုန်း ပေါ်ပေါက်ခြင်းမှာ များပြားလာသော ပြောင်းရွှေ့မှုကြောင့် ဖြစ်သည်။ ဖောက်သည် အများစုမှာ ချေးငွေ (၂) မျိုး ရယူကြသည်။ ပုံမှန်ချေးငွေနှင့် စိုက်ပျိုးရေးချေးငွေတို့ ဖြစ်သည်။ ဤသည်က ၎င်းတို့အတွက် အခြားသော ငွေရေးကြေးရေးများထက် ဤဝန်ထုပ်ဝန်ပိုးက ပိုမို စိုးရိမ်ဖွယ်ရာ ဒုက္ခ ဖြစ်ဖွယ်ရာ ဖြစ်သည်။ မိတ်ဖက်များက အစီရင်ခံသည်မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာနှင့် နိုဝင်ဘာလများအတွင်း အခါမဲ့ မိုးသည်ထန်မှုကြောင့် စပါးအထွက် နည်းမှု (လုံးဝ မထွက်မှု) ကလည်း ချေးငွေရယူသူများ၏ ပြန်လည်ပေးဆပ်နိုင်မှုကို သက်ရောက်မှု ရှိသည်ဟု ဆိုသည်။ သို့သော်လည်း LIFT ၏ Delta (2) အသေးစားချေးငွေ အစီအစဉ်အောက်မှ ရည်မှန်းကျေးရွာများမှာ ထိခိုက်မှု မရှိခဲ့ပါ။ အကြောင်းမှာ ၎င်းတို့၏ လုပ်ငန်းများသည် ၂၀၁၂ ခုနှစ် ဒုတိယ (၃) လပတ်မှ စတင်ခဲ့ပြီး ဖောက်သည်များမှာ ၂၀၁၂ အကုန်တွင် ၎င်းတို့၏ ချေးငွေစက်ဝိုင်း အတွင်းမှာပင် ရှိနေသောကြောင့် ဖြစ်ပါသည်။

Pact သည် လိုအပ်ချက်နှင့် အဟန့်အတားများကို ဖော်ထုတ်ရန် ၎င်း၏ ပုံမှန် စစ်ဆေးအကဲဖြတ်မှု အစိတ်အပိုင်းအဖြစ် စစ်တမ်းတစ်ခုကို ကောက်ယူခဲ့ပြီး အိမ်ထောင်စုများ၏ လိုအပ်ချက်ကို ပိုမို ဖြည့်ဆည်းနိုင်ရန် ချေးငွေအစီအစဉ်သစ် တစ်ရပ်ကို စဉ်းစားနေပြီး အောက်ပါ အကြောင်းအရာများကို ထည့်သွင်း စဉ်းစားနေသည်။

- စိုက်ပျိုးရေးချေးငွေအတွက် ညှိနှိုင်းနိုင်သော ချေးငွေကာလ - ဖောက်သည်များ၏ တောင်းဆိုချက်အရ ပင်မ ချေးငွေ ပြန်လည် ပေးဆပ်မှုကို ရိတ်သိမ်းပြီးချိန်နောက် နောက်ထပ် အပိုတစ်လ တိုးမြှင့်ပေးရန်ဖြစ်သည်။
- စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများအတွက် အုပ်စုလိုက်ချေးငွေ - ဤအပိုချေးငွေများသည် လယ်သမားများ လက်တွန်း ထွန်စက်များနှင့် အမှုန့်ကြိတ်စက်များ ဝယ်ယူနိုင်စေမည် ဖြစ်ပြီး အုပ်စုလိုက် တာဝန်ခံမှုဖြင့် ထုတ်ချေးပေးမည် ဖြစ်သည်။

လယ်သမားများသည် အပင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းအတွက် ကုန်ကျသည့် ကုန်ကျစရိတ်များကို ကာမိရန် မိုးနှင့် ခြောက်သွေ့ရာသီများ အတွက်ပါ ပိုမို များပြားသော ချေးငွေကို Pact ထံမှ တောင်းခံနေသည်။ Pact အနေဖြင့် ၂၀၁၃ ခုနှစ်တွင် တစ်ဧကလျှင် အမေရိကန်ဒေါ်လာ ၂၁၀ နှုန်းဖြင့် အများဆုံး ၅ ဧကအထိ နွေစပါးအတွက် ချေးငှားပေးမည်ဟု ကြေငြာခဲ့သည်။

49 Mercy Corps ၏ value chain study အရ လပွတ္တာမြို့မှ ထွက်ရှိသော ဆန်စပါးသည် ကြိတ်ခွဲမှု အရည်အသွေး နိမ့်မှုကြောင့် ဈေးရသင့်သလောက် မရကြောင်း သိရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ကုန်ကြမ်း အရည်အသွေးနိမ့်ခြင်းကြောင့်သာ မဟုတ်ဘဲ ဆန်စက်များ အရည်အသွေးနိမ့်ခြင်းနှင့် ကျွမ်းကျင်းမှု အားနည်းခြင်းကြောင့်လည်း ဖြစ်ပါသည်။ လပွတ္တာမြို့နယ်တွင် နိုင်ငံတကာစံနှင့် ကိုက်ညီအောင် ကြိတ်ခွဲနိုင်သည့် ဆန်စက် တစ်လုံးသာ ရှိသည်။ ဆန်စက်များကို အဆင့်မြှင့်တင်ခြင်းသည် လယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များအတွက် ကြီးမားသော အကျိုးကျေးဇူး ရရှိစေနိုင်ပါလိမ့်မည်။

## ရေထွက်ပစ္စည်းများ မွေးမြူခြင်း

Oxfam/NAG သည် အမျိုးသမီးများ ပါဝင်လုပ်ကိုင်နိုင်သည့် ငါးရှဉ့်မွေးမြူခြင်း လုပ်ငန်းတစ်ခုကို အကောင်အထည် ဖော်နေသည်။ ဤလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ လုပ်ဆောင်ပြီး ငါးလုပ်ငန်းမှ နည်းပညာ ကြီးကြပ်မှုဖြင့် ကျေးရွာ လည့်ပတ်စီးဆင်းရန်ပုံငွေမှ တစ်ဆင့် ချေးငွေများ ပံ့ပိုးပေးသည်။ ဤစီမံချက်က ကိန်းဂဏန်း အချက်အလက်ဆိုင်ရာ ရလဒ်များကို အစီရင်မခံသေးသော် လည်း ငါးလုပ်ငန်းဦးစီးဌာနက ၎င်းတို့ အနေဖြင့် ငါးရှဉ့်မွေးမြူရေး လုပ်ငန်းအတွက် မြစ်ဝကျွန်းပေါ်ဒေသ (၄) ခုတွင် ချေးငွေ အစီအစဉ် တစ်ခု လုပ်ဆောင်ရန် ပြောခဲ့ပြီး ဖြစ်သည်။ ADRA သည် ၎င်း၏ ဒေသခံမိတ်ဖက်အဖွဲ့ ECODEV နှင့်အတူ လပွတ္တာမြို့နယ်တွင် ရေထွက်ပစ္စည်း မွေးမြူရေး စီမံချက်တစ်ခုကို အကောင်အထည်ဖော်နေသည်။ ၎င်းစီမံချက်က ဤလုပ်ငန်းက ဒီရေတော ကာကွယ်ရေးနှင့်အတူ မည်မျှအတိုင်းအတာအထိ အတူယှဉ်တွဲ ရှိနိုင်မည်ကို အကဲဖြတ်ရန် ရည်ရွယ်သည်။ ECODEV သည် မွေးမြူစိုက်ပျိုး ကန်များနှင့် သစ်တောပျိုးထောင်ခြင်း လုပ်ငန်းများနှင့် ပတ်သက်သော လုပ်ငန်းများကို ဦးဆောင်နေစဉ်တွင် ADRA က စားသောက်ကုန် ထုတ်လုပ်ရေးနှင့် ဈေးကွက်ဆိုင်ရာများကို ပံ့ပိုးခဲ့သည်။ ကံဆိုးစွာပင် ECODEV မှ ဝန်ထမ်းတစ်ဦး၏ စီမံခန့်ခွဲမှုများယွင်းသည်ဟု စွပ်စွဲမှုကြောင့် ECODEV က ဤလုပ်ငန်းမှ နုတ်ထွက်သွားခဲ့ပြီး မိတ်ဖက်ဖွဲ့မှုကို ပြိုကွဲစေခဲ့သည်။ ADRA သည် ယခုအခါ ဤစီမံချက်၏ အနာဂတ်ကို LIFT နှင့် ရှေ့ဆက်လုပ်ကိုင်သွားရန် စဉ်းစားနေသည်။

၎င်း၏ နုတ်ထွက်မှု မတိုင်မီတွင် ECODEV သည် ငါး၊ ဂဏန်းနှင့် ပုစွန်ထုတ်လုပ်ရေးအတွက် ရေထွက်ပစ္စည်း မွေးမြူရေးကန် (၅၀) စီစဉ်ထားသည့် အနက်မှ (၂၆) ကန်ကို တည်ဆောက်ခဲ့သည်။ ဤအတွက် ဒေသခံများမှ လုပ်အားပေးခဲ့ကြသည်။ ဤအကြံဉာဏ်မှာဗီယက်နမ် ဒီရေတောအခြေပြု ပုံစံကို တုပလျှက် အခြေခံ ပုစွန်မွေးမြူရေးကန်တစ်ခု တည်ဆောက်ရန် ဖြစ်သည်။ ဤလုပ်ငန်းအားလုံးတွင် ပုစွန်များကန်ထဲ ထည့်ပြီး မကြာမီပင် သေဆုံး(သို့မဟုတ်) ပျောက်ကွယ်သွားကြသည်။ ငါးလုပ်ငန်း ဦးစီးဌာနမှ ကျွမ်းကျင်သူတစ်ဦး၏ စစ်ဆေးချက်အရ ရေသွင်းရေနုတ် တံခါးများ လိုအပ်သလောက် မနက်ခြင်း၊ ကန်များမှာ ကျဉ်းလွန်းပြီး လုံလောက်စွာ အရိပ်မရခြင်း၊ ရောဂါကာကွယ်ရန် ထုံးများကို မှန်ကန်စွာ အသုံးမပြုခြင်း စသည့် နည်းစနစ်အမှားများကြောင့် ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ အချို့အုပ်စုများက ဂဏန်းမွေးမြူရေးကို ကြိုးစား ကြည့်ခဲ့ကြသည်။ သို့သော် ၎င်းတို့သည်လည်း ဂဏန်းသေဆုံးမှုနှင့် အလွန်အမင်း ကွဲပြားသော ဂဏန်းပေါက်ဈေး နှုန်းတို့နှင့် ပတ်သက်သော ပြဿနာများ ကြုံခဲ့ရသည်။

ဤစီမံချက်သည် နည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ကြုံတွေ့ရသည်သာမကဘဲ ကန်များ စီမံခန့်ခွဲရေးမှာ ပြဿနာတက်ခဲ့ပြီး ဤစီမံချက်က ပံ့ပိုးထားသော စားသောက်ကုန် ထုတ်လုပ်ရေးအဖွဲ့များ အနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များအတွက် သင့်လျော်သော ဈေးကွက်ရရှိရန် ခက်ခဲခဲ့သည်။ ဂိုဒေါင်နှင့် စားသောက်ကုန် ထုတ်လုပ်ရေးစက်များ ရရှိသော ရွာတစ်ရွာက ၎င်းတို့အနေနှင့် ကုန်ကြမ်းများ ရယူရန် အရင်းအနှီးမရှိ၍ ပစ္စည်းများကို ADRA သို့ ပြန်လည် ပေးပို့နိုင်ရန် တောင်းဆိုခဲ့သည်။ LIFT ၏ Delta Programme အတွက် နစ်လယ် သုံးသပ်ချက်က ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းများ၏ အနာဂတ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ချက်ကို ဖော်ပြသည်။ ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းသည် အလားအလာ ကောင်းမွန်သော်လည်း အဆုံးအရှုံးများလည်း ရှိသည်။ ဤလုပ်ငန်း အောင်မြင်ရန်အတွက် ECODEV နှင့် ADRA တို့၏ တွေ့ရှိချက်အရ လုံလောက်သော နည်းပညာဆိုင်ရာ ဗဟုသုတနှင့် အရည်အသွေးတို့ လိုအပ်သည်။ Fund Manager အတွက်မူ ဤဖြစ်ရပ်မှ ယေဘုယျ သင်ခန်းစာတစ်ခု ရရှိခဲ့သည်။ ဤသည်မှာ ၎င်းအနေဖြင့် ၎င်း၏ ကျွမ်းကျင်မှုနယ်ပယ် ပြင်ပရှိ စီမံချက်များကို စစ်ဆေး အကဲဖြတ် ရန်အတွက် ပြင်ပ နည်းပညာထောက်ပံ့မှုကို စာချုပ်ချုပ်ဆို ဆောင်ရွက်ရန် အတွက် အသေအချာ လုပ်ဆောင်ရန် ဖြစ်သည်။

## ၃.၂ အပူပိုင်းဇုန် ဒေသ မိတ်ဆက်

လယ်ယာစိုက်ပျိုးရေးသည် အပူပိုင်းဇုန် စီးပွားရေး၏ ကျောရိုးဖြစ်ပြီး လယ်ယာမြေ ပိုင်ဆိုင်သော အိမ်ထောင်စုများ အတွက် သာမက လယ်ယာမဲ့ အိမ်ထောင်စု (၄၀) ရာခိုင်နှုန်းကျော် အတွက်လည်း အဓိက ဝင်ငွေ ရရှိသည့် လုပ်ငန်းဖြစ်သည်။ လက်ရှိ စီးပွားရေးနှင့် ရာသီဥတု အခြေအနေများကြောင့် ဤအချက်မှာ ပြောင်းလဲသွားနိုင်ချေ မရှိပါ။

အပူပိုင်းဇုန်၏ ဒေသ တော်တော်များများတွင် လယ်သမားများ အနေဖြင့် ရေရရှိနိုင်မှု၊ မြေယာလျော့နည်းမှု၊ မြေဆီလွှာ သြဇာဓာတ် ကျဆင်းမှု စသည့် စိန်ခေါ်မှု အများအပြားကို ရင်ဆိုင်နေရပါသည်။ မိုးရေချိန်မှာလည်း နှစ်အလိုက် နည်းလိုက် များလိုက် အပြောင်းအလဲ ဖြစ်သည့် ပြဿနာနှင့် ရင်ဆိုင်ရခြင်းကြောင့် ပုံမှန်ဖြစ်သော နှစ်များ နည်းပါးပါသည်။ ဒေသတစ်ခု အတွင်းမှာပင် သိသာစွာ ကွဲပြားမှု ရှိပါသည်။ ရှည်ကြာ ပြင်းထန်သော မိုးဦးနှင့် မိုးနှောင်းကာလကြား ပူပြင်းသော ကာလများရှိသလို မြေဆီလွှာ တိုက်စားမှု ဖြစ်စေသည့် မိုးသည်းထန်စွာ ရွာသွန်းမှုများလည်းရှိသည်။[50]


ယေဘုယျအားဖြင့် အပူပိုင်းဇုန်တွင် မြေဆီလွှာမှာ သဘာဝအရပင် မြေဆီသြဇာ နိမ့်ကျသည်။ စိမ်းလန်းသော သစ်ပင်များ ခပ်ပါးပါးသာ

50 မိုးရွာသွန်းမှုဆိုင်ရာ အချက်အလက်သည် ၂၀၀၂ ခုနှစ်က IWMI မှ အစီရင်ခံခဲ့သော အချက်အလက်ဖြစ်ပြီး နောက်ဆုံး အချက်အလက်များကိုမူ ရရှိနိုင်ခြင်း မရှိပါ။

ဖုံးအုပ်ထားခြင်း၊ ကာလတိုအတွင်း အပြင်းအထန် စိုက်ပျိုးခြင်းများကြောင့် မြေဆီလွှာတွင် မြေသြဇာပါဝင်မှု နည်းပါးစေခဲ့သည်။ မြေလွှာအသားနှင့် မိုးကြီးမှု၊ မြေယာဖွဲ့စည်းခြင်း၊ စိမ်းလန်းသောသစ်ပင်များ ခပ်ပါးပါးသာ ဖုံးအုပ်ထားခြင်းနှင့် မြေလွှာရာခိုင်နှုန်း နည်းပါးခြင်းတို့က မြေပြိုခြင်းကို ဖြစ်စေသည်။ အင်အားပြင်းသော လေများကလည်း တန်ဖိုးရှိသော အပေါ်ယံ မြေလွှာကို ဆုံးရှုံးမှု ဖြစ်စေသည်။ အပူပိုင်းဇုံတွင် မြေဆီလွှာ ကွဲပြားမှု အချိုး မြင့်မားပြီး ဤအချက်က ဒေသအလိုက် ကိုက်ညီမည့် ကွဲပြားသော တူညီမှုမျိုးကို လိုအပ်သည်။ ကျေးရွာ အချင်းချင်းနှင့် ကျေးရွာအတွင်း၌ပင်လျှင် ပင်မစီးပွားရေး လုပ်ငန်းများ ကွဲပြားမှု သိသိသာသာ ရှိသည်။ အချို့သော ကွဲပြားမှုများကို တောင်တန်းများမှ မြေပြန့် နန်းတင်မြေနု ဒေသများထိ မြေမျက်နှာပြင် အနေအထား၊ ဧရာဝတီမြစ်နှင့် အကွာအဝေးနှင့် ဈေးများသို့ အလွယ်တကူ ရောက်ရှိနိုင်မှု စသည်တို့အလိုက် ရှင်းပြနိုင်သည်။ ယင်းအချက်များသည် စိုက်ပျိုးရေး အမျိုးအစားနှင့် လယ်ယာလုပ်ငန်းမဟုတ်သော လုပ်ငန်းများ စသည်တို့ကို ထိန်းကျောင်း ဖြစ်ပေါ်စေသည်။[51].

ဧရာဝတီ မြစ်ကြောတစ်လျှောက် မြေပြန့်နှင့် မြေနိမ့်ဒေသများတွင် စပါးစိုက်ပျိုးရေးကို အများအားဖြင့် လုပ်ကိုင်ကြပြီး မြေဆီလွှာ ပိုမို ကောင်းမွန်၍ ဈေးကွက်သို့ လက်လှမ်းမီမှုမှာ အတော်အသင့် ကောင်းမွန်သည်။ မြစ်နှင့် အလှမ်းဝေးသော တောင်ကုန်းဒေသများ အထူးသဖြင့် ပဲခူးရိုးမတစ်လျှောက်တွင် မိုးရေချိန်မှာ ကွဲပြားမှုရှိပြီး မြေဆီလွှာမှာ သဲပိုများပြီး ဈေးကွက်နှင့် ပိုမို အလှမ်းကွာဝေးသည်။[52] ထို့ကြောင့် ကုန်းမြင့်ဒေသတွင် ဆင်းရဲမွဲတေမှု ပိုမိုမြင့်မားပြီး မြေယာမဲ့မှုမှာမူ အပူပိုင်းဇုန်တွင် တွေ့မြင်နေရခြင်း ဖြစ်သည်။

## အပူပိုင်းဇုန်ရှိ LIFT ၏ လုပ်ငန်းများ




၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် (၃) နှစ် စီမံချက်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၂၁.၉ သန်း တန်ဖိုးရှိ ဆက်လက် လည်ပတ်ဆဲ မိတ်ဖက် သဘောတူညီမှုများ အပူပိုင်းဇုန်တွင် ရှိခဲ့သည်။ စီမံချက် (၂) ခုသည် ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် ပြီးဆုံးမည်ဖြစ်ပြီး အခြားစီမံချက် (၉) ခုသည် ၂၀၁၄ ခုနှစ်တွင် ပြီးဆုံးမည် ဖြစ်သည်။ LIFT ၏ လတ်တလော လုပ်ငန်းစဉ်များတွင် ပိုမိုကောင်းမွန်သော လယ်ယာမြေ ပြင်ဆင်ခြင်း၊ ရေပိုမိုရရှိခြင်း၊ တတ်နိုင်သော ချေးငွေရရှိခြင်း၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှု၊ စီမံခန့်ခွဲမှုတို့အတွက် ထောက်ပံ့မှု ပါဝင်သည်။ အခြားလုပ်ငန်းများတွင် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေး နည်းလမ်းများ ပါဝင်သည်။ ဤနည်းလမ်းများတွင် သီးနှံ ထုတ်လုပ်ရေးတွင် ပြုပြင် ကျင့်သုံးသော နည်းလမ်းများ (ဥပမာ အပူပိုင်းဇုန်နှင့် လိုက်ဖက်သည့် သီးနှံမျိုးများ၊ မြေဆီလွှာ တိုက်စားမှုကို ကာကွယ်ပေးသော ပြင်ပ အရံအတားနှင့် ကန်များ ပြန်လည် တူးဖော်ခြင်း) တို့ ပါဝင်သည်။ လယ်ယာမဲ့နှင့် ဆင်းရဲသော လယ်သမားများအတွက် အပိုဝင်ငွေရသော လုပ်ငန်းဖြစ်သည့် မွေးမြူရေးအတွက် ထောက်ပံ့မှုမှာ အများအားဖြင့် သိုး၊ ဆိတ်၊ ဝက်နှင့် ကြက်၊ ဘဲတို့ ဖြစ်သည်။ ဤဒေသတွင် LIFT အနေဖြင့် အသေးစားချေးငွေလုပ်ငန်းများကိုလည်း ရန်ပုံငွေ ထောက်ပံ့ပေးနေသည်။

အပူပိုင်းဇုန်မှ စီမံချက်များကို ၂၀၀၉ ခုနှစ်တွင် အဆိုပြုလွှာများ ခေါ်ယူပြီး ရန်ပုံငွေ ပံ့ပိုးပေးခဲ့သည်။ အခြားစီမံချက်များကို Learning and Innovation Window အစီအစဉ်မှတစ်ဆင့် ရွေးချယ်ခဲ့သည်။ (အခန်း ၅.၁ ကို ကြည့်ပါ။) အပူပိုင်းဇုန်ရှိ စီမံချက်များကို ၂၀၀၉ ခုနှစ်တွင် ရွေးချယ်ပြီးသောအခါ programmatic approach ကို မစဉ်းစားခဲ့သေးပါ။ ဤအစီအစဉ်ကို LIFT က စီမံချက်အချင်းချင်း သတင်းအချက်အလက် ဝေမျှမှုအတွက် ပူးပေါင်းဆောင်ရွက်မှု အားနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ရန် ကြိုးပမ်းချိန် ကျမှသာ စဉ်းစားနိုင်ခဲ့ပါသည်။ ပိုမိုသေးငယ်သော စီမံချက်များအနေဖြင့် အတူတကွ ပူးပေါင်း လုပ်ဆောင်ကြသော်လည်း အကန့်အသတ် ရှိခဲ့ပါသည်။ ဥပမာအားဖြင့် Myanmar Business Coalition on AIDS (MBCA) စီမံချက်က လယ်သမားများ၊ ဈေးကွက်များ၊ ကုန်သည်များကြား ဆက်သွယ်မှုကို ပံ့ပိုးပေးခဲ့ပြီး လယ်သမားများအတွက် ပိုမိုကောင်းမွန်သော ဈေးနှုန်းရရှိရန် ပိုမိုကောင်းမွန်သော ဈေးကွက် လက်လှမ်းမီမှုမှ တစ်ဆင့် ရရှိရန် ရည်ရွယ်ခဲ့သည်။

LIFT ၏ မိတ်ဖက်အဖွဲ့ (၆) ခုသည် အပူပိုင်းဇုန်တွင် ၎င်းတို့၏စီမံချက်များကို လူထုဖွံ့ဖြိုးမှု ချဉ်းကပ်ပုံ[53]ကို သုံး၍ အကောင်အထည် ဖော်နေပါသည်။ ဤစီမံချက် အားလုံးသည် လက်တွေ့ ဖော်ဆောင်မှုများမှာ (၂) နှစ်ထက် လျော့နည်း သေးသော်လည်း


51 "ပြည်ထောင်စု မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုံအတွင်း ဆင်းရဲမှု လျှော့ချရေးအစီအစဉ်အတွက် ရေရှည်ခံသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဖွံ့ဖြိုးမှု လေ့လာချက်" အပြီးသတ် အစီရင်ခံစာ၊ ဩဂုတ် ၂၀၁၀၊ JICA။

52 ၎င်း

53 လူထုမှ အလေးပေး ဖော်ထုတ်ထားသည့် လုပ်ဆောင်ရန်များကို စီစဉ်ရန်နှင့် အကောင်အထည်ဖော်ရန် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခု ဖြစ်လာစေရေး အဓိကထားသည်။ ရပ်ရွာအဆင့်တွင် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ဖွဲ့စည်းပုံများကို အားလုံးပါဝင်နိုင်၍ ထင်သာမြင်သာရှိကာ တာဝန်ခံမှု ကောင်းအောင် ပုံစံထုတ်ထားသည်။ အချို့လုပ်ဆောင်မှုများတွင် ဆင်းရဲမှု လျှော့ချရေးအတွက် ထိရောက်အောင် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ရာ၌ ငွေကြေး ကြွယ်ဝမှုဖြင့် အဆင့်ခွဲခြားခဲ့သည်။

လေ့လာတွေ့ရှိချက်များနှင့် လတ်တလော သင်ခန်းစာ အချို့ရရှိပါသည်။ လူထုအခြေပြု အဖွဲ့အစည်းများ တည်ထောင်ခြင်းသည် မြင်တွေ့နေကျဖြစ်ပြီး လိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကျေးရွာအဆင့် ကူညီဆောင်ရွက်သူများ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမှာ အောင်မြင်မှုအတွက် အဓိက သော့ချက်တစ်ရပ် ဖြစ်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းအောင် ပါဝင်ဆောင်ရွက်မှု နည်းလမ်းအချို့ကို အသုံးပြုနေကြပါသည်။ ဤအချက်က ပိုမိုကျယ်ပြန့်စွာ လုပ်ငန်း ဆောင်ရွက်နိုင်စေရန် ဥပမာများ ပေးကောင်း ပေးပါမည်။ ကျယ်ပြန့်သော လုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ခြင်းသည် စီမံချက်အများစုကို စိန်ခေါ်နေပါသည်။ ငွေကြေးထောက်ပံ့မှု ပေးခြင်းက ပိုမိုလိုလား နှစ်သက်ဖွယ် ဖြစ်ပုံပေါ်ပါသည်။ အချို့လူထုအခြေပြု အဖွဲ့အစည်းများသည် အစိုးရ ဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်နိုင်ခဲ့ကြပြီး လူထုပါဝင်ဆောင်ရွက်သော ဖွံ့ဖြိုးမှုဆိုင်ရာ ဥပမာကောင်းများ ရှိခဲ့ပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့လေးခု (ADRA/ActionAid၊ Help Age၊ Oxfam နှင့် Proximity Design) တို့က ရေအရင်းအမြစ် စီမံခန့်ခွဲမှု ဆိုင်ရာ




လုပ်ငန်းများကို ကူညီမှုပေးပြီး အသေးစား စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အိမ်သုံးအတွက် ရေထိန်းသိမ်းခြင်း နည်းစနစ်များကို တည်ထောင်ပေးခဲ့ပါသည်။ LIFT သည် အစိုးရ၏ မြစ်ရေတင် စိုက်ပျိုးရေး စီမံချက်များအနက်မှ အချို့ကို အဆင့်မြှင့်တင်ရန်နှင့် ပြန်လည် လည်ပတ်နိုင်ရန်အတွက် စီမံချက်အသစ် တစ်ခုအတွက် အခြေခံပုံစံကို ပြင်ဆင်ပေးခဲ့ပါသည်။ ဤစီမံချက်သည် ၂၀၁၃ ခုနှစ်တွင် စတင်ပါမည်။ သို့သော်လည်း အပူပိုင်းဇုန်တွင် ရေရရှိရေးဆိုင်ရာ ကိစ္စရပ်များအတွက် အားလုံးလွှမ်းခြုံမိသော အဖြေဖြစ်မှုနှင့် LIFT အနေဖြင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှု တိုးတက်ရန် မည်သို့ ကူညီပေးနိုင်မည့် နည်းလမ်းအတွက် မဟာဗျူဟာတစ်ရပ် ကင်းမဲ့နေပါသည်။ မူဝါဒဖော်ဆောင်မှု ပထမအစီအစဉ် တစ်ရပ်အနေဖြင့် LIFT သည် အိမ်သုံးနှင့် စိုက်ပျိုးရေးသုံးအတွက် ရေပမာဏ မည်မျှရနိုင်သည်၊ ရေရရှိမှုနှင့် လက်လှမ်းမီမှုအတွက် အဓိက အတားအဆီးများ၊ အိမ်ထောင်စုများ၏ ကြိုတင်ပြင်ဆင်ရေး နည်းလမ်းများနှင့် ရင်ဆိုင်ရေး ဗျူဟာများကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးချက်တစ်ရပ် အကောင်အထည် ဖော်ရန်အတွက် International Water Management Institue (IMMI) ကို စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဤလေ့လာချက်က အိမ်သုံး ရေသုံးစွဲမှုနှင့် စိုက်ပျိုးရေး လုပ်ငန်းသုံး (မွေးမြူရေး အပါအဝင်) ရေသုံးစွဲမှုတို့ကို အကျိုးသက်ရောက်စေသည့် ရေနှင့် သက်ဆိုင်သည့် ပြဿနာများကို ဖြေရှင်းရန် အရေးတကြီး လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်မှုများကို ဖော်ထုတ်ပေးပါမည်။

လုပ်ငန်းများမှာ ပမာဏ အကန့်အသတ် ရှိနေသော်လည်း လယ်သမားများ စျေးကွက်များကို လက်လှမ်းမီမှုကို မြှင့်တင်ပေးရာတွင် တိုးတက်မှုများ ရှိခဲ့ပါသည်။ လုပ်ငန်းနယ်ပယ် ချဲ့ထွင်ရန်အတွက် အလားအလာတစ်ခုမှာ ကုန်ပစ္စည်း ရောင်းဝယ်ရေး စင်တာများ တည်ထောင်မှု ဖြစ်ပါသည်။ MBCA သည် အဆိုပါ စင်တာမျိုး (၂) ခု တည်ထောင်ခဲ့ပြီး တစ်ခုသည် ကုန်သည်များအနေဖြင့် မြေကိုယ်ပိုင် ဝယ်ယူပြီး အမြဲတမ်း အဆောက်အဦးတစ်ခု တည်ထောင်ရန်အတွက် ကုန်ကျစရိတ်များကို ခွဲဝေ မျှခံနေကြသည်အထိ အောင်မြင်ခဲ့ပါသည်။ ဤစင်တာများမှ ၎င်းတို့၏ ထုတ်ကုန်များကို ပိုမိုကောင်းမွန်သော စျေးနှုန်းဖြင့် ရောင်းချနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးသည်ဟု သတင်းပို့ကြပါသည်။

LIFT သည် ၂၀၁၂ ခုနှစ်တွင် ၎င်း၏ ရေးဆွဲပြီး Dry Zone စီမံချက်၏ ပုံစံဒီဇိုင်းနှင့် ပတ်သက်၍ ရုန်းကန်ခဲ့ရပါသည်။ သို့သော်လည်း

ဤအစီအစဉ်အတွက် ပုံစံဒီဇိုင်း ဆက်လက်ရေးဆွဲရန်သည် ၂၀၁၃ ခုနှစ်အတွက် အဓိက ဦးစားပေး ကိစ္စတစ်ရပ် ဖြစ်ပါသည်။ အပူပိုင်းဇုံတွင် သုံးစွဲရသည့် အကန့်အသတ်ရှိသော ရင်းမြစ်များနှင့် ပေါင်းစပ်မိသောအခါ ဤအစီအစဉ်အတွက် ဒေသဆိုင်ရာ သို့မဟုတ် ဦးတည်ခေါင်းစဉ် သတ်မှတ်၍ အာရုံစိုက်မှု (Focus) ကို ဖော်ထုတ်ရန် အခက်အခဲ တွေ့ခဲ့ရသည်။ မြို့နယ်အဆင့်တွင် ဆင်းရဲမွဲတေမှုဆိုင်ရာ အိမ်ထောင်စု သတင်းအချက်အလက် တိတိကျကျ မရှိမှုကလည်း ဤအချက်ကို ပိုမိုရှုပ်ထွေးစေခဲ့သည်။ အပူပိုင်းဇုံတွင် ရေအရင်းအမြစ် ရရှိမှုနှင့် အသုံးချမှုကို ပိုမို ကောင်းမွန်စေရန်အတွက် စစ်တမ်းတစ်ရပ်ကို ပြုလုပ်စေခဲ့ပါသည်။ ဤလုပ်ငန်းအတွက် IMMI ကို စာချုပ် ချုပ်ဆိုထားပြီး ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ရလဒ်များရရှိရန် မျှော်မှန်းထားပါသည်။ ရွေးချယ်ထားသော လုပ်ငန်းရပ်များကို လေ့လာချက်များက အဆိုပြုထားသော Dry Zone စီမံချက်ကို အကျိုးပြုပါလိမ့်မည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရက ဆောင်ရွက်သော မြစ်ရေတင် ရေသွင်းစီမံချက်များကိုပါ ထောက်ပံ့ပေးပါလိမ့်မည်။

## လူထုဖွံ့ဖြိုးမှု ချဉ်းကပ်မှုများ

LIFT ၏ မိတ်ဖက်အဖွဲ့ ၆ ဖွဲ့ (ActionAid/Thadar Consertium၊ ADRA၊ Help Age၊ Mercy Corps၊ Oxfam နှင့် Disabled Peoples Development Organization (DPDO)) တို့သည် ၎င်းတို့၏ စီမံချက်များကို ကျေးရွာပေါင်း ၂၄၄ အတွင်း လူထုဖွံ့ဖြိုးမှု ချဉ်းကပ်နည်း[54] ကို အသုံးပြု၍ အကောင်အထည် ဖော်ပါသည်။ စီမံချက်များသည် ၎င်းတို့နှင့် တွဲဖက်လုပ်ကိုင်နေသော LNGO များအတွက် စွမ်းရည်တည်ဆောက်ရေး ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းများ အကျဉ်းချုပ်နှင့် ချဉ်းကပ်မှုများကို နောက်စာမျက်နှာတွင် ဇယားဖြင့် ဖော်ပြထားပါသည်။ ဤစီမံချက်အားလုံး လက်တွေ့ဖော်ဆောင်မှုမှာ (၂) နှစ်ထက် လျော့နည်းသော်လည်း လေ့လာတွေ့ရှိချက်များနှင့် လတ်တလော သင်ခန်းစာများ ရရှိပါသည်။

- (လူထုအခြေပြု အဖွဲ့အစည်းများ တည်ထောင်ခြင်းသည် လိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ လူထုဖွံ့ဖြိုးမှု ချဉ်းကပ်နည်းကို အသုံးပြုသည့် LIFT ၏ စီမံချက်အားလုံး ၎င်းတို့ လုပ်ငန်း ဆောင်ရွက်နေသော ရွာများတွင် လူထုအခြေပြု အဖွဲ့အစည်းများ တည်ထောင်ခဲ့ပါသည်။ ကျေးရွာအဆင့်၌ စုပေါင်း လုပ်ဆောင်ကြခြင်းသည် မြင်တွေ့နေကျ ဖြစ်ပြီး လူထုအခြေပြု အဖွဲ့အစည်း အများအပြား ကျေးရွာများတွင် တည်ရှိပြီး ဖြစ်သည့်အတွက် ဤအချက်မှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။ (ကျေးရွာအဆင့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ အသေးစိတ်ကို အခန်း (၄.၁) တွင် ကြည့်ပါ။) သို့သော် လူထုအခြေပြု အဖွဲ့အစည်း အများစုမှာ ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများနှင့် လူမှု အဆောက်အဦ စီမံခန့်ခွဲမှုအပေါ် တွင် အာရုံစိုက်ပြီး အသက်မွေးဝမ်းကျောင်းမှုပေါ် တွင် အာရုံစိုက်ခြင်း မရှိပါ။ စီမံချက်အားလုံးက ဤလူထုအခြေပြုအဖွဲ့များကို ကူညီရန် ကာလရှည်ကြာစွာ လက်တွဲလုပ်ကိုင်မှု လိုအပ်သည်ဟု ဝန်ခံကြပါသည်။ Fund Manager ၏ ကွင်းဆင်း ခရီးစဉ်များမှ အသစ် တည်ထောင်ထားသော လူထုအခြေပြု အဖွဲ့အစည်း အများစုသည် စီမံချက်ရန်ပုံငွေနှင့် နည်းပညာကျွမ်းကျင် ဝန်ထမ်းများ၏ ကူညီမှုအပေါ် မှီခိုရဆဲ ဖြစ်ပြီး ၎င်းတို့၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ စွမ်းရည်မှာ အကန့်အသတ်ရှိနေသည်။

- ကျေးရွာအဆင့် ကူညီဆောင်ရွက်သူများ၏ စွမ်းရည်နှင့် အတွေ့အကြုံမှာ အဓိက အောင်မြင်မှုအတွက် လိုအပ်ချက်ဖြစ်သည်။ ActionAid နှင့် Thadar Consortium တို့သည် လူထုဖွံ့ဖြိုးမှုကို ၎င်းတို့၏ Fellows ကွန်ရက်မှတစ်ဆင့် ထောက်ပံ့ပေးနေသည်။ ဤ Fellows များမှာ အထက်တန်းပညာရေး ပြီးဆုံးပြီး (အချို့ တက္ကသိုလ်ပညာရေး ပြီးဆုံးပြီး) (၃) လသင်တန်း တက်ရောက်ပြီးသူ လူငယ်များ ဖြစ်သည်။ ဤလူငယ်များသည် အရေးပါသော အပြောင်းအလဲကို ဖော်ဆောင်မည့်သူများ ဖြစ်သည်။ ADRA သည် သက်ဆိုင်ရာ လူထုအတွင်း အကူအညီပေးရန်အတွက် လူငယ်ခေါင်းဆောင်များ (အများအားဖြင့် ကျေးရွာတစ်ရွာစီမှ အမျိုးသမီးတစ်ဦး) ကို လေ့ကျင့်ပေးခဲ့သည်။ စီမံချက် တူညီသူများကို ခန့်ထားသော အခြားမိတ်ဖက်အဖွဲ့များရှိပြီး ၎င်းတို့မှာ ရက်အနည်းငယ်သာ သင်တန်း တက်ရောက်ရပြီး လုပ်ရင်းကိုင်ရင်း လုပ်ငန်းခွင်တွင်ပင် သင်ယူကြရသည်။ နိုင်ငံအနှံ့ ပြုလုပ်သော အစီအစဉ်၏ နှစ်ဝက်သုံးသပ်ချက်တွင် အပူပိုင်းဇုံတွင် ပြုလုပ်သော ကွင်းဆင်းလေ့လာချက်များ ပါဝင်ပြီး ၎င်းက လူထုအခြေပြုအဖွဲ့များနှင့် လုပ်ကိုင်နေသော ကွင်းဆင်းဝန်ထမ်းများ၏ အကန့်အသတ်ရှိသော အတွေ့အကြုံနှင့် စွမ်းရည်ကို အထူးပြု ဖော်ပြကြသည်။ ၎င်းတို့သည် ဘွဲ့ရပြီးစ လူငယ်လူရွယ်များ ဖြစ်ကြပြီး စိတ်အားထက်သန်မှု ရှိကြသည်။ သို့သော် ၎င်းတို့၌ စီမံချက်လုပ်ငန်းများ၏ ရှုပ်ထွေးမှုများကို ကိုင်တွယ်ရန် နည်းပညာအခြေခံ မရှိပါ။

ပိုမိုကျယ်ပြန့်သော လုပ်ငန်းတိုးချဲ့ခြင်း ဥပမာများပေးနိုင်သည့်အတွက် ပါဝင်ဆောင်ရွက်သော စီမံရေးကိရိယာများ (participatory planning tools) ကို အသုံးချနေကြပါသည်။ ActionAid/Thadar နှင့် ADRA စီမံချက်များတွင် လူငယ် (fellows) များ၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးမှု ကော်မတီများက "ကျေးရွာစာအုပ်" များကို ပြုစုခဲ့သည်။ ဤစာအုပ်များတွင် တည်နေရာ၊ ကျေးရွာ၏ ထိခိုက်လွယ်မှု

54 လူထုဖွံ့ဖြိုးမှု (CD) ချဉ်းကပ်နည်းသည် အများအားဖြင့် ကျေးရွာအဆင့်တွင် စီမံကိန်းများ၏ အစီအစဉ် ရေးဆွဲခြင်းနှင့် အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကို ဒေသခံ လူမှုအဖွဲ့အစည်းများထံ လွှဲအပ်ပေးသည့် ချဉ်းကပ်မှုပုံစံ ဖြစ်သည်။ လူမှုအခြေပြု အဖွဲ့များ (CBO) သည် CD စီမံကိန်းများ၏ အဓိက မဏ္ဍိုင်များ ဖြစ်ကြသည်။ ဤချဉ်းကပ်မှု ပုံစံတွင် အင်္ဂါရပ် ၅ ခု ရှိပါသည်။ (က) လူတစ်ဦးတစ်ယောက်ထက် လူအစုအဝေးများ သို့မဟုတ် လူထုအခြေပြု အဖွဲ့များကို အာရုံစိုက်သည်။ (ခ) လူထုအခြေပြု အဖွဲ့ အဖွဲ့ဝင်များ အားလုံး ပါဝင်သည့် အကြံဉာဏ်ရယူမှု အပါအဝင် အားလုံးပါဝင်သော အစီအစဉ် ရေးဆွဲမှု ပြုလုပ်သည်။ (ဂ) အရင်းအမြစ်များကို လူထုထံ တိုက်ရိုက် စီးဆင်းစေသည်။ (ဃ) စီမံကိန်း အကောင်အထည်ဖော်မှုတွင် လူထုကိုယ်တိုင် တိုက်ရိုက် ပါဝင်ပတ်သက်သည်။ (င) သွင်းအားစုနှင့် ထုတ်ကုန်များ၏ အရည်အသွေးနှင့် ကုန်ကျစရိတ် အပါအဝင် အကောင်အထည်ဖော်မှု ဖြစ်စဉ်ကို စောင့်ကြည့်အကဲခတ်ရာတွင် လူထုကိုယ်တိုင် တိုက်ရိုက် ပါဝင်ပတ်သက်ပြီး တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားကို အားထားသည်။ ဤအချက်များသည် လူထုအခြေပြု အဖွဲ့အစည်းအတွင်း အပြန်အလှန် ဆက်သွယ် ဖြစ်ပျက်မှုများ၏ ယေဘုယျဆန်သော အရေးပါသည့် အချက်များသာ ဖြစ်ပါသည်။ အသေးစိတ်ကို ကမ္ဘာ့ဘဏ်၏ လူထုက မောင်းနှင်သော ဖွံ့ဖြိုးရေး (CDD Design Elements) http://go.worldbank.org/MUHZG9I0H0 တွင် လေ့လာနိုင်ပါသည်။

ဖော်ပြချက်နှင့် ဆန်းစစ်ချက်၊ စီးပွားရေး၊ အမျိုးသမီး အခွင့်အရေး၊ လူမှုရေးနောက်ခံ၊ အာဏာဆက်စပ်မှုတို့ ထည့်သွင်း ဖော်ပြထားသည်။ ဤစာအုပ်များက ကျေးရွာဖွံ့ဖြိုးမှု၏ ကွက်လပ်များကို ဖြည့်ပေးရန် ကျေးရွာ လက်တွေ့ဆောင်ရွက်ချက် အစီအစဉ်များကို ရေးဆွဲရန် လူထုကို ကူညီပေးသည်။

**ဇယား (၁၆) CBO များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ**

| | Action Aid/ Thadar | ADRA/ ActionAid | HAI | Mercy Corps | Oxfam | DPDO |
|---|---|---|---|---|---|---|
| မြို့နယ်ပေါင်း/ ကျေးရွာပေါင်း | ၄ / ၃၇ | ၃ / ၅၀ | ၂ / ၃၀ | ၁ / ၄၁ | ၂ / ၆၃ | ၃ / ၂၃ |
| အိမ်ထောင်စုများ | ၅,၄၆၅ | ၅,၁၅၂ | ၄,၀၈၂ | ၈,၂၀၀ | ၆,၃၀၀ | ၁,၄၈၀ |
| ရပ်ရွာအဆင့် ပံ့ပိုး ဆောင်ရွက်ပေးသူ | Fellow များ | NGO ဝန်ထမ်း၊ Fellow များ သို့မဟုတ် လူငယ် ခေါင်းဆောင်များ၊ ကျေးရွာ စိုက်ပျိုး/ မွေးမြူရေး တိုးချဲ့ လုပ်သားများ | NGO ဝန်ထမ်း | NGO ဝန်ထမ်း | NGO ဝန်ထမ်း | NGO ဝန်ထမ်း |
| တည်ထောင်ပေးခဲ့ သော CBO ပေါင်း | VDC ၃၇ ခု | VDC ၅၀၊ ကိုယ်ထူ ကိုယ်ထအဖွဲ့ ၉၉ ဖွဲ့၊ သစ်တော အသုံးပြုသူ ၁၀ ဖွဲ့ | အသက်မွေး ဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ရန်ပုံငွေ ရှာဖွေရေး အဖွဲ့ငယ်များ ပါဝင်သည့် VDC ၃၀ | VDC ၄၁ ခု | MO ၃၄ ဖွဲ့ | ကိုယ်ထူကိုယ်ထ အဖွဲ့ ၆၁ ဖွဲ့ |
| ရည်မှန်းအဖွဲ့ ရွေးချယ်ပုံ | ကြွယ်ဝမှု အဆင့်ခွဲခြင်း | ကြွယ်ဝမှု အဆင့်ခွဲခြင်း | စီးပွားရေးအရ ထိခိုက်လွယ်မှု ဆန်းစစ်ခြင်း | ကြွယ်ဝမှု အဆင့်ခွဲခြင်း | ရွာသားများ၏ စီးပွားရေး အကျိုးကျေးဇူးကို အခြေခံ၍ | မသန်စွမ်းသူများ နှင့် သက်ကြီး ရွယ်အိုများသာ |
| အားလုံး ပါဝင်နိုင် စေရန် ချဉ်းကပ်ပုံ | ရပ်ရွာလူထု အားလုံးနဲ့ လက်တွဲ လုပ်ကိုင်ပြီး အဆင်းရဲဆုံးသူ များကို အာရုံစိုက် | ရပ်ရွာလူထု အားလုံးနဲ့ လက်တွဲ လုပ်ကိုင်ပြီး အဆင်းရဲဆုံးသူ များကို အာရုံစိုက် | ရပ်ရွာလူထု အားလုံးနဲ့ လက်တွဲ လုပ်ကိုင်ပြီး သက်ကြီး ရွယ်အိုများနှင့် အခြား ထိခိုက် လွယ်သူများကို အာရုံစိုက် | ရပ်ရွာလူထု အားလုံးနဲ့ လက်တွဲ လုပ်ကိုင်ပြီး ထိခိုက်လွယ်မှု အမြင့်ဆုံးသူ များကို အာရုံစိုက် | မရှင်းလင်းပါ | မသန်စွမ်းသူများ နှင့် သက်ကြီး ရွယ်အိုများသာ |
| သုံးခဲ့သော လူထု အခြေပြု အစီအစဉ် ရေးဆွဲမှု ကိရိယာများ | ကျေးရွာမှတ်စု၊ ကျေးရွာ လိုအပ်ချက် ကောက်ယူမှု | အများပါဝင်သော ထိခိုက်လွယ်မှု ဆန်းစစ်ချက်၊ ကျေးရွာမှတ်စု၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ် | စီးပွားရေးအရ ထိခိုက်လွယ်မှု ဆန်းစစ်ခြင်းနှင့် အများပါဝင်သော ကျေးလက်ဒေသ အကဲဖြတ်ခြင်း၊ အားလုံး ပါဝင်သော လူထု လုပ်ဆောင်ဖွယ် အစီအစဉ် (ICAP) | အန္တရာယ် ကျရောက်နိုင်မှု၊ ထိခိုက်လွယ်မှုနှင့် နည်းပညာများ ကျင့်သုံးနိုင်မှု စာရင်း ကောက်ယူခြင်း၊ စီးပွားရေးအရ ဒဏ်ခံနိုင်ရေး လူထု အစီအစဉ် | MO များသည် အဖွဲ့ဝင်များ၏ စီးပွားရေး လိုအပ်ချက်များကို အာရုံစိုက်သည် | ကိုယ်ထူကိုယ်ထ အဖွဲ့များ၏ စီမံကိန်းငယ် အဆိုပြုလွှာများ |

| | Action Aid/ Thadar | ADRA/ ActionAid | HAI | Mercy Corps | Oxfam | DPDO |
|---|---|---|---|---|---|---|
| စီမံကိန်းအတွက် ပံ့ပိုးပေးခဲ့မှုများ | စိုက်ပျိုး မွေးမြူရေးနှင့် အသေးစား လုပ်ငန်းများ အတွက် လှည့်လည် စီးဆင်းသော ရန်ပုံငွေ၊ အသက်မွေး ဝမ်းကျောင်း သင်တန်းများ | သင်တန်းများ၊ လှည့်လည် စီးဆင်းသော ရန်ပုံငွေ၊ စိုက်ပျိုး မွေးမြူရေး စီးပွားရေးတို့ အတွက် ငွေကြေး/ ပစ္စည်း ထောက်ပံ့ခြင်းနှင့် ရေ ပံ့ပိုးခြင်း၊ CfW၊ အသက်မွေး ဝမ်းကျောင်း သင်တန်းများ၊ သစ်တောနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်း၊ DRR | လှည့်လည် စီးဆင်းသော ရန်ပုံငွေ၊ စိုက်ပျိုး မွေးမြူရေး စီးပွားရေးတို့ အတွက် ငွေကြေး နှင့် အခြား ပံ့ပိုးမှု၊ CfW၊ သင်တန်းများ၊ FFS၊ အာဟာရ | VDC များသို့ ခြွေလှေ့စက်နှင့် မျိုးစေ့များ အခမဲ့ ဖြန့်ဝေခြင်း၊ ငွေစု အဖွဲ့များအတွက် ငွေသား ရန်ပုံငွေ ပံ့ပိုးခြင်း၊ VDC ချေးငွေများ၊ တိရစ္ဆာန် သိုလှောင်ရုံ | MO များအတွက် ကနဦး ရန်ပုံငွေ၊ အစိုးရ တိုးချဲ့ဌာန ဝန်ထမ်းများမှ တဆင့် နည်းပညာ ပံ့ပိုးခြင်း၊ သွင်းအားစုများ ဝယ်ယူခြင်းနှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်တင်ခြင်း စုပေါင်း ပြုလုပ်မှု | SHG များမှတဆင့် စိုက်ပျိုး မွေးမြူရေး စီးပွားရေးတို့ အတွက် ငွေကြေး နှင့် အခြား ပံ့ပိုးမှု၊ လှည့်လည် စီးဆင်းသော ရန်ပုံငွေ၊ စုငွေနှင့် ချေးငွေ ပံ့ပိုးမှု |
| ဝန်ထမ်းအဖွဲ့များ နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများ | စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေး ဌာနများနှင့် မြို့နယ်အဆင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေး ဌာနများနှင့် မြို့နယ်အဆင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | လူမှုဖူလုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဌာနများနှင့် မြို့နယ်အဆင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | မြို့နယ် အာဏာပိုင်များ သည် စီမံကိန်းနှင့် ပူးပေါင်း ဆောင်ရွက်ရန် တွန့်ဆုတ်နေကြ ကြောင်း မကြာခဏ အစီရင်ခံကြ | စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ် မွေးမြူရေး အသင်းအဖွဲ့ | လူမှုဖူလုံရေး ဦးစီးဌာန၊ မွေးမြူရေး ဦးစီးဌာနနှင့် မြို့နယ်အဆင့် ချိတ်ဆက် ဆောင်ရွက်ခြင်း |
| စောင့်ကြည့် အကဲခတ်ခြင်းနှင့် တုံ့ပြန် အကြံပြုမှု ဖြစ်စဉ် | အကြံပေးစာ စာတိုက်ပုံး | ကြော်ငြာသင်ပုန်း၊ အကြံပြုချက် ရယူသည့်စနစ် | M&E ကော်မတီ၊ အကြံပေးစာ စာတိုက်ပုံး | Transparency board | n/a | n/a |

Mercy Corps သည် လူထုအတွက် စီမံရေး ကိရိယာတစ်ခုအဖြစ် လူထုစီးပွားရေး ပြန်လည်ထူထောင်နိုင်မှု အစီအစဉ် (CERPS) ကို မိတ်ဆက်ခဲ့ပါသည်။ LIFT ၏ ကွင်းဆင်းလေ့လာမှုများအရ ဤအစီအစဉ်များမှာ SHG များ သို့မဟုတ် လူထုမဟုတ်ဘဲ Mercy Corps ၏ ဝန်ထမ်းများက ဤအစီအစဉ်များကို ရေးဆွဲသည်ဟု သိရပါသည်။ ဤအချက်က ရှုပ်ထွေးမှု တစ်ချို့ ဖြစ်စေခဲ့ပုံ ပေါ်ပါသည်။ အကြောင်းမှာ အကျိုးခံစားခွင့်ရှိသူများ အနေဖြင့် ၎င်းတို့၏ ပြန်လည်ထူထောင်ရေး အစီအစဉ်များက ၎င်းတို့၏ စားနပ်ရိက္ခာ ဖူလုံမှုကို မည်သို့ တိုးတက်စေနိုင်မည်ကို သိရှိနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ထိုဝန်ထမ်းများ၏ အသက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ လုပ်ငန်းများအပေါ် အမြင်များမှာလည်း အမြဲတမ်း အကောင်းဆုံး မဖြစ်နိုင်ခဲ့ပါ။ ဥပမာအားဖြင့် အဆိုပြုထားသော တိရစ္ဆာန်အစားအစာ ရောင်းချရေး ဆိုင်များမှာ စီးပွားရေးအရ ဖြစ်နိုင်ချေမရှိပဲ ပိတ်ခဲ့ရပါသည်။

Help Age သည် လူထု ပေါင်းစည်းဆောင်ရွက်ရေး အစီအစဉ် (ICAPS) များကို လုပ်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များကို ပံ့ပိုးခဲ့ပါသည်။ ၎င်းအစီအစဉ်များမှာ ကျောင်းများ တည်ဆောက်ခြင်း၊ လမ်းများ ပြုပြင်ခြင်း၊ အင်ဂျင်တစ်လုံးတည်းဖြင့် ရေတင်ရန် အတွက်သာမက ညပိုင်း မီးထွန်းရန်အတွက်ပါ မီးစက် (generators) များကို အသုံးပြုခြင်းတို့ ပါဝင်သည်။ ကျေးရွာ ၂ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များသည် မြို့နယ်အာဏာပိုင်များထံသို့ ကျောင်းတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် တစ်ခုကို အောင်အောင်မြင်မြင် တင်ပြနိုင်ခဲ့သည်။

- ကျယ်ပြန့်သော လုပ်ငန်းများကို ထောက်ပံ့ပေးရခြင်းသည် စီမံချက်အများစုကို စိန်ခေါ်နေသည်။ LIFT ၏ မိတ်ဖက်များသည် အပူပိုင်းဇုံတွင် လူထုအခြေပြု လုပ်ငန်းများကို ကျယ်ပြန့်စွာ ပံ့ပိုးပေးနေသည်။ ၎င်းအဖွဲ့များသည် စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လယ်ယာမဲ့ အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း များကို ပံ့ပိုးပေးနေပြီး သောက်သုံးရေရရှိမှုနှင့် ကျေးလက် အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှုအတွက် သာမက သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်ပါ ကူညီပံ့ပိုးနေသည်။ LIFT ၏ နှစ်လည်သုံးသပ်ချက် အစီရင်ခံစာအရ စီမံချက်ဝန်ထမ်း

များသည် အကောင်အထည်ဖော်နေသော လုပ်ငန်းများအတွက် လုံလောက်သော နည်းပညာပံ့ပိုးမှုများ ပေးရန် ပျံ့နှံ့ လွှမ်းခြုံနိုင်မှု နည်းပါးနေသေးသည်ဟု သိရသည်။

- ငွေသားထောက်ပံ့မှုသည် အခြားထောက်ပံ့မှုများထက် ပိုမိုလိုလား နှစ်သက်ဖွယ် ဖြစ်ပုံပေါ်သည်။ ဥပမာအားဖြင့် အကောင်းဆုံး တိရိစ္ဆာန်များကို ဝယ်ယူရန်အတွက် HAI သည် သက်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများကို ကျေးရွာဝယ်ယူရေးအဖွဲ့များ မှတစ်ဆင့် ၎င်းတို့ကိုယ်တိုင် ဝယ်ယူရန် ထောက်ပံ့ပေးခဲ့သည်။ ဤနည်းကို DPDO နှင့် ADRA တို့ကလည်း အသုံးပြုခဲ့သည်။ မိတ်ဖက် အဖွဲ့အားလုံးက တင်ပြသည်မှာ ဤနည်းသည် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များကို စုပေါင်းဝယ်ယူမှုနှင့် ငွေရေးကြေးရေးအတွက် တာဝန်ခံမှုဆိုင်ရာ စွမ်းရည်များ ရရှိလာရန် ကူညီပေးခဲ့သည်ဟု ဖြစ်သည်။

- အဖွဲ့ဝင်အဖွဲ့အစည်း (MO) များကို Oxfam က တည်ထောင်ပေးပြီး ၎င်းအဖွဲ့များက အဖွဲ့ဝင်များကို စည်းရုံးပေါင်းစည်း၍ သွင်းအားစုများ၊ ဝန်ဆောင်မှုများနှင့် ပစ္စည်း ရောင်းချပေးသူများ၏ သတင်းအချက်အလက်များကို ရင်းမြစ် လိုက်ရာတွင် စုပေါင်း လိုက်ရာခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေခဲ့သည်။ သာစည်မြို့နယ်တွင် Oxfam က ပံ့ပိုးပေးသော MO များသည် ကျေးရွာများစွာနှင့်အတူ လက်တွဲလုပ်ကိုင်ပြီး လက်ရှိ လက်လီရောင်းဈေးပေါ်တွင် ၂၀ ရာခိုင်နှုန်း ပိုမိုသက်သာစွာ ပစ္စည်းများကို ဝယ်ယူနိုင်ခဲ့ပြီး ရောင်းချသူများက ကုန်ပစ္စည်းများကို ကျေးရွာများသို့ အခမဲ့ ပို့ပေးရန်ပါ စီစဉ်နိုင်ခဲ့သည်။ အဖွဲ့ဝင် (၁၁၄) ဦးရှိသော MO တစ်ခုသည် မကြာခင်ကပင် မြို့နယ် မွေးမြူရေးအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ချေးငွေများ ရယူနိုင်ခဲ့ကာ မြို့နယ်အဆင့်နှင့် အထက်အဆင့်များ၌ ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်နိုင်ခဲ့သည်။

- Mercy Corps သည် လယ်ထွန်စက်များနှင့် ပိုမိုကောင်းမွန်သော မျိုးစပါး စသည့် စိုက်ပျိုးရေး သွင်းအားစုများကို ဝယ်ယူခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များကို အခမဲ့ လွှဲပြောင်းပေးခဲ့သည်။ Mercy Corps ၏ စည်းမျဉ်းများက ကျေးရွာလူထုကို ပစ္စည်းများအား ၎င်းတို့ကိုယ်တိုင် ဝယ်ယူရန် ခွင့်မပြုပါ။ ဝယ်ယူမှုအားလုံးကို စီမံချက်ကသာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဤအချက်က အကျိုးခံစားခွင့် ရှိသူများကို အသစ်ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များကို အားကောင်းစေခြင်း သို့မဟုတ် ထောက်ပံ့ပေးခြင်း မပြုသည့် recipient-of-aid အခန်းကဏ္ဍကို ရရှိစေသည်။

- အချို့သော လူထုအခြေပြု အဖွဲ့အစည်းများသည် အစိုးရ၏ လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ခဲ့သည်။ HAI က ပံ့ပိုးသော ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များသည် အစိုးရ၏ စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်မွေးမြူရေး ဌာနတို့နှင့် ချိတ်ဆက်နိုင်ခဲ့သည်။ ၎င်းတို့သည် ကျေးရွာ၊ မြို့နယ်နှင့် အစိုးရအဆင့် ပုဂ္ဂိုလ်များပါဝင်မည့် လစဉ်ကျင်းပသော မြို့နယ်အဆင့် ညှိနှိုင်းအစည်းအဝေးများတွင် တက်ကြွသော ပါဝင်ဆောင်ရွက်သူများ ဖြစ်လာခဲ့သည်။ ယေဘုယျအားဖြင့် ၎င်းတို့အနေဖြင့် အစိုးရလုပ်ငန်းများနှင့် ဆက်ဆံရာတွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို ကိုယ်စားပြုနိုင်ခဲ့ကြသည်။

- အားလုံးပါဝင်သော လူထုဖွံ့ဖြိုးမှုဆိုင်ရာ ကောင်းမွန်သော နမူနာများရှိခဲ့သည်။ အထူးဖော်ပြသင့်သော အခြားအောင်မြင်မှု တစ်ခုမှာ DPDO က တည်ထောင်သော SHG (ကိုယ်ထူကိုယ်ထအဖွဲ့) များ၏ လည်ပတ်စီးဆင်း ရန်ပုံငွေအဖွဲ့များ တိုးပွားလာမှု ဖြစ်သည်။ Fund Manager ၏ ကွင်းဆင်းလေ့လာချက်အရ SHG များသည် ကောင်းမွန်စွာ စီမံလည်ပတ်ပြီး အဖွဲ့ဝင်များက ငွေကို ပုံမှန်စုဆောင်း၊ ချေးငွေအသစ် ချေးယူ၊ သတ်မှတ်ချိန်အမီ ပြန်ပေးခြင်းအားဖြင့် လည်ပတ်နေသည်။ DPDO က စီမံခန့်ခွဲသော လည်ပတ်စီးဆင်း ရန်ပုံငွေ၏ စုပေါင်းတန်ဖိုးသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆၆၅၂၇ ထိ တိုးလာခဲ့သည်။ ဤရန်ပုံငွေ အဖွဲ့များ၏ အမြတ်ငွေ ရယ်ယာတစ်ချို့ကို ကိုယ်အင်္ဂါမသန်စွမ်း၍ အလုပ်မလုပ်နိုင်သော မသန်စွမ်း ပုဂ္ဂိုလ်များကို ပံ့ပိုးပေးခဲ့သည်။ အဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးအတွက် အရေးပေါ် လိုအပ်ချက်များရှိပါက တစ်လ ချေးငွေများကို ချေးယူနိုင်ကြသည်။

## ရေရှည်တည်တံ့ခိုင်မြဲမှု

LIFT သည် အပူပိုင်းဇုန်တွင် စိုက်ပျိုးရေးနှင့် အိမ်သုံးအတွက် ရေရရှိမှုကို တိုးတက်စေရန် ရေအရင်းအမြစ် စီမံခန့်ခွဲမှု ကနဦး အစီအစဉ်များကို ထောက်ပံ့ပေးနေပြီး ဤအရေးအတွက်မှာ ၂၀၁၃ ခုနှစ်တွင် တိုးတက်လာနိုင်ပါသည်။

### အသေးစား စိုက်ပျိုးရေးလုပ်ငန်းနှင့် အိမ်သုံးအတွက် ရေရရှိနိုင်မှု

Proximity Designs ၏ အပူပိုင်းဇုန် စီမံချက်တွင် စိုက်ပျိုးရေးနှင့် အိမ်သုံးအတွက် ရေရှိမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်မည့် ကဏ္ဍ ၂ ရပ် ပါဝင်ပါသည်။ ပထမကဏ္ဍသည် ကျေးလက်အိမ်ထောင်စုများအတွက် ထုတ်ကုန်လုပ်ငန်းထောက်ပံ့ငွေများမှတစ်ဆင့် ကုန်ကျစရိတ်နည်း ရေသွင်းစိုက်ပျိုးရေးကို ပျံ့နှံ့ရန် လုပ်ဆောင်ပြီး ဒုတိယကဏ္ဍတွင် မိုးရေခံယူရန် ရေကန်များ ပြန်လည် မွမ်းမံခြင်းအတွက် ငွေကြေးနှင့် လုပ်အား လဲလှယ်သည့် စနစ်ကို အသုံးပြု၍ မှတ်သုံးရာသီ မိုးအတွက် ရေလှောင်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ပထမ ထုတ်ကုန်

လုပ်ငန်း ထောက်ပံ့ချေးငွေ အစီအစဉ်မှ ရေသွင်း စိုက်ပျိုးရေးပစ္စည်း စုစုပေါင်း ၂၁၀၀၀ ကို ဝယ်ယူနိုင်ရန်အတွက် ငွေထုတ်ချေးမှုပေါင်း ၇၀၀၀ ကို ပြုလုပ်ခဲ့သည်။ ဤအထဲတွင် လယ်သမားများ ကောင်းမွန်စွာ ရရှိသည့် မြေအောက်ရေ ထုတ်ယူရန် ပန့်များ ပါဝင်သည်။ အချို့ ရွာသူရွာသားများက စက်ပစ္စည်းများမှာ ချို့ယွင်းချက်ရှိပြီး အစားထိုးလဲလှယ်ရန် လိုအပ်သည်ဟု ဆိုကြသည်။

Proximity Designs စီမံချက်၏ ဒုတိယကဏ္ဍမှာ ရွာပေါင်း ၆၉၅ ရွာရှိ အိမ်ထောင်စုများအတွက် ရေများ ထောက်ပံ့ပေးနေသည်။ နှောင့်နှေးမှုများ ရှိခဲ့သော်လည်း ရေကန် ၃၉၈ ကန်ကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တူးဖော်ပြီးစီးခဲ့သည်။ ဤအစီအစဉ်မှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၇၆၁၆ ကို ဖန်တီးပေးခဲ့ပြီး Cash-for-Work အစီအစဉ်တွင် ပါဝင်ခဲ့သော အိမ်ထောင်စုတစ်စုစီသည် ၎င်းတို့၏ လုပ်အားအတွက် အမေရိကန်ဒေါ်လာ (၄၀) စီ ရရှိခဲ့ကြသည်။ Proximity Design က ဤစီမံချက်ကြောင့် အကျိုးခံစားခွင့်ရှိသူများသည် ရေရရှိမှု နှစ်လခွဲခန့်ထိ တိုးမြင့်ရရှိခဲ့သည်ဟု အစီရင်ခံသည်။ Fund Manager သည် စီမံချက်၏ ဤကဏ္ဍကို အကဲဖြတ်မှုတစ်ခု ပြုလုပ်ခဲ့သည်။ အဓိကတွေ့ရှိချက်မှာ ရေကန်များသည် ၎င်းတို့၏ အဓိက ရည်ရွယ်သည့် လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး ခြောက်သွေ့ရာသီတွင် အထူးလိုအပ်သော ရေကို ဖြည့်ဆည်းပေးနေသည်။ သို့သော် Proximity အနေဖြင့် ရေကန်များ ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် အချိန်နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်မှု ပိုမိုပေးအပ်လျှင် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိနိုင်မည်ဟု တွေ့ရှိပါသည်။ ဤသွင်းအားစုများက အခြေခံ အဆောက်အဦများ၏ အရည်အသွေးကို တိုးတက်စေမည်ဖြစ်ပြီး လူထု၏ ရေကန်များကို စီမံခန့်ခွဲမှုကိုပါ အားကောင်းလာစေမည် ဖြစ်သည်။ သို့သော်လည်း ရေကန်တစ်ခုချင်းစီအတွက် ဝန်ထမ်းများ၏ အချိန်နှင့် ရုပ်ပိုင်းဆိုင်ရာ သွင်းအားစုများ အထိုက်လျောက် နိမ့်ပါးရခြင်းမှာ Proximity စီမံချက်ပုံစံ၌ ရေကန်ပေါင်း ၆၉၅ ကန်ကို ပြန်လည် ပြုပြင်မွမ်းမံရန် လိုသည့် မြင့်မားသော ရည်မှန်းချက်တစ်ခု ပါဝင်သောကြောင့် ဖြစ်ပါသည်။ လုပ်ငန်းပမာဏနှင့် အရည်အသွေးကို သင့်လျော်စွာ ထိန်းညှိရန်အတွက် Fund Manager နှင့် Proximity တို့အကြား ဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်နေဆဲဖြစ်ပါသည်။

ADRA/ActionAid စီမံချက်သည် အိမ်သုံးနှင့် အိမ်ဥယျာဉ်သုံး ရေပေးဝေမှုကို ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပေါင်းစည်းထည့်သွင်းထားသည်။ ဤတပ်ဆင်မှုများတွင် ကျေးရွာဆည်များ၊ ရေထွက်ပေါက်များ၊ ရေစစ်ကန်များ၊ ရေစည်များ၊ ပိုက်လိုင်းများနှင့် ရေဘုံဘိုင်များ ပါဝင်သည်။ ရည်မှန်းလုပ်ငန်းများမှာ ပြီးစီးခဲ့ပြီး ကျေးရွာ (၃၇) ရွာသည် ၂၀၁၂ ခုနှစ် အကုန်ပိုင်းတွင် သောက်သုံးရေနှင့် အိမ်သုံးရေ ရရှိခဲ့ပါသည်။ စီမံချက်အနေဖြင့် အိမ်ထောင်စုပေါင်း ၄၈၀၄ အနက်မှ ၃၀ ရာခိုင်နှုန်း ဖြစ်သော အိမ်ထောင်စုပေါင်း ၁၄၄၂ ကို အိမ်ထောင်စု တစ်ခု တစ်ရက်လျှင် ရေ ၁၇၅ ဂါလံ (လူတစ်ဦးလျှင် ၂၉ ဂါလံနှုန်း) ပျမ်းမျှ ရရှိနိုင်ရန် လုပ်ဆောင် ပေးနိုင်ခဲ့ပါသည်။ ADRA/ActionAid စီမံချက်သည် water harvesting ၊ ရေကန်များ ပြန်လည်တူးဖော်ခြင်းနှင့် gravity-fed water supply system တို့ပါဝင်သော မြေဆီလွှာထိန်းသိမ်းခြင်း နည်းစနစ်များမှတစ်ဆင့် လယ်မြေ ပြန်လည်ပျိုးထောင်ရေးကိုပါ မြှင့်တင်ခဲ့သည်။ သို့သော် အချို့အခြေအနေများတွင် ကန်များ ရေပြည့်ရန် မုတ်သုန်တစ်ရာသီထက် ပိုမိုကြာမြင့်ပါသည်။

## စိုက်ပျိုးရေးတွင် ရေထိန်းသိမ်းခြင်း လုပ်ငန်းများ[55]

မြေဆီလွှာ ထိန်းသိမ်းခြင်းနည်းစနစ် သင်တန်းများ တက်ရောက်ပြီးနောက် ADRA/Action Aid ရွာသူရွာသားများသည် မြေဆီလွှာ အနည်ချ တူးမြောင်းများ[56] နှင့် soil contour bund များကို ရွာပေါင်း (၄၀) ရှိ ဧက ၂၀ ကျော်တွင် တည်ဆောက်ခဲ့သည်။ Contour bund များက မိုးရေများကို မြေဆီလွှာမှ တဖြည်းဖြည်းချင်း စီးဝင်သွားစေပြီး မိုးသည်းထန်မှုကြောင့် ပျက်စီးမှုနှင့် မြေဆီလွှာ တိုက်စားမှုကို ကာကွယ်ပေးသည်။ LIFT ၏ နှစ်လည်သုံးသပ်ချက်က အချို့သော ရွာသူရွာသားများ အနေဖြင့် ဤစနစ် မလုပ်ခင်က ၎င်းတို့၏ မြေများမှာ စိုက်ပျိုး၍ မရနိုင်ခဲ့ပါကြောင်း သက်သေပြခဲ့ပြီး ၎င်းတို့အနေဖြင့် နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံကို စိုက်ပျိုးနိုင်ခဲ့ကြသည်ဟု ဖော်ပြပါသည်။

## မြစ်ရေတင် စိုက်ပျိုးရေး စီမံကိန်းများ (PIPs)

၂၀၁၁ ခုနှစ်တွင် LIFT သည် လက်ရှိ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတို့ရှိ PIP စီမံကိန်းများ၏ အလားအလာကို စစ်ဆေးရန် တိုင်းတာရေးအဖွဲ့တစ်ခုကို ခန့်အပ်ခဲ့သည်။ လေ့လာချက်က LIFT အနေဖြင့် မြစ်ရေတင် စိုက်ပျိုးရေး အစီအစဉ် ၄ ခု (မကွေးတွင် ၂ ခု၊ စစ်ကိုင်းတွင် ၂ ခု) ကို အဆင့်မြှင့်ရန် ရေအရင်းအမြစ် စီမံခန့်ခွဲမှု ဦးစီးဌာနကို ထောက်ပံ့ပေးရန် အကြံပြုခဲ့သည်။ နောက်ဆက်တွဲ အစီအစဉ်က ၂၀၁၂ စက်တင်ဘာလတွင် ရေသွင်းစိုက် ဧရိယာ ၃၆၂၂ ဧက ရှိ ကျေးရွာ ၁၈ ရွာမှ အိမ်ထောင်စုပေါင်း ၂၁၃၀ ကို ထောက်ပံ့ပေးရန် စီမံချက် တစ်ခုကို ရေးဆွဲခဲ့သည်။ ဤသို့ကူညီရခြင်း၏ ရည်ရွယ်ချက်မှာ ရေတင်ပန့်များက အသေးစားလုပ်ငန်းလယ်သမားများကို ပိုမို ကောင်းမွန်သော အကျိုးရလဒ်များ ထောက်ပံ့ပေးရန် အလို့ငှာ ရေတင်ပန့်များကို ထိန်းသိမ်းမှုနှင့် အသုံးပြုမှု မြှင့်တင်ပေးရန် ဖြစ်သည်။ ဤသို့ လုပ်ဆောင်ရာတွင် ရေတင်ပန့်များ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ပါဝင်သည့်သူများ၏ နည်းပညာဆိုင်ရာ စွမ်းရည်ကို အားကောင်းအောင် ပြုလုပ်ပြီး လယ်သမားများနှင့် ရေအသုံးပြုသူများ အသင်းများ၏ အခန်းကဏ္ဍကို ဦးစားပေးသွားမည် ဖြစ်သည်။ ဤစီမံချက်သည် လယ်သမားများအတွက် အထွက်တိုးစေရန် ပိုမိုကောင်းမွန်သော ရိတ်သိမ်းစနစ်များကို မိတ်ဆက်ပေးခြင်း ရည်ရွယ်ချက်ဖြင့် တိုးချဲ့လုပ်ငန်းများကိုပါ အာရုံစူးစိုက်သွားမည်။ ရေတင်ပန့်များ၏ နည်းပညာဆိုင်ရာ အချက်အလက်များကို

55 ADRA/ActionAid သည် အပူပိုင်းဒေသတွင် ရေထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သည့် တစ်ခုတည်းသော LIFT မိတ်ဖက်အဖွဲ့ ဖြစ်သည်။

56 မြေဆီလွှာ အနည်ချ တူးမြောင်းများ

အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည် မွမ်းမံခြင်း (ရေတင်စက်ခန်းများနှင့် တူးမြောင်းများ) များပါ လိုအပ်မည်ဖြစ်သည်။ ဤစီမံချက်သည် အစိုးရ မိတ်ဖက်အဖွဲ့များနှင့် ဝန်ထမ်းများ အတွက် စွမ်းရည်ထူထောင်ရေးနှင့် သင်တန်းဆိုင်ရာ အားကောင်းသော ကဏ္ဍတစ်ခု ပါဝင်သည်။
လက်ရှိ စီမံချက်ပုံစံသည် စီမံချက် ရေရှည်တည်တံ့မှုအတွက် ဆောင်ရွက်မှုများကို တိုးတက်စေရန် ပါဝင်ဆောင်ရွက်သော အစိုးရ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် လူထု၏ ပါဝင်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာမှုနှင့် သတင်း အချက်အလက်များ ပိုမို လိုအပ်နေသည်။[57] ဤစီမံချက်၏ ပုံစံကို အချောသတ်နိုင်ရန် နောက်ဆက်တွဲ လုပ်ငန်းစဉ် တစ်ရပ်ကို ၂၀၁၃ တွင် ရေးဆွဲထားသည်။ ဤလုပ်ငန်းစဉ်ကို French Development Agency (AFD) နှင့် ပူးပေါင်းလျှက် ရေးဆွဲနေသည်။ AFD သည် Dry Zone တွင် ရေပန့်ဖြင့် ရေသွင်းစိုက်ပျိုးရေး စီမံချက်များတွင် ရင်းနှီးမြှုပ်နှံမှု အချို့ကိုပါ စီစဉ်နေသည်။

### ရေအရင်းအမြစ် စီမံခန့်ခွဲမှု

၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် LIFT သည် အပူပိုင်းဇုန်တွင် ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ပိုမိုရရှိနိုင်မှုတို့ အတွက် အရေးကြီး ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်နိုင်ရန် လေ့လာမှုတစ်ရပ်ပြုလုပ်ရန် International Water Management Institute ကို စာချုပ်ချုပ်ဆိုခဲ့သည်။ IWMI သည် အိမ်သုံးနှင့်စိုက်ပျိုးရေးသုံးအတွက် ရေရရှိနိုင်မှုပမာဏ၊ ရေရရှိနိုင်မှုနှင့် လက်လှမ်းမီမှုအတွက် အဓိကအတားအဆီးများ၊ အိမ်ထောင်စု ကြုံတင်ကာကွယ် ခြင်း နည်းလမ်းနှင့် ဖြေရှင်းခြင်းနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ် သွားမည် ဖြစ်သည်။ ဤလေ့လာချက်သည် အိမ်သုံးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး (မွေးမြူရေးလုပ်ငန်းသုံးအပါ အဝင်) ရေသုံးစွဲမှုကို အကျိုးသက်ရောက်သည့် ရေနှင့်ပတ်သက်သော အဓိကပြဿနာများကို ဖြေရှင်းရန် ဦးစားပေး ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းလမ်းများကိုပါ ဖော်ထုတ်မည် ဖြစ်သည်။

## ဈေးကွက် လက်လှမ်းမီမှု

LIFT ၏ အခြေခံလေ့လာချက်အရ ပြီးခဲ့သော ၁၂ လအတွင်း ရိတ်သိမ်းပြီးရောင်းချခဲ့သော လယ်သမား ၈၆ ရာခိုင်နှုန်းသည် ပြင်ပရင်းမြစ်များ (မိသားစုနှင့် သူငယ်ချင်းများထံမှ ၇၀ ရာခိုင်နှုန်းနှင့် ပွဲစားနှင့် ကုန်သည်များထံမှ ၆၀ ရာခိုင်နှုန်း) ထံမှ ဈေးနှုန်းသတင်းများကို ရရှိခဲ့သည်ဟု ဆိုသည်။[58] ဤလေ့လာချက်က မီးမောင်းထိုးပြခဲ့သည်မှာ လယ်သမားများအနေဖြင့် ၎င်းတို့၏ ပြောအားဆိုအား တိုးတက်လာစေရန် အုပ်စုဖွဲ့နိုင်မှု မရှိသလောက်ဖြစ်ပြီး လယ်သမား ၁၀ ရာခိုင်နှုန်းကသာ အခြားလယ်သမားများနှင့် ပူးပေါင်း၍ ၎င်းတို့၏ ထွက်ကုန်များကို ရောင်းချနိုင်ခဲ့သည်။ လယ်သမား အများအပြားသည် ၎င်းတို့၏ သီးနှံများကို သီးနှံရိတ်သိမ်းပြီးချိန်၌ သီးနှံများကို ရသည့်ဈေးနှုန်းဖြင့် ရောင်းချကြသည်။ အကြောင်းရင်းမှာ သင့်လျော်သော သိုလှောင်ရုံများ မရှိခြင်း၊ ပြင်ပမှ ရယူရသည့် အတိုးကြီးမားသော ချေးငွေများနှင့် မြို့များရှိ ဈေးများသို့ ပို့ဆောင်စရိတ် မြင့်မားမှုတို့ကြောင့် ဖြစ်သည်။ LIFT ၏ စီမံချက်များ လွှမ်းခြုံမိသော မြို့နယ် (၄၁) မြို့နယ် အနက်မှ (၈) မြို့နယ်၌သာလျှင် ပုံမှန် ကုန်ပစ္စည်းရောင်းဝယ်ရေး လက်ကားစင်တာများရှိပြီး ထိုစင်တာများ၌ ကျေးလက်ထုတ်ကုန်များကို ရောင်းဝယ်ကြသည်။ ဤသို့ ဈေးကွက်လက်လှမ်းမီမှု ကင်းမဲ့ခြင်းကြောင့် ကျေးလက်နေ ပြည်သူများမှာ ဒေသခံကုန်သည်များ သတ်မှတ်သော ဈေးနှုန်းအတိုင်း ရောင်းဝယ်ကြရသည်။

Mercy Corps က ပြုလုပ်သော လေ့လာချက်တစ်ရပ်တွင် လယ်သမားများသည် ပဲမျိုးစုံနှင့် ပတ်သက်သော ဈေးကွက်သတင်းများကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ဈေးကွက်များအတွက်ပါ ရရှိခဲ့ကြပုံပေါ်သည်ဟု တွေ့ရသည်။ ဤသုတေသနက ဤသည်မှာ မြန်မာနိုင်ငံ၏ ပဲမျိုးစုံ ဈေးကွက်အတွင်း အစိုးရ၏ အကျိုးစီးပွား ပါဝင်မှုနှင့် ဈေးကွက်၏ အဆင့်မြင့်မှုတို့ကို ထင်ဟပ်မှုဖြစ်သည်ဟု ဖော်ပြသည်။ ဤအချက်က ဈေးနှုန်းသတင်းများကို လက်ကိုင်ဖုန်းများ၊ ရေဒီယိုနှင့် အင်တာနက်တို့မှ ရရှိနိုင်စေသည်။

Dry Zone အတွင်း LIFT ၏ မိတ်ဖက်အဖွဲ့များသည် အောက်ပါနည်းလမ်းများဖြင့် ဈေးကွက်သတင်း ဝန်ဆောင်မှုများ ပေးနေပါသည်။

### ရေဒီယိုမှ နေ့စဉ်အစီအစဉ် ထုတ်လွှင့်ခြင်း

Myanmar Business Coalition on AIDS (MBCA) စီမံချက်သည် LIFT မိတ်ဘက်များ လုပ်ငန်း ဆောင်ရွက်နေသည့် မြို့နယ်ပေါင်း (၂၀၀) ကျော်ကို လွှမ်းခြုံမိသည့် နေ့စဉ် ဈေးကွက်သတင်းများ ထုတ်လွှတ်ရန်အတွက် ပတ္တမြား FM ရေဒီယိုကို ထောက်ပံ့ ပေးနေသည်။ ဤထုတ်လွှင့်မှုများမှာ အဓိကအားဖြင့် ကုန်သွယ်ရေး စင်တာများ ဖြစ်သော မုံရွာ၊ ပခုက္ကူ၊ မန္တလေးတို့တွင် နေ့စဉ် ရောင်းဝယ် ဖောက်ကားနေသည့် ပဲနှင့် နှမ်းမျိုးစုံ ဈေးများကို ဖော်ပြပေးနေသည်။ ဤ ရေဒီယိုအစီအစဉ်မှ နေ့စဉ်မနက် (၈) နာရီနှင့် ညနေ (၄) နာရီ တို့တွင် နေ့စဉ် တစ်နေ့ (၂) ကြိမ် ထုတ်လွှင့်ပေးနေသည်။ ဤစီမံချက်၏ အကျိုးဆက်ရလဒ် သုံးသပ်ချက်အရ လယ်သမားများသည် ဤဈေးနှုန်းသတင်း အစီအစဉ်ကို နားထောင်ရန် မိသားစုဝင်များ (အထူးသဖြင့် အမျိုးသမီးများ) ကို တာဝန်ပေးကြသည်။ သို ့ေ သာ် MBCA၏အဆိုအရ ဈေးကွက်သတင်းများမှာ ရည်မှန်းထားသောအသေးစားလယ်သမားများအတွက်အသုံးဝင်မှုနည်းပြီး အလတ်စားနှင့်

57 ၂၀၁၃ ဧပြီ ၁ ရက်နေ့မှစ၍ ဆည်မြောင်းဆိုင်ရာ ထိန်းသိမ်းမှုနှင့် လုပ်ကိုင်မှု အားလုံးအတွက် တာဝန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများထံ လွှဲပြောင်းပေးမည့် အစီအစဉ်ကြောင့် အဖွဲ့အစည်းဆိုင်ရာ အပြင်အဆင်များကို ပြန်လည် ပြုပြင်မှု ဆောင်ရွက်ရန် လိုအပ်သည်။

58 LIFT Baseline Study, 2012.

အကြီးစား လယ်သမားများနှင့် ကုန်သည်များအတွက် ပိုမိုအသုံးဝင်နေသည်။ အကြောင်းမှာ အသေးစား အိမ်ထောင်စုများ၏ ၈၀ ရာခိုင်နှုန်း နီးပါးမှာ အကြွေးများကို ပြန်လည် ပေးအပ်ရန်အတွက် ရိတ်သိမ်းချိန်တွင် ၎င်းတို့၏ စိုက်ပျိုးထွက်ကုန်များ၏ ၅၀ ရာခိုင်နှုန်းကို ပေးသွင်းကြရသည်။ ကျန်သည့် ၅၀ ရာခိုင်နှုန်းသည် ရိတ်သိမ်းပြီး ရက်အနည်းငယ် အတွင်းတွင် ရောင်းချကြရသည်။ အကြောင်းမှာ ဤထွက်ကုန်များကို သိုလှောင်ရန် ခက်ခဲပြီး စရိတ် ကြီးမားသောကြောင့် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ ဈေးနှုန်းသတင်းအချက်အလက်များက လယ်သမားများကို နောက်နှစ်အတွက် စိုက်ပျိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အကူအညီပေးသည်။ ငွေသား ဖြစ်စေ၊ ချေးငွေ ချေးယူနိုင်ရန် ဖြစ်စေ၊ ငွေရေးကြေးရေးဆိုင်ရာ အကူအညီသည် အလွန်အရေးပါသည်။ MBCA သည် ဤကိစ္စကို ကိုင်တွယ်ရန်အတွက် အသေးစား ချေးငွေလုပ်ငန်းများနှင့် ချိတ်ဆက်ရန် ကြိုးစားနေသည်။

## ကုန်သည်များနှင့် ပိုမိုဆက်သွယ်နိုင်မှု

အခြား လစ်ဟာနေသော အချက်မှာ စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်မှု ဖြစ်သည်။ ဤကိစ္စကို ကိုင်တွယ်ရန် MBCA သည် စီမံချက်များနှင့် ပူးပေါင်း ဆောင်ရွက်ရန် စိတ်ဝင်စားသည့် ကုန်သည်များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ လုပ်ငန်းလိပ်စာများပါသည့် ဈေးဝယ်လမ်းညွှန် (Buyers' Guidebook) များကို ထောက်ပံ့ပေးခဲ့သည်။ သို့သော် လယ်သမားများ၏ ပိုမိုကောင်းမွန်သော ဈေးကွက်များ ရှာဖွေနိုင်စွမ်းမှာ ၎င်းတို့၏ စိုက်ပျိုးရေး ထွက်ကုန်များ၏ ကွဲပြားသော အရည်အသွေးများကြောင့် အကန့်အသတ် ရှိနေသည်။ သယ်ယူပို့ဆောင်စရိတ်နှင့် ပွဲစားများအတွက် ကော်မရှင်ခများကလည်း လယ်သမားများ ၎င်းတို့၏ ထွက်ကုန်များကို အကောင်းဆုံး ဈေးနှုန်းနှင့် ရောင်းချနိုင်စွမ်းကိုပါ ထိခိုက်စေသည်။ အထူးသဖြင့် ဈေးကောင်းပေးသူ ကုန်သည်များမှာ အခြားသော ဒေသများမှ ဖြစ်လျက် ထပ်ဆောင်းကုန်ကျရမည့် သယ်ယူပို့ဆောင်စရိတ်များ ပါဝင်လျှင် ပိုမိုထိခိုက်စေနိုင်သည်။

## မျက်နှာစုံညီ အစည်းအဝေးများတွင် သတင်းအချက်အလက် မျှဝေခြင်း

Oxfam သည် ဈေးကွက်တွင် ပါဝင် ဆောင်ရွက်နေသူများ၏ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ကုန်စည်ပြပွဲတို့ကို လယ်သမားများသို့ ဈေးကွက် သတင်းအချက်အလက်များ ပေးရန်အတွက် ဦးစီး စီစဉ် ပေးခဲ့ သည်။ အစည်းအဝေး ရလဒ်များအနေဖြင့် MO များသည် အရည်အသွေးအတွက် နာမည်ကောင်းပြန်လည်ရရှိရန် ကူညီပေးသည်။ အရည်အသွေးမီ သွင်းအားစုများ ရရှိမှုနှင့် အရည်အသွေးကောင်း နမ်းများ စိုက်ပျိုးထုတ်လုပ်နိုင်မှု စသည့် အကျိုးများ ရရှိခဲ့သည့် အဖွဲ့ဝင်များကို အဆင့်တိုးပေးခြင်းနှင့် စုပေါင်း ဈေးကွက်ရှာဖွေခြင်းတို့ကို စတင် လုပ်ဆောင်ခဲ့သည်။ ပိုမို ကောင်းမွန်သော ဈေးနှုန်းနှင့် ဝန်ဆောင်မှုများအတွက် အသစ်အဆန်းဖြစ်သည့် ဤသို့သော ပူးပေါင်း ဆောင်ရွက်မှုမျိုး အနာဂတ်တွင် ဆက်လက် ပြုလုပ်သွားရန် မျှော်မှန်းပါသည်။ ထို့အပြင် Oxfam ၏ အစီရင်ခံစာအရ ဤရွှေ့ပြောင်းရွှေ့လျား ဆောင်ရွက်သော ကြိုးပမ်းမှုများသည် အမျိုးသမီးများကို ရည်မှန်းပြီး အမျိုးသမီး အဖွဲ့ဝင်များ အနေဖြင့် ၎င်းတို့၏ ပေါင်းသင်းဆက်ဆံရေး ကွန်ရက်၊ ဆက်သွယ်ရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ရေးဆိုင်ရာ စွမ်းရည်များ တိုးတက် စေနိုင်ခဲ့သည်။ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖော်ထုတ်နိုင်ခဲ့ပြီး အချို့ အမျိုးသမီးများသည် ၎င်းတို့ကိုယ်ပိုင် အသေးစား စီးပွားရေး လုပ်ငန်းများ တည်ထောင်နိုင်ခဲ့သည်။

## ရောင်းဝယ်ဖောက်ကားရန် အခြေခံအဆောက်အဦ

MBCA သည် ဆိပ်ဖြူ၊ ရေနံချောင်းနှင့် မိတ္ထီလာ မြို့နယ်များတွင် ကုန်စည်ရောင်းဝယ်ရေး စင်တာများ တည်ထောင်ရန် လုပ်ဆောင်နေသည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆိပ်ဖြူ ကုန်ပစ္စည်း ရောင်းဝယ်ရေး စင်တာသည် ယာယီအဆောက်အဦ၌ လည်ပတ်နေခဲ့ပြီး ဖြစ်သည်။ ဆန်းစစ်ချက်များ မရရှိနိုင်သော်လည်း လယ်သမားများနှင့် ကုန်သည်များကပါ ကုန်ပစ္စည်းဖလှယ်ရေးကို ထောက်ခံရန် စိတ်အားထက်သန်ကြပုံ ပေါ်ပါသည်။ လယ်သမားများက ဈေးကောင်း လိုချင်ကြပြီး ကုန်သည်များကမူ လယ်သမား အများစုဆီ လိုက်လံ သွားရောက်စရာမလိုဘဲ တစ်နေရာတည်း၌ ထွက်ကုန်များကို ရရှိနိုင်သည်။ (ကုန်ပစ္စည်း မည်သို့ ရောင်းဝယ်သည်ကို အောက်ပါဇယားကွက်တွင် ကြည့်ပါ။) ရလဒ်အနေဖြင့် MBCA နှင့် ဆိပ်ဖြူမှ ကုန်သည်များသည် မြေဝယ်ယူရန်နှင့် အမြဲတမ်းရုံးခန်းတစ်ခု တည်ဆောက်ရန်အတွက် ကုန်ကျစရိတ်များကို မျှဝေကျခံနေကြသည်။ ဤအဆောက်အဦး ဖွင့်ပွဲကို ၂၀၁၃ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားပါသည်။ ရေနံချောင်း ကုန်စည်ရောင်းဝယ်ရေး စင်တာကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ငှားရမ်းထားသော ယာယီအဆောက်အဦးတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလက တရားဝင် ဖွင့်လှစ်ခဲ့ပါသည်။ ဆိပ်ဖြူ ကုန်စည်ရောင်းဝယ်ရေး စင်တာကို နမူနာယူ၍ ရေနံချောင်းမှ ကုန်သည်များကလည်း ကြက်သွန်နီ စတင် ဝယ်ယူခဲ့ပါသည်။ ဤစီမံချက်က အမြဲတမ်းအဆောက်အဦးတစ်ခု တည်ဆောက်သွားရန် ကုန်သည်များနှင့် ညှိနှိုင်းနေပါသည်။

**အသစ်ဖွင့်လှစ်လိုက်သော ဆိပ်ဖြူ ကုန်စည်ရောင်းဝယ်ရေး စင်တာ (CEC) လေ့လာချက်**

ဆိပ်ဖြူမြို့နယ်၏ အဓိက ထွက်ကုန်မှာ တစ်နှစ်လျှင် သုံးရာသီ စိုက်ပျိုးနိုင်သော ကြက်သွန်နီ ဖြစ်သည်။ CEC ကို ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး လယ်သမားများနှင့် ကုန်သည်များအတွက် ကြက်သွန်နီဈေး အသစ်အဖြစ် ရပ်တည်နေသည်။ ဆိပ်ဖြူ ပေါက်နှင့် ဆလင်း မြို့နယ်သုံးခုရှိ ကျေးရွာ ၂၂၃ ရွာမှ ကြက်သွန်စိုက် တောင်သူများ ဤစင်တာကို လာရောက် ရောင်းချနိုင်ကြသည်။

ဤစင်တာသို့ လာသော လယ်သမားများ၏ ပြောပြချက်အရ ယခင်က ၎င်းတို့သည် မိမိတို့ ကျေးရွာများသို့ လာသော ဒေသခံ ပွဲစားများထံသို့ ၎င်းတို့၏ ကြက်သွန်နီများကို ရောင်းချကြရသည်ဟု သိရသည်။ ယခင်နှစ်ကဆိုလျှင် ဆိပ်ဖြူ၌ တစ်ပိဿာ (၇၀၀) ခန့် ပေါက်ဈေးရှိသော်လည်း ၎င်းတို့မှာ တစ်ပိဿာ (၄၀၀) ကျပ်နှုန်းခန့်သာ ရရှိခဲ့သည်။ ဤစင်တာတွင်မူ လယ်သမားများ အနေနှင့် ၎င်းတို့၏ ကြက်သွန်များကို ဈေးအများဆုံးပေးသော ကုန်သည်ထံ ရောင်းချနိုင်ကြသည်။ အကြောင်းမှာ ကြက်သွန်နီများကို ဈေးပြိုင် လေလံစနစ်ဖြင့် ရောင်းချသောကြောင့် ဖြစ်သည်။ ဤစနစ်ဖြင့် ရောင်းချလိုသော လယ်သမားများသည် ၎င်းတို့၏ ကြက်သွန်များကို စင်တာ၏ အဖွဲ့ဝင်ဖြစ်သည့် ကုန်သည်တစ်ဦးထံ အပ်နှံရသည်။ ဤအတွက် ပစ္စည်း ရောင်းရသောအခါ ရောင်းရငွေ၏ ၂ ရာခိုင်နှုန်းကို ပေးရသည်။ ၂၀၁၂ နိုဝင်ဘာလတွင် ပျမ်းမျှ နေ့စဉ် ကြက်သွန်နီ ကုန်သွယ်မှု တန်ဖိုးများမှာ ပိဿာချိန် ၁၈၈၆ ရှိသည်။ (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၀၀၀) ကုန်ပစ္စည်း အပ်နှံခ ၂ ရာခိုင်နှုန်း ရရှိသည့် ကုန်သည်အနေဖြင့် အောက်ပါဝန်ဆောင်မှုများကို ပေးရသည်။

- ကုန်ပစ္စည်းရောင်းချပြီးနောက် ငွေသားဖြင့် ပေးချေခြင်း
- ညှိနှိုင်းထားသော ကြိုတင် ထုတ်ပေးငွေကို ကုန်ပစ္စည်း မရောင်းရခင် ကြိုတင်ပေးခြင်း
- သိုလှောင်ရုံတွင် ကုန်ပစ္စည်းကို သိုလှောင်ပေးရခြင်း
- စံသမာဓိ စံချိန်ခွင်ကို အသုံးပြုရန် အာမခံရခြင်း

ကုန်စည်ရောင်းဝယ်ရေး စင်တာများ ရေရှည် တည်တံ့ရန်အတွက် အဓိက စိန်ခေါ်ချက် (၂) ရပ်ရှိပါသည်။

(၁) စင်တာအနေဖြင့် မြို့နယ်ပိုင် ဘတ်စ်ကားဝင်းအတွင်း ယာယီနေရာ၌ ဖွင့်လှစ်ထားသည်။ စင်တာအဖွဲ့ အနေဖြင့် အမြဲတမ်း CEC တစ်ခု တည်ထောင်ရန် မြေနေရာ ရှာဖွေနေသည်။ မြေနေရာ ဈေးနှုန်း ကြီးမြင့်လာမှုက အဖွဲ့အတွက် အဓိက စိန်ခေါ်ချက် ဖြစ်နေသည်။ သင့်တော်သော နေရာ (၂) နေရာ တွေ့ရှိထားပြီး ၎င်းတို့အနက်မှ တစ်နေရာကို ဝယ်ယူရန် ညှိနှိုင်းနေသည်။

(၂) ကော်မတီအနေဖြင့် ပဲနှင့် ပဲမျိုးစုံ ရောင်းဝယ် ဖောက်ကားရန် အစီအစဉ်များ ရှိသည်။ သို့သော် ဆိပ်ဖြူတွင် ပဲနှင့် ပဲမျိုးစုံ ရောင်းဝယ်သော ကုန်သည်ကြီး အနည်းငယ်သာ ရှိပြီး ၎င်းတို့က သူတို့ ထိန်းချုပ်ထားသော ဈေးကွက် ပျက်သွားမည်ကို စိုးရိမ်ကြသည်။

သတင်းရင်းမြစ် - ၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့ စင်တာသို့ သွားရောက်ခဲ့သော FMO ကွင်းဆင်းလေ့လာချက်

# ၃.၃ တောင်တန်းဒေသ

## ဒေသမိတ်ဆက်

ဤဒေသ၏ ၆၁ ရာခိုင်နှုန်းသော အိမ်ထောင်စုများ၏ အဓိက ဝင်ငွေရင်းမြစ်မှာ စိုက်ပျိုးရေး ဖြစ်သည်။ သို့သော် အိမ်ထောင်စု ၄ ပုံ ၁ ပုံမှာ လယ်ယာမဲ့များ ဖြစ်ကြသည်။ လယ်ယာလုပ်ငန်းတွင် နေ့စား ကျပမ်းလုပ်ငန်း လုပ်ကိုင်ခြင်းသည် အိမ်ထောင်စု ၁၉ ရာခိုင်နှုန်း အတွက် အဓိက ဝင်ငွေရင်းမြစ်ဖြစ်ပြီး စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများက ၁၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများအတွက် အဓိက ဝင်ငွေရလမ်း ဖြစ်သည်။[59]

တောင်ကြား လွင်ပြင်ရှိ ကျေးရွာများနှင့် တောင်ပေါ်ရှိ ကျေးရွာများ အကြားတွင် ကွဲပြားသော အသက်မွေးမှု ပုံစံများ ရှိကြသည်။ တောင်ကြား လွင်ပြင်များရှိ ကျေးရွာများသည် စပါးစိုက်မြေများနှင့် ဈေးကွက်ကို လက်လှမ်းမီမှု ကောင်းမွန်ခြင်းတို့ကြောင့် ပိုမို ကောင်းမွန်သော သက်မွေးမှုပုံစံများ ရှိကြသည်။ တောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းက အသုံးပြုနေကျဖြစ်ပြီး လယ်သမားများသည် တောင်များကို ရှင်း၍ တောင်ပေါ်စပါးနှင့် ပြောင်း[60] တို့ကို စိုက်ပျိုး၍ မိသားစုစားသုံးမှုကို ဖြည့်ဆည်းကြသည်။ လယ်သမားများသည် ဂျုံ၊ ပြောင်း၊ အာလူးနှင့် ပဲပိစပ်များကိုပါ စိုက်ပျိုးကြပြီး တောင်ပေါ်စပါးနှင့်အတူ သို့မဟုတ် စပါးစိုက်ရာသီပြီးမှ စိုက်ပျိုးကြသည်။ ဤအချက်က စိုက်ပျိုးရေးနှင့် ပေါင်းနှုတ်ရေးအတွက် အလုပ်သမား လိုအပ်မှုကို ဖန်တီးပေးသည်။ လူဦးရေ တိုးတက်မှု ဖိအားအပေါ်မူတည်၍ (တောင်တန်းဒေသများတွင် နေရာအနှံ့ ကွဲပြားနိုင်သည်။) လယ်သမားများသည် တူညီသော နေရာများတွင်သာ နှစ်ရှည်လများကြာအောင် စိုက်ပျိုးကြသဖြင့် မြေဆီလွှာအဆင့် လျော့ကျမှုကို ဖြစ်စေသည်။ တောင်စောင်းများမှာ

59 LIFT's Baseline Survey Report, 2012.

60 ချင်းပြည်နယ်၏ အချို့ဒေသများတွင် ပြောင်းသည် အဓိက သီးနှံဖြစ်သည်။

မတ်စောက်သောကြောင့် မြေဆီလွှာတိုက်စားမှု မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။[61]

**ဇယား (၁၇) တောင်တန်းဒေသများတွင် ပြည်နယ်အလိုက် စိုက်ပျိုးမြေ ဧရိယာ**

| | စုစုပေါင်း စိုက်ပျိုးမြေ (ဧက) | ရွှေ့ပြောင်း စိုက်ပျိုးမြေ (ဧက) | ရွှေ့ပြောင်း စိုက်ပျိုးမြေ ရာခိုင်နှုန်း |
|---|---:|---:|---:|
| မြန်မာပြည်တွင် စုစုပေါင်း | ၃၁,၆၁၅,၀၉၈ | ၄၂၈,၂၆၉ | ၁.၄% |
| ရှမ်း (တောင်) | ၇၉၀,၃၈၈ | ၁၃,၈၁၆ | ၁.၇% |
| ရှမ်း (မြောက်) | ၉၉၂,၇၂၇ | ၈၇,၃၂၀ | ၈.၈% |
| ရှမ်း (အရှေ့) | ၁၈၈,၁၂၆ | ၁၆,၀၇၅ | ၈.၅% |
| ကချင် | ၈၁၇,၃၆၉ | ၂၁,၉၈၁ | ၂.၇% |
| ချင်း | ၂၁၅,၂၂၂ | ၁၂၄,၈၅၃ | ၅၈.၀% |


သတင်းရင်းမြစ် - မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ စာရင်းကောက်ခံမှု အစီရင်ခံစာ (၂၀၁၀)၊ ပြည်နယ် မြေစာရင်းဦးစီးဌာန

မျိုးစပ်ပြောင်းမှ အမြတ်အစွန်းရနိုင်ခြေက ရှမ်းပြည်နယ်မှ လယ်သမားများကို ဆွဲဆောင်နေသော်လည်း ပိုးသတ်ဆေးများ အသုံးပြုမှုက ကျန်းမာရေး အန္တရာယ်များကို ဖြစ်စေသည်။[62] တောင်ပေါ်ဒေသတွင် တိရစ္ဆာန် မွေးမြူခြင်းသည် အိမ်ထောင်စုများ၏ မရှိမဖြစ် စီးပွားရေးလုပ်ငန်း အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဈေးကွက်သို့ လက်လှမ်းမီမှု အကန့်အသတ်ရှိမှုနှင့် ဘဏ်လုပ်ငန်းများကို လက်လှမ်းမီမှု အကန့်အသတ် ရှိမှုတို့ကြောင့် တိရစ္ဆာန်များကို အရေးပေါ်လိုအပ်သည့်အခါ သုံးရန်နှင့် ရင်းနှီးမြှုပ်နှံမှု တစ်ရပ်အဖြစ်သုံးကြသည်။

ဤဒေသမှ အိမ်ထောင်စုများတွင် မိသားစုဝင် (၅) ဦးထက် ပိုကြပြီး လူဦးရေ၏ (၃၆) ရာခိုင်နှုန်းမှာ (၁၅) နှစ်အောက်များ ဖြစ်ကြသည်။[63] မြန်မာနိုင်ငံ၏ လူမျိုးစုငယ်များ အများစုသည် တောင်တန်းဒေသများတွင် နေထိုင်ကြပြီး လက်နက်ကိုင် ပဋိပက္ခများက အချို့ဒေသများ (အထူးသဖြင့် ကချင်ပြည်နယ်ရှိ ဒေသများ) တွင် အသက်မွေးမှုအတွက် အဓိက အဟန့်အတား ဖြစ်နေသည်။

## တောင်တန်းဒေသရှိ LIFT ၏ လုပ်ငန်းများ

LIFT သည် တောင်တန်းဒေသ၏ အချို့အပိုင်းများတွင် လုပ်ငန်းဆောင်ရွက်နေပြီး အထူးသဖြင့် ရှမ်း၊ ကချင်နှင့် ချင်းပြည်နယ်တို့ ပါဝင်သည်။ LIFT က ပံ့ပိုးပေးသော စီမံချက်များက ကုန်းမြင့်ဒေသနေ လယ်သမားများကို လယ်ယာလုပ်ငန်းဆိုင်ရာ ပိုမို ကောင်းမွန်သော နည်းစနစ်များ အသုံးပြုလျက် သီးနှံအထွက်နှုန်း တိုးအောင် ကူညီရန် ရည်ရွယ်သည်။ ၂၀၁၂ ခုနှစ် အဆုံးတွင် LIFT တွင် တောင်တန်းဒေသတွင် ဆက်လက် အကောင်အထည်ဖော်နေသော စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇.၂ သန်း တန်ဖိုးရှိ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (၇) ခု ရှိခဲ့သည်။ ဤစီမံချက်များသည် စိုက်ပျိုးရေး အထွက်တိုးရန် အကူညီပေးပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများအတွက် အခွင့်အလမ်းများကို တိုးချဲ့ပေးသည်။




လယ်သမားများသည် လယ်သမားကျောင်းများ (FFS) တွင် စိုက်ပျိုးရေး နည်းစနစ်သစ်များ သင်ယူကြပြီး အသေးစား ငွေချေးစီမံချက်များ ကလည်း ၎င်းတို့ကို ထောက်ပံ့ပေးသည်။ Care ၏ ကိုးကန့်ဒေသရှိ လက်ဖက်လုပ်ငန်း စီမံချက်သည် တောင်တန်းဒေသတွင် LIFT က ပါဝင်ကူညီသည့် တစ်ခုတည်းသော လုပ်ငန်းဖြစ်သည်။ ဤစီမံချက်သည် ဒေသဆိုင်ရာ ထုတ်လုပ်ရေး လိုအပ်ချက်များနှင့် ဈေးကွက်များအတွက် တန်ဖိုးရှိသော သင်ခန်းစာများ ပေးလိမ့်မည်ဟု မျှော်လင့်နေသည်။ နောက်တစ်ဆင့်တွင် ပဋိပက္ခများ၏ ရိုက်ခတ်မှုကို ခံရသော ဒေသများတွင် LIFT အတွက် ကချင်နှင့် ရှမ်းပြည်နယ်များတွင် သက်မွေးမှုဆိုင်ရာ ကူညီမှုများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖွင့်ပေးကောင်း ဖွင့်ပေးပေမည်။


61 တင်မောင်ရွှေ၊ ဖွံ့ဖြိုးရေး မူဝါဒဆိုင်ရာ ရွေးချယ်စရာများ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု ကိစ္စရပ်များနှင့် မဟာဗျူဟာများ၊ မြန်မာ ၂၀၁၁

62 မေတ္တာ၏ အဆိုအရ လယ်သမား အများအပြားတွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာပြီး ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပိုးသတ်ဆေး အဆိပ်သင့်ခြင်းကြောင့် သေဆုံးမှု ၃၀ နီးပါး ရှိကြောင်း သိရသည်။

63 LIFT’s Baseline Survey Report, 2012.

တောင်တန်းဒေသတွင် လက်ရှိလည်ပတ်နေသော LIFT က ပံ့ပိုးသည့် စီမံချက် (၅) ခုအနက်မှ (၃) ခုသည် ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် ပြီးဆုံးမည် ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၉ သန်း တန်ဖိုးရှိ ဘတ်ဂျတ်မှ ပမာဏအများဆုံးကို စိုက်ပျိုးရေးနှင့် ဆက်နွယ်သော လုပ်ငန်းများအတွက် ခွဲဝေချထားပေးခဲ့သည်။ (ရလဒ် ၁)

## ချင်းပြည်နယ်အတွင်း လူထုအခြေပြု အဖွဲ့အစည်းများကို လက်ကားချေးငွေပေးခြင်း အပါအဝင် ဆန်းသစ်သော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ




၂၀၁၂ ခုနှစ်တွင် ပြီးဆုံးသွားခဲ့သော Community Development for Remote Townships ဟုခေါ်သည့် UNDP စီမံကိန်းမှ ဖွဲ့စည်းပေးထားခဲ့သော ကိုယ့်အားကိုယ်ကိုးအဖွဲ့ (SRG) များသို့ UNOPS/GRET ၏ ချင်းပြည်နယ်ရှိ အသေးစား ငွေချေးစီမံချက်က လက်ကားချေးငွေများ ပေးအပ်ခဲ့သည်။ လက်ကားချေးငွေ၏ အဓိက ရည်ရွယ်ချက်မှာ SRG များ၏ ငွေချေးငှားမှုကို ဖွံ့ဖြိုးစေရန်ဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းစဉ်များတွင် ဝင်ရောက်ပါဝင်ခြင်းမပြုရန် ဖြစ်သည်။[64] SRG များကို ပိုမိုလေ့လာရန်အတွက် GRET သည် SRG များ၏ ထပ်ဆောင်း ငွေကြေးလိုအပ်မှုကို အကဲဖြတ်ရန်အတွက် ဆိုင်ရာ လိုအပ်ချက်များနှင့် လိုက်လျော ညီထွေဖြစ်သည့် ချေးငွေပုံစံတစ်ခု ရေးဆွဲရန်၊ ဤချေးငွေပုံစံကို မကျင့်သုံးမီ လုပ်ငန်းစဉ်များကို သတ်မှတ်ရန်၊ စံပြအစီအစဉ်တစ်ခု ထူထောင်ရန် ၂၀၁၂ ခုနှစ် ဖွန်လတွင် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ခဲ့သည်။

GRET သည် မြို့နယ် (၄) မြို့နယ်ရှိ SRG ပေါင်း (၇၀) ကို စစ်တမ်းကောက်ယူခဲ့ပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ လက်ကား ချေးငွေအတွက် လျှောက်ထားသော အုပ်စုပေါင်း (၃၈) အုပ်စု ရှိခဲ့သည့် ဟားခါးနှင့် ဖလမ်းမြို့နယ် (၂) ခုသို့ လျှောက်လွှာများ ဝေငှခဲ့သည်။[65] ၂၀၁၂ နှစ်ကုန်အချိန်ထိ ဤ ၃၈ ဖွဲ့အနက်မှ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅၀၀ မျှသာရှိသော လက်ကားချေးငွေ (၅) ခုကိုသာ ထုတ်ချေးခဲ့သည်။ တိုးတက်မှုမှာ နှေးကွေးပြီး GRET အနေဖြင့် လက်ကားချေးငွေ လျှောက်ထားသော အချို့ SRG များမှာ လုပ်ငန်း ကောင်းမွန်စွာ လည်ပတ်ခြင်း မရှိသည်ကို တွေ့ရှိရ၍ SRG များ၏ စွမ်းရည်အပေါ် ထပ်ဆောင်း အကဲဖြတ်မှုများ ပြုလုပ်ပြီး မှသာလျှင် ချေးငွေများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဤကာလအတွင်းတွင် GRET က ချင်းပြည်နယ် တောင်ပိုင်းတွင် လုပ်ငန်းဖြစ်နိုင်ချေ လေ့လာချက်တစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ဤလေ့လာချက်က ရှင်းရှင်းလင်းလင်း ဖော်ပြသည်မှာ GRET ၏ Chin MFI အဖွဲ့ကို ချင်းပြည်နယ် တောင်ပိုင်းသို့ တိုးချဲ့ခြင်းသည် ကာလတိုအတွင်း ဖြစ်နိုင်ဖွယ်မရှိဟု ဆိုသည်။ စနစ်တကျ တည်ဆောက် ဖွဲ့စည်းထားသော MFI တစ်ခု တည်ထောင်ခြင်းက ရှုပ်ထွေး နိုင်ပါသည်။ အကြောင်းမှာ တောင်ပိုင်း ချင်းပြည်နယ်ရှိ ပထဝီဝင်ဆိုင်ရာ၊ လူမှုအသိုက်အဝန်းဆိုင်ရာ စီးပွားရေးဆိုင်ရာ အခြေအနေများကြောင့် ဖြစ်ပါသည်။ GRET ၏ လေ့လာချက်က ဤဒေသအနေဖြင့် ငွေကြေးဆိုင်ရာများအပြင် အခြားကဏ္ဍများပါ ပါဝင်မည့် ပိုမိုဘက်စုံ ပါဝင်သော ဖွံ့ဖြိုးမှုဆိုင်ရာ ချဉ်းကပ်မှုကို လိုအပ်သည်ဟု ဖော်ပြသည်။ GRET က အစီရင်ခံသည်မှာ ဤဒေသ အတွက် ဗဟို ထိန်းချုပ်မှု ပိုမိုလျော့နည်းသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းပုံစံကသာ ပိုမိုသင့်လျော်မည်ဟု ဖြစ်သည်။

## ပြည်ပသွင်းကုန်များနှင့် ယှဉ်ပြိုင်နိုင်ရေး ရှမ်းလယ်သမားများအား ပံ့ပိုးပေးခြင်း

LIFT သည် ရှမ်းပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် UNDP/Pact စီမံချက်ကို ဆက်လက် ထောက်ပံ့ပေးနေသည်။ ဤစီမံချက်က တွေ့ရှိသည်မှာ လူအများစု အထူးသဖြင့် မြောက်ပိုင်း ရှမ်းပြည်နယ်မှ လူများသည် တရုတ်သွင်းကုန်များနှင့် ယှဉ်ပြိုင်ရန် လုံလောက်သော စီးပွားရေးစွမ်းရည်များ မရှိကြခြင်း ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်သော လက်ဖက်၊ သစ်သီးဝလံများ ဖြစ်သော နာနတ်သီး၊ ပန်းသီး၊ လိမ္မော်သီး စိုက်ပျိုးခြင်းတို့မှာ အစဉ်အလာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။ သို့သော် တရုတ်ပြည်မှ တင်သွင်းသော ပြုပြင် ထုတ်ပိုးထားသည့် လက်ဖက်နှင့် သစ်သီးများမှာ ဈေးချိုခြင်း၊ ကွဲပြားခြားနားသော ထုတ်ပိုးမှုနှင့် တံဆိပ်ကပ်ပုံ တို့ကြောင့် ရှမ်းပြည်နယ် ဈေးကွက်ကို လွှမ်းမိုးထားသည်။ UNDP နှင့် မိတ်ဖက်အဖွဲ့များသည် ဖောက်သည်များ အနေဖြင့် စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းများနှင့် လိုအပ်သော ထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းကိရိယာများကို ရင်းနှီးမြှုပ်နှံရန်အတွက်

64 ပထမဆုံး ပြန်လည် ပေးဆပ်ရမည့် ရက်မှာ ၂၀၁၃ တွင် ဖြစ်ခြင်းကြောင့် ဤအစီရင်ခံစာ ပြုစုနေသည့် ကာလအတွင်းတွင် ပြန်လည် ပေးဆပ်မှု နှုန်းကို မသိရှိနိုင်သေးပါ။

65 UNDP အနေဖြင့် မြို့နယ် ၄ ခုတွင် SRG များ၏ ရင့်ကျက်မှုကို စေလျှင်စွာ ပြုလုပ်ခဲ့သည်။ ဟားခါးနှင့် ဖလမ်းမြို့နယ်များမှ ရလဒ်များကို UNDP က GRET စီမံကိန်းထံ မျှဝေပေးခဲ့သည်။ UNDP ၏ ရလဒ်များအရ ဖလမ်းမြို့နယ်ရှိ SRG ၁၂၀ နှင့် ဟားခါးမြို့နယ်ရှိ SRG ၇၂ ဖွဲ့တို့သည် ကိုယ်တိုင် ရပ်တည်နေနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ငွေကြေးထောက်ပံ့မှုမှ အကျိုးရလိမ့်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ သို့မှသာ လယ်သမားများအနေဖြင့် ၎င်းတို့၏ လယ်ယာထွက်ကုန်ကြမ်းများကို ရောင်းချသည့် အချိန်တွင် ထုတ်လုပ်ထားသော စားသောက်ကုန်များကိုပါ ရောင်းချနိုင်စေပါမည်။ လယ်သမားများကို ပစ္စည်းကိရိယာများ ငှားရမ်းပေးသော GRET ၏ မြစ်ဝကျွန်းပေါ်ဒေသ စံပြစီမံချက်သည် ရှမ်းပြည်နယ်ရှိ လယ်သမားများအတွက် အသုံးပြုနိုင်သော ငွေကြေးထောက်ပံ့မှု ပုံစံတစ်ခု ဖြစ်နိုင်ပါသည်။ ရှမ်းပြည်နယ်၏ မတူကွဲပြားသော စိုက်ပျိုးဂေဟစနစ်က တူညီသော လိုအပ်ချက်များရှိသည့် သူများအတွက် ရောင်းချသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် အခွင့်အလမ်း အများအပြားပေးပါသည်။ သို့သော်လည်း Care အဖွဲ့၏ ကိုးကန့်ရှိ လက်ဖက်လုပ်ငန်း စီမံချက်သည် တောင်တန်းဒေသတွင် တိကျသော လုပ်ငန်းနယ်ပယ်

တစ်ခုကိုသာ အာရုံစိုက်သည့် LIFT ၏ ပါဝင်ကူညီမှုဖြစ်ပါသည်။

**လယ်သမားကျောင်းများ**

စိုက်ပျိုးရေးဦးစီးဌာနအောက်မှ စိုက်ပျိုးရေး တိုးချဲ့လုပ်ငန်းများသည် အစဉ်အလာအရပင် ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စာရင်းအင်းများ ပြုစုခြင်း၊ စံ အလေးချိန်နှင့် အတိုင်းအတာများ သတ်မှတ်ခြင်းတို့အပြင် မျိုးကောင်းမျိုးသန့်များ၊ လယ်ယာသုံးပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများကို ဝယ်ယူ ဖြန့်ဖြူးပေးခဲ့သည်။ သို့သော်လည်း တိုးချဲ့လုပ်ငန်းသည် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေးနှင့် သွင်းအားစုများ ဖြန့်ဖြူးရေးကိုသာ အာရုံစူးစိုက်ခဲ့ပြီး လယ်သမားအသီးသီး၏ ကွဲပြားသော လိုအပ်ချက်များကို လုံလောက်သော အာရုံစူးစိုက်မှု မပေးဘဲ သီးနှံအထွက်တိုးရေးကိုသာ အာရုံစိုက်ခဲ့သည်။ ဤအချက်က မြန်မာနိုင်ငံ၏ မတူကွဲပြားသော လမ်းညွှန်ချက်အတိုင်း မတူကွဲပြားသော စိုက်ပျိုးဂေဟစနစ် အခြေအနေများ အလိုက် စိုက်ပျိုးရမည့်အစား နိုင်ငံတော်၏ လမ်းညွှန်ချက်အတိုင်း သီးနှံများကို စိုက်ပျိုးရသည့် လယ်သမားများကို ဆိုးကျိုးသက်ရောက်စေခဲ့သည်။

အချို့ဒေသများတွင် လယ်သမားကျောင်းများသည် လယ်သမားများကို ဒေသအလိုက် သင့်လျော်သော နည်းပညာများ ရရှိရန်နှင့် မည်သည့် သီးနှံများကို မည်သည့်နည်းဖြင့် စိုက်ပျိုးမည် ဆိုသည်ကို ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် ကူညီပေးနိုင်မည့် ရွေးချယ်စရာ ချဉ်းကပ်မှု ဖြစ်လာသည်။ LIFT ၏ မိတ်ဖက်အဖွဲ့များသည် လယ်သမားများ၏ လယ်ကွင်းများတွင် သွားရောက်၍ စိုက်ပျိုးရေး နည်းစနစ်များကို အပတ်စဉ် သို့မဟုတ် ၂ ပတ် တစ်ခါ ပို့ချပေးရန် ကူညီဆောင်ရွက်သူများကို သင်တန်းပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် LIFT မိတ်ဖက်များသည် သီအိုရီများကို သင်ကြားပြီး မြေယာပြင်ဆင်ခြင်း (သမန်းနှီးခြင်း)၊ အပင်လိုက် ရွှေ့ပြောင်း စိုက်ပျိုးခြင်း၊ ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးချခြင်းနှင့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုတို့ဆိုင်ရာ လက်တွေ့သင်တန်းများကို ပို့ချခဲ့သည်

<u>လယ်သမားကျောင်းများ၏ အခြေခံ အချက်အလက်များ</u>

လယ်သမားကျောင်းများသည် လယ်သမားများကို ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန်အတွက် ကျယ်ပြန့်သော သီးနှံ အမျိုးအစားများဆိုင်ရာ အကြောင်းအရာများကို သိရှိနိုင်ရန် အခွင့်အလမ်းတစ်ရပ်ကို ပေးသည်။

လယ်သမားကျောင်းများသည်

- လယ်သမားများကို ၎င်းတို့ဆိုင်ရာ နယ်ပယ်များတွင် ကျွမ်းကျင်သူများ ဖြစ်လာရန် ဗဟုသုတနှင့် စွမ်းရည်များ ရရှိနိုင်စေရန်
- လယ်သမားများ၏ ခွဲခြားဆန်းစစ်သော အလုံးစုံသိမြင်နားလည်ပြီးမှ ဆုံးဖြတ်သော သုံးသပ်ချက်များ ချမှတ်နိုင်သည့် စွမ်းရည်များကို မြှင့်တင်ပေးရန်
- ပြဿနာ ဖြေရှင်းနည်းဖြင့် တွေးခေါ်နည်းသစ်များကို အားပေးရန်
- လယ်သမားများ ၎င်းတို့၏ လူ့အဖွဲ့အစည်းနှင့် ၎င်းတို့ကိုယ်တိုင် စည်းစနစ်တကျ စုစည်းတတ်လာနိုင်စေရေး ကူညီပေးရန်
- ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရလုပ်ငန်းများကို ချိတ်ဆက်ပေးရန်
- သီးနှံ ထုတ်လုပ်ခြင်းကို အမြတ်ရရှိပြီး ရေရှည်တည်တံ့စေရန် ရည်ရွယ်ပါသည်။

အောင်မြင်သော လယ်သမားကျောင်း တစ်ကျောင်း တည်ထောင်ရန် ထည့်သွင်း စဉ်းစားရန်လိုသည့် အရေးကြီး အခြေခံအချက်များ ရှိပါသည်။ လယ်သမားကျောင်းများသည်

- ခိုင်မာသော နည်းပညာဆိုင်ရာ သိပ္ပံနည်းကျ စတင်မှု
- ပြုပြင်လွယ်သော သင်ယူသူအခြေပြုချဉ်းကပ်မှုများ
- တူညီသော ရည်မှန်းချက် (အချိန်ကာလ တစ်ခုအတွင်း မည်သည့်အဆင့်သို့ ရောက်ရှိချင်သည်။)
- ချန်ပီယံ တစ်ဦးသို့ ချန်ပီယံများက အုပ်စု၏ ပန်းတိုင်ကို ရောက်ရှိရန် သန္နိဋ္ဌာန် ချထားမှု
- အထောက်အပံ့ပြုသော ဝန်းကျင်အခြေအနေ (အစိုးရ မူဝါဒပိုင်းဆိုင်ရာ)
- နိုင်ငံသားများ/အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု
- တီထွင်ဆန်းသစ်သော အကြံဉာဏ်ရှိသူ ခေါင်းဆောင်များနှင့် လယ်သမားများ (မတူကွဲပြားသော လယ်မြေဇရိယာများနှင့်)
- ဒေသနှင့် လိုက်လျောညီထွေဖြစ်သည့် သက်ဆိုင်ရာနည်းပညာများ

ဤအခြေခံအချက်များအပြင် လယ်သမားကျောင်းများကို ကျယ်ပြန့်သော သင်ယူမှု ဝန်းကျင်တွင် အကောင်အထည်ဖော်ရန် အရေးကြီးပါသည်။ အစည်းအဝေးပွဲများသည် လယ်သမားများ၏ မြေယာပေါ်တွင် ကျင်းပသင့်သည်။ သို့မှသာ လယ်သမားများအနေဖြင့် အစည်းအဝေးပွဲများ လက်ခံကျင်းပခြင်းနှင့် ပါဝင်တက်ရောက်ခြင်း ပြုနိုင်မည် ဖြစ်ပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့ (၄) ဖွဲ့သည် တောင်တန်းဒေသများတွင် လယ်သမားကျောင်းများကို ဖွင့်လှစ်ပေးနေသည်။ ယင်း ၄ ဖွဲ့မှာ ချင်းပြည်နယ်တွင် Mercy Corps ကလည်းကောင်း၊ ရှမ်းနှင့် ကချင် ပြည်နယ်တွင် SWISSAID နှင့် မေတ္တာကလည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် CESVI ကလည်းကောင်း အသီးသီး ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ဤစီမံချက်များမှ လယ်သမားကျောင်းများသည် ဂျုံ၊ ပြောင်း နှင့် ပဲပိစပ် စိုက်ပျိုးရေးကို အဓိကထားကြသည်။ သို့သော် လယ်သမားကျောင်း ချဉ်းကပ်မှုသည် အမြဲတမ်း မဖြစ်နိုင်ပါ။ ချင်းပြည်နယ်မှ လယ်သမားများသည် လယ်သမားကျောင်း ချဉ်းကပ်မှုနည်းလမ်းကို အသုံးမပြုရန် တောင်းဆိုကြပါသည်။ အကြောင်းမှာ ချင်းပြည်နယ်မှ လယ်သမားများသည် စိုက်ပျိုးရေးရာသီတွင် ရွာထဲ၌ အမြဲမနေထိုင်ပဲ ပုံမှန်တွေ့ဆုံနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ဤအတွက် GRET က လယ်သမားကျောင်းများမှ သင်ခန်းစာ အချို့ကို အသုံးပြုလျက် ကျေးရွာ လယ်သမား ပါဝင်ကူညီပေးသူများကို သင်ကြားပေးပြီး ၎င်းတို့က ၎င်းတို့၏နယ်မြေမှ လယ်သမားများကို လယ်ယာမြေပေါ်တွင် သရုပ်ပြ သင်တန်းပို့ချပေးသည်။ သင်တန်းက စပါး အဆင့်မြင့်စနစ်၊ သဘာဝ ဓာတ်မြေသြဇာ အသုံးပြုခြင်းနှင့် ပေါင်းစည်း ပိုးသတ်စီမံခန့်ခွဲမှု (IPM)၊ စိုက်ပျိုးသစ်တောပညာ စသည့် နည်းပညာဆိုင်ရာများကို အဓိကပို့ချပေးသည်။ သို့သော်လည်း လယ်သမားကျောင်းများကဲ့သို့ တူညီသော အခြေခံအဆင့်သို့ မပေးနိုင်ပါ။

**ဇယား (၁၈) တောင်တန်းဒေသများတွင် လယ်သမားကျောင်းများ ဖွင့်လှစ်ပေးနေသေည့် LIFT စီမံကိန်းများ[66]**

| | | မေတ္တာ | Mercy Corps/AYO | CESVI | SWISSAID |
|---|---|---|---|---|---|
| ဒေသ | | ရှမ်း (တောင်)၊ ကချင် | ချင်း | ရှမ်း (မြောက်) | ရှမ်း၊ ကချင် |
| ကျေးရွာပေါင်း | | ၁၆၀ | ၂၀ | ၂၀ | ၁၄ |
| မိုးရာသီ | မိုးရာသီ FFS ပေါင်း | ၁၆၀ | ၂၀ | ၂၀ | ၃ |
| | ၂၀၁၂ အတွင်း တက်ရောက်သူပေါင်း | လယ်သမားပေါင်း ၂၄၆၁ | လယ်သမားပေါင်း ၃၃၄ | လယ်သမားပေါင်း ၄၀၀ | လယ်သမားပေါင်း ၇၀ |
| | စိုက်ပျိုး သီးနှံ | တောင်ပေါ်နှင့် မြေပြန့်စပါး | ပြောင်း၊ စပါး၊ အွန်လော့ | တောင်ပေါ်နှင့် မြေပြန့်စပါး | တောင်ပေါ်စပါး |
| | သင်ရိုး၏ အဓိက အကြောင်းအရာ | တောင်ပေါ်စပါး၊ SRI၊ စိုက်ပျိုး စီးပွားစနစ် ဆန်းစစ်မှု၊ မြေဆီလွှာ ထိန်းသိမ်းခြင်း၊ ပိုးမွှား စီမံခန့်ခွဲမှု၊ မျိုးကြဲနည်း အသစ်များ | SRI၊ မြေပြန့်နှင့် တောင်ပေါ်စပါး | ရေနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်း၊ မြေသြဇာ အသုံးပြုခြင်း၊ သီးညှပ် စိုက်ခြင်း၊ ရေရှည်ခံသော စိုက်ပျိုးမှု | SRI၊ စိုက်ပျိုး စီးပွားစနစ် ဆန်းစစ်မှု၊ သီးထပ် စိုက်ခြင်း၊ ပိုးမွှား စီမံခန့်ခွဲမှု၊ |
| နွေ/ ဆောင်းရာသီ | နွေ/ ဆောင်း ရာသီ FFS ပေါင်း | ၀ | ၃ | ၂၀ | ၀ |
| | ၂၀၁၂ အတွင်း တက်ရောက်သူပေါင်း | | မသိရပါ | ၁၉၃ | |
| | စိုက်ပျိုး သီးနှံ | | ခရမ်းချဉ်၊ အာလူး၊ ဂျုံနှင့် ဂေါ်ဖီထုပ် | ပဲပိစပ်နှင့် ဂျုံ | |
| ချန်ပီယံများ | | ကျေးရွာ ထောက်ကူ ဝန်ထမ်းများ | စိုက်ပျိုးရေး ဖွံ့ဖြိုးရေး အရာရှိများ | အဓိက လယ်သမားများ | FFS ထောက်ကူ ဝန်ထမ်းများ |
| မိတ်ဆက်ပေးခဲ့သော နည်းပညာ/ ကိရိယာ အသစ်များ ပြောင်းလဲသုံးစွဲမှု နှုန်း | | နည်းသစ် ၆၅%၊ ကိရိယာသစ် ၄၀% (ရှမ်း(တောင်) ၅၀% နှင့် ကချင် ၂၀%)* | ၅၂% | ၇၀% | ၇၁% |

66 ၂၀၁၂ အတွင်း မိတ်ဆက်ပေးခဲ့သည့် နည်းပညာနှင့် ကိရိယာသစ်များမှာ ထွန်ခြစ်၊ အစေ့ချစိုက် ကိရိယာ၊ ပေါင်းရှင်းကိရိယာနှင့် ရေငန်ဒဏ်ခံ မျိုးစေ့ ရွေးချယ်နည်းတို့ ဖြစ်သည်။ နည်းစနစ်သစ်များမှာ အတန်းလိုက် အစေ့ချ/ စိုက်ပျိုးနည်း၊ တစ်ပင်ချင်း ရွှေ့စိုက်နည်း၊ ၄ ပတ်သားအရွယ်တွင် ရွှေ့စိုက်နည်းနှင့် သဘာဝပိုးသတ်ဆေးနှင့် မြေသြဇာ အသုံးပြုခြင်းတို့ဖြစ်သည်။

* နည်းစနစ်သစ်များ ပြောင်းသုံးမှုနှုန်းမှာ ၆၅% ရှိပြီး ကိရိယာသစ် ပြောင်းသုံးမှုနှုန်းမှာ ၄၀% ခန့် (ရှမ်းတွင် ၅၀% နှင့် ကချင်တွင် ၂၀%) ရှိကြောင်း စီမံကိန်းက သတင်းပို့သည်။ တောင်ပေါ်စပါး အထွက်နှုန်း တစ်ဧက ၁၀ တင်းအောက် တိုးလာသည့် တောင်သူ ၄၀% ရှိသည်။ ရှမ်း (တောင်) ရှိ လယ်ကွက်များသည် ပြန့်ပြူးသောကြောင့် ယင်းဒေသမှ တောင်သူများသည် ကချင်မှ တောင်သူများထက် နည်းစနစ်နှင့် ကိရိယာ အသစ်များကို ပြောင်းသုံးရန် ပိုမို လွယ်ကူကြသည်။ ကျေးရွာများတွင် FFS မှ လယ်သမားများသည် အခြား လယ်သမားများထက် အထွက်နှုန်း ပိုမိုကြောင်း မေတ္တာက သတင်းပေးပို့သော်လည်း အသေးစိတ်ကိုတော့ မသိရှိရပေ။ သတင်းပေးပို့လာမှု အားလုံးသည် FFS မှ အထွက်နှုန်းကို တူညီသော လယ်ကွက်အတွင်း ယခင်နှစ်က ထွက်ရှိခဲ့သည့် အထွက်နှုန်းနှင့် နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။

| | မေတ္တာ | Mercy Corps/AYO | CESVI | SWISSAID |
|---|---|---|---|---|
| အထွက်နှုန်း/ ဝင်ငွေ တိုးတက်လာမှု | ၃၀ – ၅၀% | SRI ၁၀၀%* ပြောင်း ၆၀%** | ၅% အထက် တိုးတက်ကြောင်း လယ်သမား ၁၅% က သတင်းပို့*** | ၃၀ – ၄၀% |

LIFT ၏ မိတ်ဖက်များက ပံ့ပိုးပေးထားသော လယ်သမားကျောင်းများတွင် တူညီသော ရည်ရွယ်ချက် ရှိသည်။ ၎င်းမှာ စိုက်ပျိုးနည်းသစ်များနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးခြင်းဖြင့် သီးနှံစိုက်ပျိုးရေးကို တိုးမြှင့်ရန်နှင့် ဤနည်းလမ်းများ၏ အကျိုးဆက်နှင့် ထိရောက်မှုကို ပညာပေးရန်တို့ ဖြစ်သည်။ သို့သော် ကွင်းဆင်းလေ့လာမှုနှင့် မိတ်ဆက်အဖွဲ့များ၏ အစီရင်ခံစာများက အချို့ လယ်သမားကျောင်းများသည် အခြားကျောင်းများထက် လယ်သမားများအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ပံ့ပိုးပေးရာတွင် ပိုမို အောင်မြင်ကြသည်ဟု အစီရင်ခံကြသည်။ လက်ရှိ အချိန်ထိ ရရှိသော ရလဒ်များအရ လယ်သမားကျောင်း အများအပြားသည် ပြက္ခဒိန်နှစ် တစ်နှစ်အတွက် လည်ပတ်နေကြဆဲ ဖြစ်ပြီး လယ်သမားကျောင်းများ၏ အောင်မြင်မှုကို လွှမ်းမိုးသော အဓိကအချက်များကို အောက်ပါအတိုင်း ရှင်းပြနိုင်သည်။

- <u>သင်ရိုးညွှန်းတမ်းကို ဒေသအခြေအနေနှင့် ကိုက်ညီအောင်ပြုပြင်ခြင်း</u> - Fund Manager ၏ စဉ်ဆက်မပြတ် စီစစ်လေ့လာရေး ကွင်းဆင်း စစ်ဆေးချက်များအရ လယ်သမားကျောင်း အများအပြားသည် သင်ယူသူ ဗဟိုပြုသော၊ ပြုလွယ်ပြင်လွယ်သော ချဉ်းကပ်နည်းများကို တကယ်တမ်းတွင် အသုံးပြုခြင်း မရှိကြပါ။ သင်ရိုးများမှာလည်း ဒေသဝန်းကျင်နှင့် ဆီလျော်အောင် အမြဲတမ်း ပြုပြင်ထားခြင်း မရှိပါ။ သင်ယူသူ ဗဟိုပြု ချဉ်းကပ်မှုတွင် နည်းပညာဆိုင်ရာနှင့် ကိရိယာများကို ဒေသအလိုက် လယ်သမားများ လုပ်ကိုင်နေရသော အခြေအနေအလိုက် လိုက်လျောညီထွေ ဖြစ်အောင် ပါဝင်ကူညီ ဆောင်ရွက်သူများက ပြုလုပ်ပေးခြင်း ပါဝင်သင့်သည်။ မေတ္တာအဖွဲ့သည် တူညီသော သင်ရိုးနှင့် တူညီသော ကိရိယာများကို ကချင်ပြည်နယ် မြောက်ပိုင်း ဒေသများရှိ တောင်တန်းများနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပိုမိုပြန့်ပြူးသော ဒေသများတွင် အသုံးပြုသည်။ ကိရိယာများမှာ ပိုမိုပြန့်ပြူးသော ဒေသများတွင်သာ သုံးနိုင်သည့်အတွက် ကချင်ပြည်နယ်မှ လယ်သမားများအတွက် မသင့်လျော်ပါ။[67]

- <u>အရည်အသွေးကောင်းမွန်သော သင်ကြားသင်ယူရေး ပစ္စည်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း</u> - သင့်လျော်သော IEC ပစ္စည်းများ မရှိခြင်းသည် LIFT က ပံ့ပိုးသော လယ်သမားကျောင်းအားလုံး၏ အားနည်းချက်တစ်ရပ် ဖြစ်သည်။ စီမံချက်များတွင် လယ်သမားများအတွက် ပေးထားခဲ့နိုင်စေမည့် အရည်အသွေးပြည့်မီသော IEC ပစ္စည်းများ အကန့်အသတ်ဖြင့်သာ ရှိသည်။ အချို့နေရာများတွင် စာရွက်စာတမ်းများမှာ လက်ရေးနှင့်ဖြစ်ပြီး လယ်သမားများက ရေးဆွဲထားသည်များ ဖြစ်သည်။ အချို့နေရာများတွင် အရောင်ပါသော ပုံများနှင့် လက်ရေးစာရွက်များ ရောနှော ပါဝင်သည်။ FSWG သည် CESVI က အသုံးပြုနေသော သင်ကြားရေးပစ္စည်းများကို ထုတ်လုပ်ပေးသည်။ SWISSAID အဖွဲ့ကသာ ရွာများတွင် ချန်ထားခဲ့နိုင်ရန် ရောင်စုံပိုစတာများကို ထောက်ပံ့ပေးသည်။ ဤပိုစတာများက နောက်နှစ်များတွင် လယ်သမားများကို အကျိုးပြုနိုင်သည်။ အကျိုးခံစားခွင့် ရမည့်သူများမှာ ပုံမှန်ပညာရေး ချို့တဲ့သော အရွယ်ရောက်ပြီးသူများဖြစ်ပြီး ၎င်းတို့၏ သီးနှံထုတ်လုပ်မှုဆိုင်ရာ သဘောတရားများကို နားလည်သင်ယူရန် ကြိုးပမ်း အားထုတ်မှုများကို ကောင်းမွန်သော ရုပ်ပုံများ ပိုစတာများစသည့် အမြင်အာရုံဆိုင်ရာ သင်ထောက်ကူပစ္စည်းများဖြင့် ပံ့ပိုးပေးရမည်။

- <u>ဒေသဆိုင်ရာ လယ်သမားကျောင်း ချန်ပီယံများ ဖော်ထုတ်ခြင်းနှင့် ထောက်ပံ့ပေးခြင်း</u> - လယ်သမားကျောင်း ချန်ပီယံများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုကြပါ။ သို့သော် အချို့မိတ်ဖက်အဖွဲ့များက ဤစနစ်သည် အလုပ်ဖြစ်သည်ဟု ဖော်ပြကြပါသည်။ ဥပမာအားဖြင့် CESVI သည် အဓိက လယ်သမားများနှင့် အခြားမြေယာ ပိုင်ဆိုင်သူများကို လယ်သမားကျောင်းများ မစတင်မီ (၃) ရက်ခန့် သင်တန်းပို့ချပေးသည်။ ချန်ပီယံများကို ဦးဆောင်ချင်သည့် ဝါသနာရှိသူများနှင့် အကြံဉာဏ် အသစ်များ ရှိသူ၊ သင်ခန်းစာများကို အသုံးချနိုင်သူများကို ရွေးချယ်သည်။ ဤလယ်သမားများမှ အုပ်စုများကို စုစည်းပေးမည့် ချိတ်ဆက်များဖြစ်ပြီး အရည်အချင်း ပြည့်မီသူများကို ရွေးချယ်ခဲ့ပါက အောင်မြင်မှု ရရှိနိုင်သည်။

- <u>သီးနှံနှင့် ပတ်ဝန်းကျင် ဆက်နွယ်မှု ဘာသာရပ်တွင် အတော်အသင့် နားလည်တတ်ကျွမ်းသူများကို ကူညီပံ့ပိုးသူများအဖြစ် ခန့်ထားခြင်း</u> - အတွေ့အကြုံများအရ သီးနှံနှင့် ပတ်ဝန်းကျင် ဆက်နွယ်မှု သိမြင်နားလည်သူ စိုက်ပျိုးရေးပညာရှင်တစ်ဦး

* စပါး စိုက်ပျိုးမှုတွင် သွင်းအားစု ၁၁၇ ဒေါ်လာ အသုံးပြုခြင်းဖြင့် ဝင်ငွေ ၇၀၆ ဒေါ်လာ ရရှိနိုင်သည်။ ရင်းနှီးမြှုပ်နှံရမှု နည်းသည့် မျိုးကို ရှာဖွေသော တောင်သူများက အွန်လော့ပဲမျိုးကို ပိုမို နှစ်သက်ကြသည်။ ယင်းပဲ တစ်ဧကအတွက် ၄၁ ဒေါ်လာသာ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပြီး တစ်ဧကလျှင် ၈၁ ဒေါ်လာ တန်ဖိုးရှိ ပဲပမာဏအထိ ထုတ်လုပ်နိုင်သည်။

** ပြောင်းမျိုးသစ် ပြောင်းလဲ အသုံးပြုသူများသည် သွင်းအားစုအတွက် ၈၂ ဒေါ်လာ အသုံးပြုရသော်လည်း (စီမံကိန်းမှ ပံ့ပိုး) ၎င်းတို့ လယ်မြေများမှ တစ်ဧကလျှင် ၂၃၅ ဒေါ်လာ တန်ဖိုးရှိ သီးနှံပမာဏ ထွက်ရှိကြသည်။

*** ၂၀၁၂ ခုနှစ်သစ် သာမန်နှစ်များထက် များစွာ ပိုမို ခြောက်သွေ့ကြောင်း လယ်သမားများက သတင်းပေးပို့ကြသည်။

67 ပေါင်းရှင်းကိရိယာများ မိတ်ဆက်ပေးခဲ့မှု၏ စိတ်ဝင်စားဖွယ် ကောင်းသော ကြိုတင် မမြင်နိုင်ခဲ့သည့် ဘေးထွက်ဆိုးကျိုး တစ်ခုမှာ ယခင်က အမျိုးသမီးများ ရက်သတ္တပတ် ပေါင်းများစွာ ပြုလုပ်ခဲ့ရသည့် ပေါင်းရှင်းမှု ပမာဏကို ယခုအခါ အမျိုးသားများက နာရီ အနည်းငယ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်လာခြင်း ဖြစ်သည်။ ပေါင်းရှင်းခြင်း လုပ်ငန်းသည် စပါးစိုက်ပျိုးသည့် ရာသီအတွင်း အမျိုးသမီးများအတွက် ဝင်ငွေ ရရှိစေသော လုပ်ငန်းတစ်ခု ဖြစ်သည်။ ဝင်ငွေရလမ်း ဆုံးရှုံးမှုသည် အကျိုးဆက် ဖြစ်စဉ်များ ရှိလာနိုင်ပြီး လေ့လာ သုံးသပ်ရန် လိုအပ်ပါသည်။

ခန့်ထားခြင်းက လယ်သမားကို ကူညီပံ့ပိုးသူများအဖြစ် အသုံးပြုခြင်းထက် ပိုမိုထိရောက်သည်။ Mercy Corps နှင့် CESVI သည် စိုက်ပျိုးရေးပညာရှင်များကို ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် (၃) လသင်တန်း ပို့ချပေးသည်။ မေတ္တာက တွေ့ရှိသည်မှာ ဤလယ်သမားများသည် ၎င်းတို့၏ လယ်သမားကျောင်းများက သင်ကြားသော အကြောင်းအရာများက လွှမ်းခြုံမိသည့် ကိစ္စရပ်များကို ဖြေရှင်းရန်သာ ကျွမ်းကျင်ကြပြီး ဤထက်ပိုမို၍ ကျော်လွန်ဆောင်ရွက်နိုင်သော လိုအပ်သည့် အခြေခံများ မရှိကြပါ။ ၎င်းတို့၏ သင်တန်းမှ မပို့ချလိုက်သည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်စွမ်း မရှိကြပါ။

Metta ၏ စီမံချက်များတွင် လူပုဂ္ဂိုလ် တစ်ဦးတည်းက ချန်ပီယံအဖြစ် သိမြင်ကျွမ်းကျင်သူ အဖြစ်၊ ပံ့ပိုးကူညီသူအဖြစ် ဆောင်ရွက်ရသည်။ LIFT ၏ ကချင်သို့ သွားရောက်သော ခရီးစဉ်တွင် ကူညီပံ့ပိုးသူများအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ များပြားမှုက ဖိစီးနေပြီး နည်းပညာဆိုင်ရာ ကိစ္စများတွင် အကူအညီ ပိုမိုရရှိလိုကြောင်း ပြောကြားကြသည်။

- <u>လယ်သမားကျောင်းများကို အစိုးရလုပ်ငန်းများနှင့် တတ်နိုင်သမျှ ချိတ်ဆက်ပေးခြင်း</u> - လယ်သမားကျောင်း အားလုံးနီးပါးသည် အစိုးရ လုပ်ငန်းများကို သိသိသာသာ ထည့်သွင်းရန် ပျက်ကွက်ကြသည်။ Mawkkon Local Development Organization (MKL-DO) (SWISSAID ၏ မိတ်ဖက် ရှမ်းအဖွဲ့အစည်း) သည် ကျိုင်းတုံတွင် ပြုလုပ်သော လယ်သမားကျောင်း သင်တန်းများအတွင်း နည်းပညာ အကူအညီနှင့် အထောက်အပံ့အတွက် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အခြားသော LIFT ၏ စီမံချက်များတွင် မိတ်ဖက်အဖွဲ့များမှ ဝန်ထမ်းများသည် လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၏ သစ်ပင်ပန်းမန် ကာကွယ်ရေးဌာနခွဲမှ ဝန်ထမ်းများအနေဖြင့် လယ်သမားကျောင်းများအတွက် တာဝန်ရှိသည်ကို သတိမပြုမိကြပါ။[68] အမှန်တကယ် စိုက်ပျိုးရေးဆိုင်ရာ ဝန်ထမ်းများမှာ လယ်သမားကျောင်း သဘောတရားနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိကြပါ။ ဤပြဿနာကို ဖြေရှင်းရန် LIFT သည် မိတ်ဖက်အဖွဲ့များကို ဌာနဆိုင်ရာ အရာရှိများအား ၎င်းတို့၏ ကွင်းဆင်းခရီးများနှင့် ကျောင်းသင်တန်း ပို့ချချက်များတွင် ထည့်သွင်းရန် အားပေးနေခဲ့ပါသည်။ ဤသို့ လုပ်ဆောင်ခြင်းအားဖြင့် အစိုးရဝန်ထမ်းများကို လယ်သမားကျောင်းများ၏ လုပ်ငန်းကို ပိုမို နားလည်စေရန်၊ ကူညီပံ့ပိုးသူများကို နည်းပညာ ကိစ္စရပ်များတွင် အကူအညီပေးရန် ကျေးရွာများအကြောင်း ပိုမိုသိရှိရန်နှင့် ၎င်းတို့နှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိရန် ကူညီပေးပါသည်။

မှတ်သားသင့်သည်မှာ လယ်သမားများနှင့် အစိုးရဝန်ထမ်းများ၏ ဆက်ဆံရေးမှာ အကြံဉာဏ်ပေးသည့် အဆင့်ထက်ကျော်လွန်ပါသည်။ အစိုးရ ဝန်ထမ်းများအနေဖြင့် လယ်သမားများ မည်သည်တို့ကို စိုက်ပျိုးသည်ကို သတင်းပို့ရန်ပါ တာဝန်ရှိပါသည်။ အစိုးရ၏ လယ်မြေသုံးစွဲမှု၊ ဈေးနှုန်းဆိုင်ရာ မူဝါဒဆိုင်ရာ လက်ရှိ စည်းမျဉ်းများကြောင့် လယ်သမားများအနေဖြင့် ဝန်ထမ်းများနှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေး တည်ဆောက်ရန် တွန့်ဆုတ်နေကြပါသည်။

လယ်သမားကျောင်းများ၏ကွန်ရက်ချိတ်ဆက်ခြင်းကဏ္ဍသည် ဒေသဆိုင်ရာအစိုးရကို သတင်းပို့သည်ထက် ပိုမိုကျော်လွန်သင့်ပါသည်။ လယ်သမားများသည် အနီးအနားရှိ ရွာများနှင့် ဒေသတွင်းရှိ လယ်သမားကျောင်း အုပ်စုများထံမှ သင်ယူနိုင်ကြသည်။ ဤကွန်ရက် ထူထောင်ခြင်းကို စတင် ဆောင်ရွက်ရန်အတွက် CESVI နှင့် Metta တို့သည် အခြားသော လယ်သမားကျောင်းများသို့ သွားရောက် လည်ပတ်ရန် စီစဉ်ခဲ့သည်။ ဤကွန်ရက်ကို ပိုမိုကြာရှည် တည်တံ့စေရန်အတွက် အနီးအနား ကျေးရွာများကိုသာ အဓိက သွားရောက်လည်ပတ်ရန် စီစဉ်ရသည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားများအနေဖြင့် ခရီးဝေးသွားရန် ငွေကြေးမတတ်နိုင် သောကြောင့် ဖြစ်သည်။

## လယ်သမားကျောင်းများ သုံး၍ သို့မဟုတ် မသုံးဘဲ သင်တန်းပို့ချခြင်း

အနည်းငယ် သော LIFT မိတ်ဖက်များသည် လယ်သမားကျောင်း ချဉ်းကပ်မှုကို မသုံးဘဲ စိုက်ပျိုးရေး ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများကို တိုက်ရိုက်ပို့ချ နေသည်။ သို့သော် LIFT ၏ ကွင်းဆင်းလေ့လာချက်အရ အတော်အသင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမိသော သင်တန်းမျိုး (ဥပမာအားဖြင့် ၂ ပတ်အထိ) တောင်မှ လယ်သမားကျောင်း ချဉ်းကပ်မှု အသုံးပြုရာတွင် တွေ့ရှိရသည့် ရလဒ်များကို ပြည့်မီခြင်း မရှိသည်ကို တွေ့ရသည်။ ဤသင်တန်းများသည် လယ်သမားကျောင်းများ လုပ်သကဲ့သို့ပင် အမြင်နှင့် အတွေ့အကြုံများ ဖလှယ်မှုကို ခွင့်ပြုခြင်း မရှိသလောက် ဖြစ်သည်။ နစ်လယ် သုံးသပ်ချက်က လယ်သမားများကို ၎င်းတို့၏ ဆိုင်ရာ လယ်ယာမြေ အခြေအနေအလိုက် သတင်းအချက်အလက်များ၏ အကျိုးဆက်များကို နားလည်ရန် လုံလောက်သော အခွင့်အလမ်းများ မရှိဘဲ လယ်သမားသင်တန်းများ အသုံးပြုမှုကို မေးခွန်းထုတ်ပါသည်။ ဤအချက်က အချိန်ယူ ဆောင်ရွက်ရမည် ဖြစ်ပြီး လယ်သမားကျောင်းများက နည်းလမ်းသစ်များ အသုံးပြုမှုကို အားပေးမည့် ရလဒ်ကောင်းများကို လက်တွေ့ပြသရန် အခွင့်အလမ်းကောင်းများကို ပေးပါသည်။
ပို၍အရေးကြီးသည်မှာ လယ်သမားကျောင်း ချဉ်းကပ်မှုနှင့် အသုံးပြုသော နည်းလမ်းများက စိုက်ပျိုး စီးပွားဝန်းကျင်နှင့် ကိုက်ညီရန်

68 ယခင် MAS (မြန်မာ့ စိုက်ပျိုးရေး တိုးချဲ့ ဝန်ဆောင်မှု) ယခု DoA သည် စိုက်ပျိုးရေး တိုးချဲ့ဝန်ဆောင်မှုများအတွက် တာဝန်ရှိပါသည်။ နိုင်ငံတော်အဆင့်တွင် DoA ဌာနအတွင်း စိုက်ပျိုးပင် ကာကွယ်ပေးရေး ဌာနတစ်ခု ရှိပါသည်။ ယင်းဌာနသည် မြို့နယ်အဆင့်တွင်မူ အရာရှိ တစ်ဦးသာ ရှိသည်ကို မကြာခဏ တွေ့ရှိရသည်။ အဓိက တိုးချဲ့ ဝန်ဆောင်မှု ဝန်ထမ်းများ အနေဖြင့် FFS များကို မသိရှိတတ်ကြသော်လည်း စိုက်ပျိုးပင် ကာကွယ်ပေးရေး ဝန်ထမ်းများအနေဖြင့် FFS များကို ကောင်းစွာ သိရှိကြပြီး အစိုးရအနေဖြင့် စိုက်ပျိုးပင် ကာကွယ်ပေးရေးကို အာရုံစိုက်သည့် FFS များ ပြုလုပ်သည်။

ဖြစ်သည်။ မေတ္တာအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းတွင် ကောင်းမွန်သော ရလဒ်များ ရရှိခဲ့ပြီး တူညီသော နည်းလမ်းများနှင့် ကိရိယာများကို မိတ်ဆက် ပေးခြင်းမှာ ကချင်ပြည်နယ် မြောက်ပိုင်းတွင် အောင်မြင်မှု လျော့နည်းခဲ့သည်။ ရေစန်မျိုးစေ့ ရွေးချယ်မှု စနစ်မှာမူ ချွင်းချက်ဖြစ်သည်။ CESVI သည် ပိုမို၍ လိုက်လျော ညီထွေဖြစ်သော ချဉ်းကပ်မှုကို မတူညီသော ဒေသများတွင် အသုံးပြုခဲ့ပြီး (မြို့နယ်အချင်းချင်း ကြားတွင်ပါ) ပိုမို ကောင်းမွန်သော ရလဒ်များရခဲ့သည်။ ၎င်းတို့၏ လယ်သမားကျောင်းများမှာ ကုန်းမြင့်နှင့် မြေနိမ့် စပါးများအတွက် မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် ရေးဆွဲထားသည်။ ဥပမာအားဖြင့် SRI ကို မြေနိမ့် ဒေသများ စပါးကွင်းများတွင်သာ အသုံးပြုသည်။ လယ်သမားကျောင်းများသည် စီမံချက် ပြီးဆုံးသွား သည့်တိုင်အောင် ဆက်လက်ပြုလုပ်မည့် လုပ်ငန်းစဉ်ဆက် တစ်ရပ်ကို စတင်ခဲ့လျှင် အောင်မြင်ပါသည်။ ရွာအားလုံး တွင် စဉ်ဆက်မပြတ် လေ့လာရေး ခရီးစဉ်များက ပြသည်မှာ လယ်သမားများ အနေဖြင့် စုပေါင်း လုပ်ကိုင်ခြင်းအားဖြင့် ၎င်းတို့ရရှိသော တိုးတက်မှုများကြောင့် ၎င်းတို့အနေနှင့် မည်မျှ ဂုဏ်ယူကြသည်ကို ဖြစ်သည်။ မေတ္တာက ထောက်ပံ့ကူညီသော လယ်သမားကျောင်းများတွင် အမျိုးသမီးများသည် သီအိုရီပိုင်း ဆိုင်ရာများကို လေ့လာရာ၌ အတော်ဆုံးဖြစ်ကြပြီး ၎င်းတို့သည် သင်ယူရသော ဗဟုသုတများနှင့် စွမ်းရည်များကို ဂုဏ်ယူစွာ ဖော်ထုတ် ပြသနိုင်ခဲ့ကြသည်။ မိုးရွာသွန်းမှု မရှိသောကြောင့် ၂၀၁၂ ခုနှစ်တွင် အပူပိုင်းဇုန်၌ အထွက်နှုန်း ကျဆင်းခဲ့သော်လည်း ၎င်းတို့အနေဖြင့် လယ်သမားကျောင်းများမှ အကျိုးကျေးဇူး ခံစားရပြီး ပစ္စည်းကိရိယာများနှင့် နည်းလမ်းများ ပိုမိုကောင်းမွန်ခဲ့သည်ဟု ဆိုသည်။ ၎င်းတို့အနေဖြင့် ပိုမိုလေ့လာရန် စိတ်အား ထက်သန်ကြသည်ဟု ဆိုသည်။ လယ်သမားကျောင်းများ၏ အဓိကတာဝန်ဖိုးမှာ လယ်သမားများကို ၎င်းတို့ကိုယ်ပိုင် လယ်ကွက်များတွင် ကောင်းမွန်သော နည်းစနစ်များကို စမ်းသပ်လုပ်ကိုင်ရန်၊ လယ်သမားချင်း ပညာပေး အစီအစဉ်များတွင် ပါဝင်ရန်၊ လယ်လုပ်ငန်း ဆောင်ရွက်ရာတွင် တစ်ဦးထံမှ တစ်ဦး လေ့လာသင်ယူရန်အတွက် လှုံ့ဆော်ပေးရန်ဖြစ်သည်။ ဤလက်တွေ့ချဉ်းကပ်မှုသည် စီမံချက်၏ အထောက်အပံ့မပါပဲ လယ်သမားကျောင်းများကို ဆက်လက် လုပ်ကိုင်သွားရန်အတွက် လှုံ့ဆော်ပေးသည့် အရှိန်ကို ဖန်တီးပေးပါသည်။

> **သဘာဝ မြေဩဇာအသုံးပြုမှုကို မြှင့်တင်ခြင်း**
>
> လယ်သမားကျောင်းများသည် လယ်ကွင်းထဲတွင် သဘာဝ မြေဩဇာ အသုံးပြုမှုကို အားပေး မြှင့်တင်ပေးသည်။သဘာဝ မြေဩဇာ ထုတ်လုပ်ခြင်းသည် အချိန်ကြာမြင့်ပြီး သိသာထင် ရှားသော ရလဒ်ရရှိရန်အတွက် လိုအပ်သော ပမာဏမှာ များပြား သည်။ နှစ်လယ် သုံးသပ်ချက်က လယ်သမားများ အနေဖြင့် သဘာဝ မြေဩဇာ လုပ်ခြင်းကို ဆက်လက် မလုပ်ကိုင်ကြကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ဓာတ်မြေဩဇာများကို ပိုမို အသုံးပြုနှင့်ကြခြင်း သို့မဟုတ် ၎င်းတို့ ရှေးရိုးသုံး ဓါတ်မြေဩဇာ လုပ်နည်းများကို ပြန်လုပ်ကြသည်။ အစီရင်ခံစာက ဖော်ပြသည်မှာ သဘာဝ မြေဩဇာ ပြုလုပ်ခြင်းသည် ဒေသဆိုင်ရာ လိုအပ်ချက်နှင့် မကိုက်ညီဟု ဖြစ်သည်။ CESVI သည် ဤပြဿနာကို သတိပြုမိကာ ပြုပြင်နိုင်ပြီး သဘာဝအော်ဂဲနစ် မြေဆီလွှာကို မြှင့်တင်ရာ၌ ထိရောက်သော စိမ်းလန်းသည့် မြေကို ဖော်ထုတ်ရန် ကြိုးစားနေသည်။ Proximity Designs သည် စိမ်းလန်းသော စွန့်ပစ် အညစ်အကြေးများကို မြစ်ဝကျွန်းပေါ် စီမံချက်များတွင် အသုံးပြုနေပြီး စိမ်းလန်းသော စွန့်ပစ် အညစ်အကြေးကို စတင်အသုံးပြု၍ တောင်တန်းဒေသရှိ စီမံချက်များကို ကူညီနိုင်မည်ဖြစ်သည်။


# ၃.၄ ကမ်းရိုးတန်းဒေသ

## ဒေသမိတ်ဆက်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံး ဒေသများအနက် တစ်ခုအပါအဝင် ဖြစ်ပြီး ဆိုးရွားပြင်းထန်သော ရာသီဥတု၊ အာဟာရ ချို့တဲ့မှု၊ ဆင်းရဲမွဲတေမှု၊ အခြေခံအဆောက်အဦပိုင်း အားနည်းမှုနှင့် အကြမ်းဖက် ပဋိပက္ခများ စသည့် စိန်ခေါ်မှုများနှင့် မကြာမကြာ ရင်ဆိုင် ကြုံတွေ့နေရသည်။ လူမျိုးစု ပဋိပက္ခ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အချို့စပါးခင်းများ ဖျက်ဆီးခံရကာ သွားလာ နေထိုင်မှု အကန့်အသတ်များနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းကြရမှုကြောင့် အချို့လယ်ကွက်များသို့ သွားရောက် ရိတ်သိမ်းခြင်း မပြုနိုင်သဖြင့် ၂၀၁၂ ခုနှစ် မိုးစပါး အထွက်နှုန်းမှာ နိမ့်ပါးလိမ့်မယ်ဟု မျှော်မှန်းထားသည်။[69] ထို့ပြင် မွေးမြူရေး တိရစ္ဆာန်အများအပြား ပျောက်ဆုံးခဲ့သည်။[70]

လူမျိုးစု ပဋိပက္ခများ မတိုင်မီကပင် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး အထွက်နှုန်း အနိမ့်ဆုံးစာရင်းတွင် ပါဝင်နေသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော မြေယာအများစု (အနည်းဆုံးတော့ LIFT မှ အထူးအာရုံစိုက် လုပ်ဆောင်ရန် စီစဉ်ထားသည့် ဆိုင်ကလုန်းဂီရိ ဒဏ်ခံဒေသများ) သည် မူလက ဒီရေတော စိမ့်မြေများ ဖြစ်ကြပြီး ပင်ကိုအားဖြင့် မြေဆီဩဇာ ကြွယ်ဝမှု နိမ့်ပါးပြီး ထုတ်လုပ်မှု ပမာဏ အတိုင်းအတာတစ်ခုအထိ ရရှိနိုင်ရန် ဓာတ်မြေဩဇာ အများအပြား အသုံးပြုကြရသည်။ လယ်သမားများသည် ကုန်တွင်းပိုင်း ဒေသများတွင် ပဲအမျိုးမျိုးကို စိုက်ပျိုးကြသော်လည်း ကမ်းရိုးတန်းဒေသများတွင်မူ မိုးရာသီမဟုတ်သည့် ကာလများတွင် ရေချိုရရှိမှု အကန့်အသတ် ရှိပြီး ရေစစ်ထုတ်နိုင်မှု နည်းသည့် ရွှံ့မြေဖြစ်ခြင်းကြောင့် စိုက်ပျိုးနိုင်ခြင်း မရှိပေ။ လယ်သမားများသည်

69 WFP စားနပ်ရိက္ခာ ဖူလုံမှု လစဉ် အစီရင်ခံစာ၊ နိုဝင်ဘာ ၂၀၁၂
70 ၎င်း




စပါးကို မိုးရာသီအတွင်းသာ စိုက်ပျိုးကြပြီး ကျန်နှစ်ဝက်ကာလတွင် လယ်မြေများကို မထွန်မယက်ဘဲ ထားကြရသည်။


လူထုသည် ၎င်းတို့၏ အခြေခံ လိုအပ်ချက်များအတွက် ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဒီရေတောများအပါအဝင် သစ်တောထွက် ရင်းမြစ် များကို မှီခိုကြရသည်။ ဒေသခံအများအပြားအတွက် ထင်းရရှိရန် အဓိကရင်းမြစ်ဖြစ်သည့် ဒီရေတောများအတွင်း ဝင်ရောက် သစ်ခုတ် ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြသည်။ ဒေသအများအပြားတွင် လမ်းများ မရှိသလောက် ဖြစ်သည်။ ခရီးလမ်းကြောင်းအများစုကို လှေဖြင့် သို့မဟုတ် တာဘောင်ရိုးများတလျှောက် သွားလာကြရသည်။ ရွာအများအပြားသည် ဒီရေတက်ချိန်တွင်သာ လှေများကို အသုံးပြုနိုင်ကြသည်။

ရခိုင်ပြည်နယ် မုတ်သုံရာသီတွင် မိုးရေချိန် အများဆုံး ရွာသွန်းသည့် ဒေသတစ်ခုဖြစ်သော်လည်း လုံလောက်သော ရေသိုလှောင် ထားမှု မရှိခြင်းကြောင့် ခြောက်သွေ့ရာသီတွင် ဆိုးဆိုးရွားရွား ရေပြတ်လပ်မှုနှင့် ရင်ဆိုင်ရလေ့ရှိသည်။ မြေအောက်ရေများမှာ ဆားငန် ရေကြောင့် ညစ်ညမ်းသွားသဖြင့် ရခိုင်ပြည်နယ်၏ မြေနိမ့်ပိုင်းဒေသများတွင် ရေချိုရှားပါးမှုမှာ ကာလရှည်ကြာစွာ ခံစားခဲ့ရသည့် ပြဿနာတစ်ခု ဖြစ်သည်။ ကျေးရွာအများစုမှာ မိုးရာသီအတွင်း ရေကန်များမှ ရေကို သယ်ယူစုဆောင်းထားခြင်း အပေါ်တွင်သာ မှီခိုနေရသည်။ ရေသိုလှောင် သိမ်းဆည်းရန် အခြေခံအဆောက်အဦ မရှိမှုက ဆောင်းရာသီတွင် သီးနှံစိုက်ပျိုးခြင်း မပြုနိုင်အောင် ဟန့်တားထားသည်။

LIFT ၏ Baseline Survey Report အရ ဆိုင်ကလုန်း ဂီရီ ရိုက်ခတ်ခံရသော ဒေသမှ အိမ်ထောင်စု ၆၈ ရာခိုင်နှုန်းသည် မြေယာမဲ့များ ဖြစ်ကြပြီး ကမ်းရိုးတန်းဒေသမှ အိမ်ထောင်စုများ၏ ၆၅ ရာခိုင်နှုန်းသည် လွန်ခဲ့သည့်နှစ်အတွင်း အကြွေးပိုမိုထူလာခဲ့ကြသည်ဟု အစီရင်ခံသည်။ အိမ်ထောင်စု စုစုပေါင်း၏ ၆၂ ရာခိုင်နှုန်း[71] ကျော်သည် စိုက်ပျိုးရေး လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းတို့တွင် ကျပန်း အလုပ်သမား များအဖြစ် သို့မဟုတ် သစ်လုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း လုပ်ငန်းများတွင် လုပ်ကိုင်ကြခြင်းဖြင့် စားဝတ်နေရေးအတွက် ငွေရှာကြရသည်။ ငါးလုပ်ငန်းမှ ထုတ်ကုန်များ ရောင်းချခြင်းသည် လယ်ယာမဲ့များအတွက် ဒုတိယအတွေ့ရဆုံး အိမ်ထောင်စု ဝင်ငွေ ရရှိသည့် ရင်းမြစ်ဖြစ်သည်။[72]

## ကမ်းရိုးတန်းဒေသရှိ LIFT ၏ လုပ်ငန်းများ

LIFT ၏ ကမ်းရိုးတန်းဒေသအတွက် စုစုပေါင်း စီမံချက် လျာထားခွဲဝေသုံးစွဲငွေမှာ စီမံချက် (၄) ခု အတွက် (၃) နှစ်စာ အမေရိကန်ဒေါ်လာ ၄.၃ သန်း ဖြစ်ပြီး ဤပမာဏမှာ LIFT ၏ စီမံချက်အားလုံးအတွက် ခွဲဝေသုံးစွဲငွေ၏ ၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ စီမံချက်ရန်ပုံငွေတွင် ဤဒေသအတွက် ခွဲဝေချထားသော အမေရိကန်ဒေါ်လာ ၄.၃ သန်း အနက်မှ နှစ်ကုန်ချိန်ထိ ၁.၁ သန်းသာ သုံးစွဲ ရပါသေးသည်။ ဤသုံးစွဲမှုမှာ ၂၀၁၃ ခုနှစ် အစပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိ "တက်လမ်းစီမံကိန်း" စတင်သည်နှင့် သိသိသာသာ တိုးမြင့် လာပါလိမ့်မည်။




၂၀၁၂ နှစ်ကုန်ပိုင်းထိ LIFT က ထောက်ပံ့ပေးသော စီမံချက် ၄ ခုသည် ရခိုင်ပြည်နယ်တွင် တက်ကြွစွာ လုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့မှာ MERN၊ Mercy Corps၊ Oxfam (Better Life Organization နှင့်အတူ) တို့ ဖြစ်ပါသည်။ ဝွမြို့နယ်ရှိ MERN ၏ စီမံချက်သည် ဒီရေတော ကာကွယ်ရေးနှင့် ပြန်လည်ပျိုးထောင်ရေး (အကျိုးရလဒ် ၃) ကို အာရုံစိုက်ပြီး အချို့ကို ငွေကြေးနှင့် လုပ်အား လဲလှယ်မှု (CFW) လုပ်ငန်းများ (အကျိုးရလဒ် ၄) ဖြင့်

71 မြေယာမဲ့ ရာခိုင်နှုန်း မြင့်မားရခြင်းမှာ ရေလုပ်သား မိသားစုများကိုလည်း မြေယာမဲ့စာရင်းတွင် ထည့်သွင်းခြင်းကြောင့် ဖြစ်ပြီး ၎င်းတို့ အားလုံးသည် ကျပန်းလုပ်သားများ မဟုတ်ကြပေ။

72 LIFT's Baseline Survey Report, 2012.

တစ်စိတ်တစ်ပိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရခိုင်ဒေသအတွက် စီမံချက် ရန်ပုံငွေ အများစုအတွက် တာဝန်ရှိသော MERN ၏ စီမံချက်သည် ဤနှစ်အစောပိုင်းတွင် သိသာထင်ရှားသော၊ လိုအပ်သော ပုံစံအသစ် ပြန်ရေးဆွဲခြင်းကို ပြုလုပ်ခဲ့ပါသည်။ စီမံချက်က ဒီရေတော (၁၆၀၉) ဧကကို အဆင့်မြှင့်တင်ပေးခဲ့ပြီး (၂၀၁၂ ခုနှစ် အတွက် ရည်မှန်းချက်မှာ ၇၀၀ ဧက ဖြစ်သည်) ကျေးရွာ (၄၂) ရွာအတွက် အစိုးရထံမှ ဒီရေတော စီမံခန့်ခွဲခွင့်ကို ရယူပေးခြင်းဖြင့် ကောင်းမွန်သော တိုးတက်မှုများ ဖော်ဆောင်နိုင်ခဲ့သည်။

မြောက်ဦးမြို့နယ်တွင် Mercy Corps သည် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေရန်၊ ဝင်ငွေရလမ်း အခွင့်အလမ်းများ ဖန်တီးပေးရန်၊ သဘာဝ ဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင် နိုင်စွမ်းရှိအောင် လူထုကို ကူညီပေးရန် (၃) နှစ် စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်နေပါသည်။ ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများက မြောက်ဦးရှိ Mercy Corps ၏ စီမံချက်ကို အနှောင့်အယှက် ပေးခဲ့ပါသည်။ ဒေသအာဏာပိုင်များက ထုတ်ပြန်သော ခရီးသွားလာခွင့် ကန့်သတ်မှုများကြောင့် အချို့စီမံချက် လုပ်ငန်းများ ဖျက်သိမ်းခဲ့ရပြီး လယ်သမားအများစုသည် ၎င်းတို့အနေဖြင့် ၎င်းတို့၏ လယ်ကွင်းများဆီသို့ သွားရောက် လုပ်ကိုင်နိုင်ခြင်း ရှိမည် မရှိမည် မသေချာသောကြောင့် ချေးငွေများကို မရယူခဲ့ကြပါ။ ရခိုင်ဒေသတောင်ပိုင်းရှိ MERN ၏ စီမံချက်မှာမူ ဤပဋိပက္ခ၏ အကျိုးသက်ရောက်မှုမရှိခဲ့ပါ။

ဤအကြမ်းဖက်မှုဖြစ်စဉ်များက "တက်လမ်းစီမံချက်" ၏ ပုံစံရေးဆွဲမှု လုပ်ငန်းစဉ်ကို နှောင့်နှေး ရှုပ်ထွေးစေခဲ့သည်။ သို့သော်လည်း (၁၂) လအတွင်းတွင် LIFT အနေဖြင့် အောက်ပါလုပ်ငန်းများကို အာရုံစူးစိုက်သည့် စီမံချက်တစ်ခုကို ပုံစံထုတ် စာချုပ် ချုပ်ဆို နိုင်ခဲ့ပါသည်။ ဤစီမံချက်သည် ရေထိန်းနံရံများနှင့် ရေထိန်းတံခါးများ ပြန်လည် ပြုပြင်ခြင်း၊ ရေသွင်းစိုက်ပျိုးရေးအတွက် ဆည်မြောင်းများ၊ သောက်သုံးရေနှင့် အာဟာရ ဖူလုံမှု၊ ငါးဖမ်းလုပ်ငန်း စီမံခန့်ခွဲမှု၊ စပါးနှင့် သီးနှံမျိုးစုံ စိုက်ပျိုးမှုအတွက် ပိုမိုကောင်းမွန်သော ထုတ်လုပ်ရေး နည်းပညာများ၊ တီထွင်ကြံဆသော ငွေစုဆောင်းခြင်းနှင့် ချေးငွေ ဝန်ဆောင်မှုများ ပါဝင်သည်။ "တက်လမ်းပုံစံ" သည် LIFT ၏ ယခင်က အသုံးပြုခဲ့သော စီမံချက်ပုံစံ ချဉ်းကပ်မှုတွင် အပြောင်းအလဲတစ်ခုကို အမှတ်အသားပြုခြင်းဖြင့် LIFT အတွက် ထူးခြားခဲ့သည်။ အလားအလာရှိသော မိတ်ဖက်အဖွဲ့များထံမှ အဆိုတင်သွင်းလွှာများကို ရှာဖွေမည့်အစား LIFT သည် အကောင်အထည် ဖော်ဆောင်မည့် လုပ်ငန်းအဖွဲ့များကို တင်ဒါ မခေါ်မီကပင် "တက်လမ်းစီမံချက်" ကို သိသာထင်ရှားစွာ အသေးစိတ်ရေးဆွဲခဲ့သည်။

## ဒီရေတောများ ပြန်လည်ထူထောင်ခြင်း

ရခိုင်ပြည်နယ် တောင်ပိုင်းဒေသရှိ MERN စီမံချက်သည် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုနှင့် ပင်လယ်ကမ်းခြေနှင့် ရေလမ်းကြောင်း တစ်လျှောက် ဒီရေတောများ ကာကွယ်ခြင်းကို ဦးစားပေး ဆောင်ရွက်နေသည်။ စီမံချက်၏ အဓိက ဦးစားပေးမှာ အနီးအနား ကျေးရွာများ၏ အသက်မွေးမှုကို ထောက်ပံ့ပေးရန် ဒီရေတောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းမှုနှင့် ပြန်လည်ပျိုးထောင်ရေး တို့ဖြစ်သည်။ နည်းပညာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေးအမျိုးမျိုးရှိသည့် ဒေသခံအဖွဲ့အစည်း (၆) ခု ပူးပေါင်းထားသော အဖွဲ့အစည်း ဖြစ်သည်။ MERN သည် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်၌ သစ်တောဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် ဤစီမံချက်ကို အကောင်အထည် ဖော်နေပါသည်။ ဤစီမံချက်က ဒီရေတောများ စီမံခန့်ခွဲမှုကို တာဝန်ယူရန်အတွက် ကျေးရွာအခြေပြု အဖွဲ့အစည်း များကို တည်ထောင်ပေးခဲ့ပါသည်။

စီမံချက် သွင်းအားစုများကို စီမံခန့်ခွဲရန်နှင့် သစ်တော ပြန်လည်ပျိုးထောင်ရေး လုပ်ငန်းများကို စီစဉ်ရန်အတွက် သစ်တောအသုံးပြုသူ အုပ်စုများ (Forest User Groups) ကို တည်ထောင်ခဲ့ပါသည်။ ဤသစ်တောအသုံးပြုသူ အုပ်စုများ၊ ကျေးရွာ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ (VCC) (ဤအဖွဲ့များသည် အခြားစီမံချက်များမှ VDC များနှင့် ဆင်တူသည်။) နှင့် စီမံချက်ဝန်ထမ်းများသည် နည်းပညာနှင့် စီမံခန့်ခွဲရေး သင်တန်းများကို တက်ရောက်ခဲ့ကြပြီး လုပ်ငန်းများကို စတင် အကောင်အထည် ဖော်ခဲ့ကြပြီး ဖြစ်သည်။ စီမံချက် စတင်သည့် နေ့မှစ၍ စုစုပေါင်း ဒီရေတော ဧက (၁၆၀၉) ဧကကို (၂၀၁၂ ခုနှစ်အတွက် လျာထားချက် ၇၀၀ ဧက) စိုက်ပျိုးခင်းများ၊ စွမ်းအားဖြည့် စိုက်ပျိုးရေးနှင့် Regeneration Improvement Felling (RIF)[73] တို့ဖြင့် အဆင့်မြှင့်တင်ခဲ့ပါသည်။ ဤ RIF လုပ်ငန်းသည် ရည်မှန်းချက်ကို မပြည့်မီခဲ့ပါ။ (ရည်မှန်းချက်၏ ၄၁ ရာခိုင်နှုန်း) အဓိက အကြောင်းအရင်းမှာ စုပေါင်းအဖွဲ့အတွင်းမှ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပြဿနာများကြောင့် ဖြစ်ပါသည်။ စွမ်းအားမြှင့် စိုက်ပျိုးခြင်းသည်လည်း ဒီရေတောမျိုးစေ့များမှာ ရာသီအလိုက်သာ ရရှိနိုင်ပြီး[74] ရည်မှန်းချက်များ ချမှတ်စဉ်က ဤအချက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့သောကြောင့် အခက်အခဲများနှင့် (ရည်မှန်းချက်၏ ၁၄ ရာခိုင်နှုန်း) ရင်ဆိုင်နေရပါသည်။

---

73 ခုတ်လှဲ ရှင်းလင်းခံထားရသော ဒီရေတော ဧရိယာ (ခုတ်လှဲရှင်းလင်း ဧရိယာ ၈၀% ကျော်) များတွင် စိုက်ခင်းများ တည်ထောင်ခဲ့သည်။ အများအားဖြင့် စိုက်ခင်းများ တည်ထောင်ရန် တစ်ဧကလျှင် မျိုးစေ့ ၁၂၁၀ စေ့ကို အသုံးပြုသည်။ ဒီရေတော ၈၀% ထိ ခုတ်လှဲ ရှင်းလင်းခံထားရသည့် (အပင်ပေါက်ရောက်မှု သိပ်သည်းဆ နည်းပြီး ဖြည့်စိုက်ရန် ကွက်လပ်များ ရှိနေသော) ဧရိယာများတွင် enrichment planting နည်းကို အသုံးပြုခဲ့ကာ နာထားသည့် အကိုင်းအခက်များနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ အများအပြား ပေါက်ရောက်သည့် နေရာများရှိ မဖွံ့ဖြိုးသော အပင်များ ရှင်းလင်းခြင်း တို့ကိုလည်း ပြုလုပ်ခဲ့သည်။ များသောအားဖြင့် တစ်ဧကလျှင် မျိုးစေ့ပေါင်း ၂၄၂၀ စိုက်ပျိုးခဲ့သည်။ မလိုအပ်သော သစ်ပင်များ ခုတ်လှဲရာတွင် ပြန်လည် ပေါက်ရောက်မှုကို အားကောင်းစေသည့် ခုတ်လှဲနည်း (RIF) ကို အသုံးပြုခဲ့ပြီး သဘာဝအလျောက် ပြန်လည် ရှင်သန်မှုနှင့် အပင် ကြီးထွား ဖွံ့ဖြိုးမှုကို အားဖြည့်ပေးရန် အကိုင်းအခက်များ ဖြတ်တောက်ခြင်းလည်း ပြုလုပ်ပေးသည်။

74 သစ်ပင် အားလုံးသည် အချိန်ကာလ တစ်ခုတွင်သာ အပွင့် ပွင့်ကြပြီး ယင်းအချိန်တွင်သာ ရွာသားများ အနေဖြင့် မျိုးစေ့များ စုဆောင်းနိုင်ပါသည်။ ယင်းမျိုးစေ့များကို ပျိုးဥယျာဉ်တွင် ပျိုးထောင်ရန် လိုအပ်ပြီး သတ်မှတ် အရွယ်အစားရောက်မှသာ ပြောင်းရွှေ့ စိုက်ပျိုးရသည်။ အပင်များ ရှင်သန်နိုင်မှု သေချာစေရန် သစ်ပင် စိုက်ပျိုးမှုကို မိုးတွင်းကာလတွင် စတင်လေ့ ရှိသော်လည်း ဒီရေတောများအတွက်မူ ရေရရှိနိုင်မှုသည် အဓိက ပြဿနာ မဟုတ်ပေ။ ဒီရေတော မျိုးစေ့နှင့် အပင်ပေါက်များ ဝယ်ယူရရှိနိုင်သည့် ဈေးကွက် မရှိပေ။

ဒီရေတောစိုက်ပျိုးခြင်းကို ငွေကြေးနှင့် လုပ်အား လဲလှယ်သည့် (CFW) စနစ်ကိုသုံး၍ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် MERN သည် အိမ်ထောင်စုပေါင်း (၁၁၈၁) ကို ဒီရေတောစိုက်ပျိုးသည့် ကာလအတွင်း စုစုပေါင်း လူ/ရက်ပေါင်း ၁၆၈၄၉ ရှိသည့် ကာလတို အလုပ်အကိုင်ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ကျေးရွာသူ ကျေးရွာသားများကို တစ်နေ့လျှင် ၂.၆၀ အမေရိကန်ဒေါ်လာ ပေးခဲ့ပြီး ၎င်းတို့သည် ထိုပမာဏထဲမှ ၁၀ ရာခိုင်နှုန်းကို ကျေးရွာထိန်းသိမ်းရေး အဖွဲ့များက စီမံခန့်ခွဲသော စုငွေအုပ်စုများသို့ ပေးကြရသည်။ အိမ်ထောင်စု တစ်စုစီ၏ ပျမ်းမျှ ရရှိငွေမှာ အမေရိကန်ဒေါ်လာ (၃၅) ဖြစ်ပြီး ဤပမာဏမှာ ၎င်းတို့အတွက် အထောက်အကူ ရခဲ့ကောင်း ရခဲ့ပါမည်။ သို့သော်လည်း ဤပမာဏက စားနပ်ရိက္ခာ ဖူလုံမှုရှုထောင့်မှ ကြည့်လျှင် ဤအိမ်ထောင်စုများအတွက် သိသာထင်ရှားသော အကျိုးသက်ရောက်မှု ရှိခဲ့ပုံမပေါ်ပါ။

ဒီရေတောများကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်မှုသည် ရွာသူရွာသားများနှင့် အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု အပေါ်တွင် မူတည်ပြီး MERN သည် စီမံချက်ကျေးရွာများနှင့် သစ်တောဦးစီးဌာနကြား ညှိနှိုင်းမှု အစီအစဉ်တစ်ခုကို အောင်အောင်မြင်မြင် ကူညီနိုင်ခဲ့သည်။ သစ်တောဦးစီးဌာနသည် နောက်တွင် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုများကို ရှောင်ရှားနိုင်ရန် ဒီရေတော နယ်နိမိတ်များကို သဘောတူညီခဲ့ပါသည်။ မြို့နယ် သစ်တောဦးစီးဌာနသို့ အများပိုင် သစ်တောများကို နှစ် (၃၀) မြေယာငှားရမ်းရန် လျှောက်လွှာများ တင်ခဲ့ကြပါသည်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (SLRD) က အများပိုင် သစ်တောများ ငှားရမ်းမှုကို ခွင့်ပြုပြီးသည့် အခါတွင် သစ်တောအသုံးပြုသူ အသင်းများ (FUGs) အနေဖြင့် ပြန်လည်ပျိုးထောင်ထားသော ဒေသများကို စီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။ သစ်တောအသုံးပြုသူ အသင်းများအနေဖြင့် အကျိုးရလဒ်များကို နောက် (၁၀) နှစ်အကြာ ဒီရေတောပင်များ ပြည့်ပြည့်ဝဝ ကြီးထွားလာသည့်အချိန်မှစတင်ရရှိပါလိမ့်မည်။

ရည်မှန်းကျေးရွာ တစ်ခုစီတွင် ကျေးရွာထိန်းသိမ်းရေးအဖွဲ့ (VCC) အောက်၌ သစ်တောအသုံးပြုသူ အုပ်စုပေါင်း (၄၀) ကို တည်ထောင်ခဲ့ပြီး ဒီရေတောဧက (၁၃၁၂) ဧကကို ခုတ်လှဲ၍ ၎င်းတို့နေရာတွင် အများပိုင်သစ်တောဧက ၈၄၇ ဧကကို ကျေးရွာ (၆) ရွာတွင် စိုက်ပျိုးခဲ့ပါသည်။ (၂၁၇ ဧကမှာ ဒီရေတောဖြစ်ပြီး ၆၃၀ ဧကမှာ အမြဲစိမ်းသစ်တော ဖြစ်ပါသည်။) MERN သည် FUG အဖွဲ့တစ်ဖွဲ့စီကို အများပိုင်သစ်တော စီမံချက်တစ်ခုစီ ထူထောင်ရန် အမေရိကန်ဒေါ်လာ ၆၆ မှ ၇၈ အထိ ထောက်ပံ့ခဲ့ပါသည်။ ကျန်ရှိငွေများကို FUG အဖွဲ့ဝင်များက ဝင်ငွေရလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ သို့သော်လည်း ဤစီမံချက်သည် စီမံချက်လုပ်ငန်း စတင်ကတည်းက ပြဿနာများစွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုပြဿနာများအနက်မှ အရေးကြီးဆုံး ပြဿနာမှာ အလွန်အမင်း ကြီးမားသော ရည်မှန်းချက်ထားရှိသည့် စီမံချက်ပုံစံနှင့် (၆) ဖွဲ့ပေါင်း စုပေါင်းအဖွဲ့အတွင်း အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့် ဖြစ်ပါသည်။ ပထမပြဿနာကို စီမံချက်ပုံစံ ပြန်လည်ရေးဆွဲပြီး ၂၀၁၂ ခုနှစ်တွင် စိတ်ကျေနပ်ဖွယ် ကောင်းအောင် ဖြေရှင်းပြီး ဖြစ်ပါသည်။ မူလပုံစံသည် ဒီရေတော အတွင်းရှိ ကျေးရွာများ၏ အရေးအတွက်ကို ပိုမို တွက်ချက်ခဲ့ပါသည်။ ရည်မှန်းကျေးရွာများအနက်မှ အချို့သော ကျေးရွာများအတွက် သစ်သီးပင်များနှင့် ကျွန်းပင်များ စိုက်ပျိုးခြင်းက ဒီရေတောများ ပြန်လည်ပျိုးထောင်ခြင်းထက် ပိုမို၍ သင့်လျော်နေပါသည်။ ကျေးရွာ (၁၅) ရွာအစား (၄) ရွာကသာလျှင် ဒီရေတောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပြီး ကျန်ရှိသော ကျေးရွာများသည် အများပိုင်သစ်တောလုပ်ငန်းများနှင့် အမြဲစိမ်းသစ်တော သို့မဟုတ် ဒီရေတောမဟုတ်သော သစ်တောနှင့်ဆိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်ကြပါမည်။ ခြုံ၍ကြည့်လျှင် ကမ်းရိုးတန်းဒေသ ဒီရေတောဧရိယာများ ပူးပေါင်းထိန်းသိမ်းမှုအတွက် ရည်မှန်းချက်ကို ဧကပေါင်း (၂၀,၀၀၀) မှ (၄,၅၀၀) ဧက သို့ လျှော့ချခဲ့ပြီး ထိုပမာဏထဲတွင် ဒီရေတောနှင့် ဒီရေတောမဟုတ်သော အများပိုင်သစ်တောများ ပါဝင်ပါသည်။

စုပေါင်းအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်ရေး ပြဿနာမှာမူ ဆက်လက်ဖြစ်ပေါ်ဆဲ ကိစ္စ ဖြစ်ပုံပေါ်ပါသည်။ Project Coordinator သည် အဖွဲ့ဝင်များအချိန်မီ ဆုံးဖြတ်ချက် ချမှတ်နိုင်စေရေး ဆောင်ရွက်ရာတွင် အခက်အခဲများ ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ စုပေါင်းအဖွဲ့အတွင်း ဆွေးနွေးမှုများ ပိုမိုပြုလုပ်ရန် လိုအပ်ပါသည်။ သို့မှသာလျှင် မတူညီသော အဖွဲ့အသီးသီး၏ လုပ်ငန်းလုပ်ဆောင်သည့် စနစ်များကို စီမံချက် တစ်ခုလုံး၏ အကောင်အထည်ဖော်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

## ချေးငွေ ရယူနိုင်မှု

၂၀၁၃ ခုနှစ် အစောပိုင်းတွင် စတင်မည့် "တက်လမ်းစီမံချက်" သည်ကျေးရွာငွေစုငွေချေးအသင်းများ (VSLAs) ပေါ်တွင်အခြေခံသော ကွဲပြားသည့်ချဉ်းကပ်မှု (၂) ခုကိုအသုံးပြုခြင်းဖြင့် စီမံချက်ပုံစံကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် အခွင့်အလမ်းတစ်ခုဖြစ်ပါလိမ့်မည်။[75]

75 ပထမဦးဆုံး VSLA စံပြပုံစံသည် တစ်နှစ်ထက် မနည်းသော ကာလအတွင်း VSLA သို့ ရန်ပုံငွေ ထည့်ဝင်နေခဲ့သည့် VSLA အဖွဲ့ဝင်များအား တစ်ဦးချင်း ငွေကြေးများ ခွင့်ပြု ချထားပေးခြင်း ဖြစ်သည်။ VSLA သည် ယင်းရန်ပုံငွေကို ငွေချေးငှားခြင်းဖြင့် ပြန်လည် အသုံးပြုပြီး အဖွဲ့ဝင် တစ်ဦးချင်းစီသည် ၎င်းတို့ ထည့်ဝင်ထားသည့် ပမာဏပေါ် မူတည်၍ ချေးငွေများ ရယူနိုင်ကြပါသည်။ တစ်နှစ်ပြည့်ပြီးနောက် အဖွဲ့မှ နုတ်ထွက်လိုပါက ၎င်းထည့်ဝင်ထားခဲ့သည့် ငွေပမာဏကို အပြည့်အဝ ပြန်လည် ထုတ်ယူခွင့် ရရှိမည် ဖြစ်သည်။ ဒုတိယ VSLA စံပြပုံစံမှာမူ VSLA အား အဖွဲ့တစ်ဖွဲ့အနေဖြင့် ငွေကြေး ခွင့်ပြုချထားပေးခြင်း ဖြစ်သည်။ ယင်းအစုလိုက် ချထားငွေကို အဖွဲ့၏ စုဆောင်းငွေကို အားဖြည့်ရန် အသုံးပြုပြီး အဖွဲ့ဝင်များ၏ ထည့်ဝင် စုဆောင်းငွေကိုသာ အားထားရသော အဖွဲ့များထက် အနည်းငယ် ပိုမိုများပြားသော ပမာဏကို တစ်ဦးချင်းစီက ချေးယူနိုင်စေသည်။ ထိုသို့ ချေးငွေ ပိုမိုရရှိခြင်းဖြင့် ထုတ်လုပ်မှုပမာဏ မြင့်တက်လာစေပြီး ဆိုင်ရာ ကျေးရွာအတွင်းရှိ အဖွဲ့ဝင်များ၏ စီးပွားရေး ပြန်လည်နလန်ထူမှုကို အားဖြည့်ပေးနိုင်မည် ဖြစ်သည်။ VSLA အဖွဲ့ကို ဖျက်သိမ်းလိုသည့်အခါ ရန်ပုံငွေကို နောက်တစ်ကြိမ် တစ်ပတ်ပြည့်သည်အထိ ဆက်လက် လည်ပတ်စေမည် သို့မဟုတ် အဖွဲ့မှ ထွက်ခွာကြမည့် အဖွဲ့ဝင်များအကြား ၎င်းတို့ ဝင်ငွေအလိုက် အချိုးကျ ခွဲဝေပေးမည် ဆိုသည်ကို VSLA က ဆုံးဖြတ်မည် ဖြစ်သည်။ ယင်းစံပြပုံစံ နှစ်ခုလုံးတွင် ပြင်ပ ငွေကြေးအရင်းအနှီး ထည့်သွင်းခြင်းမှအပ VSLA ၏ စံပြုအလေ့အထများကို လိုက်နာကြရသည်။ စမ်းသပ်ကာလတွင် မိတ်ဖက်အဖွဲ့က အဖွဲ့၏ တိုးတက်မှုကို စောင့်ကြည့် အကဲခတ်ပြီး စံပြပုံစံ နှစ်ခုစလုံးမှ ရရှိသည့် သင်ခန်းစာများကို အစီရင်ခံမည် ဖြစ်သည်။ ရရှိသော သင်ခန်းစာများကို နောင်လာမည့် စီမံကိန်း နှစ်များတွင် လုပ်ငန်းစဉ်များအား ပိုမို ကောင်းမွန်အောင် ပြင်ဆင်ရန် အသုံးပြုသွားမည် ဖြစ်သည်။

ဤစီမံချက်သည် မိမိဘာသာ စီမံခန့်ခွဲ၊ မိမိဘာသာ ရန်ပုံငွေစိုက်ထုရသည့် မိမိဘာသာ ရွေးချယ်ထားသော အုပ်စုများဖြစ်သည့် ကျေးရွာ ငွေစုငွေချေး အသင်းများ (VSLAs) ၏ နိုင်ငံတကာတွင် စမ်းသပ်ပြီးဖြစ်သည့် ပုံစံနှင့် အနီးစပ်ဆုံး တူညီသော ငွေစုငွေချေးလုပ်ငန်းများကို ပံ့ပိုးပေးပါမည်။ ကျေးရွာ ငွေစုငွေချေးအသင်းများ (VSLAs) သည် အလှမ်းဝေးကွာသော ကျေးလက် လူမှုအဖွဲ့အစည်းများနှင့် တူညီသော လူမှုစီးပွားလက္ခဏာများရှိသည့် လူမှုအဖွဲ့အစည်းအတွက် ဆီလျော်ပြီး "တက်လမ်းစီမံချက်" ဇရိယာအတွင်းရှိ လူမှု အဖွဲ့အစည်းများနှင့် ဤအချက်မှာ ကိုက်ညီသည်။ ပြည်ပမှ အတွေ့အကြုံများနှင့် မိတ်ဖက်များ၏ မြန်မာနိုင်ငံအတွင်း ယခင်လုပ်ငန်းများ[76] က ကျေးရွာငွေစုငွေချေးအဖွဲ့များ (VSLAs) အနေနှင့် မှန်ကန်သော အခြေအနေမျိုးတွင် (၁) နှစ်အတွင်း အုပ်စု၏ ရန်ပုံငွေများကို လွတ်လပ်စွာ စီမံခန့်ခွဲနိုင်အောင် ရင့်ကျက်လာနိုင်ပြီး ၎င်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းကို နှစ်ပေါင်းများစွာ ဆက်လက်လုပ်ကိုင်နိုင်ပြီး အရေအတွက် တိုးပွားလာနိုင်သည်ဟု ပြသပါသည်။

## "တက်လမ်း" အစီအစဉ်သစ်၏ ပုံစံ

၂၀၁၂ ခုနှစ်တွင် ကမ်းရိုးတန်းဒေသအတွက် LIFT ၏ အဓိက အာရုံစူးစိုက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ဆိုင်ကလုန်း ဂီရီ ဒဏ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၄) ခုအတွက် ထောက်ပံ့ရေးဆိုင်ရာ စုပေါင်း စီမံချက်တစ်ခု ရေးဆွဲမှု ဖြစ်ပါသည်။ LIFT သည် စီမံချက်ပုံစံကို ကူညီ ရေးဆွဲရန် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ရင်းနှီးမြှုပ်နှံမှုစင်တာ (Investment Centre) ကို စာချုပ်ချုပ်ဆိုခဲ့ပါသည်။ သီးခြား လေ့လာချက် နှစ်ရပ်ကို ပြုလုပ်ခဲ့ပြီး ဒေသတွင်းရှိ ရေထိန်းနံရံများ၏ အခြေအနေ လေ့လာချက်[77] နှင့် ပုဇွန်လုပ်ငန်း လေ့လာချက်တို့က စီမံချက်ပုံစံကို သတင်းအချက်အလက်များ ပေးခဲ့ပါသည်။

FAO ၏ ရင်းနှီးမြှုပ်နှံမှုစင်တာမှ ဦးဆောင်သော စီမံချက် အသေးစိတ်လုပ်ငန်း ရေးဆွဲရေးအစီအစဉ်ကို ၂၀၁၂ ခုနှစ် မတ်လတွင် ဖော်ဆောင်ခဲ့ပါသည်။ ရလဒ်မှာ "တက်လမ်း"[78] - ရေရှည်တည်တံ့သော စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှုစီမံချက်ဟု ခေါ်ဆိုသည့် စီမံချက်အတွက် ပုံစံဒီဇိုင်းဆိုင်ရာ စာရွက်စာတမ်း ဖြစ်ပါသည်။ ၎င်းတို့အား ပေးအပ်ထားသည့် ကိုးကား လုပ်ထုံးလုပ်နည်း များနှင့်အညီ FAO ၏ ရင်းနှီးမြှုပ်နှံမှုစင်တာမှ ပထမတင်သွင်းသော စီမံချက်သည် ဒေသဆိုင်ရာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပါဝင်သလောက် ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၂ ခုနှစ် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှု ရပ်ဆိုင်းထားခြင်းနှင့် LIFT ၏ အလှူရှင် နိုင်ငံများမှ အစိုးရနှင့် ပိုမိုဆက်ဆံရန် ခိုင်ခိုင်မာမာ ထောက်ခံမှုတို့က မေလတွင် တတိယမြောက်ပုံစံ လုပ်ငန်းအစီအစဉ်ကို မျှော်လင့်ထားသည်ထက် ပိုမိုလျင်မြန်စွာ စတင်စေခဲ့ပြီး အစိုးရနှင့် ပိုမို ပူးပေါင်းဆောင်ရွက်မှုနှင့် အစိုးရကို ထောက်ခံမှုတို့ကိုပါ ဖြစ်စေခဲ့သည်။ နောက်ဆုံး ပုံစံဒီဇိုင်းသည် စီမံချက်၏ အဓိက အရေးကြီးဆုံး လက္ခဏာများထဲမှ တစ်ခုဖြစ်သည့် စုပေါင်း လူထုဖွံ့ဖြိုးမှု ချဉ်းကပ်မှုကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သည်။ စီမံချက် ကိုယ်တိုင်တွင်လည်း သိသာထင်ရှားသော လူထု အခြေခံအဆောက်အဦ ကဏ္ဍတစ်ရပ် ပါဝင်ပြီး ရေထိန်းနံရံများနှင့် ရေသွင်းရေနုတ် တံခါးများ ပြန်လည်ထိန်းသိမ်းရေး၊ ကျေးရွာရေကန်များ ပြန်လည်မွမ်းမံရေး၊ မြေပြင်ပေါ်၌ ရေထိန်းသိမ်းထားနိုင်မည့် အစားထိုး စနစ်များ တည်ဆောက်ရေးတို့ ပါဝင်သည်။ ဤစီမံချက်သည် ဆန်စပါး စိုက်ပျိုးစနစ်တွင် အထွက်နှုန်းနှင့် ပြန်လည် နာလန်ထူနိုင်ရေး တိုးတက်စေရန် လုပ်ဆောင်မည်ဖြစ်ပြီး စပါးမျိုးကွဲများ ထုတ်လုပ်ခြင်းကိုပါ အားပေးသွားမည် ဖြစ်သည်။ ကျေးရွာအဆင့် ငါးလုပ်ငန်းအဖွဲ့များနှင့် သက်ဆိုင်သည့် ငါးလုပ်ငန်းဆိုင်ရာ ကဏ္ဍတစ်ခု ပါဝင်ပြီး အထက်တွင် ဖော်ပြထားသည့် ကျေးရွာ ငွေစုငွေချေးအသင်းများမှ ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီမှုကို အဓိက ဦးစားပေးသွားမည် ဖြစ်သည်။

"တက်လမ်းစီမံချက်" ကို အကောင်အထည်ဖော်ရန် အဆိုပြုလွှာများ တောင်းခံမှုကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ပြီး International Rescue Committee က ဦးဆောင်သော စုပေါင်းအဖွဲ့ကို ရွေးချယ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာ လများတွင် ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီး အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရကာ အသက်မွေးမှုနှင့် ပိုင်ဆိုင်သည့် ပစ္စည်းများပါ ဖျက်ဆီးခြင်း ခံခဲ့ရသည်။ အကျိုးဆက်အဖြစ် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူ (IDP) ထောင်ပေါင်းများစွာသည် ရခိုင်ပြည်နယ်တဝှမ်း ယာယီစခန်းများတွင် နေထိုင်နေကြရသည်။ ရွှေ့ပြောင်း နေရာချထားမှုနှင့် အကြမ်းဖက်မှုများ ထပ်မံ ပေါ်ပေါက်နိုင်ဖွယ် ရှိမှုတို့က LIFT အနေဖြင့် ပဋိပက္ခ အကဲဖြတ်မှုများအတွက် တက်လမ်းစီမံချက်အတွင်း ရန်ပုံငွေ တိုးမြှင့်ခြင်းကို ဖြစ်ပေါ်စေ၍ မိတ်ဖက်အဖွဲ့ဝန်ထမ်းများနှင့် အစိုးရပိုင်းမှ လုပ်ဖော်ကိုင်ဖက်များကို လူသားချင်း စာနာထောက်ထားမှု အခြေခံမှုများကို သင်တန်းပေးခဲ့ပြီး ထိုအထဲတွင် "Do No Harm" ချဉ်းကပ်မှုများ ပါဝင်သည်။ LIFT သည် မိတ်ဖက်များအတွက် လုံခြုံရေးနှင့် လုံခြုံရေး အစီအမံ စနစ်များကို မြှင့်တင်ပေးခဲ့သည်။ အမေရိကန်ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိ ဤစီမံချက်သည် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် စတင်နိုင်ရန် မျှော်မှန်းထားပါသည်။

76 Save the Children ၏ လုပ်ငန်းများကို ရည်ညွှန်းပါသည်။

77 တာဘောင်များယိုယွင်းပျက်စီးမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခြင်းသည် သက်ဆိုင်ရာလူထု၏ ကုန်ထုတ်စွမ်းအားနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် အဆိုးဘက်မှ သက်ရောက်မှုရှိသည်။

78 "တက်လမ်း" ဆိုသည်မှာ ရခိုင်ဘာသာနှင့်ရော မြန်မာဘာသာဖြင့်ပါ ရှေ့သို့သွားရာ လမ်း သို့မဟုတ် ပိုကောင်းသော ဘဝသို့ သွားရာလမ်းဟု အဓိပ္ပါယ်ရသည်။



# ၄။ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသည့် ရလဒ်များ

## ၄.၁။ အရပ်ဘက် အဖွဲ့အစည်းများ အားကောင်းလာရန် ဆောင်ရွက်ခြင်း (ရလဒ် ၅)

LIFT သည် အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs)[79] အားကောင်းလာစေရန် သက်ဆိုင်ရာ ရင်းမြစ်များကို ခွဲဝေပေးပါသည်။ ဤအချက်မှာ LIFT က ထောက်ပံ့ပေးသော စီမံချက် အများစု (၄၇ ရာခိုင်နှုန်း) ကို ဒေသခံအရပ်ဘက် လူ့အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အကောင်အထည်ဖော်မှုကြောင့် ဖြစ်ပြီး[80] လူမှုအသိုင်းအဝန်းမှ လူမှုရေးဆောင်ရွက်သူများနှင့် လူမှုရေး လုပ်ငန်းများက မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးပြီး ထိခိုက်လွယ်သော ပြည်သူတို့၏ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း ဖူလုံရေး တိုးတက်မှုအတွက် အရေးပါသောကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းရေးကို အဓိက အာရုံစိုက်ခြင်း ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသည့် အချက်အလက်များက ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရေးနှင့် ယင်းတို့ ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ပေးနိုင်ရေးအတွက် LIFT မှ ဆောင်ရွက်ခဲ့မှုများကို ပိုမို အသေးစိတ် ရှင်းပြနိုင်ပါလိမ့်မည်။

ရလဒ် (၅) အတွက် LIFT ၏ အညွှန်းများအတွက် စုစုပေါင်းအောင်မြင်မှုများကို အခန်း ၂.၄ တွင် အစီရင်ခံခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် မတ်လတွင် Fund Board သည် (က) အရပ်ဘက် လူ့အဖွဲ့အစည်းများ အားကောင်းလာစေရေးနှင့် သက်ဆိုင်သည့် LIFT ၏ မဟာဗျူဟာ ရည်မှန်းချက်အဆိုကို မြှင့်တင်ပေးခဲ့ပြီး[81] (ခ) မဟာဗျူဟာရည်မှန်းချက်ကို ထင်ဟပ်စေရန် Log Frame မှ အကျိုးရလဒ် (၅) ၏ ဖော်ပြချက်ကို ပြန်လည် ရေးဆွဲခဲ့ကာ (ဂ) LIFT ၏ အရပ်ဘက် လူ့အဖွဲ့အစည်းများ အားကောင်းစေရန် လုပ်ဆောင်သည့် လုပ်ငန်းများကို မြှင့်တင်နိုင်ရေးအတွက် LIFT ၏စဉ်ဆက်မပြတ် စီစစ်အကဲဖြတ်သောစနစ်များကို အသစ်ချမှတ်သော မဟာဗျူဟာ ရည်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်အောင် စိစစ်ပြင်ဆင်ခြင်း၊ LIFT ၏ မိတ်ဖက်များက အရပ်ဘက် အဖွဲ့အစည်းများအား ပံ့ပိုးပေးနေမှုကို သုတေသနပြုခြင်းနှင့် လူထု (နှင့် ဒေသခံ အဖွဲ့အစည်းများ) ထံမှ ဝေဖန် အကြံပြုမှုများ ရယူနိုင်မည့် နည်းလမ်း စနစ်များကို တည်ထောင်ခြင်းစသည့် လုပ်ငန်းအစီအစဉ်အသစ် (၃) ခုကို ဆက်လက်ဖော်ဆောင်ရန် Fund Manager ကို တောင်းဆိုခဲ့သည်။

## အရပ်ဘက် အဖွဲ့အစည်းများ အားကောင်းလာမှုကို တိုင်းတာနိုင်ရန် LIFT ၏စနစ်ကို ပြင်ဆင်ခြင်း

ပထမဦးဆုံး စိန်ခေါ်မှုများမှာ LIFT သည် အရပ်ဘက် အဖွဲ့အစည်းများ အားကောင်းလာစေရေးအတွက် ငွေကြေး မည်မျှ သုံးစွဲနေခဲ့သည်ကို ဆုံးဖြတ်ရန် ဖြစ်သည်။ LIFT ၏ မိတ်ဖက်များသည် LIFT ၏ အကျိုးရလဒ်များအလိုက် ၎င်းတို့၏ ဘတ်ဂျက်များကို စာရင်းခွဲ ပြုစုသည့် နည်းလမ်းများမှာ ကွဲပြားမှုများ ရှိသောကြောင့် ဤလုပ်ငန်းမှာ ခက်ခဲခဲ့ပါသည်။ ဥပမာအားဖြင့် မိတ်ဖက်အဖွဲ့တစ်ခုက ကျေးရွာ ဆန်စပါး ဘဏ် အဖွဲ့အတွက် သင်တန်းပေးမှုကို အရပ်ဘက်လူ့အဖွဲ့အစည်း အားကောင်းစေရန် ဆောင်ရွက်မှု လုပ်ငန်းတစ်ခု (အကျိုးရလဒ်၅)အဖြစ် ယူဆကောင်းယူဆမည်ဖြစ်ပြီး အခြားမိတ်ဖက်အဖွဲ့တစ်ခုကမူ ဤတူညီသောအသုံးစရိတ်ကိုပင် စိုက်ပျိုးရေးနှင့် ဆက်နွယ်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းဆောင်ရွက်ချက် (အကျိုးရလဒ် ၁) သို့မဟုတ် လူမှုစောင့်ရှောက်ရေး လုပ်ငန်း တစ်ခု (အကျိုးရလဒ် ၄) အဖြစ် ယူဆကောင်း ယူဆနိုင်ပါသည်။ ဤနည်းစနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ကျော်လွှားရန်အတွက် ၂၀၁၂ ခုနှစ်တွင် Fund Manager သည် အကျိုးရလဒ် ဖွင့်ဆိုမှု အသစ်များကို အသုံးပြုလျှက် မိတ်ဖက်အဖွဲ့များ အားလုံး၏ ဘတ်ဂျက်များကို အကဲဖြတ် စိစစ်ချက်တစ်ခု ပြုလုပ်ရန် မိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

အသုံးစရိတ်သည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် အရပ်ဘက်လူ့အဖွဲ့အစည်း အားကောင်းစေရေးနှင့်

79 CSO ဆိုသည်မှာ NGO များ၊ သမဂ္ဂများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ ဒေသခံလူထု၏ အသင်းအဖွဲ့များ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် စိတ်ဝင်စားမှု တစ်စုံတစ်ရာကို အခြေပြုသည့် အစိုးရမဟုတ်သည့် လူထု အသင်းအဖွဲ့များ အားလုံးကို ဆိုလိုသည်။ အကျိုးအမြတ် ရရှိရန် အဓိကဦးတည်သည့် ကုမ္ပဏီများ မပါဝင်ပါ။

80 ၂၀၁၂ ခုနှစ် အကုန်တွင် LIFT မှ ရန်ပုံငွေ ချထားပေးမှုပေါင်း၏ ၂၃% ကို ဒေသခံ NGO များသို့ ချထားပေးခဲ့ပြီး ရန်ပုံငွေ ချထားပေးမှု အားလုံး၏ အခြား ၂၄% ကို ဒေသခံ NGO များမှတဆင့် အဓိက အကောင်အထည်ဖော်ခဲ့သည်။

81 ယခင်ဖော်ပြချက်တွင် စီမံကိန်းနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးရေးကိုသာ အာရုံစိုက်ခဲ့ပြီး ပိုမိုကျယ်ပြန့်သော လူမှုပတ်ဝန်းကျင် ပြောင်းလဲမှုအတွက် လူမှုအဖွဲ့အစည်း၏ အခန်းကဏ္ဍကိုမူ ထည့်သွင်းဖော်ပြခြင်း မရှိပေ။ မဟာဗျူဟာ ရည်မှန်းချက် ဖော်ပြချက်အသစ်တွင် (LIFT Strategy ကိုရှုပါ)- "လူမှုအဖွဲ့အစည်းကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းသည် LIFT မဟာဗျူဟာ၏ မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ လူမှုစွမ်းဆောင်သူများနှင့် လူမှုရေး ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွင်း ဆင်းရဲပြီး ထိခိုက်လွယ်သော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှုကို မြှင့်တင်ပေးရန် အဓိကအချက် ဖြစ်သည်။ LIFT သည် အသင်းအဖွဲ့၊ အဖွဲ့အစည်း အဆင့် အသီးသီးနှင့် တွဲဖက် လုပ်ကိုင်နေပြီး ၎င်းတို့အား နည်းပညာ၊ အဖွဲ့အစည်းနှင့် ကွန်ယက်ချိတ်ဆက်ခြင်းဆိုင်ရာ စွမ်းရည်နှင့် ယင်းတို့အား အသုံးပြုနိုင်ရေး အထောက်အပံ့များ ပေးနေသည်။ LIFT သည် နည်းပညာ ကျွမ်းကျင်သည့် စီမံကိန်း မိတ်ဖက်များ၊ အဖွဲ့အစည်းနှင့် ကွန်ယက်ချိတ်ဆက်မှုဆိုင်ရာ ရင်းမြစ်ပုဂ္ဂိုလ်များနှင့် စုစည်း စည်းရုံးမှု/ သင်ယူမှုရင်းမြစ်များ ရရှိရန် သေချာစေမည်" ဟု ဖော်ပြပါရှိသည်။

သက်ဆိုင်သည်ဟု မှတ်ယူသည်။ (က) ယင်းအသုံးစရိတ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အိမ်ထောင်စုများကို မဟုတ်ဘဲ လူမှု အုပ်စုများ၊ အဖွဲ့အစည်းများ၊ ကွန်ရက်များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းအတွက် အကျိုးကျေးဇူးပြုသည်။[82] (ခ) (အကျိုးရလဒ် ၁၊ ၂၊ ၃၊ ၄ နှင့် သက်ဆိုင်သည်) စီမံချက်ရလဒ်များကို ရရှိရန်အတွက်သာ ရည်ရွယ်သည့် စွမ်းရည်ဆိုင်ရာ သွင်းအားစုများကို မဟုတ်ဘဲ စီမံချက်ထက် ကျော်လွန်၍ အသုံးပြုနိုင်မည့် စွမ်းရည်ကို တည်ဆောက်ပေးခဲ့သည်။[83] အရပ်ဘက် လူ့အဖွဲ့အစည်းများ မူဝါဒရေးရာ အကူအညီပေးမှု အကျိုးရလဒ် (၅) တွင် ထည့်သွင်းထားသည်။ ဤထဲတွင် လူထုအဖွဲ့များနှင့် အစိုးရအရာရှိများအကြား ဆက်ဆံရေးကို တည်ဆောက်ခြင်းအတွက် အကူအညီပေးမှု၊ စီမံချက်ပြင်ပမှ ပြည်သူများအတွက် သုတေသနတို့ ပါဝင်သည်။ ဤဖွင့်ဆိုချက်များကို အသုံးပြုလျှက် Fund Manager သည် LIFT က ရန်ပုံငွေ ပံ့ပိုးသော စီမံချက်များ၏ စုစုပေါင်း ၁၀ ရာခိုင်နှုန်းသည် အရပ်ဘက် လူ့အဖွဲ့အစည်းများ အားကောင်းစေရန် လုပ်ဆောင်သည့် လုပ်ငန်းများအတွက် ခွဲဝေချထားသည်ဟု ခန့်မှန်းပါသည်။

**ဇယား (၁၉) အရပ်ဘက်အဖွဲ့အစည်းများက အကောင်အထည်ဖော်ခဲ့သော LIFT မှ ထောက်ပံ့သည့် စီမံကိန်းများ**

| | ဆောင်ရွက်ဆဲ စီမံကိန်းများ | ပြီးဆုံးပြီး | စုစုပေါင်း | % |
|---|---|---|---|---|
| ပြည်တွင်း NGO များအား တိုက်ရိုက် လွှဲအပ်သော စီမံကိန်းများ | ၁၀ | ၅ | ၁၅ | ၂၃% |
| နိုင်ငံတကာ NGO များအား လွှဲအပ်သော စီမံကိန်းများ | ၂၃ | ၁၄ | ၃၇ | ၅၆% |
| ပြည်တွင်း NGO များက အဓိက အကောင်အထည်ဖော်ခြင်း | ၁၁ | ၅ | ၁၆ | ၂၄% |
| ပြည်တွင်း NGO များ အကန့်အသတ်ဖြင့်သာ ပါဝင်ခြင်း | ၁၂ | ၉ | ၂၁ | ၃၂% |

# ဒေသခံမိတ်ဆက်အဖွဲ့များနှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြင့်တင်မှု ရလဒ်များအား တိုင်းတာခြင်း

၂၀၁၂ ခုနှစ်အဆုံးထိ LIFT ၏ မိတ်ဖက်အဖွဲ့များသည် ဒေသဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့များနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှ သင်တန်းသားပေါင်း (၁၁၃,၀၀၀) ကျော်ကို သင်တန်း ပို့ချပေးခဲ့သည်။ ထိုအနက်မှ ၄၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပြီး ၄ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများ ဖြစ်ကြသည်။ တက်ရောက်သူ သင်တန်းသားများ၏ လေးပုံ သုံးပုံမှာ လူထုအခြေပြု အဖွဲ့များမှ ဖြစ်ကြပြီး ကျန် ၂၅ ရာခိုင်နှုန်းမှာ မိတ်ဖက်အဖွဲ့များ၏ ဝန်ထမ်းများ၊ အဖွဲ့ခွဲများ၏ ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ ဖြစ်သည်။ လူထုအခြေပြု အဖွဲ့များအတွက် သင်တန်းများတွင် စီးပွားရေး ဖွံ့ဖြိုးမှု (စာရင်းကိုင်၊ အထွေထွေ စီးပွားရေးဆိုင်ရာ စွမ်းရည်များ)၊ ငွေကြေးနှင့် လုပ်အား လဲလှယ်သည့် (CFW) လုပ်ငန်းများ စီမံခန့်ခွဲမှု၊ မူဝါဒရေးရာ အကြံဉာဏ်ပေးခြင်း၊ လူမှု ပြောင်းရွှေ့ခြင်းနှင့် စပါး/ မျိုးစေ့ဘဏ် စီမံခန့်ခွဲမှုတို့နှင့် သက်ဆိုင်သည့် သင်တန်းများ သာမက လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး ခရီးစဉ်များပါ ပါဝင်ပါသည်။ မိတ်ဘက်အဖွဲ့များ၏ ဝန်ထမ်းများအတွက် အများဆုံးပို့ချသော သင်တန်းများမှာ စီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှု၊ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်မှု၊ ကျား/မရေးရာ စုပေါင်းဆောင်ရွက်မှု အစီအစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် ခေါင်းဆောင်မှုတို့ ဖြစ်ပါသည်။

LIFT သည် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများနှင့် လယ်ယာစိုက်ပျိုးရေး နည်းစနစ်များနှင့် သက်ဆိုင်သည့် သင်တန်းများကို မည်သည့် အတိုင်းအတာအထိ အသုံးပြုခဲ့သည်ကို သိရှိရန် ပြုလုပ်သည့် အကန့်အသတ်ရှိသော စီစစ်လေ့လာချက် တစ်ရပ်ကို ပြုလုပ်နိုင်ခဲ့ပါသည်။ (ပိုမိုကောင်းမွန်သော လယ်ယာစိုက်ပျိုးရေး နည်းစနစ်များကို အသုံးပြုနေသည့် လယ်သမားများ၏ အရေအတွက်နှင့် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်နေသည့် သင်တန်းသားများ၏ အချိုးအစားတို့နှင့် ပတ်သက်သည့် တင်ပြချက်များကို အခန်း ၂.၄ တွင် ကြည့်ပါ။) သို့သော်လည်း အုပ်စုများ၊ အဖွဲ့အစည်းများ၏ မည်သည့်စွမ်းရည်ကို ပျိုးထောင်ပေးနိုင်ခဲ့သည်ကို တိုင်းတာခြင်းက ပိုမို ခက်ခဲသည်ကို သက်သေပြ နေပါသည်။[84]

ယခုအချိန်၌ လူထုအခြေပြု အဖွဲ့များသည် ၎င်းတို့၏ သင်ယူမှုများကို မည်မျှ အတိုင်းအတာအထိ အသုံးချပြီးပြီ သို့မဟုတ် ၎င်းတို့၏ စွမ်းရည် မည်သည့် အတိုင်းအတာအထိ တိုးတက်လာသည်ကို ဖော်ပြရန် မဖြစ်နိုင်သေးသော်လည်း ၂၀၁၂ ခုနှစ်တွင် ပြုလုပ်ခဲ့သော LIFT ၏ ဒေသခံ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဆွေးနွေးမှု၏ အစိတ်အပိုင်းအဖြစ် အကျိုးသက်ရောက်မှု ဆိုင်ရာ ဖော်ပြချက်အချို့ကို စုစည်းခဲ့ပါသည်။ LIFT ၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ဒေသခံ မိတ်ဖက်အဖွဲ့များထံမှ သုံးသပ်ချက်များနှင့် အကြံဉာဏ်များကို တစ်ဖက်တွင် ဖော်ပြထားသော အကွက်တွင် တွေ့ရှိနိုင်ပါသည်။

82 အခြား ရလဒ်များအောက်တွင် ထည့်သွင်းထားသည့် လူပုဂ္ဂိုလ် သို့မဟုတ် အိမ်ထောင်စုများအား ရည်ရွယ်သော သင်တန်းနှင့် အခြား စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ချက်များ၏ အသုံးစရိတ်

83 သီအိုရီအားဖြင့် တူညီသော လုပ်ဆောင်မှု တစ်ခုသည် မိတ်ဖက် အဖွဲ့တစ်ခုအတွက် ရလဒ် (၅) အောက်တွင် ရှိပြီး အခြားတစ်ခုအတွက် ရလဒ် (၁) အောက်တွင် ရှိနိုင်ပါသည်။ အဓိကအချက်မှာ ရည်ရွယ်ချက်သာဖြစ်ပြီး စီမံကိန်း စာရွက်စာတမ်းများနှင့် စီမံကိန်းမတိုင်မီ ဆက်သွယ်ဆက်ဆံမှုများတွင် သက်သေ သာဓကအဖြစ် ရှိနေရန်သာ လိုအပ်ပါသည်။

84 အခန်း ၂.၄ တွင် ဖော်ပြပြီးသည့်အတိုင်း Fund Manager အနေဖြင့် "အသိသာ အထင်ရှားဆုံး အပြောင်းအလဲ" ဇာတ်လမ်း ဖြစ်စဉ်ကို ပြည်တွင်း NGO များက တွေ့မြင် သိရှိခဲ့သော စွမ်းရည်ဆောင်ရာ ပြောင်းလဲမှုကို တိုင်းတာရန် ကြိုးပမ်းသည့် အနေဖြင့် ၂၀၁၃ ခုနှစ်တွင် စတင် စမ်းသပ် ဆောင်ရွက်မည် ဖြစ်သည်။ ယင်းစမ်းသပ် ဆောင်ရွက်မှုက ကိရိယာများ မည်သို့ အသုံးဝင်သည် ဆိုသည်နှင့် မည်သို့သော အပြောင်းအလဲကို ဖြစ်ပေါ်စေသည် ဆိုသည်ကို ဖော်ထုတ်ပေးမည် ဖြစ်သည်။ ယင်းစမ်းသပ် ဆောင်ရွက်မှုမှတဆင့် Fund Manager အနေဖြင့် ဤနည်းစနစ်သည် LIFT ၏ မိတ်ဖက်အဖွဲ့များနှင့် ၎င်းတို့၏ ဒေသခံ မိတ်ဖက်များအကြား ဆက်ဆံရေးအတွက် အပြုသဘော ပြောင်းလဲမှု ဖြစ်ပေါ်ရောင် ထောက်ကူ ပေးနိုင်ခြင်း ရှိမရှိ လေ့လာနိုင်မည် ဖြစ်သည်။

LIFT စီမံကိန်းများက ၎င်းတို့၏ စွမ်းဆောင်ရည်ကို မည်သို့ မြင့်မားလာစေသည်ကို ဒေသခံမိတ်ဖက်များ၏ ပြန်လည်သုံးသပ်မှု

- "LIFT စီမံကိန်းကြောင့် ကျေးရွာသူ ကျေးရွာသားများ မိမိကိုယ်ကို ယုံကြည်မှု ပိုလာကြပြီး လူအများရှေ့မှာ ပြောရဲဆိုရဲ ရှိလာကြတာကို တွေ့ရပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေကို တောင်းဆိုနိုင်လာကြတဲ့ အနေအထား ကိုတော့ မရောက်သေးပါဘူး။"
- "အဖွဲ့အစည်းအနေနဲ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် စီမံကိန်း နေရာချထားမှုတို့နှင့် ပတ်သက်၍ များစွာ လေ့လာခွင့် ရခဲ့ပါတယ်။"
- "LIFT ကြောင့် အောက်ပါအချက်တွေကို ရရှိ ပိုင်ဆိုင်ခဲ့ပါတယ်။
    - စနစ်ကျသော အဖွဲ့ ဖွဲ့စည်းပုံ
    - အကြံပေးကော်မတီအား ပြန်လည် ဖွဲ့စည်းခြင်း
    - ရှင်းလင်းသော ဘဏ္ဍာရေး လုပ်ငန်းစဉ်များ
    - စာရင်းစစ်ဆေးခံခြင်း တစ်ခု ပြီးစီးခဲ့ပြီး ပထမဆုံး စာရင်းစစ် အစီရင်ခံစာတစ်ခု ရရှိခြင်း
    - တိုင်းဒေသကြီးအဆင့် မှတ်ပုံတင်ထားနိုင်သော အဖွဲ့ဖြစ်လာခြင်း"
- "LIFT အလှူရှင်များနှင့် ယင်းတို့၏ မူဝါဒများကြောင့် စီမံကိန်းဝန်ထမ်းများ အနေဖြင့် အကျိုးရလဒ် ရရှိခံစားသူများနှင့် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါသည်။"
- "LIFT ရဲ့ ရန်ပုံငွေ ပံ့ပိုးပေးမှုကြောင့် အရေးကြီးတဲ့ သုတေသန စီမံကိန်းအချို့ကို ပြီးစီးအောင် ဆောက်ရွက်နိုင်ခဲ့ပါတယ်။"
- "LIFT ထံမှ စွမ်းရည်မြှင့်တင်ရေး ဘတ်ဂျက် ရရှိခဲ့မှုကြောင့် OCI (Organization Capacity Index) ဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ခဲ့ပြီး အောက်ပါ လုပ်ထုံးလက်စွဲများကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်ခဲ့ပါတယ်။
    - လူ့စွမ်းအား အရင်းအမြစ်
    - ဘဏ္ဍာရေး လုပ်ထုံးလက်စွဲ
    - အဖွဲ့၏ ငါးနှစ်တာ မဟာဗျူဟာ အစီအစဉ်
    - စီမံခန့်ခွဲမှု မှတ်တမ်းများ"
- "အဖွဲ့အနေဖြင့် ပိုမိုကြီးမားလာပြီး တရားဝင် အဖွဲ့အစည်း ဖြစ်လာကာ အချို့သော စံနှုန်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အထူးသဖြင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ (အဖွဲ့၏ စွမ်းဆောင်နိုင်မှု ညွှန်းကိန်းကို အခြေခံ၍ ပြန်လည် သုံးသပ် အတည်ပြု) ချမှတ်နိုင်ခဲ့ပါသည်။"

(ဤ ကိုးကားစကားများသည် ၂၀၁၂ ခုနှစ် နှောင်းပိုင်းတွင် Fund Manager မှ CSO ၁၆ ခုနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများမှ ဖြစ်ပါသည်။)

စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးမှု ခရီးစဉ်များအတွင်း Fund Manager ထံသို့ တင်ပြလာသည့် မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာ များနှင့် သုံးသပ်ချက်များမှ အရေးကြီးသော ကိစ္စများလည်း အများအပြား ပေါ်ပေါက်ခဲ့ပါသည်။ ပထမဦးစွာ အချို့သော အဖွဲ့အစည်းများတွင် LIFT က ထောက်ပံ့ပေးသော လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများသာ (LIFT ၏ ရင်းမြစ်များကို အသုံးပြုလျက်) သင်တန်းပို့ချခြင်း ခံရပါသည်။ ဝန်ထမ်းအချို့၏ စွမ်းရည်တွင် ရင်းနှီးမြှုပ်နှံရုံမျှဖြင့် ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အတွင်း အဖွဲ့တစ်ခုလုံး အနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ စွမ်းရည်ကို မြှင့်တင်နိုင်လိမ့်မည် ဆိုသည်မှာ မဖြစ်နိုင်ဟု Fund Manager က ယုံကြည်ပါသည်။ ဒုတိယအချက်မှာ သင်တန်းများ၏ အဓိကသင်ရိုးများမှာ LIFT ၏ လိုအပ်ချက်များ (ဘဏ္ဍာရေး စနစ်၊ အစီရင်ခံ တင်ပြမှု၊ စဉ်ဆက်မပြတ် အကဲဖြတ်မှုနှင့် အစီရင်ခံစာ တင်သွင်းမှု ပုံစံများ) ပေါ်တွင်သာ တိုက်ရိုက် အလေးထား သင်ကြားပါသည်။ ဒေသခံ NGO များက ဤလိုအပ်ချက်များနှင့် ၎င်းတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဖွံ့ဖြိုးမှု လိုအပ်ချက်များအကြား ထပ်တူကျမှုအချို့ ရှိသည်ကို အသိအမှတ် ပြုသော်လည်း ဤသည်မှာ အကန့်အသတ် ရှိပါသည်။ နောက်ဆုံးအနေဖြင့် အဖွဲ့အစည်း အများအပြားက ကျွမ်းကျင်သော သင်တန်းဆရာများ ရှားပါးပြီး ၎င်းတို့၏ သင်တန်းအချို့မှာ ညံ့ဖျင်းစွာ ပို့ချခဲ့ကြသည်ဟု အစီရင်ခံပါသည်။ LIFT သည် ၂၀၁၃ ခုနှစ်တွင် LIFT ၏ မိတ်ဖက်များ၏ စွမ်းရည်ပျိုးထောင်မှု လုပ်ငန်းများ၏ ထိရောက်မှုကို လေ့လာချက်တစ်ရပ် ပြုလုပ်သွားပါမည်။

## လူထုအခြေပြု အဖွဲ့အစည်း (CBO) များကို ထောက်ပံ့ပေးခြင်း

လူထုအခြေပြု အဖွဲ့အစည်းများ တည်ထောင်ခြင်းသည် LIFT ၏ မိတ်ဘက်အဖွဲ့များ ကြား၌သာမကဘဲ မြန်မာနိုင်ငံရှိ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု အဖွဲ့များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ အကြားတွင်ပါ မြင်တွေ့နေကျ လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ LIFT ၏ အရည်အသွေးဆိုင်ရာ လူမှုစီးပွား စဉ်ဆက်မပြတ် လေ့လာရေး စီမံချက်က ၎င်း၏ သုတေသနထဲတွင် ပါဝင်သော ကျေးရွာ (၄၀) အနက်မှ အကူအညီပေးသော စီမံချက်များ (aid projects) (LIFT က ရန်ပုံငွေထောက်ပံ့သော စီမံချက်များ အပါအဝင်) သည် အကူအညီများကို စီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များမှတစ်ဆင့် အဓိက ပံ့ပိုးပေးခဲ့သည်ကို တွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များ (VDC) သည် ကျေးရွာအတွင်း သက်ဆိုင်ရာ ခံစားခွင့်ရှိသူများကို အကူအညီပေးရေးအတွက် အဓိက နည်းလမ်းများ ဖြစ်ခဲ့သည်။ အကူအညီများကို ပေးရာတွင် အစီရင်ခံကြသည့် ကွဲပြားသော အစီအစဉ်

(၂၄၇) ခုအနက်မှ ၇၁ ရာခိုင်နှုန်းသည် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များ (VDC) ကို အသုံးပြုကြပြီး ၄၁ ရာခိုင်နှုန်းသည် ဒေသခံ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို အသုံးပြုကြကာ ၄ ရာခိုင်နှုန်းသည် ကျေးရွာ ရပ်မိရပ်ဖများကို အသုံးပြုကြသည်။ စီမံချက်များ၏ ၉ ရာခိုင်နှုန်းသည်သာ ကျေးရွာအဆင့် ကြားခံများ မပါဘဲ သက်ဆိုင်ရာ ခံစားခွင့်ရှိသူများကို တိုက်ရိုက် အကူအညီပေးနိုင်ခဲ့သည်။

LIFT ၏ QSEM စီမံချက်က လေ့လာခဲ့သော ကျေးရွာများအတွင်း ကျေးရွာအဆင့် အဖွဲ့အစည်းများ၏ မတူကွဲပြားသော ပုံစံများကို အောက်ပါဇယားတွင် စာရင်းပြု ဖော်ပြထားပါသည်။

**ဇယား (၂၀) QSEM စီမံချက်မှ တင်ပြလာသည့် ကျေးရွာအဆင့် အဖွဲ့အစည်းများ**

| စနစ်တကျ ဖွဲ့စည်းထားသော အဖွဲ့များ | စည်းမျဉ်းတကျ မဟုတ်သော အဖွဲ့များ |
|---|---|
| ကျေးရွာ အုပ်ချုပ်ရေး<br>အကူအညီပေးရေး အဖွဲ့များ (တစ်ရွာလျှင် ၂ ဖွဲ့/ ၃ ဖွဲ့ခန့် ရှိတတ်သည်) -<br>• ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ<br>• အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး ကော်မတီများ<br>• ကိုယ့်အားကိုယ်ကိုး အဖွဲ့များ<br>ရည်ရွယ်ချက် တစ်ခုတည်းအတွက် ဖွဲ့စည်းသော အဖွဲ့များ (တစ်ရွာလျှင် ၃ ဖွဲ့မျှသာ ရှိပြီး အဖွဲ့ဝင် အများအပြား ရှိတတ်သည်) -<br>• မိဘဆရာအသင်းများ<br>• ကျောင်းကော်မတီများ<br>• ရေကော်မတီများ<br>• လျှပ်စစ်မီးလင်းရေး ကော်မတီများ<br>• လမ်းထိန်းသိမ်းရေး ကော်မတီများ<br>• ဈေးကွက် ကော်မတီများ<br>• ရေကန် ထိန်းသိမ်းရေး ကော်မတီများ<br>• ဆေးဘက်ဆိုင်ရာ အထောက်အညီ ကော်မတီများ<br>• နာရေးကူညီမှု အသင်းများ<br>• စာကြည့်တိုက် ကော်မတီများ<br>• တောင်စောင်း စိုက်ပျိုးရေး ကော်မတီများ<br>• ကျန်းမာရေး ကော်မတီများ<br>မီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ စသည့် အစိုးရ မတည် ဖွဲ့စည်းသော NGO များ (GONGOs)<br>(အချို့ရွာများတွင်) နိုင်ငံရေးပါတီများ | အစဉ်အလာ အဖွဲ့အစည်းများ<br>• ကျေးရွာ ရပ်မိရပ်ဖ အဖွဲ့များ<br>• လူငယ်အဖွဲ့များ<br><br>ဘာသာရေး အဖွဲ့အစည်းများ<br>• ရပ်မိရပ်ဖများ ပါဝင်လေ့ ရှိသည့် ကျေးရွာ ဘုန်းကြီးကျောင်း/ ဘုရားများအတွက် 'ဂေါပက' အဖွဲ့များ<br>• ဗုဒ္ဓဘာသာ ဝတ်ရွတ်အသင်းများ<br>• ခရစ်ယာန် ဘာသာရေး အသင်းများ |

ကျေးရွာအဆင့်၌ စုပေါင်းဆောင်ရွက်မှုသည် တွေ့မြင်နေကျဖြစ်ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများရှိနေပြီး ဖြစ်သည့် အချက်ကို ထည့်သွင်း စဉ်းစားသောအခါ မိတ်ဖက်အဖွဲ့များ အနေဖြင့် အဖွဲ့အစည်းအသစ်များကို တည်ထောင်ရန်အတွက် လိုအပ်ချက်ကို မည်မျှ အတိုင်းအတာအထိ ခံစားရသည် ဆိုသည်မှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။[85] သို့သော် တည်ရှိနေပြီးဖြစ်သည့် ကျေးရွာအဆင့် စုပေါင်းဆောင်ရွက်မှု ပုံစံအမျိုးမျိုးသို့ လေ့လာဆန်းစစ်ချက်က ဖော်ပြသည်မှာ လုပ်ငန်းဆောင်ရွက်မှု အများစုမှာ ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ အဓိကဖြစ်ပြီး လူမှုအဖွဲ့အစည်း တည်ဆောက်မှုလည်း ပါဝင်၍ တသီးပုဂ္ဂလ အိမ်ထောင်စုများ အတွက် အသက်မွေးမှုဆိုင်ရာ လုပ်ငန်းများပေါ်တွင် အဓိကထားသည် မဟုတ်သည်ကို တွေ့ရပါသည်။ အမှန်တကယ်တွင်မူ QESM သုတေသီများ အနေဖြင့် အကူအညီပေးရေး အစီအစဉ် (Aid Programmers) များရှေ့က တည်ရှိနေသော (သို့မဟုတ်) ကျေးရွာများ အတွင်းမှ ပေါ်ပေါက်လာသော အသက်မွေးမှုဆိုင်ရာ အုပ်စုများကို မတွေ့ရှိခဲ့ပါ။ ဤအချက်က လုပ်ငန်းအဖွဲ့အစည်း များ အတွက် အသက်မွေးမှု လုပ်ငန်းများကို အဓိကထားမည့် အဖွဲ့များကို တည်ထောင်ရန် လိုအပ်မှုရှိကြောင်း ခံစားမှုကို ရှင်းပြပါသည်။ သို့သော်လည်း လက်ရှိရှိနေသော အဖွဲ့များအနေဖြင့် ဤလုပ်ငန်းပုံစံများတွင် မည်မျှ အတိုင်းအတာအထိ အဓိပ္ပါယ်ရှိသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ကို မရှင်းလင်းသေးပါ။

လက်ရှိ လူထုအဖွဲ့များ၏ စွမ်းရည်ကို အားဖြည့်ပေးခြင်းနှင့် ပတ်သက်၍ အာဏာပိုင်များအား တိုက်တွန်း ပြောဆိုရာတွင် ပေါင်းကူးအဖွဲ့က အသုံးပြုခဲ့သော ချဉ်းကပ်မှု ပုံစံက ဖြစ်နိုင်သည့် အနေအထားများကို ဖော်ပြနေသည်။ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေး ဇုန်များအနီးရှိ CBO များကို ပေါင်းကူးက ထောက်ပံ့ပေးနေသည်။ CBO အဖွဲ့များသည် အထူးစီးပွားရေးဇုန် (SEZ) များ၏ အားနည်းချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးရွားသော အကျိုးဆက်များကို မီးမောင်းထိုးပြသည့် မူဝါဒရေးရာ အကြံပေး လှုပ်ရှားမှုများကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သည်။ ဥပမာအားဖြင့် ထားဝယ်ရှိ လူထုအခြေပြု အဖွဲ့တစ်ဖွဲ့သည် ဒေသခံ

85　QSEM အစီရင်ခံစာများ၊ "ကျေးရွာတိုင်းတွင် လူထုသည် ဘုံအကျိုးစီးပွားအတွက် စုပေါင်း ဆောင်ရွက်တတ်ကြသည်။ လူမှုရေးလုပ်ငန်း များစွာတွင် အတူတကွ လက်တွဲ ဆောင်ရွက်လေ့ ရှိကြသည်။"

အာဏာပိုင်များကို ဒေသတွင်းရှိ ရေလှောင်တမံ တစ်ခုနှင့် ကျောက်မီးသွေးအသုံးပြု လျှပ်စစ်ဓာတ်အား စက်ရုံတစ်ခုကို ဆန့်ကျင်ရန် ကူညီနားချနိုင်ခဲ့သည်။ ကျောက်ဖြူရှိ အခြား လူထုအခြေပြု အဖွဲ့တစ်ဖွဲ့သည် ကျောင်းသို့သွားရာ လမ်းတစ်လမ်းကို ပျက်စီးစေခဲ့သည့် တရုတ်ကုမ္ပဏီတစ်ခုအား လမ်းကို ပြန်လည်ပြင်ဆင်ပေးရန် ဆောင်ရွက်နိုင်ခဲ့သည်။ ပေါင်းကူး၏ ချဉ်းကပ်မှု ပုံစံက ထင်ရှားသော ခေါင်းဆောင်များ (သံဃာများနှင့် တရားဟောဆရာများ ဖြစ်တတ်သည်။) ၏ စွမ်းအားကို ဤလုပ်ငန်းများ အောင်မြင်မှု၏ အဓိက သော့ချက်အဖြစ် ဖော်ပြသည်။ LIFT ၏ ကွင်းဆင်းစစ်ဆေးမှုက အချို့သော မိတ်ဖက်အဖွဲ့များသည် လက်ရှိ တည်ရှိနေသော ဖွဲ့စည်းပုံဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် ထည့်သွင်း စဉ်းစားမှု လုံလုံလောက်လောက် မရှိဘဲ လူထုအခြေပြု အဖွဲ့အသစ်များကို တည်ထောင် ခဲ့ကြသည်ဟု တွေ့ရှိရသည်။ အချို့သော အခြေအနေများတွင် ကျေးရွာရှိ လက်ရှိ လူထုအခြေပြု အဖွဲ့များမှာ အခြားသော NGO များက စတင်ထူထောင်ခဲ့သော အဖွဲ့များ ဖြစ်ကြသည်။ ဤအချက်ကြောင့် အချို့သော ကျေးရွာများတွင် သီးခြား NGO အဖွဲ့များနှင့် လုပ်ကိုင်နေကြသော လူထုအခြေပြု အဖွဲ့ (၃) ခု သို့မဟုတ် ထိုထက်ပို၍ ရှိကြသည်။ ကျေးရွာသားများမှာ ဤလူထုအခြေပြု အဖွဲ့တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တစ်ချိန်တည်းတွင် ပါဝင်ဆောင်ရွက်နေကြသည်။ လက်ရှိ တည်ရှိနေသော လူထုအဖွဲ့များ၏ စွမ်းရည်ကို တည်ဆောက်ပေးခြင်းသည် တတ်နိုင်သလောက် အဓိကဦးစားပေး ဖြစ်သင့်ပါသည်။

QSEM စီမံချက်က မတူညီသော ကူညီထောက်ပံ့ရေး စီမံချက်များမှ ပျိုးထောင်ပေးသည့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ (VDC) များကို တစ်ခါတစ်ရံတွင် တူညီသော ကျေးရွာများ၌ ရှိနေကြောင်း တွေ့ရသည်။ ချင်းပြည်နယ်တွင် ကျေးရွာတစ်ရွာစီ၌ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ (VDC) (၃) ဖွဲ့မှ (၅) ဖွဲ့အထိ ရှိနေကြသည်။ သို့သော် ဤအချက်ကို ပြဿနာတစ်ရပ်အဖြစ် ကျေးရွာသားများက မပြောဆိုကြပါ။ ရှမ်းပြည်နယ်နှင့် မန္တလေးတို့တွင် ကျေးရွာတစ်ရွာစီ၌ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ (VDC) (၁) ဖွဲ့ သို့မဟုတ် (၂) ဖွဲ့ထိ ရှိကြသည်။ ဧရာဝတီတိုင်းတွင် ကျေးရွာတစ်ရွာစီ၌ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ (VDC) (၃) ဖွဲ့မှ (၅) ဖွဲ့အထိ ရှိကြပြီး ဤအချက်ကို ကျေးရွာအတွင်း တင်းမာမှုများ ဖြစ်စေနိုင်သည့် ပြဿနာတစ်ရပ်အဖြစ် ရွာသူ/ရွာသားများက မပြောဆိုကြပါ။

## စွမ်းဆောင်နိုင်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရေး ထောက်ပံ့ပေးခြင်း

LIFT က ပံ့ပိုးပေးသော Gender Equity Network (GEN) သည် အမျိုးသမီးများ၏ အသက်မွေးမှုကို ပိုမိုကောင်းမွန်စေပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးသည့် တတ်စွမ်းနိုင်စေသော စနစ်များ၊ အဖွဲ့အစည်းများနှင့် အလေ့အကျင့်များကို တည်ထောင်ပေးရာတွင် ကူညီ ဆောင်ရွက်နေပါသည်။ LIFT က ပံ့ပိုးပေးသော မိတ်ဖက်များ အများအပြားသည် ဤအဖွဲ့၏ တက်ကြွသော အဖွဲ့ဝင်များ ဖြစ်ကြသော်လည်း (ဥပမာ - Action Aid, Oxfam, Care အဖွဲ့များ) GEN အနေဖြင့် ၎င်းတို့၏စွမ်းရည်ကို မတည်ဆောက်ပေးခဲ့ပါ။ GEN အဖွဲ့သည် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအား "အမျိုးသမီးများ တိုးတက်မှုအတွက် နိုင်ငံတော်ဆိုင်ရာ မဟာဗျူဟာ အစီအစဉ် ၂၀၁၂ - ၂၀၂၁" ကို ကျင့်သုံးလာရန် ထောက်ပံ့ပေးရာတွင် သြဇာလွှမ်းမိုး နိုင်ခဲ့သည်။ ဤအစီအစဉ်မှာ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့က အတည်ပြုမည့်ပုံ ပေါ်ပါသည်။



## လူထု (နှင့် ဒေသခံအဖွဲ့အစည်းများ) ၏ တုံ့ပြန်သဘောထား ရယူသည့်စနစ်များ

Fund Manager သည် အကျိုးခံစားခွင့် ရှိသူများအတွက် တာဝန်ခံမှု မူဘောင် မူကြမ်းတစ်ခုကို ၂၀၁၂ ခုနှစ်တွင် ပြုစုခဲ့ပါသည်။ ဤသို့ မူဘောင်အကြမ်းကို ပြုစုရာတွင် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို သုံးသပ်ခဲ့ပြီး လက်ရှိ မြန်မာနိုင်ငံတွင် အသုံးပြုနေသော စနစ်များကို လေ့လာခဲ့ပါသည်။ ထို့အပြင် Fund Manager က အတိုင်ပင်ခံများနှင့်လည်း ဆွေးနွေး တိုင်ပင်ခဲ့ပြီး LIFT ၏ ဒေသခံ မိတ်ဖက်အဖွဲ့များ၏ (၅၀) ရာခိုင်နှုန်းကို တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ မူကြမ်းနှင့်ပတ်သက်၍ လူထုထဲမှ အကြံဉာဏ်ရယူမှုများကို ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ပြုလုပ်သွားမည် ဖြစ်ပါသည်။

ဤမူဘောင်၏ အဓိက ရည်ရွယ်ချက်သည် ဒေသခံ သက်ဆိုင်သူ အားလုံးအတွက် LIFT ၏ တာဝန်ခံမှုကို သေချာစေရန် ဖြစ်ပါသည်။ ဒုတိယ ရည်ရွယ်ချက်မှာ ဒေသခံ မိတ်ဖက်များနှင့် လူထုတို့၏ တာဝန်ခံနိုင်မှု စွမ်းရည်ကို အားကောင်းအောင် ပြုလုပ်ရန် ဖြစ်ပါသည်။ ဤမူဘောင်သည် LIFT ၏ အရပ်ဘက်အဖွဲ့အစည်း အားကောင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ ဤမူဘောင်က အကျိုးခံစားခွင့် ရှိသူများနှင့် ဒေသခံ မိတ်ဖက်များကို ၎င်းတို့၏ မကျေနပ်ချက်များ၊ စိုးရိမ်ကြောင့်ကြမှုများ၊ LIFT ၏ မူဝါဒများနှင့် Fund Manager က ၎င်း၏တာဝန်များအား ဆောင်ရွက်ပုံ နည်းလမ်းများ ပါဝင်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အကြံပြုချက်များကို ဖော်ပြနိုင်ရန် နေရာ ဖန်တီးပေးသည်။ အကြံပြုထားသော မူဘောင်တွင် (က) မတူကွဲပြားသော အယူအဆများနှင့် အကြံဉာဏ်များကို ဖိတ်ခေါ်သည့် လမ်းကြောင်းတစ်ခု၊ (ခ) Fund Manager ထံမှ တာဝန် ပေးအပ်ထားသော အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်၏ ဒေသခံ မိတ်ဖက်များထံမှ လူချင်းတွေ့ဆုံ၍ သုံးသပ် အကြံပြုချက် ရယူမည့် ခရီးစဉ်များ၊ (ဂ) Fund Manager က ဦးဆောင် ကျင်းပသော ဒေသအဆင့် အလွတ်သဘော အစည်းအဝေးများနှင့် (ဃ) မကျေနပ်ချက်များကို တရားဝင် တိုင်ကြားနိုင်မည့် စနစ်တို့ ပါဝင်ပါသည်။

## ၄.၂။ အစီအစဉ်နှင့် မူဝါဒဆိုင်ရာ တိုးတက်မှုအတွက် စောင့်ကြည့် အကဲဖြတ်ခြင်း (ရလဒ် ၆)

**ဇယား (၂၁) ရလဒ် ၆ အတွက် ၂၀၁၂ ခုနှစ် အကုန်အထိ လုပ်ဆောင်နိုင်ခဲ့မှုများ (အစီအစဉ်နှင့် မူဝါဒဆိုင်ရာ တိုးတက်မှု)**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှု ပမာဏ % |
|---|---|---|---|---|
| O6.1: Fund Board မှ ဆွေးနွေးခဲ့သော လေ့လာမှုများနှင့် မဟာဗျူဟာ လမ်းကြောင်းကို ပြောင်းစေခဲ့သော အရေအတွက် | ၁၆ (၈၀%) | ၃ (၅၀%) | ၄ | ၁၀၀% |
| O6.2: Fund Board မှ ဆွေးနွေးခဲ့သော မိတ်ဖက်များ၏ လုပ်ငန်းများမှတဆင့် ဖော်ထုတ် ရရှိခဲ့သည့် မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့် မဟာဗျူဟာ လမ်းကြောင်းကို ပြောင်းစေခဲ့သော အရေအတွက် | ၁၄ | ၃ | ၅ | ၁၆၇% |
| O6.3: ဆက်သွယ် ဆက်ဆံရေးနှင့် အလေ့အကျင့်ကောင်းများ မြှင့်တင်ပေးခဲ့သော အခမ်းအနားပေါင်း (forum, workshop, thematic discussion group စသည်) | ၅၀ | ၁၅ | ၃၆ | ၂၄၀% |

## LIFT က ရန်ပုံငွေ ထောက်ပံ့သော တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စီမံကိန်းများ

LIFT က ရန်ပုံငွေ ထောက်ပံ့ထားသော တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စီမံကိန်း (၁၀) ခု ရှိပါသည်။ (၎င်းတို့သည် အခန်း (၃) တွင် ဖော်ပြထားသော မည်သည့် စိုက်ပျိုးစီးပွားဇုန်ကိုမှ အထူးရည်ညွှန်းမှု မရှိပါ။) ဤစီမံချက် အားလုံးသည် အားကောင်းသော စီမံချက်နှင့် မူဝါဒ ဖွံ့ဖြိုးမှု ကဏ္ဍများပါဝင်ပါသည်။

**ဇယား (၂၂) LIFT က ရန်ပုံငွေ ထောက်ပံ့သော တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စီမံကိန်းများ**

| အဖွဲ့အစည်း | အဓိက အာရုံစိုက်မှု | သုံးခဲ့သော LIFT ဘဏ္ဍာရေး ထောက်ပံ့မှု စနစ် |
|---|---|---|
| WFP | အမျိုးသားအဆင့် စားနပ်ရိက္ခာ ဖူလုံမှု ဆန်းစစ်ခြင်း | Learning and Innovation Window |
| Gender Equality Network | စွမ်းရည်မြှင့်တင်မှု (ကျား/မ ညီမျှရေး) | Learning and Innovation Window |
| FSWG | စွမ်းရည် မြှင့်တင်ခြင်းနှင့် မူဝါဒဆိုင်ရာ လုပ်ငန်းများ | Learning and Innovation Window |
| UN-Habitat | မူဝါဒအဆင့် သုတေသနနှင့် စွမ်းရည် မြှင့်တင်ခြင်း (မြေယာကိစ္စ) | Learning and Innovation Window |

| အဖွဲ့အစည်း | အဓိက အာရုံစိုက်မှု | သုံးခဲ့သော LIFT ဘဏ္ဍာရေး ထောက်ပံ့မှု စနစ် |
|---|---|---|
| Social Policy & Poverty Research Group | မူဝါဒရေးရာ သုတေသန | Learning and Innovation Window |
| Save the Children | စွမ်းရည်မြှင့်တင်ခြင်း (အာဟာရဆိုင်ရာ) | Learning and Innovation Window |
| Pact (MARC) | MFI အသစ်များ တည်ထောင်ခြင်း | Financial Inclusion Window |
| UNCDF (MAP) | အမျိုးသား မဟာဗျူဟာ ဖွံ့ဖြိုးရေး အထောက်အကူပြုရန် | Financial Inclusion Window |
| UNCDF (MicroLead) | "greenfield" MFI အသစ်များ ပေါ်ပေါက်ရေး | Financial Inclusion Window |
| World Bank (FIND) | အသေးစားချေးငွေဆိုင်ရာ ကြီးကြပ်သူများအား စွမ်းရည် မြှင့်တင်ပေးခြင်း | Financial Inclusion Window |

အထက်ဖော်ပြပါ စီမံချက်များကို ရွေးချယ်မှုနှင့် ရန်ပုံငွေထောက်ပံ့မှုကို LIFT အတွင်းရှိ ရန်ပုံငွေ ထောက်ပံ့ရေး လမ်းကြောင်း (၂) ခုမှတစ်ဆင့် ပြုလုပ်ခဲ့ပါသည်။ ယင်းထောက်ပံ့ရေး လမ်းကြောင်း (၂) ခုမှာ Learning and Innovation Window နှင့် Financial Inclusion Window တို့ ဖြစ်ပါသည်။ ဤလုပ်ငန်း စနစ်များအတွက် ကြောင်းကျိုးဆီလျော်မှုနှင့် ရန်ပုံငွေ ထောက်ပံ့ထားသော စီမံချက်များ၏ တိုးတက်မှုကို အောက်တွင် ဖော်ပြထားပါသည်။ ဤအခန်း၏ အဆုံးတွင် ၂၀၁၂ ခုနှစ်အတွင်း LIFT က ပြုလုပ်ခဲ့သော လေ့လာချက်များနှင့် အကဲဖြတ်ချက်များကို ဖော်ပြထားပါသည်။

## Learning and Innovation Window

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် LIFT သည် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှုဆိုင်ရာများကို လူအများစု သိမြင် နားလည်နိုင်မှုကို မြှင့်တင်ပေးကောင်း ပေးနိုင်မည့် တီထွင်ဆန်းသစ်သော လုပ်ငန်းများကို ထောက်ပံ့ရန်အတွက် ရန်ပုံငွေ ထောက်ပံ့မှုစနစ် တစ်ခုကို တည်ထောင်ခဲ့ပါသည်။ ဤလမ်းကြောင်းက အဆိုပြုလွှာများကို စဉ်ဆက်မပြတ် လက်ခံခဲ့ပြီး အောက်ပါ အချက်များနှင့် ကိုက်ညီသော စီမံကိန်းများကို ရန်ပုံငွေများ ချထားပေးခဲ့သည်။

(၁) မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီအောင် တီထွင်ဆန်းသစ်နိုင်မှုကို ပြသနိုင်ခြင်း
(၂) မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာနှင့် သက်မွေးမှုဆိုင်ရာ သိရှိနားလည်မှုကို မြှင့်တင်ပေးပြီး လေ့လာသင်ယူနိုင်မှု အလားအလာ မြင့်မားခြင်း
(၃) မူဝါဒညှိနှိုင်းမှုများကို ထိထိရောက်ရောက် ကူညီပေးနိုင်မည့်ပံ့ပိုးခြင်း
(၄) LIFT ၏ လက်ရှိအစီအစဉ်များ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုကို မြှင့်တင်ပေးနိုင်ဖွယ် ရှိခြင်း
(၅) ကျယ်ပြန့်စွာ အသုံးချနိုင်ရန်အတွက် အသုံးဝင်သော သင်ခန်းစာများကို အသုံးချနိုင်မည့် စွမ်းရည်ရှိကြောင်း ပြသနိုင်ခြင်း

၂၀၁၂ ခုနှစ် နှစ်ကုန်အထိ concept notes (၈၃) ခုကို တင်သွင်းခဲ့ကြပြီး (၁၇) ခုကို (စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း) ကို အတည်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာအထိ စုစုပေါင်း ငွေပမာဏ အမေရိကန်ဒေါ်လာ ၁၂.၅ သန်း တန်ဖိုးရှိ grant (၁၃) ခုကို လက်မှတ် ရေးထိုးခဲ့သည်။[86] သီးခြား စိုက်ပျိုးစီးပွားဇုန်များတွင် အကောင်အထည်ဖော်သည့် စီမံချက်များအနက်မှ (၇) ခုကို အခန်း (၃) တွင် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံအနှံ့ လွှမ်းခြုံမိသည့် စီမံချက် (၆) ခု၏ တိုးတက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- **ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) – မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံမှုနှင့် ဈေးကွက် ဈေးနှုန်း သတင်းစနစ် မြှင့်တင်ပေးနိုင်ခဲ့မှု**

စီမံချက်မှတစ်ဆင့် WFP သည် စားနပ်ရိက္ခာ ဖူလုံမှုနှင့် ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက် စနစ် (FSIN) ကို ဖော်ထုတ်ခဲ့သည်။ ဤစနစ်တွင် ၂၀၁၂ ခုနှစ်အတွင်း ဒေသခံနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များ၊ လူထုအခြေပြု အဖွဲ့များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့များ ပါဝင်သည်။ မိတ်ဖက်ပေါင်း (၇) ဖွဲ့မှ (၁၅) ဖွဲ့သို့ တိုးတက်လာခဲ့သည်။ အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ တည်ထောင်ခဲ့သည်။ စီမံချက်က အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စားနပ်ရိက္ခာ ဖူလုံမှု ဆန်းစစ်ချက်အပြင် ဈေးကွက် ဆန်းစစ်ချက် အတွက် စံပြုအညွှန်းများ ဖော်ထုတ်ပေးခဲ့သည်။ ဤစီမံချက်သည် အခြားသော NGO များနှင့် အစိုးရတို့အပြင် LIFT ၏ မိတ်ဖက်အဖွဲ့ များနှင့်ပါ နီးကပ်စွာ လုပ်ငန်းဖော်ဆောင်ခဲ့သည်။ WFP သည် ၎င်းတို့၏ သတင်းအချက်အလက်များနှင့် တွေ့ရှိချက်များကို ပုံမှန် သတင်းလွှာများတွင် ဖြန့်ဝေခြင်းကို စတင်ခဲ့သည်။

86 လက်မှတ်ရေးထိုး ချထားပေးသည့် ရန်ပုံငွေရယူ သုံးစွဲသော အဖွဲ့ ၁၃ ခုကို (အခန်း ၄.၃) ရန်ပုံငွေ ခွဲဝေချထားပေးခြင်း အခန်းတွင် ကြည့်ပါ။

- Gender Equality Network (GEN[87]) – **မြန်မာနိုင်ငံအတွင်း အမျိုးသမီးများဘ၀ မြင့်မားရေး စည်းရုံးလှုပ်ရှားနိုင်ခဲ့ခြင်း**

GEN သည် နိုင်ငံတကာနှင့် နိုင်ငံတွင်းရှိ NGO (၈၆) ဖွဲ့ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ယက်များ၊ နည်းပညာ ကျွမ်းကျင်တတ်သိ ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့အချင်းချင်း ချိတ်ဆက်ပါဝင်သော ကွန်ယက်တစ်ခု ဖြစ်သည်။ ဤစီမံချက်သည် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးမှုဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်သော မူဝါဒများ ပေါ်ပေါက်လာစေနိုင်သည့် တတ်စွမ်းနိုင်သော ပတ်ဝန်းကျင်တစ်ခု ပေါ်ပေါက်ဖွံ့ဖြိုးရေးကို ထောက်ပံ့ပေးနေသည်။ GEN သည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးကို နားလည်နိုင်အောင် ကူညီပေးရန် အစိုးရဝန်ကြီးဌာနများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ ဤစီမံချက်သည် တူညီသောဖွံ့ဖြိုးမှုကို အားပေးရန် အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့၏ စွမ်းရည်ကို တည်ဆောက်ပေးနေပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအား "အမျိုးသမီးများဘ၀ တိုးတက်မှုအတွက် ၂၀၁၂-၂၀၂၂ နိုင်ငံလုံးဆိုင်ရာ မဟာဗျူဟာအစီအစဉ်"ကို ကျင့်သုံးနိုင်ရန် ထောက်ပံ့ပေးရာတွင် ဩဇာ လွှမ်းမိုးနိုင်ခဲ့သည်။

- UN-Habitat: **မြေယာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး အစီအစဉ်** (LAMP)

ဤ နှစ်နှစ် စီမံချက်သည် ၂၀၁၂ ခုနှစ်တွင် တရားဝင် စတင်ခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ စတင်ရန် ခွင့်ပြုချက်ရယူရာတွင် နှောင့်နှေး ကြန့်ကြာမှုကြောင့် ဤစီမံချက်မှာ လုပ်ငန်း လုပ်ဆောင်နိုင်ခြင်း မရှိသေးပါ။ ဤစီမံချက်သည် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနအတွင်း သင်တန်းပို့ချမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို တိုးတက်စေရန်နှင့် လက်ရှိပြည်သူပိုင် မြေယာမှတ်တမ်းများကို အချိန်နှင့်တပြေးညီ မှတ်တမ်း ပြုစုရန် နည်းလမ်းများကို ပိုမို ကောင်းမွန်စေခြင်းဖြင့် လယ်ယာမြေ ဥပဒေ (၂၀၁၂) ကို အသက်သွင်းရန် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စွမ်းရည်ကို မြှင့်တင်ပေးပါမည်။ ဤလုပ်ငန်း အစီအစဉ်တွင် စံပြစစ်တမ်းများနှင့် သုတေတန လေ့လာချက်များ ပါဝင်ပါမည်။

- Social Policy and Poverty Research Group: **အားလုံးပါဝင်သော အသက်မွေးမှုနှင့် လူမှုစောင့်ရှောက်ရေး သုတေသန**

ActionAid၊ the Leprosy Mission International (TLMI)၊ Help Age International နှင့် လူမှုဖူလုံရေးဦးစီးဌာန (DSW) တို့ ပါဝင်ဖွဲ့စည်းထားသော SPPRG အဖွဲ့သည် မြန်မာနိုင်ငံရှိ သုတေသနပညာရှင်များနှင့် မူဝါဒချမှတ်သူများ၏ ကျွမ်းကျင်မှုကို တည်ဆောက် ပေးနေပါသည်။ ဤစီမံချက်သည် ကြွေးမြီ၊ လူမှုစောင့်ရှောက်ရေး၊ အသေးစားချေးငွေလုပ်ငန်းနှင့် ပြောင်းရွှေ့နေထိုင်မှု ပုံစံများနှင့် သက်ဆိုင်သည့် သုတေသနများကို ဆောင်ရွက်နေပါသည်။ ဤအဖွဲ့သည် အစိုးရဌာနများ၊ NGO များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွင်း သုတေသနစွမ်းရည် တည်ဆောက်ပေးရန် ရည်ရွယ်သည့် လစဉ်သင်ကြား ဆွေးနွေးပွဲများ ပြုလုပ် ပေးနေပါသည်။ ဤစီမံချက်၏ ပထမဦးဆုံး လေ့လာချက်မှာ အပူပိုင်းဇုန်တွင် ထိခိုက်လွယ်မှု ဆန်းစစ်ချက် တစ်ရပ် ဖြစ်ပါသည်။ ဤဆန်းစစ်ချက်ကို နောင်ဖြစ်ပေါ်လာနိုင်သော လူမှုစောင့်ရှောက်မှု စီမံချက်များအတွက် လိုအပ်သော ဘဏ္ဍာငွေကို ခန့်မှန်းပေးနိုင်သည့် စံပြုပုံစံတစ်ခုကို တည်ဆောက်ရန် အသုံးပြုခဲ့သည်။ ဤစံပြုပုံစံကို အဓိက ဝန်ကြီးဌာနများမှ အကြီးတန်း အရာရှိများထံသို့ တင်ပြပြီး ဖြစ်ပါသည်။ SPRRG အဖွဲ့သည် မြန်မာနိုင်ငံအတွက် "မသန်စွမ်းသူများဆိုင်ရာ မူဝါဒ" တစ်ခုကို မူကြမ်း ရေးဆွဲရန် လူမှုဖူလုံရေး ဦးစီးဌာနကို ပံ့ပိုးပေးခဲ့ပါသည်။ လူမှုဖူလုံရေး ဦးစီးဌာနသည် ကနဦး အချက်အလက်များကို ကောက်ယူရေးအတွက် SPPRG ၏ ထိခိုက်လွယ်မှု ဆန်းစစ်ရေး ကိရိယာဖြစ်သော "umbrella" ကို အသုံးပြုရန် စိတ်ဝင်စားမှု ပြသခဲ့ပါသည်။

- Save the Children, Action Contre La Faim (AFC), and Helen Keller International: **အာဟာရချို့တဲ့မှု လျော့ချရန် မရှိမဖြစ် လိုအပ်သော အာဟာရဆိုင်ရာ လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း** (LEARN)

LEARN စီမံချက်၏ အလုံးစုံရည်မှန်းချက်မှာ စားနပ်ရိက္ခာဖူလုံမှု၏ ဒေါက်တိုင်(၃)ခု (ရရှိနိုင်မှု၊ လက်လှမ်းမီမှုနှင့် အသုံးပြုမှု) တို့ပါဝင်သည့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ပိုမိုကျယ်ပြန့်သော ချဉ်းကပ်မှုတစ်ရပ်ကို ဖြန့်ဝေပေးနိုင်ရန်အတွက် LIFT ၏ စွမ်းရည်ကို မြှင့်တင်ပေးရန် ဖြစ်သည်။ ဤသုံးနှစ် စီမံချက်တွင် (၁) ရည်မှန်းလူထုအဖွဲ့အစည်းအတွင်း အဟာရပြည့်ဝမှုနှင့် သက်ဆိုင်သော လုပ်ငန်းများကို ဖြန့်ဝေပေးရန် LIFT ၏ မိတ်ဖက်အဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ (၂) အဟာရပြည့်ဝမှုကို LIFT က ရန်ပုံငွေပံ့ပိုးပေးသော လက်ရှိ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှု အစီအစဉ်များနှင့် နောင်အကောင်အထည်ဖော်မည့် အစီအစဉ်များတွင် ပေါင်းစည်းထည့်သွင်းခြင်း၊ (၃) ခွဲခြမ်းစိတ်ဖြာမှုနှင့် အကောင်အထည်ဖော်မှုအတွက် သင့်တော်သော လုပ်ငန်းစဉ်များဖြင့် လက်ရှိစားနပ်ရိက္ခာနှင့် အသက်မွေးမှု သတင်းအချက်အလက် စနစ်ကဲ့သို့ ပေါင်းစည်းထည့်သွင်းနိုင်သည့် အဓိကအဟာရ အညွှန်းများကို ဖော်ထုတ်ပေးခြင်းတို့ ပါဝင်ပါသည်။

87 GEN ကို ယခင်က Women's Protection Thematic Working Group ဟုခေါ်သည်။

- Food Security Working Group (FSWG): **မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် ရင်းမြစ်များနှင့် မိတ်ဖက်ဖွဲ့မှုများကို အသုံးချခြင်း**

ဤ (၃) နှစ် စီမံချက်သည် မြန်မာနိုင်ငံတွင် အသက်မွေးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ သက်သေ အထောက်အထား အခြေပြုသုတေသန၊ အကြံဉာဏ်ပေးခြင်း၊ စွမ်းရည် တည်ဆောက်ခြင်းဆိုင်ရာ တီထွင်းဆန်းသစ်သော ချဉ်းကပ်မှုများကို ဖော်ထုတ်မှုကို အားပေးနေပါသည်။ FSWG အဖွဲ့သည် ဗဟုသုတများကို တည်ဆောက်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ အများပိုင် သစ်တောလုပ်ငန်းနှင့် မြေယာပိုင်ဆိုင်မှု အာမခံ စသည့် နယ်ပယ်များရှိ အဖွဲ့အစည်းများအတွက် နည်းစနစ် ကိရိယာများကို ဖော်ထုတ်ပေးပါမည်။ FSWG က ဦးဆောင်ကျင်းပသော အမျိုးသားအဆင့် မြေယာဆွေးနွေးပွဲသည် အစိုးရနှင့် လယ်ယာမြေဆိုင်ရာ ဥပဒေသစ်များနှင့် အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်သည့် အကြံဉာဏ်ပေးမှုနှင့် သိမြင်နားလည်စေမှု တည်ဆောက်ရေးတို့အတွက် လုပ်ကိုင်နေသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကို ထောက်ပံ့ပေးပါသည်။ ဤအဖွဲ့၏ အဓိက အာရုံစူးစိုက်မှုမှာ ထုံးတမ်းစဉ်လာ တောင်တန်းဒေသ မြေယာပိုင်ဆိုင်မှု စနစ်ပေါ်တွင် ဖြစ်ပြီး ဤပိုင်ဆိုင်မှုစနစ်များကို အသိအမှတ်ပြုသည့် ဥပဒေများ ချမှတ်ရေးတွင် အစိုးရကို အားပေး ထောက်ပံ့နေပါသည်။

## Financial Inclusion Window

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော အသေးစား ချေးငွေလုပ်ငန်း ဥပဒေနှင့်အတူ အသေးစားချေးငွေ လုပ်ငန်းအတွက် လုပ်ငန်းလုပ်ဆောင်မှု အခြေခံမူဘောင်မှာ လုံးဝပြောင်းလဲခဲ့သည်။ ဥပဒေသစ်နှင့်အတူ ပြဋ္ဌာန်းလိုက်သော စည်းမျဉ်းများက ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ပုဂ္ဂလိကပိုင် အသေးစားချေးငွေ လုပ်ငန်းများ တည်ထောင်ခွင့် ပြုခဲ့သည်။ ဤအချက်ကြောင့် အသေးစားချေးငွေ လုပ်ငန်းများ ထောက်ပံ့မှုကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဥပဒေနှင့်ညီအောင် ပြုလုပ်ပေးခဲ့သည့်အပြင် LIFT အနေဖြင့် ပိုမိုကျယ်ပြန့်သော အားလုံးလက်လှမ်းမီသည် ဘဏ္ဍာရေး မဟာဗျူဟာ၏ အစိတ်အပိုင်း တစ်ရပ်အပြင် ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများအတွက် ကူညီပံ့ပိုးမှုကို တိုးချဲ့နိုင်ခဲ့သည်။

၂၀၁၂ ခုနှစ် မတ်လတွင် LIFT Fund Board သည် (ယခု "Financial Inclusion" ဟု အမည်ပြောင်းထားသည့်) "အသေးစားချေးငွေလုပ်ငန်း အစီအစဉ်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ အလှူရှင်များ စုပေါင်းအဖွဲ့က ဤအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း (၃၀) ကို ခွဲဝေချထားပေးရန် သဘောတူခဲ့သည်။ ဤသည်မှာ Delta (2) အစီအစဉ်မှတစ်ဆင့် ထောက်ပံ့သော Pact သို့ ယခင်က ထောက်ပံ့ငွေနှင့် နိုင်ငံအဝန်း အစီအစဉ်ဖြင့် Pact သို့ ထောက်ပံ့ငွေ၊ Save the Children၊ GRET (နောက်ထပ်အမေရိကန်ဒေါ်လာ (၆) သန်း) နှင့် Pact/ Pyapon (အမေရိကန်ဒေါ်လာ ၃၀၀,၀၀၀) တို့အပြင် ထပ်ဆောင်းခွင့်ပြုငွေ ဖြစ်သည်။[88]

၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် နိုင်ငံအဝန်း ဖြန့်ကျက် အကောင်အထည်ဖော်သည့် အောက်ပါစီမံချက်များကို ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

- Pact: Myanmar Access to Rural Credit (MARC) Pact နှင့် ပူးပေါင်းလျှက် LIFT သည် နောက်လာမည့် (၂) နှစ်အတွင်း ဒေသခံ အသေးစားချေးငွေ လုပ်ငန်း (၉) ခုနှင့်အတူ လုပ်ကိုင်ခြင်းဖြင့် ဒေသခံ အသေးစားချေးငွေလုပ်ငန်း အဖွဲ့အစည်းများအတွင်း စွမ်းရည် တည်ဆောက်ရေးကိစ္စကို စတင်ကိုင်တွယ်ပါမည်။ အစီရင်ခံနေသည့် ကာလအတွင်းတွင် ပထမဦးဆုံး အသေးစားချေးငွေ လုပ်ငန်းအဖွဲ့ (၄) ခုနှင့် လုပ်ငန်း စတင်ခဲ့ပါသည်။ ဒေသခံ အသေးစားချေးငွေ လုပ်ငန်း တစ်ခုစီအတွက် နည်းပညာ စွမ်းရည်တည်ဆောက်ခြင်း၊ ရည်မှန်းချက်အလိုက် ကိုက်ညီအောင် လုပ်ထားသည့် ရလဒ် ဦးတည်သည့် အဖွဲ့အစည်းများနှင့် ရန်ပုံငွေများကို တွဲပေးသည့် MARC ၏ ချဉ်းကပ်မှုသည် အပြုသဘောဆောင်သော ပဏာမ လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း တွေ့မြင်ရသည်။ ရွေးချယ်ထားသော အသေးစားချေးငွေ လုပ်ငန်း (၄) ခုအနက်မှ လုပ်ငန်း (၃) ခုကို Pact က စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ထိုအထဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ `အာရုံဦး´ အဖွဲ့ ၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်မှ `ရတနာမေတ္တာ´ အဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ `နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့´ တို့ ပါဝင်ပါသည်။ ဤအသေးစားချေးငွေ လုပ်ငန်းများက အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော်ကို ချေးငွေများ ပေးအပ်ရန် ရည်မှန်းထားပါသည်။

- UNCDF: Making Financial Access Possible in Myanmar (MAP) ကုလသမဂ္ဂ ငွေကြေးအရင်းအနှီးများ ဖွံ့ဖြိုးရေး ရန်ပုံငွေ (UNCDF) သည် Finmark Trust နှင့် Centre for Financial Regulation and Inclusion ( Cenfri) တို့နှင့် ပူးပေါင်းလျှက် ငွေရေးကြေးရေးဆိုင်ရာ လက်လှမ်းမီမှုအတွက် လိုအပ်ချက်နှင့် ပံ့ပိုးပေးနိုင်မှုကို အဓိကထားမည့် ဘဏ္ဍာရေးကဏ္ဍအပေါ် ကျယ်ပြန့်သော လေ့လာချက်တစ်ရပ်ကို ဆောင်ရွက်သွားပါမည်။ ဤစီမံချက်၏ ရည်ရွယ်ထားသော ရလဒ်မှာ အစိုးရ၊ အလှူရှင်များ၊ ဖောက်သည်များနှင့် အသေးစားချေးငွေ လုပ်ငန်းများ စသည့် နိုင်ငံအတွင်းရှိ အဓိက သက်ဆိုင်သူများအတွက် အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်ကို ဆုံးဖြတ်ရန်နှင့် သက်သေအခြေပြု ခွဲခြမ်း စိစစ်မှု အလေ့အကျင့်အပေါ်

---

88 ၂၀၁၂ ခုနှစ်အတွင်း LIFT မိတ်ဖက်အဖွဲ့များ (UNDP, Pact, Save the Children, and GRET) စုပေါင်း၍ ကျေးရွာပေါင်း ၂၄၉၁ ရွာမှ အိမ်ထောင်စုပေါင်း ၅၀၀၅၆ အား စုစုပေါင်း ချေးငွေ ပမာဏ ဒေါ်လာ ၇.၂ သန်း ထုတ်ချေးပေးခဲ့သည်။ ( ၂၀၁၁ ခုနှစ်အတွင်းက အိမ်ထောင်စု ၃၆၄၀ အား ဒေါ်လာ ၄၅၄,၂၁၆ ထုတ်ချေးခဲ့မှုနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။) စုစုပေါင်း ချေးငွေ ပမာဏ၏ ၈၆% သည် စိုက်ပျိုးရေးချေးငွေများ ဖြစ်ပြီး ကျန်ပမာဏမှာ ကုန်စုံဆိုင်ငယ်များ၊ အသေးစား ငါးဖမ်းကိရိယာများ၊ ဝန်ဆောင်မှုနှင့် အသေးစား ကုန်သွယ်မှု စသော ဝင်ငွေ ဖန်တီးခြင်း လုပ်ဆောင်မှုများအတွက် ထုတ်ချေးပေးခဲ့ခြင်း ဖြစ်သည်။

မူတည်၍ အဓိက ဦးစားပေးလုပ်ငန်းများနှင့် ရင်းမြစ်များကို လိုက်လျောအောင် အသုံးပြုရန် ဖြစ်ပါသည်။ MAP စီမံချက်သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာအထိ တစ်မျိုးသားလုံး ပိုင်ဆိုင်သည်ဟု ရှုမြင်မှုကို မြှင့်တင်ရန် များစွာသော သက်ဆိုင်သူများနှင့် အစည်းအဝေးပေါင်း များစွာ ကျင်းပခဲ့ပါသည်။

- UNCDF: The Fund to Develop Savings-led Market Leaders (MicroLead) UNCDF ၏ Microlead တိုးချဲ့အစီအစဉ်သည် အားကောင်းသော အားလုံးလက်လှမ်းမီသည့် ဘဏ္ဍာရေးကဏ္ဍတစ်ခု ပေါ်ပေါက်စေရေးအတွက် အကျိုးပြုနိုင်ရန် ရည်ရွယ်ပြီး အသေးစားချေးငွေ လုပ်ငန်း ဈေးကွက်ခေါင်းဆောင်များကို လုပ်ငန်းအကြီးအကျယ် မလုပ်ဆောင်နိုင်သေးသည့် ဒေသများသို့ တိုးချဲ့ရေးအတွက် အထောက်အကူ ပြုပေးနေသည်။ မြန်မာနိုင်ငံတွင် ၎င်းတို့၏ ငွေရင်းများကို သယ်ဆောင်လာမည့် အသေးစား ချေးငွေ လုပ်ငန်းမှ ဦးဆောင်နေသည့် လုပ်ငန်း (၂) ခုသို့မဟုတ် (၃) ခုတို့ "နယ်မြေသစ်စီမံချက်များ" အဖြစ် စတင်ဝင်ရောက်မှုကို ကူညီပေးပါမည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာအထိ Microlead စီမံချက်သည် အသေးစားချေးငွေ လုပ်ငန်းတွင် ဦးဆောင်နေသည့် ဈေးကွက်ခေါင်းဆောင်များကို မြန်မာနိုင်ငံတွင် နယ်မြေသစ် စီမံချက်များ စတင်ရန်အတွက် စိတ်ဝင်စားမှု ဖော်ပြလွှာ တင်သွင်းရန် ဖိတ်ကြားခဲ့ပါသည်။

- The World Bank: Financial Inclusion for National Development in Myanmar (FIND) FIND အဖွဲ့သည် မြန်မာ့ အသေးစားချေးငွေ လုပ်ငန်း ကြီးကြပ်ရေးဦးစီးဌာန (MMSE) ၏ မူဘောင်နှင့် အသေးစား ချေးငွေများကို ပိုမို ကောင်းမွန်စွာ ထောက်ပံ့နိုင်မည့် ဖွဲ့စည်းပုံဆိုင်ရာ စွမ်းရည်တို့ကို မြှင့်တင်ပေးရန်အတွက် MMSE ကို သင်တန်းနှင့် အကြံဉာဏ်များ ပံ့ပိုးပေး နေပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် FIND သည် MMSE ၏ ဖွဲ့စည်းပုံမူဘောင်နှင့် ၎င်း၏ သင်တန်း လိုအပ်ချက်များကို ပြန်လည် သုံးသပ်မှုကို စတင်ခဲ့ပါသည်။

အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးလုပ်ငန်းအတွက် အမျိုးသား မဟာဗျူဟာတစ်ရပ်ကို MAP စီမံချက်က ရေးဆွဲနေပြီး ဤသည်က LIFT အတွက် ထောက်ပံ့ပေးရန် နယ်မြေအသစ်များကို ဖော်ထုတ်ပေးပါမည်။ သည့်အပြင် LIFT သည် သမဝါယမများနှင့် လှည့်ပတ် စီးဆင်း ရန်ပုံငွေများ၏ အခန်းကဏ္ဍကို အသေးစိတ် လေ့လာမှုတစ်ခုကို ပံ့ပိုးသွားမည် ဖြစ်ပြီး မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်သွားမည် ဖြစ်ပါသည်။ LIFT သည် မြန်မာ့ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှုဘဏ် (MADB) ကို ပံ့ပိုးနိုင်ရန် အခွင့်အလမ်းများကို ရှာဖွေသွားမည် ဖြစ်ပါသည်။



## လေ့လာမှုများနှင့် အကဲဖြတ်မှုများ

**ဇယား (၂၃) LIFT ၏ စောင့်ကြည့်လေ့လာ အကဲဖြတ်မှု လုပ်ငန်းများနှင့် ကိရိယာများ**

| M&E ဆောင်ရွက်မှု/ကိရိယာ | အနှစ်ချုပ် ရှင်းလင်းချက် | ဦးဆောင်အဖွဲ့ |
|---|---|---|
| တိုးတက်မှု စောင့်ကြည့် database များ-<br>• မြို့နယ်အလိုက် မိတ်ဖက်အဖွဲ့များ၏ အဓိက သွင်းအားစုနှင့် လုပ်ဆောင်မှုများ<br>• LIFT ၏ log frame အညွှန်းများ, မှတ်တိုင်များနှင့် ရည်မှန်းချက်များ ပြည့်မီနိုင်မှု | မိတ်ဖက်များသည် ကျေးရွာ တစ်ခုချင်းစီတွင် ၎င်းတို့ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို မြို့နယ်အလိုက် စုစည်း၍ အချက်အလက်များကို ၆ လတစ်ကြိမ် ပေးပို့သည်။ မိတ်ဖက်များသည် သက်ဆိုင်ရာ LIFT ၏ ရည်မှန်းချက်နှင့် ရလဒ်အဆင့် အညွှန်းကိန်းများနှင့် ဆိုင်ရာ နှစ်စဉ် မှတ်တိုင်နှင့် မျှော်မှန်းချက်များအလိုက် လည်း အစီရင်ခံကြသည်။ ယင်းသည် LIFT logframe ၏ ရလဒ်များအတွက် အားဖြည့်ပေးသည်။ | Database ကို မိတ်ဖက်များက ပေးပို့သော စံပြု အချက်အလက်များအား အခြေခံ၍ Fund Manager ထိန်းသိမ်းသည်။ LIFT ၏ အလုံးစုံ တိုးတက် ဖြစ်ထွန်းမှုနှင့် စွမ်းဆောင်မှုတို့ကို အကဲဖြတ်ရန် စံပြု အချက်လက်များကို စုစည်းရယူသည်။ |
| ဘဏ္ဍာရေး စာရင်းစစ်ခြင်း (မိတ်ဖက်များနှင့် LIFT အတွက်) | နိုင်ငံတကာ အသိအမှတ်ပြု စာရင်းစစ်များနှင့် စံပြုစာရင်းစစ်ခြင်းအလေ့အထတို့ကို သုံးသည် | မိတ်ဖက်အဖွဲ့များအတွက် Fund Manager က စီစဉ်ပေးပြီး LIFT အတွက်ကိုမူ UNOPS က စီစဉ်သည်။ |
| ကွင်းဆင်း စောင့်ကြည့် အကဲခတ်ခြင်း | ၁၂ လ ကာလအတွင်း မိတ်ဖက် စီမံကိန်းများသို့ အနည်းဆုံး ၃ ကြိမ် သွားရောက်ပြီး စွန့်စားရမှု ကြီးမားသည့် စီမံကိန်းများနှင့် တိုးတက်မှု သို့မဟုတ် စွမ်းဆောင်မှုအတွက် ပြဿနာ ကြုံတွေ့နေရသည့် နေရာများသို့မူ ပို၍ အကြိမ် စိပ်စိပ် သွားရောက်သည်။ | မိတ်ဖက်များအား မေးမြန်း မှတ်သားပြီးနောက် ၎င်းတို့ထံ အစီရင်ခံစာ မူကြမ်းကို ပေးပို့ပေးသည်။ မိတ်ဖက်များ၏ ပြန်လည် အကြံပြုမှုများကို အခြေခံ၍ အစီရင်ခံစာကို ပြင်ဆင် ဖြည့်စွက်မှု ပြုလုပ်သည်။ |
| မိတ်ဖက်များ၏ M&E နှင့် အချက်အလက် ကောက်ခံခြင်း/ တိုက်ဆိုင်ကြည့်ခြင်း စနစ်များ ပြန်လည်ဆန်းစစ်ရန် သွားရောက်ခြင်း | မိတ်ဖက်များ၏ အချက်အလက် ကောက်ယူမှု၊ အချက်အလက် စီမံခန့်ခွဲမှု၊ စောင့်ကြည့် အကဲခတ်မှုနှင့် အစီရင်ခံမှု စနစ်များအား ကွင်းဆင်း အဆင့်နှင့် မြို့နယ်အဆင့်တွင် ၆ လ တစ်ကြိမ် ပြန်လည် ဆန်းစစ်သည်။ | အကြံပြု တိုက်တွန်းမှုများနှင့် ပြန်လည် စစ်ဆေးမှုများ ပြုလုပ်ပေးသည် |
| မိတ်ဖက် စီမံကိန်းများအား အကဲဖြတ်ခြင်း | မိတ်ဖက်များ အနေဖြင့် ၎င်းတို့ စီမံကိန်းများ၏ baseline survey များ၊ mid-term reviews များနှင့် အပြီးသတ်အကဲဖြတ်ခြင်းတို့ ပြုလုပ်ရန် တာဝန်ရှိသည်။ | အပြီးသတ် အကဲဖြတ်ခြင်းကို လွတ်လပ်သော ပြင်ပ ပုဂ္ဂိုလ်/အဖွဲ့အစည်း တစ်ခုခုက ပြုလုပ်ပေးရသည် |
| ကျေးရွာ မှတ်တမ်းများ | လူဦးရေ၊ မြေဧရိယာ၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း၊ ကျေးရွာ အခြေခံ အဆောက်အဦ လူထုစွမ်းရည် စသည့် အခြေခံ စာရင်းများ | Baseline survey တွင် ထည့်သွင်း အသုံးပြုပြီး နှစ်လယ်နှင့် အပြီးသတ် အကဲဖြတ်ခြင်းတွင် လည်း အသုံးပြုသည် |
| LIFT Baseline Study | အိမ်ထောင်စုပေါင်း ၄၀၀၀ (household control group ဝင် အိမ်ထောင်စု ၈၀၀ အပါအဝင်) နှင့် focus group discussions အတွက် ကျေးရွာ ၁၂ ခု အား ပြုလုပ်သည့် household survey | ၂၀၁၀ ခုနှစ်အတွင်း Fund Manager မှ ပြုလုပ်ခဲ့သည် |
| LIFT Mid-term Review | Delta II နှင့် နိုင်ငံအဝှမ်း အစီအစဉ်ခွဲများ၏ တိုးတက်မှုနှင့် စွမ်းဆောင်မှုတို့ကို သုံးသပ်ရန် focus group discussion များ၊ အဓိက သတင်းပေးသူများအား မေးမြန်းခြင်း၊ case study များနှင့် တဆင့်ခံ အချက်များအလက်များ ပါဝင်သော qualita-tive study တစ်ခု | ၂၀၁၃ တွင် Fund Manager မှ ပြုလုပ်သည် |

| M&E ဆောင်ရွက်မှု/ကိရိယာ | အနှစ်ချုပ် ရှင်းလင်းချက် | ဦးဆောင်အဖွဲ့ |
|---|---|---|
| LIFT 2013 household survey | LIFT ၏ အဓိက အစီအစဉ်ဆိုင်ရာ အညွှန်းများ လွှမ်းခြုံမိရေးအတွက် ၂၀၁၁ က ပြုလုပ်ခဲ့သော Baseline Study နှင့် စွမ်းဆောင်မှု တိုက်ဆိုင်စစ်ဆေးရန် quantitative study တစ်ခု | Fund Manager |
| LIFT အပြီးသတ် household survey | Delta II နှင့် နိုင်ငံအဝှမ်း အစီစဉ်ခွဲများအတွက် baseline နှင့် စွမ်းဆောင်မှုကို တိုက်ဆိုင်ဆန်းစစ်ရန် အပြီးသတ် household survey (အချို့ FGD များနှင့်) | Fund Manager မှ ၂၀၁၅ တွင် ပြုလုပ်မည် |
| တက်လမ်း နှစ်လယ်နှင့် အပြီးသတ် လေ့လာဆန်းစစ်မှု | ချဉ်းကပ်မှုပုံစံ ညီညွတ်မှုရှိရန်နှင့် အချက်အလက်များ နှိုင်းယှဉ်နိုင်ရန် LIFT၏ ပိုမိုကျယ်ပြန့်သော household survey များနှင့် ပေါင်းစည်းပြုလုပ်သည်။ အာဟာရဆိုင်ရာ ဆန်းစစ်လေ့လာမှုများလည်း ပါဝင်သည်။ | Care နှင့် Fund Manager တို့က အရည်အသွေးကို စိစစ်မည် |
| Financial Inclusion Window - baseline and endline surveys | နမူနာ အိမ်ထောင်စုများအား လွတ်လပ်သော သက်ရောက်မှု ဆန်းစစ်ချက်များကို LIFT က အချိန်ကာလ အပိုင်းအခြားအလိုက် ပြုလုပ်သွားစေမည် | (၂၀၁၃ နှင့် ၂၀၁၄ တွင်) Fund Manager သည် လွတ်လပ်သော သက်ရောက်မှု ဆန်းစစ်ချက် နှစ်ခု ပြုလုပ်ရန် ခန့်အပ်သွားမည်ဖြစ်သည်။ |
| QSEM | နမူနာ ကျေးရွာများမှ focus group discussion များ အပါအဝင် လူထု ပူးပေါင်းပါဝင်သော နည်းလမ်းများဖြင့် ပုံမှန် (၆ လ တစ်ကြိမ်) ကောက်ယူထားသော qualitative information။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကောက်ခံမှုများ ပြီးစီးခဲ့ပြီး အစီရင်ခံစာ ထွက်ပြီး ဖြစ်သည်။ | World Bank နှင့် MRI |
| ကဏ္ဍအလိုက် လေ့လာမှုများ | LIFT အကောင်အထည်ဖော်မှု ကာလအတွင်း အရေးကြီးသော ကိစ္စရပ်များ ပေါ်ပေါက်လာမှုကို စုံစမ်းရန် အထူး ပုံစံထုတ်ထားသည့် လေ့လာမှုများ | Fund Manager နှင့် မိတ်ဖက်များ |
| လယ်ယာ ထုတ်လုပ်မှုနှင့် စီးပွားရေး လေ့လာဆန်းစစ်မှု (ကဏ္ဍအလိုက် လေ့လာမှု တစ်မျိုး) | စိုက်ပျိုးရေး ထုတ်လုပ်မှုနှင့် မိုးစပါးနှင့် နွေစပါးမှ ဝင်ငွေ ရရှိမှုများဆိုင်ရာ အဓိက household data များ ကောက်ယူရန် ၂၀၁၃ အကုန်မှ ၂၀၁၄ နှစ်လယ်ထိ ပြုလုပ်မည့် အမျိုးသားအဆင့် စာရင်းကောက်ယူမှု။ ယင်းမှ အချက်အလက်များကို စီးပွားရေး အခြေအနေနှင့် မူဝါဒဆိုင်ရာ အပြောင်းအလဲများအား အိမ်ထောင်စုအဆင့် တုံ့ပြန်ချက်များအား ဆန်းစစ်ရန် အခြေခံမော်ဒယ် ရေးဆွဲရာတွင် အသုံးပြုမည်။ | World Bank နှင့် FAO တို့မှ ကြီးကြပ်သည် |
| LIFT Fund ၏ ကြားဖြတ် သုံးသပ်ချက် | ၁။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု အပြင်အဆင်များ၊ ၂။ ရန်ပုံငွေ ခွဲဝေမှု၊ ထုတ်ပေးမှုနှင့် စောင့်ကြည့်အကဲခတ်မှု စနစ်များ၊ ၃။ ရည်မှန်းချက်နှင့် မဟာဗျူဟာများ ၄။ လက်ရှိ မိတ်ဖက်နှင့် စီမံကိန်းများ၏ လုပ်ဆောင်မှုများ စသည်တို့ကို စစ်ဆေးရန် Fund Board မှ ပြုလုပ်ခဲ့သော ကြားဖြတ် သုံးသပ်ချက် | ၂၀၁၂ ခုနှစ်အတွင်း Fund Manager မှ ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ |
| Value for Money (VfM) assessment | LIFT စီမံကိန်းများ၏ VfM ကို ဆန်းစစ်ရန် လေ့လာမှု | Fund Manager |

## ကနဦး လေ့လာချက် (Baseline Study)

၂၀၁၁ ခုနှစ်တွင် LIFT သည် ကနဦး လေ့လာချက်တစ်ရပ်ကို အကောင်အထည် ဖော်စေခဲ့ပါသည်။ ဤလေ့လာချက်၏ ရည်ရွယ်ချက်မှာ LIFT က လုပ်ငန်းဆောင်ရွက်နေသော သို့မဟုတ် နောင်တွင် ဆောင်ရွက်မည်ဖြစ်သော (ဥပမာအားဖြင့် ရခိုင် ကမ်းရိုးတန်းဒေသ) နိုင်ငံ၏ ဒေသအသီးသီးတွင် အသက်မွေးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူရန်ဖြစ်သည်။ ကနဦးလေ့လာချက် ရလဒ်များသည် ထိန်းချုပ် ကျေးရွာများမှ ရလဒ်များကို အသုံးပြုသော "with and without analysis" အဖြစ် ကူညီဆောင်ရွက်မှုများ၏ "before and after assessment" ပါ ပါဝင်သည့် LIFT ၏ အကဲဖြတ်မှု မဟာဗျူဟာ၏ အခြေခံ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။[89] ကနဦးလေ့လာချက်တွင် ကောက်ယူခဲ့သည့် သတင်းအချက်အလက်များ စိစစ်မှုကို ၂၀၁၂ ခုနှစ် ပထမနှစ်ဝက်တွင် ပြုလုပ်ခဲ့ပြီး "ကနဦးလေ့လာချက် အစီရင်ခံစာ"ကို ၂၀၁၂ ခုနှစ် ဇွန်လတွင် ထုတ်ဝေပေးခဲ့ပါသည်။ နောက်ဆက်တွဲ အိမ်ထောင်စု လေ့လာချက် (Household Survey) များကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြုလုပ်ရန် စီစဉ်ထားပါသည်။ ဤလေ့လာချက်က အဆင်းရဲဆုံး အိမ်ထောင်စုများနှင့် မြေယာမဲ့ အိမ်ထောင်စုများ တွေ့ကြုံခံစားရသည့် ခက်ခဲသော အခြေအနေကို အဓိက မီးမောင်းထိုးပြပါသည်။ Focus Group များနှင့် ဆွေးနွေးချက်များအရ ၎င်းတို့၏ အခြေအနေမှာ ရာသီဥတု ပြောင်းလဲမှု၊ ငွေကြေး မတည်ငြိမ်မှုနှင့် အခြားသော ဖြစ်စဉ်များကြောင့် ပိုမို ဆိုးဝါးလာနေသည်ဟု သဘောသက်ရောက် နေပါသည်။ ဇုန်အသီးသီးတွင် ကွဲပြားမှုများ သိသာထင်ရှားစွာ ရှိသော်ငြားလည်း ကျေးလက်ဒေသ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းမှာ မြေယာမဲ့များ ဖြစ်သည်ဟု လေ့လာချက်က ပြနေပါသည်။ အိမ်ထောင်စုများ၏ ၃၅ ရာခိုင်နှုန်းသည် လယ်မြေ (၅) ဧက အထိ ပိုင်ဆိုင်ကြပါသည်။ လယ်ယာမြေ လုပ်ကိုင်နိုင်မှုသည် မိသားစုဝင်ငွေနှင့် နီးစပ်စွာ ဆက်နွယ်နေသည်ကို တွေ့ရပါသည်။ မြေယာမဲ့ မိသားစုများနှင့် မြေယာ အနည်းအကျဉ်းသာ ရှိသည့် မိသားစုများသည် အိမ်ထောင်စုများ အားလုံးထဲတွင် ဝင်ငွေအနည်းဆုံး ရရှိကြပါသည်။

ကျေးလက်ဒေသရှိ အိမ်ထောင်စုများ အနေဖြင့် တစ်ချိန်တည်းတွင် ဝင်ငွေရလမ်း အမျိုးမျိုးကို မှီခိုနေရပါသည်။ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် နေ့စား ကျပန်းလုပ်ငန်း၊ စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများသည် အဓိက အရေးကြီး ဝင်ငွေရလမ်းများ ဖြစ်ပါသည်။ ဤလုပ်ငန်းများ မည်မျှ အရေးကြီးသည်မှာ စိုက်ပျိုးစီးပွားဇုန်များ အပေါ်တွင် မူတည်နေပါသည်။ စိုက်ပျိုးရေး လုပ်ငန်းသည် တောင်တန်းဒေသရှိ အိမ်ထောင်စုများ၏ ၆၁ ရာခိုင်နှုန်းအတွက် အရေးအပါဆုံး ဝင်ငွေရလမ်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်း ဒေသတွင် ၂၇ ရာခိုင်နှုန်းအတွက် အရေးအပါဆုံး ဝင်ငွေရလမ်းနှင့် အပူပိုင်းဇုန်တွင် အိမ်ထောင်စုပေါင်းများ၏ ၅၀ ရာခိုင်နှုန်းအတွက် အဓိက ဦးစားပေးဖြစ်ပါသည်။ စိုက်ပျိုးရေး မဟုတ်သော နေ့စား ကျပန်းလုပ်ငန်းသည် မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသရှိ အိမ်ထောင်စုများ၏ ၄၄ ရာခိုင်နှုန်းအတွက် အရေးအပါဆုံး ဝင်ငွေရလမ်းဖြစ်၍ ရခိုင်ဒေသရှိ အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းအတွက် အရေးပါဆုံး ဝင်ငွေရလမ်းဖြစ်ပါသည်။ တောင်တန်းဒေသတွင်မူ အိမ်ထောင်စုများ၏ ၁၉ ရာခိုင်နှုန်းသည်သာ စိုက်ပျိုးရေး မဟုတ်သော ကျပန်းလုပ်ငန်းပေါ်တွင် မှီခို နေပါသည်။

"ကနဦးလေ့လာချက် အစီရင်ခံစာ"သည် မြင့်မားသော အိမ်ထောင်စု အကြွေးတင်မှုကိုပါ ဖော်ပြပြီး ဤစစ်တမ်း မပြုလုပ်ခင် (၁၂) လ အတွင်း ၈၃ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် ချေးငွေများ ရယူခဲ့ကြပါသည်။ ဤသို့ယူရာတွင် သုံးပုံတစ်ပုံမှာ ဘဏ် သို့မဟုတ် အသေးစားချေးငွေ လုပ်ငန်းအဖွဲ့ထံမှ အကြွေးရယူပါသည်။ ကျန်သူများမှာ ငွေတိုး ချေးစားသူများထံမှ အကြွေးရယူကြပါသည်။ ချမ်းသာသူကော ဆင်းရဲသူများပါ အကြွေးရယူကြသော်လည်း ၎င်းတို့၏ ချေးငွေများကို ကွဲပြားသော ရည်ရွယ်ချက်များအတွက် အသုံးပြုကြပါသည်။ လယ်ဧက (၂၀) အထိ ရှိသော လယ်မြေပိုင်ရှင်များ အနက်မှ ၄၈ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး သွင်းအားစုများကို ဝယ်ယူရန် ချေးငွေကို အသုံးပြုကြပြီး၊ ၄၁ ရာခိုင်နှုန်းသည် စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြပါသည်။ လယ်ယာမဲ့များအတွက် ဤကိန်းဂဏန်းများမှာ လုံးဝကွဲပြားပါသည်။ ၃ ရာခိုင်နှုန်းကသာ စိုက်ပျိုးရေး သွင်းအားစုများအတွက် ချေးငွေရယူကြပြီး (၁၃) ရာခိုင်နှုန်းက စီးပွားရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ချေးငွေရယူပါသည်။ အိမ်ထောင်စုများ၏ ၈၅ ရာခိုင်နှုန်းသည် စားသုံးမှုအတွက် ချေးငွေများကို အသုံးပြုပါသည်။ ဤလေ့လာချက်က စီမံချက်ဇရိယာ အတွင်းမှ အသေးစားချေးငွေ ပံ့ပိုးပေးသူများအတွက် သတင်းအချက်အလက်များ ဖော်ထုတ်ပေးပါသည်။ အဘယ်ကြောင့်ဆိုသော် ချေးငွေပေးသူ အများစုမှာ စားသုံးခြင်းထက် အကျိုးရှိသော အသုံးပြုမှုအတွက်သာ ချေးငွေများကို ပိုမို ပေးချင်ကြသောကြောင့် ဖြစ်ပါသည်။ LIFT သည် ကနဦးလေ့လာချက်၏ တွေ့ရှိချက်များကို ၎င်း၏ မိတ်ဘက်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ အစိုးရနှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာ အသိုင်းအဝန်းကို ဖြန့်ချိပေးပြီး ဖြစ်ပါသည်။ အဆီလျော်ဆုံးသော ကနဦးတွေ့ရှိချက်များကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပူးတွဲ ကျင်းပခဲ့သည့် LIFT Forum တွင် တင်ပြခဲ့ပါသည်။ LIFT အနေဖြင့် လေ့လာချက်နှင့် ကိန်းဂဏန်း အချက်အလက် အကြမ်းများကို ၎င်း၏ website တွင် တင်ထားခဲ့ပါသည်။ များစွာသော မိတ်ဖက်အဖွဲ့များသည် ၎င်းတို့၏ ဆန်းစစ် လေ့လာချက်များတွင် ဤကိန်းဂဏန်း အချက်အလက်များကို အသုံးပြုခဲ့ကြပါသည်။ ၎င်းတို့ထဲတွင် မြန်မာ ဖွံ့ဖြိုးရေး သုတေသနဌာန (MDRI), မီချီဂန်ပြည်နယ် တက္ကသိုလ်၊ နယူးယောက်တက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD)၊ Investment Policy

89 Baseline study သည် အဓိကအားဖြင့် အပူပိုင်းဇုံ၊ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဇုံနှင့် တောင်တန်းဒေသဇုံ ဟူသည့် စိုက်ပျိုးစီးပွားဇုံ (၃) ခု အတွင်းရှိ အိမ်ထောင်စုပေါင်း ၄၀၀၀ ကို စာရင်းကောက်ယူမှုအပေါ် အခြေခံသည်။ ဇုံတစ်ခုချင်းစီတွင် LIFT ရန်ပုံငွေ ရရှိသော စီမံကိန်းများ လုပ်ငန်း ဆောင်ရွက်ဆဲ သို့မဟုတ် ၂၀၁၂ အစပိုင်းတွင် လုပ်ငန်း စတင်ရန် ရှိသော ကျေးရွာများ စာရင်းမှ ရွာ ၅၀ ကို ကျပန်း ရွေးချယ်ခဲ့သည်။ အစီအစဉ်သစ်တစ်ခု စတင်ရန် အဆိုပြုထားသော ဂီရိ မုန်တိုင်းဒဏ်ခံ ဒေသမှ ရွာ ၅၀ ကိုလည်း ထည့်သွင်းထားသည်။ ရွာတစ်ရွာချင်းစီတွင် အိမ်ထောင်စု ၁၆ စုစီကို တွေ့ဆုံ မေးမြန်းခဲ့သည်။ နောက်ဆုံးတွင် ယင်းဇုံ ၃ ခုအတွင်း LIFT မှ ဝင်ရောက် ဆောင်ရွက်နေခြင်း မရှိသော (ဝင်ရောက်ရန် ရည်ရွယ် မထားသော) ရွာများမှ control household ၈၀၀ ကို ရွေးချယ်သည်။ အိမ်ထောင်စု တွေ့ဆုံမေးမြန်းမှုကို ကျေးရွာမှတ်တမ်း တစ်ခုနှင့် focus group discussion ၁၂ ခုတို့ဖြင့် အားဖြည့် ပေးသည်။

Review of Myanmar နှင့် Oxfam Novib (Netherlands) တို့ ပါဝင်ပါသည်။

## အရည်အသွေးဆိုင်ရာ လူမှုစီးပွား စောင့်ကြည့်လေ့လာချက် (QSEM)

၂၀၁၁ ခုနှစ်တွင် အရည်အသွေးဆိုင်ရာ စောင့်ကြည့်လေ့လာချက် စံပြစီမံချက်အပြီးတွင် LIFT သည် အရည်အသွေးဆိုင်ရာ လူမှုစီးပွား စောင့်ကြည့်လေ့လာချက် (QSEM) သုံးနှစ် စီမံချက်တစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် ဖော်ဆောင်စေခဲ့ပါသည်။ QSEM က မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် ပြည်သူများ မည်သို့ အသက်မွေးဝမ်းကြောင်းမှု ပြုကြသည်၊ မည်သည့် ကျယ်ပြန့်သော အချက်များက ထိုသို့ပြုလုပ်နိုင်ရန် ၎င်းတို့၏ အရည်အသွေးကို ပုံဖော်ပေးသည်၊ ပိုမို ကျယ်ပြန့်သော လူမှုရေးနှင့် လူ့အဖွဲ့အစည်း ဆိုင်ရာ ဖွဲ့စည်းပုံ သဘောလက္ခဏာများက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ရလဒ်များကို မည်သို့အကျိုး သက်ရောက်သည်ကို ဆန်းစစ်ပါသည်။ "ကွင်းဆင်းလုပ်ငန်း[90]" ကို ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုနှင့် နည်းပညာအထောက်အပံ့တို့ဖြင့် MDRI က ပြုလုပ်ပါသည်။

ဤလေ့လာချက်က ဒေသအလိုက် အခြေအနေနှင့် ဒေသအချင်းချင်း ကွဲပြားမှုများကို ပိုမို နားလည်နိုင်စေရန်၊ LIFT က ပံ့ပိုးပေးသော ကူညီမှုအမျိုးမျိုး၏ထိရောက်မှုများကို အကျိုးသက်ရောက်သည့် ကူညီပံ့ပိုးပေးသော အချက်များနှင့် အတားအဆီးပြုသော အချက်များကို နားလည်စေရန် ကူညီရန်နှင့် အချိန်နှင့်အမျှ ပေါ်လာသည့် စိန်ခေါ်မှုအသစ်များကို တုန့်ပြန်ရာတွင် LIFT ကို ကူညီရန် ရည်ရွယ်ပါသည်။ ထို့အပြင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုတေသနနှင့် ဆန်းစစ်ချက်များကို ပြုလုပ်ရန်အတွက် ဒေသခံများ၏ စွမ်းရည်ကို ထူထောင်ပေးရန် နည်းလမ်းတစ်ခုကိုပါ ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ QSEM သည် ပြောင်းလဲနေသော အသက်မွေးမှုဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်းသည့် ဇာတ်လမ်းတစ်ပုဒ်ကို ဖော်ပြခဲ့ပြီး ၂၀၁၃ ခုနှစ် LIFT ၏ အိမ်ထောင်စုလေ့လာချက်မှ ကောက်ယူခဲ့သည့် အချက်အလက်များကို ထပ်မံ ဖြည့်ဆည်းပေးပါမည်။

ပထမဆုံး QSEM အစီရင်ခံစာအရ အိမ်ထောင်စုအများစုက မြေယာအနည်းငယ်စီသာ ပိုင်ဆိုင်ကြသော ချင်းပြည်နယ်မှ လွဲ၍ ဒေသအတော်များများတွင် အဓိက အသက်မွေးဝမ်းကျောင်းမှု၏ အတွေ့ရဆုံး ပုံစံမှာ နေ့စား ကျပန်းအလုပ်ဖြစ်ကြောင်း သိရသည်။ အသေးစား လယ်ယာလုပ်ငန်းသည် ဒုတိယအတွေ့ရဆုံး အဓိက အသက်မွေးမှုလုပ်ငန်း ဖြစ်သည်။ ဤသုတေသနက အတိုးနှုန်း မြင့်မားစွာ ပေးရသော ဆင်းရဲသားများအတွက် တတ်နိုင်သော ချေးငွေ ရရှိနိုင်မှု မရှိခြင်းကို နေရာအနှံ့အပြားတွင် တွေ့ရသည်ဟု ဆိုပါသည်။ ကွင်းဆင်းလုပ်ငန်း မတိုင်မီ (၂) နှစ်အတွင်း အချို့ဒေသများတွင် ပြင်ပမှ ကူညီမှုကြောင့် ချေးငွေ တိုးတက်ရရှိလာသော်လည်း တတ်နိုင်သော ချေးငွေရရှိမှုမှာ လုံလုံလောက်လောက် မရှိပါ။ ပြည်သူများမှာ အတိုးနှုန်း ကြီးမြင့်စွာ ယူသော ငွေချေးငှားသူများကိုသာ မှီခိုနေရပါသည်။ အိမ်ထောင်စု အများစုသည် မြင့်မားသော ကြွေးမြီဝန်ထုပ်ဝန်ပိုးနှင့် ရင်ဆိုင်ရပါသည်။ ဤကြွေးမြီမှာ ဒေသအလိုက်၊ အလုပ်အကိုင်အလိုက် ကွဲပြားပါသည်။ ကြွေးမြီများနှင့် ရှန်းကန်နေရမှုက ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်စွမ်းကို အဟန့်အတား ဖြစ်စေပြီး အချို့သည် လယ်မြေဆုံးရှုံးရ၍ အချို့မှာ အလုပ်အကိုင်များ ပြောင်းလဲ လုပ်ကိုင်ကြရပါသည်။ ပြည်သူများ၏ ငွေကြေး စုဆောင်းနိုင်မှုကို ကြွေးမြီ၊ သီးနှံဆုံးရှုံးမှုနှင့် ငါးအထွက်နှုန်း ကျဆင်းမှုတို့က အဟန့်အတား ပြုနေပါသည်။ ဤလေ့လာချက်က ဆင်းရဲမွဲတေမှုနှင့် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှု ရွေးချယ်ခြင်းကြားတွင် အလွယ်တကူ မမြင်နိုင်သော ဆက်နွယ်မှုများ ရှိနေသည်ဟု ဖော်ထုတ်ပါသည်။ ဤအချက်များက ဆင်းရဲသော အိမ်ထောင်စုများကို အမျိုးမျိုး အကျိုးသက်ရောက် ပါသည်။ ၎င်းတို့က ဆင်းရဲသော အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုကို အနှောင့်အယှက် အဟန့်အတားပြုပြီး ၎င်းတို့ကို အခြေအနေဆိုးများနှင့် ရင်ဆိုင်ရသည့်အခါ ပိုမိုထိခိုက်လွယ်စေပြီး ရာသီဥတုအပေါ်တွင် ပိုမို မှီခိုရစေပါသည်။ အခက်အခဲများကိုရင်ဆိုင်ရာတွင် စိန်ခေါ်မှုများနှင့် ပိုမို ကြုံရပါသည်။ ဒေသအလိုက် ကွဲပြားမှု ရှိသော်လည်း ချေးငွေ မရရှိမှုနှင့် ဈေးကွက် လက်လှမ်းမီရန် အကန့်အသတ်ရှိမှုတို့က ဆင်းရဲသော အိမ်ထောင်စုများနှင့် ချမ်းသာသော အိမ်ထောင်စုများကိုပါ အကျိုးသက်ရောက်ပါသည်။ ဒေသအလိုက် ကွဲပြားမှုရှိသော်လည်း ရာသီဥတု ပြောင်းလဲမှု၊ သီးနှံဈေးနှုန်း ကျဆင်းမှု၊ ပိုးမွှားများ ကျရောက်မှု၊ သောက်သုံးရေ ရှားပါးမှုနှင့် သဘာဝ ဘေးအန္တရာယ်များက လူတိုင်း၏ အသက်မွေးဝမ်းကျောင်းမှု ရလဒ်များကို ထိခိုက်ခဲ့ပါသည်။ ဤပြဿနာများကို ရင်ဆိုင်ရန်အတွက် အိမ်ထောင်စုများသည် နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြရသည်။ အရေးပါသော ရင်ဆိုင်ရေး မဟာဗျူဟာတစ်ခုမှာ အလုပ်အတွက် နီးစပ်ရာ (သို့မဟုတ် ဝေးကွာသော) မြို့နယ်နှင့် ဒေသများသို့ရွှေ့ပြောင်းကြခြင်းဖြစ်ပါသည်။ အိမ်ထောင်စုများသည် ငွေလွှဲခြင်းအတွက် ရွှေ့ပြောင်း နေထိုင်ခြင်းအပေါ် မှီခိုခဲ့ကြပြီး အဓိကအားဖြင့် ၎င်းတို့၏ အရေးပေါ် သို့မဟုတ် ကုန်ကျစရိတ် များပြားသော လိုအပ်ချက်များကို ဖြည့်မီရန်အတွက် ဖြစ်ပါသည်။ QSEM အစီရင်ခံစာများကို LIFT ၏ Website တွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရရှိနိုင်ပါသည်။ QSEM အစီရင်ခံစာကို ကမ္ဘာ့ဘဏ်က ၎င်းတို့၏ လူထုမောင်းနှင်သော ဖွံ့ဖြိုးမှု Community–driven Development (CDD) အစီအစဉ်ကို ပုံစံရေးဆွဲရာတွင် အသုံးပြုပြီး မီချိုက်ပြည်နယ် တက္ကသိုလ်၊ လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့ (HRW) နှင့် မြန်မာ့စီးပွားရေးအကြံပေးအဖွဲ့ ဥက္ကဌတို့ကလည်း အသုံးပြုပါသည်။

90 လူမှုရေး သုတေသီများ ပါဝင်သော အဖွဲ့သည် ၆ လလျှင် တစ်ကြိမ် ကျေးရွာ ၅၄ ရွာအနက်မှ ရွေးချယ်ထားသော ရွာ ၃၆ ရွာသို့ ရက်ပေါင်းများစွာ သွားရောက်ကြသည်။ ၎င်းတို့က တွေ့ဆုံမေးမြန်းမှုများ၊ အဖွဲ့လိုက် ဆွေးနွေးမှုများ ပြုလုပ်ကာ လူထုကို လေ့လာပြီး ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများကို လေ့လာသည်။ ၂၀၁၂ ခုနှစ်အတွင်း QSEM သည် စိုက်ပျိုးစီးပွားဇုံ ၃ ခုထဲရှိ တိုင်းဒေသကြီး/ ပြည်နယ် ၄ ခု (ချင်းပြည်နယ် (တောင်ပေါ်)၊ မကွေးနှင့် မန္တလေး တိုင်းဒေသကြီး (အပူပိုင်း) နှင့် ရခိုင်ပြည်နယ် (ကမ်းရိုးတန်း)) အတွင်း ကျေးရွာ ၃၆ ရွာမှ အချက်အလက်များ ကောက်ယူခဲ့သည်။ မြို့နယ် တစ်ခုချင်းစီတွင် (မတူညီသော ကျေးရွာအုပ်စုများမှ) ကျေးရွာ သုံးရွာစီကို ရွေးချယ်သည်။ ပထမအကြိမ် သုတေသန ပြုမှုအတွက် အစီရင်ခံစာ (QSEM 1) ကို ၂၀၁၂ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည်။ ဒုတိယအကြိမ် သုတေသန ပြုမှုအတွက် ကွင်းဆင်း လုပ်ငန်းများကို ၂၀၁၂ နိုဝင်ဘာလတွင် စတင်ခဲ့သည်။

## LIFT ၏ ကြားဖြတ် ပြည်လည်ဆန်းစစ်ချက် အစီရင်ခံစာ

LIFT သည် ၎င်း၏ ပထမဦးဆုံး ကြားဖြတ် ပြန်လည်ဆန်းစစ်ချက် တစ်ခုကို ၂၀၁၂ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ဤပြန်လည်ဆန်းစစ်ချက်က LIFT ၏ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ၊ မဟာဗျူဟာများက ရည်ရွယ်ချက်နှင့် ဆီလျော်မှုရှိ မရှိကို နားလည်နိုင်စေရန် ရည်ရွယ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် LIFT ၏ အုပ်ချုပ်ပုံနှင့် စီမံခန့်ခွဲမှု အစီအမံများ၊ ရန်ပုံငွေ ခွဲဝေချထားမှု၊ ငွေထုတ်ပေးမှုနှင့် စောင့်ကြည့်လေ့လာသည့် စနစ်များ၊ အောင်မြင်မှုအတွက် ဖော်ပြထားသော ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ၊ မိတ်ဖက်အဖွဲ့များနှင့် စီမံချက်များ၏ လက်ရှိ မှတ်တမ်းများကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်းဖြင့် ပြုလုပ်ပါသည်။ ဤ ပြန်လည်ဆန်းစစ်ချက်ကို နိုင်ငံတော်နှင့် နိုင်ငံတကာမှ အကြံပေးပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ပြုလုပ်ခဲ့ပါသည်။ ဤအဖွဲ့သည် ရန်ကုန်တွင် LIFT ၏ ဝန်ထမ်းများ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဘုတ်အဖွဲ့ဝင်များ၊ သက်ဆိုင်သူများကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်ရှိ စီမံချက်နေရာများသို့ သွားရောက်ခဲ့ပါသည်။ ဤပြန်လည်ဆန်းစစ်ချက် အစီရင်ခံစာ မူကြမ်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် LIFT Fund Board သို့ တင်ပြခဲ့ပြီး LIFT သည် အဖွဲ့တစ်ခုလုံး အနေဖြင့် ကြီးမားကျယ်ပြန့်ပြီး မကြာမကြာဆိုသလို ဆက်သွယ်ရ ခက်ခဲသော ဒေသများတွင် (ညံ့ဖျင်းသော အကောင်အထည်ဖော်မှု စွမ်းရည်နှင့် အစိုးရ၏ ပံ့ပိုးမှုကြောင့်) အစပိုင်းတွင် ခက်ခဲသော အခြေအနေမျိုးတွင် ရှုပ်ထွေးခက်ခဲသော နယ်ပယ်တွင် လုပ်ဆောင်နေသည့် စီမံချက် အများအပြားကို ဖော်ထုတ်၊ ရန်ပုံငွေ ထောက်ပံ့၍ ပံ့ပိုးပေးရာတွင် အောင်မြင်မှု ရရှိနေသည်ဟု ဖော်ပြပါသည်။ ထို့အပြင် LIFT သည်ထပ်လောင်း တန်ဖိုးရှိစေသည့် အလှူရှင်များ စုပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်း ရန်ပုံငွေ ထည့်ဝင်မှုအတွက် အသုံးဝင်သော စနစ်တစ်ခုကို တည်ဆောက်ခဲ့ပါသည်။ LIFT ၏ Fund Board နှင့် Fund Manager ၏ သုံးသပ်ချက်များ ပါဝင်သည့် နောက်ဆုံး အစီရင်ခံစာသည် ၂၀၁၃ ခုနှစ် မတ်လတွင် အဆင်သင့် ဖြစ်ပါလိမ့်မည်။ ဤကြားဖြတ် ပြန်လည်ဆန်းစစ်ချက်၏ နောက်ဆုံး ကောက်ချက်များသည် LIFT Fund Board ကို နောက်လာမည့် နှစ်များအတွက် မဟာဗျူဟာ ချမှတ်ရာတွင် ကူညီပေးပါလိမ့်မည်။

## Delta (2) နှင့် နိုင်ငံအဝန်း အစီအစဉ်အတွက် LIFT ၏ နှစ်လည် ပြန်လည်ဆန်းစစ်ချက်

ကြားဖြတ် ပြန်လည်ဆန်းစစ်ချက် အစီရင်ခံစာသည် LIFT က ပံ့ပိုးပေးသော စီမံချက်များ၏ စွမ်းဆောင်မှုကို ထည့်သွင်း စဉ်းစားခြင်းနှင့် ရလဒ်များကို ပြန်လည် ဆန်းစစ်ခြင်း မပြုခဲ့ပါ။ ဤလုပ်ငန်းသည် နှစ်လည် ပြန်လည်ဆန်းစစ်ချက် အစီရင်ခံစာက ပြုလုပ်ရမည် ဖြစ်သည်။ ၂၀၁၂ ခုနှစ် ပထမ (၆) လတွင် LIFT ၏ အကြီးဆုံး အစိတ်အပိုင်း (၂) ခု ဖြစ်သည့် Delta (2) နှင့် Countrywide Programme (CWP) ပါဝင်သော စီမံချက်အများစုသည် ၎င်းတို့၏ (၃) နှစ် လုပ်ငန်းလည်ပတ်မှုတွင် တစ်ဝက် သို့မဟုတ် တစ်ဝက်နီးပါးရှိခဲ့ပါသည်။ ရည်မှန်းချက်များမှာ လုပ်ဆောင်ခဲ့သော တိုးတက်မှုကို အကဲဖြတ်ရန်နှင့်၊ စီမံချက်အခွဲ (၂) ခု အနက်မှ တစ်ခုစီတွင် မိတ်ဖက်များက အသုံးပြုခဲ့သော ချဉ်းကပ်မှုများကို ခွဲခြမ်းစိစစ်ရန်၊ မိတ်ဖက်အဖွဲ့များ အနေဖြင့် ရည်မှန်းထားသည့် ရလဒ်များကို ရရှိရန်အတွက် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေခြင်း ရှိမရှိကို ဆုံးဖြတ်ရန်တို့ ဖြစ်ပါသည်။

ဤပြန်လည်ဆန်းစစ်ချက်က ဆီလျော်မှု၊ ထိရောက်မှုနှင့် စွမ်းဆောင်နိုင်မှု (ရေရှည် တည်တံ့နိုင်မှုနှင့် အကျိုးသက်ရောက် မှုများပါ အကျုံးဝင်သည့် နေရာတွင် ထည့်သွင်းရန်) တို့၏ အကဲဖြတ်ချက် နှုန်းစံများကို ထည့်သွင်း စဉ်းစားပါမည်။ မိတ်ဖက်များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးခွန်းထုတ်သွားမည် ဖြစ်ပြီး ၎င်းတို့၏ ချဉ်းကပ်မှုများ ပေါင်းစည်းပါဝင်မှု၊ စီမံချက် အထောက်အကူ ပေးမှုနှင့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းတို့တွင် Fund Manager ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းပါဝင်မှုတို့ကိုပါ မေးခွန်းထုတ်ပါမည်။ ဤပြန်လည်သုံးသပ်ချက်သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ပြီး ၎င်း၏ နောက်ဆုံးအစီရင်ခံစာကို ၂၀၁၃ ခုနှစ် မေလတွင် တင်သွင်းမည် ဖြစ်ပါသည်။

## ကုန်ကျစရိတ်နှင့် ထိုက်တန်သော ရလဒ်များ ရှိ/မရှိ ဆန်းစစ်ချက်

၂၀၁၂ ခုနှစ်၏ နောက်ဆုံးလများတွင် LIFT သည် ကုန်ကျစရိတ်နှင့် ထိုက်တန်သော ရလဒ်များ ရှိ မရှိ ဆန်းစစ်ချက် (VfM) အစီရင်ခံခြင်း အတွက် မူဘောင်တစ်ခုကို စတင် ပြုစုခဲ့ပါသည်။ ကုန်ကျစရိတ်နှင့် ထိုက်တန်သော ရလဒ်များ ရှိ မရှိ ဆန်းစစ်ချက်များသည် စီးပွားရေး နှုန်းစံ၊ ထိရောက်မှုနှင့် စွမ်းဆောင်နိုင်မှု နှုန်းစံများကို စုစည်း ပေါင်းစပ်လိုက်ပြီး တန်းတူညီမျှရေး ကိစ္စရပ်များကိုပါ ထည့်သွင်း စဉ်းစားပါသည်။ ဤနေရာတွင် စီးပွားရေး ဟူသည်မှာ မှန်ကန်သော ဈေးနှုန်းဖြင့် မှန်ကန်သော အရည်အသွေး ရှိသည့် သွင်းအားစုများ ရရှိရေးကို ရည်ညွှန်းပါသည်။ စွမ်းဆောင်နိုင်မှု ဆိုသည်မှာ အမြင့်မားဆုံး အရေအတွက်နှင့် အရည်အသွေးကို ရည်မှန်းပြီး ဤသွင်းအားစုများကို အကျိုးရလဒ်များအဖြစ် အသွင်ပြောင်းခြင်းကို ဆိုလိုပါသည်။ ထိရောက်မှုဆိုသည်မှာ အကျိုးရလဒ်များက ရလဒ်များဆီသို့ မည်မျှ အတိုင်းအတာအထိ ဦးတည်သွားသည်ကို တိုင်းတာမှု ဖြစ်သည်။ ဤရလဒ်မှာ LIFT အတွက်ဆိုလျှင် ဆင်းရဲသော ကျေးလက်ပြည်သူများ၏ ဝင်ငွေနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်ရေးကို ဆိုလိုပါသည်။

LIFT အနေဖြင့် ကုန်ကျစရိတ်နှင့်ထိုက်တန်သော ရလဒ်များ ရှိ မရှိ ဆန်းစစ်ချက် နှုန်းစံများ တစ်ခုချင်းစီ၏ သဘော လက္ခဏာများကို (ဥပမာ ဝယ်ယူမှုနှင့် အဆိုပြုလွှာများ ရွေးချယ်ခြင်း) ခွဲခြား ဆန်းစစ်ပြီးသော်လည်း ဤနှုန်းစံများကို ပေါင်းစပ်သည့် အားလုံး

စုစည်းပါဝင်သော ချည်းကပ်မှုကို ဖော်ထုတ်ခြင်း မပြုရသေးပါ။ LIFT သည် ကုန်ကျစရိတ်နှင့် ထိုက်တန်သော ရလဒ်များ ရှိ မရှိ ဆန်းစစ်ချက် မူဘောင် တစ်ခု ဖော်ထုတ်ရေးအတွက် လုပ်ဆောင်နေပြီး ဤမူဘောင်က Fund Manager ကို ၎င်း၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှု (စီးပွားရေးနှင့် စွမ်းဆောင်ရည်ရှိမှု နှုန်းစံများ အသုံးပြုလျှက်) ၏ အဓိက လုပ်ငန်းရပ် (၂) မျိုးနှင့် စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာရေးနှင့် အကဲဖြတ်ရေး (ထိရောက်မှုနှင့် စွမ်းဆောင်ရည်ရှိမှု) ကို ပေါင်းစည်းနိုင်ရန် ခွင့်ပြုပါလိမ့်မည်။ ဤအချက်က LIFT ကို မည်သည့် ကူညီမှုက ကုန်ကျစရိတ်နှင့် ထိုက်တန်သော အကျိုးရလဒ်များ ပေးသည်၊ မည်သည့်ကူညီမှုက မပေးသည် ဆိုသည်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေ ပါလိမ့်မည်။ ကုန်ကျစရိတ်နှင့် ထိုက်တန်သော ရလဒ်များ ရရှိခြင်း ရှိ မရှိ ဆန်းစစ်ချက်သည် ၂၀၁၃ ခုနှစ်တွင် LIFT ၏ လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတွင် အဓိက ပါဝင်ပါမည်။

LIFT သည် ၂၀၁၃ ခုနှစ်တွင် ၎င်းကိုယ်ပိုင် VfM Startegy ကို စတင်ရန် DFID နှင့် 3MDG Fund တို့နှင့် နီးစပ်စွာ ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

## စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် သင်ခန်းစာများ

- <u>ကိန်းဂဏန်း အချက်အလက်များ၏ အရည်အသွေးနှင့် အရည်အသွေး ထိန်းချုပ်မှု၏ အရေးပါမှု</u> - LIFT က မိတ်ဖက်အဖွဲ့ များ ထံမှ (၆) လ တစ်ကြိမ် ကောက်ယူသော ကိန်းဂဏန်း အချက်အလက်များ၏ အရည်အသွေးသည် ရှိသင့်သည့် အနေအထားသို့ မရောက်ရှိသေးပါ။ မပြည့်စုံသော တင်ပြမှုများနှင့် အညွှန်းများကို ကွဲပြားခြားနားစွာ အဓိပ္ပါယ် ကောက်ယူကြခြင်း တို့က ကိန်းဂဏန်း အချက်အလက်များကို နှိုင်းယှဉ်လျှက် စုပေါင်းရန် ခက်ခဲစေပါသည်။ မိတ်ဖက်အဖွဲ့များ၏ ဝန်ထမ်းများ ပြောင်းလဲမှုနှင့် (Fund Manager ရှိ ဝန်ထမ်းများ) ၏ ဝန်ထမ်းများ ပြောင်းလဲမှုက စွမ်းရည်တည်ဆောက်မှုကို ရှုပ်ထွေးစေပါသည်။ အကြောင်းမှာ လူသစ်များက သတင်းအချက်အလက်များ ပြုစုရန်အတွက် LIFT ၏ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာ အဖွဲ့သည် အရည်အသွေး ထိန်းချုပ်မှု တိုးတက်ရေးနှင့် ၎င်းကောက်ယူသော စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသည့် ကိန်းဂဏန်း အချက်အလက်များ ကန့်သတ်ခြင်းကို အာရုံစူးစိုက်သင့်ပါသည်။ အရည်အသွေး ထိန်းချုပ်မှု တိုးတက်ရေးအတွက် လိုအပ်သော ဆောင်ရွက်ချက်များကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် မိတ်ဖက်အဖွဲ့များကို သုံးစွဲသူများနှင့် ပိုမို ရင်းနှီးကျွမ်းဝင်စွာ အသုံးပြုနိုင်သည့် ပုံစံနှင့် ပိုမိုတိုတောင်းသော စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရေး မှတ်တမ်း စာရွက်များကို ထောက်ပံ့ ပေးသွားပါမည်။

- <u>အကျိုးရလဒ်များကို အစီရင်ခံခြင်းမှ ရလဒ်များ အစီရင်ခံခြင်းသို့ ရွှေ့ပြောင်းသွားခြင်း</u> - စီမံချက်များ၏ စတင်သည့်အဆင့်နှင့် အကောင်အထည်ဖော်သည့် ပထမနှစ်များအတွင်း LIFT သည် မိတ်ဖက်အဖွဲ့များထံမှ လုပ်ငန်းဆောင်ရွက်မှုနှင့် အကျိုးရလဒ်ဆိုင်ရာ သတင်းအချက်အလက်များကို မိတ်ဖက်များထံမှ လိုအပ်ခဲ့ပါသည်။ သို့သော် ရလဒ်များနှင့် အကျိုးကျေးဇူးများ မရရှိနိုင်ခဲ့ပါ။ ယခုအခါတွင် LIFT သည် ၎င်း၏ စီမံချက်များ၏ ရလဒ်များနှင့် အကျိုးကျေးဇူးများကို ပိုမို အာရုံစူးစိုက် နေပါသည်။ သို့သော် မိတ်ဖက်အများအပြား၏ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း စနစ်များမှာ အကျိုးကျေးဇူး များကို သိရှိနိုင်ရန် တည်ဆောက် မထားပါ။ ၎င်းတို့မှာ အကျိုးရလဒ်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းကိုသာ ကန့်သတ်ထားပါသည်။ ထို့ကြောင့် LIFT ၏ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း စနစ်သည် Log Frame အညွှန်း အများစုအတွက် တိုးတက်မှုကို တိုင်းတာရန် အိမ်ထောင်စု စစ်တမ်းများကိုသာ အားထားနေရပါသည်။ ကနဦးစာရင်း ကောက်ယူမှုသည် LIFT ၏ စီမံချက်ဧရိယာ အားလုံးကို ခြုံမိသည့် ပထမဦးဆုံး အိမ်ထောင်စုစစ်တမ်း ဖြစ်ပါသည်။ နောက်ဆက်တွဲ အိမ်ထောင်စု စစ်တမ်းကို ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ပြီးသည်နှင့် Log Frame အညွှန်းများဆိုင်ရာ တိုးတက်မှုများကို တိုင်းတာနိုင်မည် ဖြစ်ပြီး မည်သည့် ရလဒ်များနှင့် အကျိုးသက်ရောက်မှုများ ရရှိခဲ့သည်ကို အကဲဖြတ်နိုင်ပါမည်။ ဤအကဲဖြတ်ချက်ကို QSEM ၁၊ ၂၊ ၃၊ Delta (2) နှင့် နိုင်ငံအဝန်း အစီအစဉ်၏ နှစ်လယ်သုံးသပ်ချက်များက ရရှိလာမည့် အရည်အသွေးဆိုင်ရာ သတင်း အချက်အလက်များနှင့် မိတ်ဖက်များက ပေးသော သတင်းအချက်အလက်များ၏ တိုးပွားလာသော အစုအပေါင်းက အားဖြည့်ပေးပါမည်။

- <u>LIFT ၏ Log Frame အညွှန်းများအတွက် တိုးတက်မှုကို တိုင်းတာရန် စံပြုတိုင်းတာရေး စနစ်များ လိုအပ်ပါသည်</u>။ ၂၀၁၁ ခုနှစ်တွင် ၎င်းတို့၏ ရရှိ အောင်မြင်မှုများကို သတင်းပို့ကြသည့် မိတ်ဖက်များသည် လုပ်ငန်းများနှင့် အကျိုးရလဒ်ဆိုင်ရာ သတင်းများကိုသာ အထူးပြုကြပြီး ရလဒ်များနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များ ထိုအချိန်က မရရှိနိုင်ခဲ့ပါ။ မိတ်ဖက်များ၏ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသော ကိန်းဂဏန်းများကို ကောက်ယူမှုအတွက် အသုံးပြုသော နည်းစနစ်များမှာ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ပိုမို တိုးတက်ခဲ့ပါသည်။ သို့သော်လည်း ၎င်းတို့မှာ လုပ်ငန်းများနှင့် အကျိုးရလဒ်များဆိုင်ရာ သတင်း အချက်အလက်များ ကောက်ယူမှုကိုသာ အဓိက အာရုံစူးစိုက်ဆဲ ဖြစ်ပါသည်။ စီမံချက်များ တိုးတက်လာသည်နှင့်အမျှ လုပ်ငန်းနှင့် အကျိုးရလဒ် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှု ကိန်းဂဏန်း အချက်အလက်များမှာ ယခင်ကကဲ့သို့ ဆီလျော်မှု မရှိတော့ပါ။ ဤရလဒ် သတင်းအချက်အလက်က မိတ်ဖက်အဖွဲ့များနှင့် LIFT ၏ Log Frame အညွှန်းများတွင် ပထမဆုံးအကြိမ် ထင်ဟပ်သလိုပင် LIFT နှင့် ၎င်း၏ မိတ်ဖက်များ၏ စီမံချက်များ၏ အကျိုးသက်ရောက်မှုကို ထည့်သွင်း စဉ်းစားရန်


အခွင့်အလမ်းတစ်ခုကို ပေးပါသည်။ ဤအညွှန်းများအတွက် ရရှိသော ပထမဆုံး မိတ်ဖက်အဖွဲ့ သတင်းအချက်အလက်ကို ဤအစီရင်ခံစာ၏ အခန်း (၂.၃) တွင် ဖော်ပြထားပါသည်။ ဤကိန်းဂဏန်းမှာ မပြည့်စုံပဲ အရည်အသွေး ကွဲပြားနိုင်ပါသည်။ မိတ်ဖက်အဖွဲ့ အားလုံးက LIFT ၏ အညွှန်းများအတွက် တိုးတက်မှုများကို တိုင်းတာရာတွင် တူညီသော နည်းစနစ်များကို အသုံးမပြုကြပါ။ ဤအညွှန်းများက ဆိုလိုချက်ကိုလည်း အမျိုးမျိုး နားလည်ကြပါသည်။ LIFT သည် အညွှန်းများကို ပိုမိုဆက်စပ်စွာ တိုင်းတာနိုင်မည့် စံပြု သတင်းအချက်အလက် ကောက်ယူရေး နည်းစနစ်များကို မိတ်ဆက်ပေးရန် ၎င်း၏ မိတ်ဖက်များအား ပံ့ပိုးမှုကို အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။


## ၄.၃။ LIFT ရန်ပုံငွေ ခွဲဝေချထားမှု (ရလဒ် ၇)

**ဇယား (၂၄) ရလဒ် (၇) အတွက် ၂၀၁၂ နှစ်ကုန်အထိ (ရန်ပုံငွေ ခွဲဝေချထားမှု)**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား % |
|---|---|---|---|---|
| O7.1: FB မူဝါဒနှင့် မဟာဗျူဟာများအား Fund Manager မှ ရှင်းလင်းစွာ သိရှိ လိုက်နာခြင်း | ၁၀၀% | ၉၀% | ၉၀% | ၁၀၀% |
| O7.2: FB မှ အကြံပြုချက်များအား သတ်မှတ် ကာလအတွင်း Fund Manager မှ ရှင်းရှင်းလင်းလင်း အကောင်အထည် ဖော်နိုင်မှု % | ၁၀၀% | ၉၀% | ၉၀%* | ၁၀၀% |
| O7.3: စာရင်းစစ်များမှ "အရေးကြီး" ဟု သတ်မှတ်ခံရသော စာရင်းစစ် ဇရိယာ (FM နှင့် IP နှစ်ခုလုံးအတွက်) % နှင့် အရေအတွက် | အဖွဲ့အားလုံးအတွက် ၀ | အဖွဲ့အားလုံး အတွက် ၀ | ၉ နှင့် ၅%** | ၉၅% |

LIFT ၏အကြီးမားဆုံးရန်ပုံငွေပမာဏသည် မြစ်ဝကျွန်းပေါ်ဒေသအတွက် အသုံးပြုခဲ့ပြီး ဒုတိယအကြီးမားဆုံးရန်ပုံငွေပမာဏကို အပူပိုင်းဇုန်အတွက် အသုံးပြုခဲ့သည်။ ကမ်းရိုးတန်းဒေသအတွက်အသုံးပြုငွေပမာဏမှာ အနည်းဆုံးဖြစ်ပြီး ရန်ပုံငွေ၏ ၄ ရာခိုင်နှုန်းကို




အသုံးပြုခဲ့သည်။ ဤသည်မှာ LIFT က ၂၀၁၃ ခုနှစ်တွင် ရခိုင်တွင်ပြုလုပ်မည့် `တက်လမ်း´ အစီအစဉ်ကြောင့် ပြောင်းလဲသွားပါမည်။[91] LIFT ၏ ရန်ပုံငွေများကို အောက်ပါ စာချုပ်ချုပ်ဆိုသော နည်းစနစ်ဖြင့် ခွဲဝေ ချထားခဲ့ပါသည်။

* ဒီဇင်ဘာ၂၀၁၂အစည်းအဝေး (၁၉/၂၀ ပြီးစီး) နှင့် စက်တင်ဘာ၂၀၁၂ အစည်းအဝေး (၉/၁၁ ပြီးစီး) တို့တွင် ပြုလုပ်ခဲ့သော ဆန်းစစ်မှုကို အခြေခံသည်။ စုစုပေါင်း=၂၈/၃၁=၉၀%

** ၂၀၁၂ တွင် ပြုလုပ်ခဲ့သော FM အတွက် စာရင်းစစ်မှုတွင် "အရေးကြီး" သတ်မှတ်ခံရသော လေ့လာမှု (စုစုပေါင်း ၂၆ ခုအနက်) "၀" ဖြစ်ပြီး မိတ်ဖက်များအား စာရင်းစစ်မှုတွင် "အရေးကြီး" သတ်မှတ်ခံရသော လေ့လာမှု (စုစုပေါင်း ၁၆၁ ခုအနက်) ၉ ခု ပါဝင်ခြင်း ဖြစ်သည်။

91 လုပ်ဆောင်မှုများကို ပထဝီအနေအထားအရ မည်သို့ ဦးတည်ချက်ထားရမည်ကို ဆုံးဖြတ်ရန် အောက်ပါ အချက်များကို LIFT က အသုံးပြုသည်။
- စားနပ်ရိက္ခာ ရှားပါးမှု၊ ဆင်းရဲမွဲတေမှုနှင့် ထိခိုက်လွယ်မှု အမြင့်ဆုံး ဖြစ်သော ဒေသ ဖြစ်ခြင်း
- အစီအစဉ်များအား အကောင်အထည်ဖော်ရန် အတွေ့အကြုံနှင့် စွမ်းရည်ရှိသော နိုင်ငံတကာနှင့် ပြည်တွင်း မိတ်ဖက်အဖွဲ့များ ရှိသော ဒေသ ဖြစ်ခြင်း
- အစီအစဉ် ပေါင်းစပ် ဆောင်ရွက်မှု၊ ကျယ်ပြန့်မှုနှင့် ထိရောက်မှုတို့အတွက် နှစ်ဖွဲ့နှင့်အထက် မိတ်ဖက်များ ချိတ်ဆက်နိုင်မှု အလားအလာရှိသော ဒေသ ဖြစ်ခြင်း
- စီမံကိန်း လုပ်ဆောင်မှုများအား စောင့်ကြည့် အကဲခတ် သုံးသပ်ရန်နှင့် သင်ခန်းစာများ ရယူရန် အခွင့်အလန်းရှိသော ဒေသ ဖြစ်ခြင်းနှင့်
- ကျေးလက်ဒေသအတွင်း ဆင်းရဲသူနှင့် ချမ်းသာသူကြား ဝင်ငွေကွာဟချက် ကျဉ်းမြောင်း၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန် အလားအလာရှိသော ဒေသ ဖြစ်ခြင်း

(၁) Delta (1) - ၂၀၀၉ ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့တွင် အဆိုပြုလွှာများ တင်သွင်းရန် တင်ဒါ ခေါ်ဆောင်ခဲ့ပြီး ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် အဓိက လုပ်ငန်းလုပ်ဆောင်မည့် အဆိုပြုလွှာများကိုသာ ရည်ရွယ်ပါသည်။ တစ်နှစ် စီမံချက် (၂၂) ခုကို ရန်ပုံငွေ ထောက်ပံ့ရန် ရွေးချယ်ခဲ့ပါသည်။ ဤစီမံချက် အားလုံး ယခုအခါ ပြီးဆုံးပြီး ဖြစ်ပါသည်။ စုစုပေါင်း အသုံးစရိတ်မှာ အမေရိကန် ဒေါ်လာ (၁၉.၆) သန်း ဖြစ်ပါသည်။

(၂) Countrywide: ၂၀၀၉ ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့တွင်ပင် အဆိုတင်သွင်းရန် တင်ဒါခေါ်ခဲ့ပြီး အပူပိုင်းဇုန်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များအတွက် လျှောက်လွှာများကို ဖိတ်ခေါ်ခဲ့ပါသည်။ စီမံချက် (၁၆) ခုကို ရန်ပုံငွေ ထောက်ပံ့ခဲ့ပြီး စုစုပေါင်း အသုံးစရိတ် အမေရိကန် ဒေါ်လာ (၃၆.၅) သန်း ဖြစ်ပါသည်။

(၃) Delta (2): အဓိက လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် အဆိုတင်သွင်းရန် ဖိတ်ခေါ်မှုကို ၂၀၁၀ ခုနှစ် အောက်တိုဘာ (၅) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသအတွက် အဓိကထား လုပ်ဆောင်မည့် အဆိုပြုလွှာ အသစ်များကို တောင်းခံခဲ့ပါသည်။ စီမံချက် (၉) ခုကို ရန်ပုံငွေ ထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၈.၂) သန်း ရှိခဲ့ပါသည်။

(၄) Learning and Innovation Window: ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် LIFT သည် Learning and Innovation Window ဟု ခေါ်သည့် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှု အစီအစဉ်သစ်တစ်ခု ထူထောင်မှုကို ကြေငြာခဲ့ပါသည်။ လျှောက်လွှာများ အဆက်မပြတ် လက်ခံရရှိခဲ့ပြီး (၃) လ တစ်ကြိမ် စီစစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအကုန် စာရင်းအရ စီမံချက်ပေါင်း (၁၃) ခုကို ထောက်ပံ့ပေးခဲ့ပြီး စုစုပေါင်း အသုံးစရိတ် အမေရိကန်ဒေါ်လာ (၁၂.၅) သန်း ရှိခဲ့ပါသည်။ ဤစီမံချက်များ အနက်မှ (၂) ခုသည် ၂၀၁၂ ခုနှစ်တွင် ပြီးဆုံးခဲ့ပါသည်။

**ဇယား (၂၅) လက်မှတ်ရေးထိုး ခွင့်ပြုခဲ့သော Learning and Innovation grant များ (၂၀၁၂ အကုန် စာရင်းအရ)**

| အဖွဲ့အစည်း | ပမာဏ (ဒေါ်လာ) | အာရုံစိုက် ဒေသ |
|---|---:|---|
| IRRI (#1) | ၂,၁၀၀,၀၀၀ | မြစ်ဝကျွန်းပေါ် ဒေသ |
| WFP | ၁,၀၆၇,၄၄၉ | နိုင်ငံအဝှမ်း |
| Gender Equality Network | ၃၉၁,၄၂၆ | စွမ်းရည်မြှင့်တင်ခြင်း (ကျား/မ တန်းတူညီမျှရေး) |
| Care International | ၅၀၈,၄၅၅ | တောင်တန်းဒေသ (ရှမ်း) |
| IRRI (#2) | ၂,၀၁၃,၉၄၂ | မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဒေသ |
| Oxfam | ၁၀၀,၀၀၀ | ကမ်းရိုးတန်းဒေသ |
| FSWG | ၁,၃၉၈,၀၅၅ | နိုင်ငံအဝှမ်း |
| Giri Consortium | ၃၅၅,၁၄၂ | ကမ်းရိုးတန်းဒေသ |
| ရတနာဓရော | ၈၆၄,၁၁၀ | မြစ်ဝကျွန်းပေါ် ဒေသ |
| ပေါင်းကူး | ၁၆၀,၀၀၀ | ကမ်းရိုးတန်းဒေသ |
| UN-Habitat | ၁,၉၆၃,၃၃၂ | နိုင်ငံအဝှမ်း |
| SPPRG | ၃၀၇,၁၆၃ | နိုင်ငံအဝှမ်း |
| Save the Children | ၁,၂၆၇,၂၄၂ | နိုင်ငံအဝှမ်း |
| စုစုပေါင်း | ၁၂,၄၉၆,၃၁၆ | |

(၅) Direct Grants: တိုက်ရိုက် ရန်ပုံငွေ ချထားပေးမှု အစီအစဉ်အောက်မှ အမေရိကန်ဒေါ်လာ (၂.၃) သန်း ပမာဏကို Action Aid နှင့် Oxfam အတွက် ခွင့်ပြုခဲ့ပါသည်။ သို့သော် ဤသည်မှာ Learning and Innovation Window ကို မတည်ထောင်ခင်က ဖြစ်ပါသည်။ ဤစီမံချက် (၂) ခုလုံးသည် မြစ်ဝကျွန်းပေါ်ဒေသတွင် အကောင်အထည် ဖော်နေပါသည်။

(၆) Financial Inclusion Window: ၂၀၁၂ ခုနှစ် မတ်လ (၂၂) ရက်နေ့တွင် ကျေးလက်နေ ဆင်းရဲသော အိမ်ထောင်စုများ အတွက် အသေးစား ချေးငွေလုပ်ငန်းများကို ထောက်ပံ့မှုကို ချဲ့ထွင်ရန်အတွက် ရန်ပုံငွေ ထောက်ပံ့ရေး အစီအစဉ်တစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန် စာရင်းအရ စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ (၁၃.၃) သန်း တန်ဖိုးရှိသော စီမံချက် သဘောတူညီမှု (၄) ခုကို လက်မှတ် ရေးထိုးခဲ့ပါသည်။

**ဇယား (၂၆) လက်မှတ်ရေးထိုး ခွင့်ပြုခဲ့သော Financial Inclusion grant များ (၂၀၁၂ အကုန် စာရင်းများအရ)**

| အဖွဲ့အစည်း | ပမာဏ (ဒေါ်လာ) | အာရုံစိုက် ကဏ္ဍ |
|---|---|---|
| PACT MARC | ၅,၅၀၀,၀၀၀ | အငယ်စား MFI များအား စွမ်းရည် မြှင့်တင်ခြင်း |
| UNCDF MAP | ၃၉၆,၀၀၀ | ဘဏ္ဍာရေးဝန်ဆောင်မှုအတွက် ပေးနိုင်အားနှင့် ရလိုအားနှင့် ကဏ္ဍအတွက်လမ်းပြမြေပုံ |
| UNCDF Microlead | ၇,၀၀၆,၀၀၀ | ကျေးရွာများကို အာရုံစိုက်သော Greenfields MFI များ |
| World Bank FIND | ၄၃၀,၀၀၀ | အသေးစားချေးငွေဆိုင်ရာ ကြီးကြပ်သူများအား စွမ်းရည် မြှင့်တင်ခြင်း |
| စုစုပေါင်း | ၁၃,၃၃၂,၀၀၀ | |

# ၄.၄။ ရန်ပုံငွေ စီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်မှု (ရလဒ် ၈)

**ဇယား (၂၇) ရလဒ် (၈) အတွက် ၂၀၁၂ နှစ်ကုန်အထိ (ရန်ပုံငွေ စီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်မှု)**

| အညွှန်း | ၂၀၁၆ အတွက် LIFT log frame ရည်မှန်းချက် | ၂၀၁၂ မှတ်တိုင် ၁ | ၂၀၁၂ ဒီဇင်ဘာအထိ ပြီးစီးမှု | မှတ်တိုင် ၁ နှင့် ပြီးစီးမှုကြား % |
|---|---|---|---|---|
| O8.1: မိတ်ဖက် MoA များနှင့် FB မှ ရန်ပုံငွေ ချထားပေးခြင်း ကိုက်ညီမှု % | ၈၇% | ၈၅% | ၉၉.၆%* | ၁၀၀% |
| O8.2: Fund Manager မှ M&E စနစ် ပြန်လည်သုံးသပ်မှု ပြုလုပ်ပေးပြီးသည့် မိတ်ဖက်အဖွဲ့ % | ၁၀၀% | ၅၀% | ၄၈% | ၉၆% |
| O8.3: Fund Manager မှ ဘဏ္ဍာရေးစနစ် ပြန်လည်သုံးသပ်မှု ပြုလုပ်ပေးပြီးသည့် မိတ်ဖက်အဖွဲ့ % | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန် စာရင်းအရ မိတ်ဖက်အဖွဲ့များသို့ LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၆.၆) သန်း ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ရန်ပုံငွေ စီးဆင်းမှု Fund Flow ကို အောက်ပါဇယားတွင် ပြထားပါသည်။

**ဇယား (၂၈) ရန်ပုံငွေ ချထားမှု ယန္တရားဖြင့် မိတ်ဖက်များသို့ LIFT ၏ ပေးချေမှုများနှင့် ၂၀၁၂ ခုနှစ်အတွင်း အစီရင်ခံလာသော အသုံးစရိတ်**

| ရန်ပုံငွေ ချထားပေးမှု အစီအစဉ်များ | ၂၀၁၂ အတွင်း မိတ်ဖက်များအား ပေးချေပြီးမှု (ဒေါ်လာ) |
|---|---|
| Delta I | ၃၄,၀၄၇ |
| Delta II | ၇,၆၆၃,၅၇၈ |
| နိုင်ငံအဝှမ်း | ၁၀,၆၈၈,၆၀၄ |
| တိုက်ရိုက် ရန်ပုံငွေ ချထားပေးမှု | ၃၃၉,၁၄၂ |
| Learning and Innovation | ၃,၉၈၃,၆၆၅ |
| Financial Inclusion | ၃,၉၃၈,၅၂၄ |
| စုစုပေါင်း ပေးချေပြီးမှု | ၂၆,၆၄၇,၅၆၀ |

ဇယား (၂၉) ၂၀၁၂ အကုန်ထိ ရယူသုံးစွဲသည့် အဖွဲ့အစည်း အမျိုးအစားအလိုက် စုစုပေါင်း ရန်ပုံငွေ ချထားပေးမှု (ဒေါ်လာ)[92]

| | Delta 1 | နိုင်ငံအဝှမ်း | Delta 2 | Learning & Innovation | Financial Inclusion | တိုက်ရိုက် ရန်ပုံငွေ ချထားပေးမှု |
|---|---|---|---|---|---|---|
| INGOs | ၁၄,၈၂၅,၉၂၅ | ၂၅,၁၀၉,၃၂၀ | ၁၁,၆၄၄,၅၁၃ | ၂,၉၂၉,၄၂၈ | ၅,၄၉၉,၁၃၄ | ၂,၂၉၂,၇၄၄ |
| Local NGOs | ၈၁၇,၄၇၀ | ၅,၄၁၇,၇၁၇ | ၆၀၇,929 | ၂,၄၂၂,၁၆၅ | | |
| ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့စည်းများ | ၄,၁၁၃,၂၀၁ | ၅,၉၉၂,၀၉၉ | ၆,၀၀၀,၀၀၀ | ၇,၁၄၄,၇၂၃ | ၇,၈၁၂,၇၁၄ | |
| စုစုပေါင်း | ၁၉,၇၉၆,၅၉၆ | ၁၆,၅၁၉,၁၁၅ | ၁၈,၂၅၂,၄၄၂ | ၁၂,၄၉၆,၁၁၆ | ၁၃,၃၁၁,၈၆၈ | ၂,၂၉၂,၇၄၄ |

## မိတ်ဖက်များ၏ စွမ်းဆောင်မှုကို စောင့်ကြည့်အကဲခတ်ခြင်း

LIFT က ရန်ပုံငွေ ပံ့ပိုးပေးသော စီမံချက်များ၏ စွမ်းဆောင်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာရန်အတွက် အဓိက အသုံးပြုသော စနစ်များမှာ

(၁) Fund Manager နှင့် Fund Board ၏ ပုံမှန် ကွင်းဆင်းခရီးစဉ်များ
(၂) Fund Manager သို့ တစ်နှစ်လျှင် နှစ်ကြိမ် တင်သွင်းသည့် အစီရင်ခံစာများ
(၃) စီမံချက်များကို အခါအားလျော်စွာ ပြုလုပ်သော ပြင်ပမှ ပြန်လည်ဆန်းစစ်ချက်များ (ဥပမာ - Delta (2) နှင့် နိုင်ငံအဝန်း အစီအစဉ်၏ နှစ်လယ် ပြန်လည်ဆန်းစစ်ချက်)
(၄) ပြင်ပမှ စာရင်းစစ်အဖွဲ့က ပြုလုပ်သောစာရင်းစစ်မှုများ

Fund Manager သည် LIFT က ရန်ပုံငွေ ပံ့ပိုးသော စီမံချက်တစ်ခုစီကို တစ်နှစ်လျှင် (၃) ကြိမ် သွားရောက်ပါသည်။ Fund Manager သည် ဖြေရှင်းရန် လိုအပ်သော အရေးကြီးကိစ္စများ ရှိပါက စီမံချက်များကို တစ်နှစ်လျှင် (၄) ကြိမ် (သို့မဟုတ်) ထို့ထက် ပို၍ သွားရောက်ပါသည်။ ဤခရီးစဉ်များ အတွင်းတွင် Fund Manager သည် မိတ်ဖက်များ၏ စီမံချက်များ၏ တိုးတက်မှုကို အကဲဖြတ်ခြင်း၊ စီမံချက် အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ ကြုံတွေ့ရသည့် ကိစ္စများကို ဖော်ထုတ်ခြင်း၊ အသုံးပြုသော ချဉ်းကပ်မှုများ၏ နိုင်းယှဉ် အကဲဖြတ်မှုမှတစ်ဆင့် သင်ခန်းစာများကို ရယူရန် ကြိုးစားခြင်းတို့ကို ဆောင်ရွက်ပါသည်။ ခရီးစဉ်တစ်ခု ပြီးနောက်တွင် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သဘောတူညီကြရန်နှင့် တွေ့ရှိချက်များကို ဆွေးနွေးရန်အတွက် မိတ်ဖက်များနှင့် မေးမြန်းမှုများကို ပြုလုပ်ပါသည်။ Fund Board အဖွဲ့ဝင်များသည် စီမံချက်များကို ပုံမှန် သွားရောက်ပါသည်။ ၂၀၁၂ ခုနှစ်တွင် Fund Manager သည် ကျေးရွာပေါင်း (၃၄၉) ရွာသို့ ကွင်းဆင်းစစ်ဆေးမှု ခရီးစဉ်ပေါင်း (၁၂၀) ပြုလုပ်ခဲ့ပါသည်။[93]

မိတ်ဖက်အဖွဲ့အားလုံးသည် Fund Manager ထံသို့ နှစ်လယ်အစီရင်ခံစာနှင့် နှစ်ချုပ် အစီရင်ခံစာများ တင်သွင်းရပါသည်။ ဤအစီရင်ခံစာများတွင် ဇာတ်လမ်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအပြင် လုပ်ငန်းများ၊ အကျိုးရလဒ်များနှင့် အကျိုးကျေးဇူးများနှင့် သက်ဆိုင်သည့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသော ကိန်းဂဏန်း အချက်အလက်များ ပါဝင်ပါသည်။

သို့သော်လည်း LIFT က ရန်ပုံငွေ ပံ့ပိုးပေးသော စီမံချက်များ၏ ကြီးမားသည့် လုပ်ငန်းစဉ်ကို သင်တင့်လျှောက်ပတ်စွာ စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာရန်အတွက် လိုအပ်သော နည်းပညာ စွမ်းရည်များကို ထိန်းသိမ်းထားရန် Fund Manager အတွက် ခက်ခဲပါသည်။ မြစ်ဝကျွန်းပေါ်ရှိ ADRA ၏ ရေထွက်ပစ္စည်း စီမံချက်သည် ၎င်းတွင် ရေထွက်ပစ္စည်းဆိုင်ရာ သင်တန်းနှင့် အတွေ့အကြုံရှိသူ ဝန်ထမ်းတစ်ဦးသာရှိပါက Fund Manager အနေဖြင့် ပိုမိုစောလျင်စွာ ကူညီဖြေရှင်းပေးနိုင်ခဲ့မည်။ နည်းပညာဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ အဖြစ်နိုင်ဆုံးမှာ LIFT စီမံချက်များ ပါဝင်လုပ်ဆောင်နေသည့် နည်းပညာဆိုင်ရာ နယ်ပယ်အားလုံးတွင် ကျွမ်းကျင်မှုကို Fund Manager ၏ ဝန်ထမ်းများ အားလုံး ရရှိနိုင်စေရန်သည် အောင်မြင်ရန် ခက်ခဲသော စိန်ခေါ်မှုတစ်ရပ် အမြဲ ဖြစ်နေပါမည်။ စမ်းသပ်ကြည့်သင့်သော အခြား ဖြေရှင်းချက်တစ်ခုမှာ Fund Manager ၏ ကျွမ်းကျင်မှုနယ်ပယ် ပြင်ပရှိ စီမံချက်များကို ကူညီ၍ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရန် ပြင်ပ နည်းပညာအထောက်အကူများကို စာချုပ်ချုပ်ဆိုရန် ဖြစ်ပါသည်။

ထို့အပြင် LIFT ကရန်ပုံငွေထောက်ပံ့သော စီမံချက်များအားလုံးကို နှစ်စဉ် စာရင်းစစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် စီမံချက် (၄၂) ခုအတွက် LIFT ၏ နိုင်ငံတကာ NGO မိတ်ဖက်များနှင့် ပြည်တွင်းမိတ်ဖက်များက အစီရင်ခံသော ၂၀၁၁ ခုနှစ်အတွက် အသုံးစရိတ် အမေရိကန်

* မိတ်ဖက်များအား စာရင်းစစ်မှုများက မိတ်ဖက်အဖွဲ့ ၂၈ ဖွဲ့၏ (စီမံကိန်း ၄၂ ခုအတွက်) အသုံးစရိတ် စုစုပေါင်း၏ ၀.၃၉% ဖြစ်သော စုစုပေါင်း ဒေါ်လာ ၄၂,၉၈၀ အား မသင့်လျော်ဟု သတ်မှတ်ခဲ့သည်။

92 ယင်းသည် Fund Manager နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သော မိတ်ဆက်အဖွဲ့များသာ ဖြစ်သည်။ INGO အများအပြားသည် ဒေသခံ မိတ်ဖက် CSO များအားနှင့် သဘောတူညီ စာချုပ်ချုပ်ဆို၍ လက်ခွဲ လုပ်ကိုင်စေခဲ့ကြသည်။

93 ခရီးစဉ်များမှာ မြစ်ဝကျွန်းပေါ်ဒေသ (၄၉ ခု)၊ အပူပိုင်းဇုံ (၃၄ ခု)၊ တောင်တန်းဒေသ (၁၉ ခု) နှင့် ကမ်းရိုးတန်းဒေသ (၁၈ ခု) တို့ ဖြစ်သည်။

ဒေါ်လာ (၁၁) သန်းအား စာရင်းစစ်မှုကို လုပ်ငန်းစဉ် (၂) ခုခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့မှာ ၂၀၁၀ ခုနှစ်တွင် စာရင်းစစ်ခဲ့သော မိတ်ဖက်များအတွက် အသုံးစရိတ် စစ်ဆေးခြင်းနှင့် ယခင်က စာရင်းမစစ်ခဲ့ဖူးသော မိတ်ဖက်အဖွဲ့ အသစ်များအတွက် အလုံးစုံ စာရင်းစစ်ဆေးမှုတို့ ဖြစ်ပါသည်။ ရလဒ်များမှာ ကောင်းမွန်ပြီး ဆိုးဆိုးရွားရွား ပြဿနာများ မတွေ့ရှိခဲ့ပါ။ ပြည်တွင်း NGO အသစ် (၅) ဖွဲ့၏ ပျမ်းမျှရလဒ်များနှင့် နိုင်ငံတကာ NGO မိတ်ဖက်အသစ် (၅) ဖွဲ့၏ ပျမ်းမျှရလဒ်များမှာ တူညီကြပါသည်။

စာရင်းစစ်ပြီးနောက်တွင် မိတ်ဖက်အဖွဲ့ တစ်ခုစီသည် Audit Action Plan ကို ဆွဲ၍ စာရင်းစစ် တွေ့ရှိချက်များကို ဖြေရှင်းရပါသည်။ Fund Manager သည် ထိုအစီအစဉ်ကို စစ်ဆေးပြီး ၎င်းတို့၏ ထိုအစီအစဉ် အကောင်အထည်ဖော်မှုကို နှစ်လယ် အစီရင်ခံစာနှင့် နှစ်ချုပ် အစီရင်ခံစာများတွင် ထည့်သွင်း အစီရင်ခံစေပါသည်။ ဤသည်မှာ Fund Manager က မိတ်ဖက်များတွင် လုံလောက်သော ဌာနတွင်း ဘဏ္ဍာငွေ ထိန်းချုပ်မှုများရှိရေး သေချာစေရန် လုပ်ဆောင်သော အဓိကလုပ်ငန်းစဉ် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသော ပထမဦးဆုံး စနစ် (၃) ခုသည် စီမံချက်များက ဖော်ဆောင်ပေးနေသော ရလဒ်များကို အဓိက အာရုံစူးစိုက်ပါသည်။ ဤသည်ကို မြှင့်တင်ပေးရန်အတွက် LIFT သည် ၂၀၁၂ ခုနှစ်တွင် မိတ်ဖက်အဖွဲ့များ၏ စီမံချက် စီမံခန့်ခွဲမှု စွမ်းဆောင်မှုကို စနစ်တကျ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရန်အတွက် စနစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ပါသည်။ အညွှန်းများကို တတ်နိုင်သမျှ ဓမ္မဒိဋ္ဌာန်ကျအောင် သေချာစွာ ရွေးချယ်ထားပါသည်။

**ဇယား (၃၀) စီမံကိန်း စီမံခန့်ခွဲမှု စွမ်းဆောင်ရည်ကို စောင့်ကြည့် အကဲဖြတ်ရန် သုံးခဲ့သည့် အညွှန်းကိန်းများ**[94]

| | အညွှန်းကိန်း | အဓိပ္ပါယ်ဖွင့်ဆိုမှု | အခြေခံအကြောင်းနှင့် ယူဆချက်များ |
|---|---|---|---|
| ၁ | အကောင်အထည် ဖော်မှု နှုန်း | သုံးစွဲလိုက်သော ဘတ်ဂျက် အချိုးအစား/ လစ်ဟင်းသွားသော စီမံကိန်း အချိုးအစား | အသုံးစရိတ်သည် စီမံကိန်း သက်တမ်းတစ်လျှောက် အညီအမျှ ဖြန့်ကျက်ကုန်ကျသည်ဟု ယူဆပြီး အသုံးစရိတ်သည် ဤပျမ်းမျှနှုန်းထက် လျော့နည်းသွားပါက စုံစမ်းစစ်ဆေးရန် လိုအပ်သော စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပေါ်နိုင်ပါသည်။ |
| ၂ | နှစ်စဉ် အသုံးစရိတ် ကုန်ကျမှု နှုန်း | ၂၀၁၂ အတွက် အစီရင်ခံသော အသုံးစရိတ်/ ၂၀၁၂ အတွက် ဘတ်ဂျက် | LIFT အနေဖြင့် မိတ်ဖက်များအား ၎င်းတို့၏ စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေ အလုံအလောက် ရှိနေစေရန် စိတ်အား ထက်သန်သော်လည်း ရန်ပုံငွေအား ၎င်းတို့ မလိုအပ်သေးခင် ကြိုပေးရန် မဖြစ်နိုင်ပါ။ Fund Manager အနေဖြင့် မိတ်ဖက်များ၏ ဘတ်ဂျက်ကို တိကျစွာ ရေးဆွဲနိုင်မှုကို စောင့်ကြည့် အကဲခတ်သည်။ |
| ၃ | အစီရင်ခံမှု (အချိန်မီ) | နှစ်ပတ်လည် အထောက်အထားနှင့် ဘဏ္ဍာရေး အစီရင်ခံစာများ ပေးပို့ရန် နောက်ကျသည့် ရက်ပေါင်း (၂၀၁၂) | LIFT ၏ နှစ်ပတ်လည်နှင့် နှစ်ဝက် အစီရင်ခံစာများအား Fund Board နှင့် Donor Consortium သို့ အချိန်မီ တင်နိုင်ရေးအတွက် Fund Manager သည် အစီရင်ခံစာများကို အချိန်မီ ရရှိရန် လိုအပ်ပါသည်။ |
| ၄ | အစီရင်ခံမှု (ပြည့်စုံစွာ) | အစီရင်ခံသော LIFT log frame အညွှန်းကိန်း အရေအတွက်/ LIFT log frame နှင့် ထပ်တူကျသော အညွှန်းကိန်း အရေအတွက် | မိတ်ဖက်များ၏ အစီရင်ခံမှုသည် Fund Manager ၏ LIFT log frame နှင့် ပတ်သက်၍ ပေါင်းစည်း တိုးတက်မှုကို အစီရင်ခံနိုင်မှုအတွက် အရေးပါပါသည်။ မိတ်ဖက်များအနေဖြင့် LIFT log frame အညွှန်းကိန်း အချို့နှင့် ပတ်သက်၍ နှစ်စဉ် အစီရင်ခံရန် သဘောတူခဲ့ပြီး ၎င်းတို့ ဆောင်ရွက်နိုင်မှု အတိုင်းတာကို Fund Manager က မှတ်တမ်းတင်ထားသည်။ |
| ၅ | စီမံခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ်မှုများ | ၂၀၁၁ စာရင်းစစ်မှု ပွင့်လင်းစွာ စာရင်းစစ် လေ့လာနိုင်မှု အရေအတွက် | (အခြားကိစ္စများထက်) မရိုးသားမှုများကို ရှောင်နိုင်ရန် လုံလောက်သော စီမံ ခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ်မှုများ ရှိခြင်းသည် အလွန်အရေးကြီးသည်။ မိတ်ဖက်များ အားလုံးအနေဖြင့် ၎င်းတို့၏ စာရင်းစစ်မှုမှ တွေ့ရှိချက်များကို အကောင်အထည် ဖော်ခြင်း ရှိ မရှိ Fund Manager ထံ အစီရင်ခံရန် လိုအပ်သည်။ |

အထက်ဖော်ပြပါ အညွှန်းများကို အခြေခံလျှက် LIFT က ရန်ပုံငွေ ပံ့ပိုးပေးသော စီမံချက်တစ်ခုစီကို "traffic light" status indicators တစ်စုံစီ သတ်မှတ် ပေးထားခဲ့ပါသည်။ ဤအညွှန်းများကို Fund Manager က စွန့်စားမှုကြီးမားသော ရန်ပုံငွေ ချထားပေးမှုများအား ဖော်ထုတ်ရန် အသုံးချပါသည်။ ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းလုပ်ဆောင်နေသော စီမံချက်များအတွက် ရလဒ်များကို ဇယား (၃၁) တွင် အနှစ်ချုပ် ဖော်ပြထားပါသည်။

94 ဤအညွှန်းများကို အစီရင်ခံစာ၏ အရှေ့ပိုင်း၌ ဖော်ပြခဲ့သော တိုးတက်မှု အညွှန်းကိန်းများနှင့် မရောထွေးစေလိုပါ။ ဤဇယားအတွင်း အသုံးပြုထားသော အညွှန်းကိန်းများသည် စီမံကိန်း စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ကို အာရုံစိုက်ခြင်း ဖြစ်သည်။

**ဇယား (၃၁) "traffic light" ခွဲခြားမှုအရ ၂၀၁၂ ခုနှစ်အတွက် စီမံကိန်း စီမံခန့်ခွဲမှု အညွှန်းကိန်းများအလိုက် စွန့်စားရနိုင်ခြေ ချင့်ချိန်မှု**

| | အညွှန်းကိန်း | Low risk (အစိမ်း) | | Medium risk (အဝါ) | | High risk (အနီ) | |
|---|---|---|---|---|---|---|---|
| | | လိုအပ်ချက် | ထောက်ပံ့မှု % | လိုအပ်ချက် | ထောက်ပံ့မှု % | လိုအပ်ချက် | ထောက်ပံ့မှု % |
| ၁ | အကောင်အထည်ဖော်မှု နှုန်း (N=43) | ၉၀% ကျော် ဆောင်ရွက်နေ | ၄၄% | ၇၁% - ၉၀% ဆောင်ရွက်နေ | ၂၃% | ၇၀% ကျော် ဆောင်ရွက်နေ | ၃၃% |
| ၂ | နှစ်စဉ် ကုန်ကျမှု နှုန်း (N=42) | ၉၀% ကျော် သုံးပြီး | ၂၁% | ၇၁% - ၉၀% သုံးပြီး | ၃၃% | <=၇၀% သုံးပြီး | ၄၅% |
| ၃ | အချိန်မီ အစီရင်ခံမှု (N=44) | ၀ ရက် နောက်ကျ | ၆၁% | ၁-၇ ရက် နောက်ကျ | ၁၈% | ၈ ရက်ကျော် နောက်ကျ | ၂၀% |
| ၄ | ပြည့်စုံစွာ အစီရင်ခံမှု (N=29) | ၁၀၀% ပြည့်စုံ | ၂၁% | ၇၁ - ၉၉% ပြည့်စုံ | ၃၁% | <=၇၀% ပြည့်စုံ | ၄၈% |
| ၅ | စီမံခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ်မှု (N=25) | လေ့လာမှု "၀" ကြိမ် | ၅၂% | လေ့လာမှု "၁-၃" ကြိမ် | ၂၈% | လေ့လာမှု ၃ ကြိမ်အထက် | ၂၀% |
| | အလုံးစုံ စံနှုန်း | စီမံကိန်း ၁၂ ခု | ၃၂% | စီမံကိန်း ၁၈ ခု | ၄၁% | စီမံကိန်း ၁၄ ခု | ၃၂% |

အထက်ပါဇယားအရ စီမံချက် အများအပြားသည် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရပုံ ပေါ်ပါသည်။ ရန်ပုံငွေ ခွင့်ပြုချက်များ၏ သုံးပုံတစ်ပုံကို ၎င်းတို့၏ အကောင်အထည်ဖော်မှု နှုန်းနှင့် ပတ်သက်၍ စွန့်စားမှု ကြီးမားသော ခွင့်ပြုငွေများ အဖြစ် သတ်မှတ်ခံရပါသည်။ (အသုံးပြုသော ဘတ်ဂျက် အမျိုးအစားပမာဏကို ကြာမြင့်သော စီမံချက်ကာလ အမျိုးအစား ပမာဏနှင့် စားသည်။) ဤအချက်ကို စီမံချက်များ၏ ၄၅ ရာခိုင်နှုန်းက ၎င်းတို့၏ ၂၀၁၂ ခုနှစ်အတွက် ဘတ်ဂျက်၏ ၇၀ ရာခိုင်နှုန်းအောက် လျှော့သုံးခဲ့သည်ကို ဖော်ပြသည့် အညွှန်း (၂) က ပိုမိုခိုင်မာစေသည်။ ဤသည်မှာ မိတ်ဖက်များက ၎င်းတို့၏ နှစ်စဉ် အသုံးစရိတ်ထက် အမြဲတမ်း ပိုတွက်သည်ကို ဖော်ပြနေသည်။ စီမံချက် အကျိုးရလဒ်များနှင့် အကျိုးကျေးဇူးများကို ပြည့်မီရန်အတွက် မည်သည့် စီမံချက်များကို တိုးချဲ့ရန် လိုအပ်မည်ကို ဆုံးဖြတ်ရန်အတွက် Fund Manager အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဆက်လက်၍ ဆောင်ရွက်ရန် လိုပါမည်။

အစီရင်ခံစာကို ပေးပို့ရာတွင် အချိန်ကိုက်ဖြစ်ခြင်းနှင့် ပြည့်စုံခြင်းတို့က မိတ်ဘက်များအတွက် ပြဿနာ ဖြစ်နေပြီး ဤအချက်က Fund Manager အနေဖြင့် ပြည့်စုံသော၊ အချိန်ကိုက်သော အစီရင်ခံမှု ပြုလုပ်ရန် ခက်ခဲစေပါသည်။ စီမံချက် အားလုံး၏ (၆၁) ရာခိုင်နှုန်းကသာ နှစ်ချုပ် အစီရင်ခံစာများကို အချိန်မီ ပေးပို့ခဲ့ပါသည်။ ကောင်းသည့်အချက် တစ်ခုမှာမှု မိတ်ဖက်များ အနေဖြင့် LIFT နှင့် သဘော တူညီထားသည့်အတိုင်း စာရင်းစစ်ဝင်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အများအားဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင် ကြပါသည်။ ဤအချက်က မိတ်ဖက်အဖွဲ့အများစုသည် ၎င်းတို့ကို ၂၀၁၁ ခုနှစ်တွင် စာရင်းစစ်ဆေးပြီး ကတည်းက ၎င်းတို့၏ ဌာနတွင်း ထိန်းချုပ်မှုများကို အားကောင်းအောင် ပြုလုပ်ခဲ့ကြသည်ကို ဖော်ပြပါသည်။

LIFT က ရန်ပုံငွေပံ့ပိုးပေးသော စီမံချက် တစ်ခုစီအတွက် "traffic light" status indicators နှင့် အစီရင်ခံစာ တစ်ခုကို နောက်ဆက်တွဲ (၆) တွင် ထည့်သွင်းထားပါသည်။ စီမံချက် (၁၄) ခုကို စွန့်စားမှုကြီးမားသော စီမံချက်များအဖြစ် သတ်မှတ် ထားပါသည်။ စွန့်စားမှုများ၏ ဖော်ပြထားသော စီမံချက်များနှင့် ပတ်သက်၍ အဓိက ပြဿနာမှာ နှေးကွေးသော အကောင်အထည်ဖော်မှု ဖြစ်ပါသည်။Fund Manager သည် စီမံချက်များအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ် အညွှန်းများနှင့် Fund Board သို့ တင်ပြသော ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများအတွက် အချိန်ကုန် ပေးသင့်ပါသည်။


welt
hunger
hilfe
welt
hunger
hilfe



# ၅။ သင်ခန်းစာများ

## ၁။ မြစ်ဝကျွန်းပေါ် ဒေသတွင် စပါးစိုက်ပျိုးမှု အရှိန်မြင့်တင်ခြင်း နှောင့်နှေးမည်။

မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူလယ်သမားများ အနေဖြင့် လက်တွေ့ သရုပ်ဖော် ပြထားသည့် အားသာချက်များ သိရှိပြီးသော်လည်း လက်ဖြင့် အပင်လိုက် ပြောင်းရွှေ့စိုက်ပျိုးခြင်းကို အသုံးပြုရာတွင် အတားအဆီး အမျိုးမျိုးနှင့် ကြုံရပါသည်။ လယ်သမားများအနေဖြင့် လက်ဖြင့် အပင်လိုက် ပြောင်းရွှေ့စိုက်ပျိုးခြင်းကြောင့် စပါးအထွက်တိုးနိုင်ခြင်း (ဥပမာ - WAH/GRET သရုပ်ပြ စိုက်ကွင်းများတွင် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ) နှင့် မျိုးစေ့လိုအပ်မှု လျော့ကျနိုင်ခြင်း (လယ် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ) တို့ကို နားလည်ကြသော်လည်း ဤစနစ်ကို အသုံးပြုရန် ဟန့်တားထားသော အရာများ ရှိပါသည်။ အဓိက အချက်များမှာ လယ်ကွင်းရှိ ရေများကို လုံလောက်စွာ စီမံခန့်ခွဲခြင်း မပြုနိုင်မှု၊ အပင်လိုက် ရွှေ့ပြောင်းစိုက်ခြင်းအတွက် ကျွမ်းကျင်လုပ်သားများကို ခေါ်ဆောင်ရာတွင် အခက်အခဲရှိမှု၊ လိုအပ်သော ကွင်းအစုများအတွက် ပေးချေရန် တတ်နိုင်သော ဈေးငွေမရနိုင်မှုတို့ ဖြစ်ပါသည်။ ဤစနစ်က ပိုမိုကိုးကားဖွယ်ကောင်းမည်မှာ ထင်ရှားလျှင်သော်တောင်မှ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာရန် နှစ်အနည်းငယ် ကြာပါဦးမည်။ ယခုလောလောဆယ်တွင် လယ်သမားအများစုမှာ အခြားသူများ စမ်းသပ်သည်ကိုသာ စောင့်ကြည့်လိုကြပြီး ကိုယ်တိုင်ကမူ အနည်းအကျဉ်းသာ စမ်းကြည့်ကြပါသည်။

မြစ်ဝကျွန်းပေါ်ရှိ (ရေချိုနှင့် ရေငန်ဇုန်များ) မတူကွဲပြားသော စိုက်ပျိုးစီးပွား ပတ်ဝန်းကျင်များတွင် ဤစနစ်အသုံးပြုမှုကို ဟန့်တားနေသည့် အချက်များကို ဆက်လက် လေ့လာသွားပါမည်။ အထူးသဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ လုပ်သားဈေးကွက် အနေဖြင့် လယ်ဧကအနည်းငယ်သာ ပိုင်သည့် လယ်သမားများအတွက် လုပ်အားလိုအပ်ချက် မြင့်မားသည့် ကာလများအတွင်း လုပ်အားချွေတာနိုင်စေသော စက်ပစ္စည်းများကို အသုံးပြုနိုင်မည့် အလားအလာများ နည်းတူ နက်နက်ရှိုင်းရှိုင်း လေ့လာဆန်းစစ်မှုများလည်း ပြုလုပ်သွားရန် လိုအပ်နေပါသည်။

## ၂။ ထိရောက်မှုရှိစေရန်အတွက် လယ်သမားကျောင်းများကို သက်ဆိုင်ရာ ဒေသအခြေအနေ အလိုက် ဆီလျော်အောင် စီမံရန် လိုအပ်သည်။

LIFT က ထောက်ပံ့သော လယ်သမားကျောင်းများသည် ကောင်းမွန်သော ရလဒ်များ (အထူးသဖြင့် တောင်တန်းဒေသတွင်) ပြသနေသော်လည်း ကွင်းဆင်းလေ့လာမှုများနှင့် မိတ်ဖက်များ၏ အစီရင်ခံစာများက အချို့လယ်သမားကျောင်းများသည် လယ်သမားများအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ထောက်ပံ့ပေးရာတွင် အခြားသူများထက် ပိုမိုအောင်မြင်သည်ဟု ဖော်ပြပါသည်။ လက်ရှိအချိန်ထိ ရလဒ်များအရ လယ်သမားကျောင်း အများစုသည် ပြက္ခဒိန်နှစ် တစ်နှစ်အတွက် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ပိုမိုကောင်းမွန်သော သီးနှံစိုက်ပျိုးမှု စနစ်များကို အသုံးပြုလာသည့် နှုန်းမှာ စီမံချက်များအလိုက် ၂၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း ထိရှိခြင်း လယ်သမားများ အစီရင်ခံသည့် အထွက်နှုန်းတိုးမှုမှာ ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ ရှိသည်။ ဥပမာ Metta Foundation က စိုက်ပျိုးနည်း အသစ်ကို အသုံးပြုလာသည့် ပျမ်းမျှနှုန်းမှာ ၆၅ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးသုံး ကိရိယာများ (ဥပမာ သမန်းညှိစက်၊ ပျိုးစိုက်စက်၊ ပေါင်းနုတ်စက်) ကို အသုံးပြုလာကြသည့် နှုန်းမှာ ပျမ်းမျှ ၄၀ ရာခိုင်နှုန်း ရှိသည်ဟု အစီရင်ခံပါသည်။ သို့သော် ဤနှုန်းမှာ ရှမ်းပြည်နယ်တွင် (၅၀) ရာခိုင်နှုန်းနှင့် ကချင်ပြည်နယ်တွင် (၂၀) ရာခိုင်နှုန်း အသီးသီး ရှိခဲ့ပါသည်။ လယ်သမားကျောင်းများ၏ အောင်မြင်မှုကို အဓိက လွှမ်းမိုးသော အချက်များမှာ (၁) သင်ရိုးညွှန်းတမ်းကို ဒေသခံ အခြေအနေနှင့် လယ်သမားများ၏ အဓိက ဦးစားပေးများနှင့် လုံလုံလောက်လောက် လိုက်လျောညီထွေဖြစ်စေခြင်း၊ (၂) အရည်အသွေးမီ သင်ကြားရေး ပစ္စည်းများအား ရရှိနိုင်ခြင်း (၃) လူထုအတွင်းတွင် လယ်သမားကျောင်း `ချန်ပီယံ´ များ ဖော်ထုတ် ထောက်ပံ့ပေးခြင်း၊ (၄) စိုက်ပျိုးရေးပညာတွင် လုံလောက်သော သီအိုရီ အခြေခံရှိသော လယ်သမားကျောင်း ကူညီဆောင်ရွက်သူများကို ခန့်ထားခြင်း၊ (၅) လယ်သမားကျောင်းများကို အစိုးရတိုးချဲ့လုပ်ငန်းများနှင့် တတ်နိုင်သမျှ ဆက်သွယ် ချိတ်ဆက်ပေးခြင်းတို့ ဖြစ်ပါသည်။ လိုအပ်သော နည်းပညာ စွမ်းရည်များနှင့် သင်ကြားရေး စနစ်များ လယ်သမားကျောင်းများတွင် အသုံးပြုစေရန်အတွက် စီမံချက်ဝန်ထမ်းများအတွက် စွမ်းရည်တည်ဆောက်ခြင်းသည် အရေးပါပါသည်။

LIFT သည် သင်ခန်းစာများကို ရယူရန်နှင့် မိတ်ဖက်များ၏ အဓိက သင်တန်းပို့ချရေးဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် မိတ်ဖက်များ၏ လယ်သမားကျောင်းများနှင့် သက်ဆိုင်သည့် အတွေ့အကြုံများကို ပိုမိုနက်ရှိုင်းစွာ ပြန်လည်ဆန်းစစ်ချက် တစ်ခုကို ပြုလုပ်ပါမည်။

## ၃။ လယ်သမားများသည် ၎င်းတို့ ယုံကြည်နိုင်သော မျိုးစေ့များကို ဝယ်ယူရန် အသင့်ရှိကြသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ပိုမိုကောင်းမွန်သော မျိုးစေ့များကို လယ်သမားများ ဝယ်ယူလိုသည့် နှုန်းမှာ မြင့်မားပြီး ၎င်းတို့အနေဖြင့် မျိုးစေ့များ၏ အရည်အသွေးကို စိတ်ချ ယုံကြည်နိုင်ပါက မျိုးစေ့ စိုက်ပျိုးသူများကို သင့်တင့်သော စျေးနှုန်းပေးရန် အဆင်သင့်ရှိကြသည်။ LIFT ၏ မြစ်ဝကျွန်းပေါ်ဒေသတွင် အဓိက ဦးစားပေး လုပ်ငန်းများအနက်မှ တစ်ခုမှာ လယ်သမားများ အနေဖြင့် အရည်အသွေးနှင့် စွမ်းဆောင်မှုကို ထိန်းသိမ်းထားရန်အတွက် ၎င်းတို့၏ သိုလှောင်ထားသော မျိုးစေ့များကို မှန်မှန် အသစ် လဲလှယ်ရန်အတွက် ပိုမိုကောင်းမွန်သော စပါးမျိုးစေ့များ ရရှိနိုင်မှုကို မြှင့်တင်ပေးရန် ဖြစ်သည်။ ၂၀၁၂ ခုနှစ် မုတ်သုံရာသီ အတွင်းတွင် LIFT ၏ မိတ်ဖက်အဖွဲ့ (၅) ဖွဲ့သည် စပါးဧက (၁၅,၀၀၀) စိုက်ပျိုးနိုင်သည်။ အရည်အသွေးကောင်း စပါးမျိုးစေ့ ၂၃,၀၀၀ တင်းအထိ တိုးတက် ထုတ်လုပ်နိုင်ရန် မျိုးစေ့ စိုက်ပျိုးသူများကို ကူညီနိုင်ခဲ့သည်။ မျိုးစေ့ စိုက်ပျိုးသူများသည် ၎င်းတို့၏ ဒေသအတွင်းရှိ လယ်သမားများကို ၎င်းတို့ ထုတ်လုပ်သမျှကို အတန်အသင့် မြင့်မားသော စျေးနှုန်းဖြင့် ရောင်းချနိုင်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အိမ်နီးချင်း လယ်သမားများကို ကိုယ်တိုင် မျိုးစေ့များ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် စနစ်တကျ သိုလှောင်ခြင်းကို မြင်ရသောကြောင့် ဖြစ်ပါသည်။

သို့သော်လည်း LIFT က လုပ်ငန်း ဆောင်ရွက်နေသော မြို့နယ် (၃) မြို့နယ်တွင် သိသာထင်ရှားသော အကျိုးရလဒ်များ ရှိစေရန်အတွက် လိုအပ်သော အတိုင်းအတာအထိ မျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းကို တိုးချဲ့ရန်အတွက် စိန်ခေါ်မှုများ ရှိပုံပေါ်ပါသည်။ အဓိက ပြဿနာတစ်ရပ်မှာ မျိုးစေ့ပွားခြင်းအတွက် သဘောတူညီပြီးဖြစ်သော လုပ်ထုံးလုပ်နည်းများ မရှိမှု ဖြစ်ပါသည်။ အရည်အသွေး ပြည့်မီကြောင်း အထောက်အထားအတွက် စံအရည်အသွေး ထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းများမှာ ရှင်းလင်းကွဲပြားခြင်း မရှိဘဲ ဤစကားရပ်ကိုပင် အချို့သော မိတ်ဖက်များက မှားယွင်းစွာ အသုံးပြုနေကြပုံ ပေါ်ပါသည်။ ဤအချက်ကို IRRI က အတည်ပြုပါသည်။ IRRI က LIFT အနေဖြင့် အနိမ့်ဆုံး နည်းစနစ်များကို အမြဲမပြတ် လိုက်နာကျင့်သုံးရန်အတွက် မျိုးစေ့လုပ်ငန်း လုပ်ကိုင်နေသော မိတ်ဖက်များနှင့် ပိုမိုတက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ရန် လိုသည်ဟု အကြံဉာဏ်ပေးပါသည်။ LFIT သည် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းကို ပုံစံချရန်အတွက် နည်းလမ်းများကို ဆက်လက်လေ့လာမှုကို ပံ့ပိုးသွားပါမည်။ ထိုအထဲတွင် ပိုမိုစနစ်ကျသော အမှီအခိုကင်းပြီး စံသတ်မှတ်ထားသော အရည်အသွေး ထိန်းချုပ်မှု၊ ပုဂ္ဂလိက ကုမ္ပဏီများက မှတ်ပုံတင်ထားသော အရည်အသွေး ပြည့်မီသော မျိုးစေ့များ ပွားခြင်းနှင့် ဒေသတွင်းထက် ကျော်လွန်၍ မျိုးစေ့ဖြန့်ဖြူးနိုင်ရန် ဖြန့်ဖြူးရေး လမ်းကြောင်းများ တိုးချဲ့ခြင်းတို့ ပါဝင်သည်။

## ၄။ စျေးကွက် လက်လှမ်းမီမှု (စျေးကွက်သတင်းအချက်အလက်ထက် ပို၍) သည် လယ်သမားများ၏ ဝင်ငွေအပေါ် အဓိက အတားအဆီးတစ်ခု ဖြစ်သည်။

လယ်သမား အများစုသည် ဒေသဆိုင်ရာ စျေးနှုန်းများကိုအကောင်အတော်အသင့် သိနားလည်ကြသော်လည်း လယ်သမားများအနေဖြင့် ရရှိသောသတင်းအချက်အလက်ပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များချမှတ်နိုင်စေရန်အတွက် စျေးကွက်များနှင့် လယ်သမားများအကြားပိုမိုကောင်းမွန်သောချိတ်ဆက်မှုကို တည်ထောင်ရန်လိုပါသည် Mercy Corps ကပြုလုပ်ခဲ့သော စစ်တမ်းကဲ့သို့ပင် LIFT ၏ ကနဦးစစ်တမ်းကလယ်သမားများသည် စျေးကွက်သတင်းအချက်အလက်ကို အတော်အသင့်ကောင်းမွန်စွာ လက်လှမ်းမီကြပုံပေါ်သည်ဟု တွေ့ရှိရသည်။ သို့သော်လယ်သမားများသည် ၎င်းတို့၏ bargaining power ကို မြှင့်တင်ရန်အတွက် အုပ်များဖွဲ့လေ့မရှိသလောက်ဖြစ်ပြီး LIFT ၏ ကနဦးစစ်တမ်းအရ လယ်သမား ၁၀ ရာခိုင်နှုန်းကသာ အခြားလယ်သမားများနှင့်ပူးပေါင်းလျက် ၎င်းတို့၏ထွက်ကုန်များကို ရောင်းချခဲ့သည်ဟုဆိုပါသည်။ လယ်သမားအများစုမှာ ရိတ်သိမ်းပြီးချိန်တွင်ပွဲစားများကို ရသည့်စျေးနှုန်းနှင့် ၎င်းတို့၏သီးနှံများကို ရောင်းချကြပါသည်။ အကြောင်းမှာသင့်တော်သောသိုလှောင်ရုံများမရှိမှု၊ ပြင်ပမှစိုက်ပျိုးရေးချေးငွေများ၏ ကြီးမြင့်သောအတိုးနှုန်းနှင့် မြို့ပေါ်စျေးကွက်များသို့ သယ်ယူပို့ဆောင်စရိတ်ကြီးခြင်းတို့ကြောင့်ဖြစ်ပါသည်။ အပူပိုင်းဇုန်တွင် LIFT ၏စီမံချက်များ လွှမ်းခြုံထားသော (၄) မြို့နယ်အနက်မှ (၈) မြို့နယ်သာလျှင်ကျေးလက်ထွက်ကုန်များကို ရောင်းဝယ်နိုင်သည့် ကုန်ပစ္စည်းလက်ကားရောင်းဝယ်ရေးစင်တာများရှိပါသည်။ ဤကဲ့သို့ စျေးကွက်လက်လှမ်းမီမှုကင်းမဲ့မှုက ကျေးလက်ပြည်သူများ ကို ဒေသခံကုန်သည်များသတ်မှတ်စျေးနှုန်းအတိုင်းသာရနိုင်ရန် ပြုလုပ်ထားပါသည်။

လုပ်ငန်း အရှိန်မြှင့်ရန်အတွက် အလားအလာရှိသော လုပ်ငန်းတစ်ခုမှာ ကုန်ပစ္စည်းဖလှယ်ရေး စင်တာများ တည်ထောင်မှု ဖြစ်ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့ တစ်ခုဖြစ်သော MBCA သည် စင်တာအသစ် (၂) ခုကို တည်ထောင်နိုင်ခဲ့ပြီး တစ်ခုမှာ ကုန်သည်များ အနေဖြင့် စင်တာအတွက် အမြဲတမ်း အဆောက်အဦး တစ်ခု ဆောက်လုပ်ရန်နှင့် မြေဝယ်ယူရန်အတွက် ကုန်ကျစရိတ်ကို မျှခံကြသည်အထိ အောင်မြင်ခဲ့ပါသည်။ လယ်သမားများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များအတွက် ပိုမိုကောင်းမွန်သော စျေးနှုန်းများ ရနိုင်စေရန်အတွက်

စင်တာများက အခွင့်အလမ်းတစ်ခု ထောက်ပံ့ပေးသည်ဟု ဆိုပါသည်။ ပိုမိုကောင်းမွန်သော ဈေးနှုန်းများနှင့် ကုန်ပစ္စည်းများ ပမာဏ အများအပြား ရရှိနိုင်မှုစသည့် အကျိုးရလဒ်များသည် လယ်သမားများနှင့် ကုန်သည်များအတွက် ဤစင်တာများကို အသုံးပြုရန် မက်လုံးများ ဖြစ်လာသည်။

## ၅။ လူထုအဆင့်တွင် စုပေါင်းလုပ်ဆောင်ခြင်း အလေ့အထ ရှိသော်လည်း လူထုအခြေပြု အဖွဲ့အစည်း (ယခု) အနည်းအကျဉ်းကသာ အသက်မွေးဝမ်းကျောင်းမှုနှင့် ဆက်နွယ်သော ကိစ္စရပ်များကို လုပ်ဆောင်သည်။

QSEM စီမံချက်တွင် လုပ်ကိုင်နေသော သုတေသန ပညာရှင်များသည် (ကျေးရွာ ၃၆ ရွာအတွင်း) ကျေးရွာအတွင်းမှ ပေါ်လာသော သို့မဟုတ် Aid Programmer များမတိုင်မီ ရှိနှင့်သော အသက်မွေးဝမ်းကျောင်းမှု အုပ်စုများကို မတွေ့ရပါ။ ဤအချက်က အေဂျင်စီများ အနေဖြင့် အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများကို အဓိက အာရုံစူးစိုက်ရန်အတွက် အဖွဲ့အသစ်များကို တည်ထောင်ရန် လိုအပ်နေမှုကို ဖော်ပြပါသည်။ ကျေးရွာများတွင် လူထုအခြေပြု အဖွဲ့အစည်းများ (CBOs) တည်ရှိနေပြီး ဖြစ်သော်ငြားလည်း လူထုအခြေပြု အဖွဲ့အစည်းများ ထူထောင်ခြင်းသည် LIFT က ရန်ပုံငွေပံ့ပိုးသော စီမံချက်များတွင် လုပ်ဆောင်နေကျ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

LIFT ၏ မိတ်ဖက်များ အထူးသဖြင့် အပူပိုင်းဇုန်မှ မိတ်ဖက်များသည် လူထုဖွံ့ဖြိုးမှု ချဉ်းကပ်မှုကို သုံးလျက် ၎င်းတို့၏ စီမံချက်များကို အကောင်အထည် ဖော်နေပြီး ဤစီမံချက်များသည် အကောင်အထည်ဖော်သည့် ကာလ (၂) နှစ်လျော့လျော့ အတွင်းသို့ ရောက်နေသော်လည်း အချို့သော လေ့လာ တွေ့ရှိချက်များနှင့် သင်ခန်းစာများကို ရယူနိုင်ပါသည်။ ယနေ့အထိ ပေါ်ပေါက်လာသော သင်ခန်းစာများမှာ ကျေးရွာအဆင့် ကူညီဆောင်ရွက်သူများ၏အတွေ့အကြုံနှင့် စွမ်းရည်မှာ အောင်မြင်မှုအတွက် အဓိက အရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ သို့သော် NGO အများအပြားသည် အကူအညီပေးရေး လုပ်ငန်းများနှင့် လူထုပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် အပေါ်ယံ သင်တန်းလောက်သာ တက်ရောက်ခဲ့ရသည့် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိသော ဝန်ထမ်းများပေါ်တွင် မှီခိုနေရသည်။ ဤအခြေအနေကို ပိုဆိုးစေသည်မှာ မိတ်ဖက်များက အကောင်အထည်ဖော်နေသော လုပ်ငန်းများ၏ အတိုင်းအတာ ကျယ်ပြန့်မှုဖြစ်ပြီး ကျေးရွာအဆင့် ဝန်ထမ်းများမှာ မကြာခဏဆိုသလို ဝန်ပိသည့်ဒဏ်ကို ခံကြရသည်။ မိတ်ဖက်များသည် စိတ်ဝင်စားဖွယ်ကောင်းသော ပါဝင်ဆောင်ရွက်ရေး ကိရိယာများကို ဖော်ထုတ် အသုံးပြုနေကြသည်။ ဤကိရိယာများက ပိုမိုကျယ်ပြန့်သော လုပ်ငန်း တိုးချဲ့မှုအတွက် ဥပမာများကို ပံ့ပိုးပေးကောင်း ပေးပါမည်။ လူထုကို ငွေသားဖြင့် ထောက်ပံ့ခြင်းက ပိုမိုလိုလား နှစ်သက်ဖွယ်ရှိပုံ ပေါ်ပါသည်။

## ၆။ လတ်တလောတွင် လယ်သမားအဖွဲ့အစည်းများက တာဝန်ယူရန် စိတ်ဆန္ဒရှိပြီး တာဝန်ယူနိုင်စွမ်းရှိသည့် လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ အကန့်အသတ်များ ရှိနေပါသည်။

LIFT စီမံချက်များအတွင်း လယ်သမား အဖွဲ့အစည်းများအတွက် ပံ့ပိုးမှုသည် လယ်သမားများကို စပါးလုပ်ငန်း ပါဝင် ဆောင်ရွက်နေသော လုပ်ငန်းရှင်များနှင့် ပိုမိုကောင်းမွန်သော ဈေးနှုန်းကို ညှိနိုင်းရာတွင် လယ်သမားများကို ကူညီပေးရာ၌ ယေဘုယျအားဖြင့် အောင်မြင်ခဲ့ပါသည်။ သို့သော် လယ်သမားအဖွဲ့များက တာဝန်ယူရန် စိတ်ဆန္ဒရှိပြီး တာဝန်ယူနိုင်သည့် အခြားသော လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ အကန့်အသတ်များ ရှိနေပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့ (၄) ဖွဲ့သည် လယ်သမားအဖွဲ့အစည်း အသစ်များကို စိုက်ပျိုးရေး သွင်းအားစုများကို အလုံးအရင်းနှင့် ဝယ်ယူရန်၊ ထွက်ကုန်များကို စုပေါင်း ဈေးကွက်တင်ရန်၊ (ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု အပါအဝင်) စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို စုပေါင်းပိုင်ဆိုင် သို့မဟုတ် စုပေါင်း စီမံခန့်ခွဲရန်အတွက် ပံ့ပိုးပေးခြင်းဖြင့် အောင်မြင်မှုအချို့ တွေ့ကြုံခဲ့ပါသည်။ ပေါ်ပေါက်လာနေသော သင်ခန်းစာများမှာ - သွင်းအားစုများ စုပေါင်းဝယ်ယူခြင်းက လယ်သမားများအတွက် စုဆောင်းငွေများ ဖန်တီးပေးနေသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ စုပေါင်း ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုမှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်။ အကြောင်းမှာ အဖွဲ့များအနေဖြင့် ပစ္စည်းများကို ထိန်းသိမ်းမှုနှင့် ပြင်ဆင်မှု တာဝန်များကို စုပေါင်းယူရန် မတတ်နိုင် သို့မဟုတ် စိတ်ဆန္ဒ မရှိ၍ ဖြစ်သည်။ တစ်ရွာချင်းကို ကူညီပေးနေသော လယ်သမား အဖွဲ့အစည်းများကို ထူထောင်ခြင်းထက် ရွာပေါင်းများစွာကို ကူညီပေးသော လယ်သမားအဖွဲ့အစည်းများ တည်ထောင်မှုက ပိုမိုရှုပ်ထွေးပါသည်။



# ၆။ ရန်ပုံငွေ စီမံခန့်ခွဲမှု

## ၆.၁။ ဆက်သွယ် ဆက်ဆံရေး

မြန်မာနိုင်ငံ အတွင်းနှင့် နိုင်ငံတကာတွင် LIFT ၏ ပုံရိပ်သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။ ၂၀၁၂ ခုနှစ်အတွင်း LIFT ရန်ပုံငွေ အကြောင်းကို ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းများတွင် (၂) ပတ် တစ်ကြိမ်မျှ ဖော်ပြပါရှိခဲ့သည်။

## LIFT အမျိုးသားအဆင့် သုတဖိုရမ်

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် LIFT သည် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် အမျိုးသားအဆင့် သုတေမျှဝေခြင်း ဖိုရမ်နှင့် "မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဦးစားပေး အကြောင်းအရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုကို စီစဉ်ခဲ့ပါသည်။ ဤအခမ်းအနားကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် FAO တို့က LIFT Fund နှင့် ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာတို့မှ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအပြင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများပါ အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။ ဤအခမ်းအနားမှာ LIFT Fund နှင့် အစိုးရ ဝန်ကြီးဌာနများအကြား ပထမဦးဆုံး ပူးပေါင်း ကျင်းပသည့် အဆင့်မြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု ဖိုရမ်တစ်ခုဖြစ်ပြီး (ဝန်ကြီး ၆ ဦး အပါအဝင်) အစိုးရဌာနမှ တက်ရောက်သူပေါင်း (၃၀၀) နှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များ၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းမိတ်ဖက်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။

ဤဖိုရမ်က ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရယူမှု၏ အရေးပါမှုနှင့် ညီမျှသော စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရန်အတွက် အထောက်အထား အခြေပြု မူဝါဒများ ဖော်ထုတ်ရန် ဤသတင်းအချက်အလက်များကို အသုံးပြုခြင်း၏ အရေးပါမှုကို အဓိက အာရုံစိုက်ခဲ့ပါသည်။ အခြားသော ရှင်းလင်းတင်ပြမှုများလည်း ရှိခဲ့ပြီး ၎င်းတို့မှာ LIFT Baseline Study၊ MDRI/USAID's Food Diagnostic Study၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေးဆိုင်ရာ အဓိကဦးစားပေးလုပ်ငန်းများနှင့် အသေးစား ချေးငွေလုပ်ငန်းများတွင် တီထွင်ဆန်းသစ်သော လုပ်ငန်းများ၊ ပါဝင်ဆောင်ရွက်သော Varietal selection နှင့် လယ်သမားများ ဦးဆောင်သော လုပ်ငန်းတိုးချဲ့မှုများကို မီးမောင်းထိုးပြထားသည့် LIFT မိတ်ဖက်များ၏ တင်ပြဆွေးနွေးချက်များ ပါဝင်ပါသည်။ LIFT က ရန်ပုံငွေ ထောက်ပံ့ထားသော စီမံချက်များကို ပြည်တွင်းနှင့် နိုင်ငံတကာမှ NGO များ၏ ပြခန်း (၁၅) ခုကျော် ပါဝင်သည့် ပြပွဲတစ်ခုကိုလည်း ပြသခဲ့ပါသည်။

## အခြား အခမ်းအနားများ

Fund Manager သည် ၂၀၁၂ ခုနှစ်တွင်ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ban Ki- moon ၏ ခရီးစဉ်အတွင်း ပြုလုပ်ခဲ့သော UN's high-level Global Compact event in Myanmar၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ စသည့် အခမ်းအနားများတွင်လည်း LIFT ၏စီမံချက်များကို မီးမောင်းထိုးပြခဲ့ပါသည်။

## လူမှုကွန်ယက်နှင့် အင်တာနက် ဝက်ဘ်ဆိုက်

LIFT သည် Facebook ကို လူမှုကွန်ယက် မီဒီယာပုံစံတစ်ခုအဖြစ် အသုံးပြုနေပြီး LIFT ၏ Facebook စာမျက်နှာကို http://www.facebook.com/liftfund တွင် ကြည့်ရှုနိုင်ပါသည်။ Fund Manager သည် LIFT ၏ Twitter Account တစ်ခုကိုလည်း လွှင့်တင်ထားပြီး နောက်ဆုံးရ စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် သီးနှံဈေးနှုန်းများကို ဤလူမှုကွန်ယက် ၂ ခုလုံးတွင် အမြဲ အချိန်နှင့်တပြေးညီ တင်ပြနေပါသည်။

LIFT သည် ဝက်ဘ်ဆိုက် အသစ်တစ်ခုကို လွှင့်တင်ထားပြီး LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးထားသည့် ရှာဖွေနိုင်သော စီမံချက် သတင်းအချက်အလက် database တစ်ခု (http://www.lift-fund.org/project-search) ကိုလည်း ထည့်သွင်းထားပါသည်။ ပြည်တွင်း စာဖတ်သူများအနေဖြင့် LIFT အကြောင်းကို ပိုမို လေ့လာနိုင်စေရန်အတွက် LIFT ၏ ပင်မစာမျက်နှာကို မြန်မာဘာသာသို့ ပြန်ဆိုထားပါသည်။ ကျား/မရေးရာ မဟာဗျူဟာနှင့် ၂၀၁၁ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို LIFT Fund ၏ website တွင် မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်ပါသည်။ ထို့အပြင် LIFT ၏ Baseline Survey Report နှင့် Delta (1) Evaluation Reports များကိုလည်း တင်ထားပါသည်။ Fund Manager သည် နောက်ဆုံးသတင်းများနှင့် အဖြစ်အပျက်အသစ်များကို LIFT ၏ website ဖြစ်သော www.lift-fund.org တွင် ဆက်လက် လွှင့်တင်ပေးနေပါသည်။ ၂၀၁၂ ခုနှစ်တွင် website သို့ လာရောက်ကြည့်ရှုမှု ၅၀၀ ရာခိုင်နှုန်းထက် ပို၍ တိုးတက်ခဲ့ပါသည်။

၂၀၁၂ ခုနှစ်အတွင်း LIFT Fund နှင့်ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာ မီဒီယာများ၌ ရေးသားပေးပို့သော ဆောင်းပါးပေါင်း ၂၅ ခု ရှိခဲ့ပါသည်။ အောက်ပါတို့မှာ LIFT နှင့် ၎င်း၏ လုပ်ငန်းများကို ဖော်ပြသော သတင်းဆောင်းပါးများ၏ ဥပမာအချို့ ဖြစ်ပါသည်။ ၎င်းတို့ကို http://www.lift-fund.org/lift-in-action/ ၌လည်း ဖတ်ရှုနိုင်ပါသည်။

- The French Development Agency joins LIFT to reduce poverty in Myanmar
- Prosperity: Food Security: The United States joined eight other donors in the Livelihoods and Food Security Trust Fund (LIFT), a multi-donor trust fund managed by the United Nations.
- Denmark provides more than US$ 4 million to improve livelihoods in Myanmar
  http://myanmar.com/newspaper/nlm/index.html; http://www.globaltimes.cn/content/727061.shtml
- New Zealand aid supports poor households in the rural Myanmar

## သတင်းမီဒီယာများ လေ့လာသည့် ခရီးစဉ်များ

Fund Manager သည် ဂျာနယ်လစ်များကို LIFT ၏ စီမံချက်များမှ အကျိုးခံစားခွင့်ရှိသူများကို တွေ့ဆုံနိုင်စေရန် ခရီးစဉ်များစွာကို စီစဉ်ပေးခဲ့ပါသည်။ သတင်းဆောင်းပါး အားလုံးကို http://www.lift-fund.org/lift-in-action/ တွင် တွေ့ရှိနိုင်ပါသည်။ ဤသတင်းဆောင်းပါးများတွင် မြန်မာတိုင်းမ်ဂျာနယ်မှ ဂျာနယ်လစ်တစ်ဦး ရေးသားသော ကချင်ပြည်နယ်တွင် SWISSAID က အကောင်အထည်ဖော်နေသည့် စီမံချက်တစ်ခု ပါဝင်ပါသည်။ Fund Manager သည် အသေးစား ချေးငွေလုပ်ငန်းများကို သတင်းရေးသားပေးပို့ရန်အတွက် AFP ကို မြစ်ဝကျွန်းပေါ်ဒေသရှိ ဖျာပုံမြို့နယ်သို့ လည်ပတ်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ မြန်မာတိုင်းမ်ဂျာနယ် အပါအဝင် သတင်း ဝက်ဘ်ဆိုက် အများအပြားနှင့် သတင်းစာ/ဂျာနယ်များက ဤသတင်းကို ဖော်ပြကြပါသည်။

Microfinance offers lifeline to Myanmar rural poor
http://www.google.com/hostednews/afp/article/ALeqM5i02tvslUlEIUPswzoRhAwrsQQPxQ?docId=CNG.ed24e28718e754bb5604b601c9bc2a4e.281

Myanmar farmers listen in to tune out hunger
http://reliefweb.int/report/myanmar/myanmar-farmers-listen-tune-out-hunger

ဒီဇင်ဘာလတွင် Fund Manager သည် Europe Aid ၏ စပွန်ဆာဖြင့် မြစ်ဝကျွန်းပေါ်ဒေသသို့ ဂျာနယ်လစ် (၁၃) ဦး သွားရောက်ရန် ခရီးစဉ်ကို စီစဉ်ခဲ့ပါသည်။ ရလဒ်မှာ ဥရောပနိုင်ငံ (၇) နိုင်ငံရှိ သတင်းဌာနများက သတင်းဆောင်းပါးများ ဖော်ပြခဲ့ကြပါသည်။

- BBC, Rebuilding Burma’s cyclone-hit Irrawaddy Delta, Jonathan Head
  http://www.bbc.co.uk/news/world-asia-20778768
- La Stampa, La povertà della Birmania profonda, Alessandro Ursic
  http://lastampa.it/2012/12/17/blogs/asian-express/la-poverta-della-birmania-profonda-JgNxmBxVXklZ7MotwrX-UzL/pagina.html
- BBC, Rebuilding Burma’s Cyclone Nargis-hit Irrawaddy Delta
  http://www.bbc.co.uk/news/world-asia-20807674
- The Financial Times, Myanmar – A nation rises, David Pilling and Gwen Robinson
  http://www.ft.com/intl/cms/s/0/c0b9be60-3df9-11e2-91cb-00144feabdc0.html#axzz2EAIVCa65
- Obama w O-Burmie, czyli pierwsza zagraniczna wizyta prezydenta USA, Drugiej Kadencji
  http://wyborcza.pl/1,75477,12887426,Obama_w_O_Burmie__czyli_pierwsza_zagraniczna_wizyta.

html#ixzz2d2mOBAFu

- The Independent, Lives still in limbo for Burma's forgotten cyclone victims, Andrew Buncombe http://www.independent.co.uk/news/world/asia/lives-still-in-limbo-for-burmas-forgotten-cyclone-victims-8374277.html
- De Standaard, Verstoten straatkat wordt aanlokkelijke tijger, 9 December 2012
- Le Monde, Les ONG au secours du riz de Irrawaddy, 18 December 2012


## ရှုမြင်နိုင်မှုနှင့် အများသိရှိနိုင်မှု

LIFT နှစ်ချုပ်အစီရင်ခံစာ ၂၀၁၁ အစုံ ၅၀၀ နှင့် အခြား အစီရင်ခံစာများကို မြန်မာဘာသာဖြင့် ပုံနှိပ်ပြီး ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းအဆင့် အစိုးရ အရာရှိများနှင့် ပုဂ္ဂလိကနှင့် အစိုးရ အဖွဲ့အစည်းများကို ဖြန့်ဝေခဲ့ပါသည်။ လူသိများအောင် ဖြန့်ဝေမည့် ပစ္စည်းများတွင် LIFT ၏ Logo ပါဝင်သော စပို့ရှပ် (၅၀) နှင့် ဦးထုပ်အလုံး (၁၀၀) ကို ထုတ်လုပ် ဖြန့်ဝေခဲ့ပါသည်။ LIFT ၏ ရှုမြင်နိုင်မှုနှင့် အများသိရှိနိုင်မှုအတွက် ဖြန့်ဝေပေးသည့် ပစ္စည်းများသည် နေပြည်တော်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂနေ့ အခမ်းအနားတွင် ဆုတံဆိပ်များ ရရှိခဲ့ပါသည်။

## မိတ်ဖက်များနှင့် အတူတကွ လေ့လာခြင်း

LIFT Fund Manager သည် စီမံချက်တစ်ခုစီကို (၁) နှစ်လျှင် (၃) ကြိမ် သွားရောက်ခဲ့ပြီး ၎င်း၏ တွေ့ရှိချက်များကို မိတ်ဖက်များနှင့် (စီမံချက် နေရာများနှင့် ရန်ကုန်တွင်ပါ) မျှဝေခဲ့ပါသည်။ သို့သော်လည်း သင်ခန်းစာများကို အခြားမိတ်ဖက်များနှင့် စနစ်တကျ မျှဝေခြင်း မရှိခဲ့ပါ။ မိတ်ဖက်များ အနေဖြင့် ၎င်းတို့ကိုယ်တိုင် သင်ခန်းစာများကို ဖော်ထုတ်နိုင်ရန်မှာ အကန့်အသတ်ရှိပြီး ပိုမိုကောင်းမွန်သော အကျိုးရလဒ်များအတွက် ဤသင်ခန်းစာများကို မျှဝေမှုမှာလည်း အကန့်အသတ် ရှိခဲ့ပါသည်။ မိတ်ဖက်များအတွက် အခြား အေဂျင်စီများနှင့် ပိုမို မြင့်မားသော ပူးပေါင်းဆောင်ရွက်မှု အဆင့်ကို ရရှိရန် ကြိုးပမ်း အားထုတ်ရာတွင် ပိုမိုကြီးမားသော စဦး ဆောင်ရွက်မှုများကို ဖော်ဆောင်ရန် အခွင့်အလမ်း အလားအလာ ရှိသော်လည်း Fund Manager သည် ဤစဦးဆောင်ရွက်မှုကို ပံ့ပိုးရာတွင် ပိုမို တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ဤသည်က LIFT သည် ၎င်း၏ မိတ်ဖက်ဝန်ထမ်းများ အပါအဝင် ကွင်းဆင်းစစ်ဆေးမှု ခရီးများတွင် partner-peer reviewers အဖြစ် ပါဝင်နိုင်ခြင်းကို မြှင့်တင်ပေးနိုင်ပါသည်။ မိတ်ဖက် ရွေးချယ်မှုကို ဒေသအပေါ် မူတည်၍ လုပ်နိုင်ပါသည်။ ဥပမာ - ဒေသတစ်ခုတည်းတွင် အတူလုပ်နေသူကို ရွေးနိုင်ပါသည်။ သို့မဟုတ် ပါကလည်း အဓိက လုပ်ငန်းအပေါ်တွင် မူတည်၍ ရွေးနိုင်ပါသည်။ Fund Manager သည် များကို ၎င်းတို့၏သင်ယူမှုများကို မိတ်ဖက်များနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသအလိုက် သင်ခန်းစာများကို မျှဝေရန်နှင့် ဒေသအလိုက်သင်ခန်းစာများကိုမျှဝေပေးရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပရန် မက်လုံးများပေးနိုင်ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများကို မှတ်တမ်းတင်ရုပ်ရှင်ရိုက်ပြီး ရေဒီယိုအစီအစဉ်အသစ်နှင့် TV Farmer's Channel တို့မှနိုင်ငံအဝန်းပြသရန် ၂၀၁၃ ခုနှစ်တွင် ထုတ်လွှင့်ပါသည်။



## ၆.၂။ ဘဏ္ဍာရေး

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်အထိ စာရင်းအရ LIFT သို့ အလှူရှင်များ စုစုပေါင်း ထည့်ဝင်ရန် ကတိပြုထားသည့် ပမာဏနှင့် အမှန်တကယ် ထည့်ဝင်ပြီး ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား (၃၂)အလှူရှင်များ၏ စုစုပေါင်း ထည့်ဝင်ရန် ကတိပြုထားသည့် ပမာဏနှင့် ထည့်ဝင်ပြီး ပမာဏ (အမေရိကန်ဒေါ်လာ)[95]**

| Donors | Signed commitments | Contributions (received) |
|---|---:|---:|
| Australia | 19,046,899 | 13,342,904 |
| Denmark | 4,217,269 | 4,217,269 |
| European Union | 72,645,434 | 36,635,104 |
| Netherlands | 2,950,000 | 2,950,000 |
| New Zealand | 809,650 | 809,650 |
| Sweden | 2,725,776 | 2,725,776 |
| Switzerland | 5,170,119 | 5,170,119 |
| United Kingdom | 57,056,700 | 32,826,750 |
| United States | 600,000 | 600,000 |
| France | 1,319,800 | 1,319,800 |
| Interest earned | | 564,475 |
| Total | 166,541,647 | 101,161,847 |

LIFT ၏ ၂၀၁၂ ခုနှစ်အတွက် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာ ၃၇.၂ သန်းမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁.၆ သန်း သုံးစွဲခဲ့ပါသည်။ LIFT သည် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ `တက်လမ်း´ စီမံချက်ကို စတင်ရန် မျှော်မှန်းခဲ့သော်လည်း ထိုနှစ်အတွင်း ဖြစ်ပွားခဲ့သော လူမျိုးစု ပဋိပက္ခ (၂) ခုကြောင့် ၂၀၁၃ ခုနှစ် အစောပိုင်းအထိ နှောင့်နှေး ကြန့်ကြာခဲ့ပါသည်။ ယင်းအကြမ်းဖက်မှုများက နှောင့်နှေး ကြန့်ကြာမှုများကို ဖြစ်ပေါ်စေခဲ့ပြီး စီမံချက်ပုံစံကို ရှုပ်ထွေးစေခဲ့ပါသည်။ အချို့သော ငွေလုံးလောက်စွာ မသုံးစွဲခဲ့သည့် ကဏ္ဍများမှာ UNOPS အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂစနစ် စာရင်းကိုင် စံနှုန်းများ (UNSAS) မှ အပြည်ပြည်ဆိုင်ရာ အများပိုင်ကဏ္ဍ စာရင်းကိုင် စံနှုန်းများ (IPSAS) သို့ ပြောင်းလဲ ကျင့်သုံးခဲ့သောကြောင့် ဖြစ်ပါသည်။ ဤစနစ်သစ်တွင် အသုံးစရိတ်များကို ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား လက်ခံရရှိသည့် အခါမှသာ မှတ်တမ်းရေးသွင်းသည်။ ၂၀၁၂ ခုနှစ် မတိုင်ခင်ကမူ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပေးအပ်မည်ဟု ကတိကဝတ် ရပြီးသည်နှင့် အသုံးစရိတ်ကို မှတ်တမ်းရေးသွင်းသည်။

**ဇယား (၃၃) ၂၀၁၂ ခုနှစ်အတွက် LIFT ၏ အသုံးစရိတ်များ (အမေရိကန် ဒေါ်လာ)**

| Activity | Budget | Actual |
|---|---:|---:|
| Grants to implementing partners | 32,388,672 | 27,684,582 |
| Research & visibility | 1,021,598 | 605,792 |
| Operation of the Fund Manager's office | 2,909,401 | 2,641,998 |
| Support to the Fund Board | 239,245 | 186,264 |
| Facilities & administration | 596,371 | 500,614 |
| Total | 37,155,287 | 31,619,250 |

95 Commitments may vary slightly from 2009, 2010 and 2011 figures due to changes in exchange rates.





# နောက်ဆက်တွဲများ

| | |
|---|---|
| နောက်ဆက်တွဲ (က) | LIFT စီမံကိန်းဒေသများ |
| နောက်ဆက်တွဲ (ခ) | Funding windows များအလိုက် ဆက်လက်လုပ်ကိုင်ဆဲ LIFT စီမံကိန်းများ (စုစုပေါင်း ၄၄ ခု) |
| နောက်ဆက်တွဲ (ဂ) | ၂၀၁၂ ခုနှစ်အတွင်း LIFT ၏ Logical Framework ညွှန်းကိန်းများအတွက် အစီရင်ခံခဲ့သော မိတ်ဖက် စီမံကိန်းများ |
| နောက်ဆက်တွဲ (ဃ) | ချေးငွေဆိုင်ရာ ချထားပေးမှု အသေးစိတ် အချက်အလက်များ |

# နောက်ဆက်တွဲ (က) LIFT စီမံကိန်း ဒေသများ

၂၀၁၂ ခုနှစ်အတွင်း LIFT သည် နိုင်ငံအဝှမ်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခု၊ ခရိုင် ၃၆ ခု၊ မြို့နယ် ၉ ခုတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်/ တိုင်းဒေသကြီးများ

၁။ ဧရာဝတီ
၂။ ပဲခူး
၃။ ချင်း
၄။ ကချင်
၅။ မကွေး
၆။ မန္တလေး
၇။ ရခိုင်
၈။ စစ်ကိုင်း
၉။ ရှမ်း
၁၀။ တနင်္သာရီ
၁၁။ ရန်ကုန်

## ခရိုင်များ

၁။ ပဲခူး
၂။ ဗန်းမော်
၃။ ထားဝယ်
၄။ ဖလမ်း
၅။ ကလေး
၆။ ကျိုင်းတုံ
၇။ ကျောက်မဲ
၈။ ကျောက်ဖြူ
၉။ ကျောက်ဆည်
၁၀။ လပွတ္တာ
၁၁။ လောက်ကိုင်
၁၂။ လွိုင်လင်
၁၃။ မကွေး
၁၄။ မိတ္ထီလာ
၁၅။ မင်းဘူး
၁၆။ မိုးညှင်း
၁၇။ မိုင်းဖြတ်
၁၈။ မုံရွာ
၁၉။ မြင်းခြံ
၂၀။ မြစ်ကြီးနား
၂၁။ နေပြည်တော်
၂၂။ ညောင်ဦး
၂၃။ ပခုက္ကူ
၂၄။ ပုသိမ်
၂၅။ ပူတာအို
၂၆။ ဖျာပုံ
၂၇။ ပြင်ဦးလွင်
၂၈။ စစ်ကိုင်း
၂၉။ ရွှေဘို
၃၀။ စစ်တွေ
၃၁။ တောင်ကြီး
၃၂။ တောင်ငူ
၃၃။ သံတွဲ
၃၄။ သရက်
၃၅။ ရမည်းသင်း
၃၆။ ရန်ကုန် (တောင်ပိုင်းခရိုင်)

## မြို့နယ်များ

၁။ အောင်လံ
၂။ အရာတော်
၃။ ဗန်းမော်
၄။ ဘိုကလေး
၅။ ချောက်
၆။ ချောင်းဦး
၇။ ထားဝယ်
၈။ ဒေးဒရဲ
၉။ ဖလမ်း
၁၀။ ဂွ
၁၁။ ဟားခါး
၁၂။ ဟိုပုံး
၁၃။ ဆီဆိုင်
၁၄။ ထန်တလန်
၁၅။ အင်ဂျမ်းယန်
၁၆။ ကလော
၁၇။ ကလေး
၁၈။ ကံမ
၁၉။ ကော့မှူး
၂၀။ ကျိုင်းတုံ
၂၁။ ခင်ဦး
၂၂။ ကုန်းကြမ်း
၂၃။ ကွမ်းခြံကုန်း
၂၄။ ကျိုက်လတ်
၂၅။ ကျောက်မဲ
၂၆။ ကျောက်ပန်းတောင်း
၂၇။ ကျောက်ဖြူ
၂၈။ ကျောက်ဆည်
၂၉။ ကျုံပျော်
၃၀. လပွတ္တာ
၃၁။ လောက်ကိုင်
၃၂။ မချမ်းဘော
၃၃။ မတ္တရာ
၃၄။ မကွေး
၃၅။ မလှိုင်
၃၆။ မန်စီ
၃၇။ မော်လမြိုင်ကျွန်း
၃၈။ မိတ္ထီလာ
၃၉။ မင်းဘူး
၄၀။ မင်းပြား
၄၁။ မိုးကောင်း
၄၂။ မိုးမောက်
၄၃။ Mongkaung
၄၄။ မိုင်းယောင်း
၄၅။ မုံရွာ
၄၆။ မြောက်ဦး
၄၇။ မြိုင်
၄၈။ မြောင်
၄၉။ မြေပုံ
၅၀။ မြင်းခြံ
၅၁။ မြင်းမူ
၅၂။ မြစ်ကြီးနား
၅၃။ မြစ်သား
၅၄။ မြို့သစ်
၅၅။ နတ်မောက်
၅၆။ နထိုးကြီး
၅၇။ နောင်ချို
၅၈။ နောင်မွန်
၅၉။ နေပြည်တော်
၆၀။ ငပုတော
၆၁။ ငန်းဇွန်
၆၂။ ညောင်ရွှေ
၆၃။ ညောင်ဦး
၆၄။ ပခုက္ကူ
၆၅။ ပုလဲ
၆၆။ ပေါက်
၆၇။ ပေါက်တော
၆၈။ ပင်းတယ
၆၉။ ပင်လောင်း
၇၀။ ပူတာအို
၇၁။ ပွင့်ဖြူ
၇၂။ ဖျာပုံ
၇၃။ ပျော်ဘွယ်
၇၄။ စစ်ကိုင်း
၇၅။ စလင်း
၇၆။ ဆားလင်းကြီး
၇၇။ ဆိတ်ဖြူ
၇၈။ ရွှေဘို
၇၉။ ရွှေကူ
၈၀။ ရွှေကျင်
၈၁။ စေတုတ္တရာ
၈၂။ စဉ့်ကိုင်
၈၃။ ဆွမ်ပရာဘွမ်
၈၄။ တောင်တွင်းကြီး
၈၅။ တောင်ကြီး
၈၆။ တောင်ငူ
၈၇။ တောင်သာ
၈၈။ တဖဲ
၈၉။ သာစည်
၉၀။ တီးတိန်
၉၁။ တွန်းဇုံ
၉၂။ ဝိုင်းမော်
၉၃။ ဝမ်းတွင်း
၉၄။ ရမည်းသင်း
၉၅။ ရေနံချောင်း
၉၆။ ရေစကြို
၉၇။ ရေဦး
၉၈။ ယင်းမာပင်
၉၉။ ရွာငံ

# နောက်ဆက်တွဲ (ခ) funding window များအလိုက် ဆက်လက် လုပ်ကိုင်ဆဲ LIFT စီမံကိန်းများ (စုစုပေါင်း ၄၄ ခု)

## နိုင်ငံအဝှမ်း (၁၆)

၁။ Action Aid
၂။ ADRA
၃။ CESVI
၄။ DPDO
၅။ EcoDev
၆။ GRET
၇။ Help Age
၈။ Proximity Designs
၉။ MBCA
၁၀။ MCS
၁၁။ Mercy Corps
၁၂။ MERN
၁၃။ မေတ္တာ
၁၄။ Oxfam GB
၁၅။ SwissAid
၁၆။ UNDP

## Learning and Innovation (၁၃)

၁။ ActionAid-GEN
၂။ CARE
၃။ FSWG
၄။ IRRI
၅။ IRRI-Research
၆။ Save the Children-ပေါင်းကူး
၇။ ရတနာရှေ
၈။ Save the Children-LEARN
၉။ ActionAid -SPPR
၁၀။ UNHABITAT
၁၁။ WFP
၁၂။ Mercy Corps
၁၃။ Oxfam-BLO

## တိုက်ရိုက် ချထားပေးမှု (၂)

၁။ ActionAid
၂။ Oxfam

## Financial Inclusion (၄)

၁။ UNCDF-MAP
၂။ UNCDF-MicroLead
၃။ PACT (MARC)
၄။ World Bank (IBRD)

## Delta –II (၉)

၁။ ADRA
၂။ AVSI
၃။ Proximity Designs
၄။ LEAD
၅။ Mercy Corps
၆။ MSN
၇။ PACT
၈။ UNDP
၉။ WHH

## သုတေသနပြုမှုအတွက် ချထားပေးမှု

ရခိုင်
- CDN

QSEM
- The World Bank နှင့် Myanmar Development Research Institute

# နောက်ဆက်တွဲ (ဂ) ၂၀၁၂ အတွင်း LIFT Logical Framework ညွှန်းကိန်းများအတွက် အစီရင်ခံခဲ့သော မိတ်ဆက် စီမံကိန်းများ

## ၂၀၁၂ အတွင်း LIFT Logical Framework ညွှန်းကိန်းများအတွက် အစီရင်ခံခဲ့သော မိတ်ဆက် စီမံကိန်းများ

| LIFT Indicator / IP Project | P 1 | P 2 | P 3 | P 4 | P 5 | O 1.1 | O 1.2 | O 1.3 | O 2.1 | O 2.2 | O 2.3 | O 3.1 | O 3.2 | O 4.1 | O 4.2 | O 4.3 | O 5.1 | O 5.2 | O 5.3 | LIFT LF over-lap | LIFT LF actual reported against |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Country Wide | | | | | | | | | | | | | | | | | | | | | |
| ActionAid | * | * | | * | * | | | | | | | * | | * | | | * | * | | 8 | 2 |
| CESVI | * | * | | * | * | * | * | | * | * | * | * | | | | | | * | | 11 | 8 |
| ADRA | * | * | * | | * | * | * | | * | * | * | * | | | | * | | * | | 12 | 9 |
| DPDO | * | * | | * | * | * | * | * | * | * | | | | | | | | * | | 10 | 9 |
| EcoDev | * | | | | | | | * | * | * | | | | | | | | * | | 5 | 5 |
| GRET | * | * | | | * | * | * | | | | | * | | | | | * | * | | 8 | 5 |
| HelpAge | * | | | * | * | * | * | | | * | * | * | | | | | * | * | | 10 | 6 |
| MBCA | * | | | | | | | | | | | | | | | | | | | 1 | 0 |
| Mercy Corps | * | * | * | | * | * | * | | | | | | | * | | | * | * | | 9 | 6 |
| MCS | * | | | | * | | | | * | * | * | | | | | | | * | | 6 | 6 |
| MERN | | * | | * | * | * | * | | | * | | * | * | * | | * | * | * | | 12 | 11 |
| Metta | | * | | * | * | * | * | | | | | | | | | | | * | | 6 | 5 |
| Oxfam | * | * | | * | | * | * | | | | * | * | * | * | * | * | * | * | | 13 | 13 |
| Proximity Design | * | | | * | | | * | * | | | | | | * | | * | | * | | 7 | 5 |
| SwissAid | * | | | * | * | * | * | | * | * | | | | * | | * | * | * | | 11 | 9 |
| UNDP-GRET, PACT | * | * | | | | | | * | | * | * | | | | | | | | | 5 | 2 |
| Delta II | | | | | | | | | | | | | | | | | | | | | |
| AVSI | | * | | * | * | * | | | | | | | | | | * | | * | | 6 | 5 |
| ADRA | * | | | | | | | | | * | * | | | | | | | * | | 4 | 3 |
| LEAD | * | * | | | | | * | | | | | | | | | | | * | | 4 | 4 |
| Mercy Corps | * | * | | | | | * | | | | | | | | | | * | * | | 5 | 2 |
| MSN | * | | | | | | | | | | | * | * | | | | | | | 3 | 2 |
| PACT | * | | | | | | | * | | * | * | | | | | | | * | | 5 | 3 |
| UNDP-PACT | * | | | | | | | * | * | * | | | | | | | | | | 4 | 4 |
| WHH-GRET | * | * | | | * | * | * | * | * | | | | | | | | | * | | 8 | 7 |
| Proximity Design | * | * | | * | | * | * | | | | | | | * | | | | * | | 7 | 2 |
| Delta Grant | | | | | | | | | | | | | | | | | | | | | |
| ActionAid | | | | | | | | | | | | | | | | | * | * | | 2 | 2 |
| Oxfam-NAG | * | | | | | | | | | | * | | | | | | | * | | 3 | 2 |
| Learning Innovation Window | | | | | | | | | | | | | | | | | | | | | |
| IRRI | * | * | | | | * | * | | | | | | | | | | | | | 4 | |
| Radanar Ayar | * | * | | | | | | | | | | | | | | | | | | 2 | 2 |
| Count * | 25 | 17 | 2 | 11 | 13 | 14 | 16 | 6 | 8 | 12 | 10 | 8 | 3 | 7 | 1 | 6 | 9 | 23 | 0 | | |
| Percentile * | 60% | 53% | 50% | 73% | 77% | 86% | 81% | 83% | 100% | 67% | 50% | 88% | 100% | 57% | 100% | 83% | 89% | 74% | | | |
| Radanar Ayar | 3 | 1 | 8 | 5 | 8 | 5 | 4 | 4 | 4 | 3 | 4 | 3 | 5 | 4 | 7 | 2 | 0 | 0 | 3 | | |

အညွှန်း

- * မိတ်ဖက်အဖွဲ့၏ logframe နှင့် LIFT ၏ logframe တို့တွင် ထပ်တူညီမှုရှိသော အညွှန်းကိန်းများ
- [*] LIFT LF အတိုင်း အမှန်တကယ် လုပ်ဆောင်နိုင်ခဲ့သော အညွှန်းကိန်းများ
- [ ] ၎င်းတို့ အမှန်တကယ် အစီရင်ခံခဲ့သော အညွှန်းကိန်းများ

## မိတ်ဖက် စီမံကိန်းများမှ လုပ်ဆောင်နိုင်ခဲ့သော LIFT Logical Framework အညွှန်းကိန်းများ

| LIFT Indicator / IP Project | P 1 | P 2 | P 3 | P 4 | P 5 | O 1.1 | O 1.2 | O 1.3 | O 2.1 | O 2.2 | O 2.3 | O 3.1 | O 3.2 | O 4.1 | O 4.2 | O 4.3 | O 5.1 | O 5.2 | O 5.3 | LIFT LF over-lap | LIFT LF actual reported against | Remarks |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **Learning Innovation Window** | | | | | | | | | | | | | | | | | | | | | | |
| ActionAid-GEN | | | | | | | | | | | | | | | | | * | * | | 2 | | |
| CARE | | | | | | | | | | | | | | | | | | * | | 1 | | |
| IRRI-Research | | | | | | | | | | | | | | | | | * | * | | 2 | | |
| Save the Children-Paung Ku | | | | | | | | | | | | | | | | | * | | | 1 | | |
| Save the Children-LEARN | | | | | | | | | | | | | | | | | * | | | 1 | | |
| ActionAid-SPPR | | | | | | | | | | | | | | | | | * | * | | 2 | | |
| UNHABITAT | | | | | | | | | | | | | | | | | * | | | 1 | | |
| WFP | | | | | | | | | | | | | | | | | * | | | 1 | | |
| Mercy Corps | | | | | | | | | | | | | | | | | * | | | 1 | | |
| Oxfam-BLO | | * | | | | * | * | | | | | | | | | | | | | 3 | | |
| **Financial Inclusion** | | | | | | | | | | | | | | | | | | | | | | |
| UNCDF-MAP | | | | | | | | | | | | | | | | | | | | 0 | | |
| UNCDF-MicroLead | | | | | | | | * | | * | | | | | | | | | | 2 | | |
| PACT (MARC) | * | * | | | | | | * | | * | * | | | | | | * | * | | 7 | | |
| World Bank (IBRD) | | | | | | | | | | | | | | | | | | | | 0 | | No LF |
| **Rakhine** | | | | | | | | | | | | | | | | | | | | | | |
| CDN | | | | | | | | | | | | | | | | | | | | 0 | | No LF |
| **QSEM** | | | | | | | | | | | | | | | | | | | | | | |
| World Bank | | | | | | | | | | | | | | | | | | | | 0 | | No LF |

## နောက်ဆက်တွဲ (ဃ) ချေးငွေဆိုင်ရာ ချထားပေးမှု အသေးစိတ် အချက်အလက်များ

LIFT အညွှန်းကိန်းများနှင့် ဆက်စပ်သော ချေးငွေချထားပေးမှုအတွက် ရည်မှန်းပမာဏနှင့် လုပ်ဆောင်ခဲ့သော ပမာဏ

| အညွှန်းကိန်း | ၂၀၁၂ ဒီဇင်ဘာထိ ရာထားချက် | ၂၀၁၂ ဒီဇင်ဘာထိ ချထားပေးခဲ့မှု | ရာထားချက် ပြည့်မီမှု ရာခိုင်နှုန်း |
|---|---|---|---|
| O1.3 LIFT မှ ပံ့ပိုးထားသည့် ရွာများမှ အတိုးနှုန်း သက်သာသော စိုက်ပျိုးရေးချေးငွေများ ရရှိသည့် အိမ်ထောင်စုများ | ၆၀,၀၀၀ | ၆၉,၃၀၀ | ၁၁၆% |
| O2.2: LIFT မှ ပံ့ပိုးထားသည့် ရွာများမှ အတိုးနှုန်း သက်သာသော စိုက်ပျိုးရေးအတွက် မဟုတ်သည့် ချေးငွေများ ရရှိသော အိမ်ထောင်စုများ | ၁၅,၀၀၀ | ၁၇,၈၀၀ | ၁၁၉% |

Pact၊ GRET၊ Save the Children၊ Mercy Corps နှင့် Proximity Designs တို့မှ ဒေသအလိုက် ချေးငွေ ချထားပေးနိုင်ခဲ့မှုများ

| ဒေသ | ၂၀၁၂ ဒီဇင်ဘာလကုန်ထိ ချထားပေးခဲ့မှု | | |
|---|---|---|---|
| | ကျေးရွာ အရေအတွက် | အိမ်ထောင်စု အရေအတွက် | ချေးငွေ စုစုပေါင်း (ဒေါ်လာ) |
| အပူပိုင်းဒေသ | ၂,၉၁၁ | ၃၂,၅၉၀ | ၅,၁၃၁,၅၀၇ |
| မြစ်ဝကျွန်းပေါ်ဒေသ | ၄၆၂ | ၁၃,၆၄၈ | ၁,၈၅၁,၉၁၈ |
| တောင်တန်းဒေသ | ၁၈၅ | ၁၃,၆၁၀ | ၂,၀၄၃,၆၁၁ |
| စုစုပေါင်း | ၃,၅၅၈ | ၅၉,၈၄၈ | ၉,၀၂၇,၀၃၆ |

ချေးငွေချထားပေးမှု အစီအစဉ်များမှ အကျိုးကျေးဇူး ရရှိခဲ့သည့် အိမ်ထောင်စု အရေအတွက်

| ဇုံ | မိတ်ဖက်အဖွဲ့ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | အမျိုးသမီးမှ တာဝန်ခံ ချေးယူသော အိမ်ထောင်စု |
|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် | | ၄၆၂ | ၁၃,၆၄၈ | ၁၂,၅၀၁ |
| | MercyCorps | ၁၆၄ | ၂,၈၀၂ | ၁,၈၄၃ |
| | PACT | ၄၃ | ၂,၄၁၄ | ၂,၄၁၄ |
| | UNDP/PACT Delta 2 | ၂၄၇ | ၈,၄၁၃ | ၇,၀၅၁ |
| | UNDP/PACT Delta 1 | ၆၅ | ၁,၂၁၈ | ၁,၂၁၈ |
| အပူပိုင်း | | ၂,၉၁၁ | ၃၂,၅၉၀ | ၂၅,၆၀၉ |
| | Proximity Designs | ၉၀၃ | ၆,၉၉၀ | ၁,၆၇၅ |
| | UNDP/PACT | ၂၀၉ | ၂၃,၅၆၀ | ၂၃,၄၂၀ |
| | UNDP/SC | ၁၅၉ | ၂,၀၃၀ | ၅၁၃ |
| တောင်ပေါ် | | ၁၈၅ | ၁၃,၆၁၀ | ၁၃,၆၀၀ |
| | UNDP/GRET | ၄ | ၈၁ | ၈၁ |
| | UNDP/PACT | ၁၇၉ | ၁၃,၅၁၇ | ၁၃,၅၁၇ |
| စုစုပေါင်း | | ၃,၅၅၈ | ၅၉,၈၄၈ | ၅၁,၇၁၀ |

၂၀၁၂ နှစ်ကုန်ထိ ချထားပေးခဲ့သော စိုက်ပျိုးရေး ချေးငွေများ

| ဇုံ | မိတ်ဖက်အဖွဲ့ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | စုစုပေါင်း ချေးငွေ (ဒေါ်လာ) |
|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် | | ၅၁၉ | ၁၄,၈၄၇ | ၁,၄၇၁,၅၈၃ |
| | MercyCorps | ၁၆၄ | ၂,၈၀၂ | ၅၂၄,၅၈၉ |
| | PACT | ၄၃ | ၂,၄၁၄ | ၃၄၉,၈၂၄ |
| | UNDP/PACT - Delta 2 | ၂၄၇ | ၈,၄၁၃ | ၄၁၇,၁၇၀ |
| | UNDP/PACT - Delta 1 | ၆၅ | ၁,၂၁၈ | ၁၈၀,၀၀၀ |
| အပူပိုင်း | | ၁,၁၅၂ | ၃၀,၇၀၆ | ၃,၈၄၀,၃၁၇ |

| ဖုံ | မိတ်ဖက်အဖွဲ့ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | စုစုပေါင်း ချေးငွေ (ဒေါ်လာ) |
|---|---|---|---|---|
| | Proximity Designs | ၉၀၃ | ၆,၉၉၀ | ၆၅၈,၈၅၀ |
| | UNDP/PACT | ၁၉၆ | ၂၃,၀၄၁ | ၃,၀၄၁,၄၂၅ |
| | UNDP/SC | ၅၃ | ၁,၆၇၅ | ၁၄၀,၀၄၂ |
| တောင်ပေါ် | | ၁၈၃ | ၁၃,၅၉၈ | ၂,၀၄၃,၆၁၁ |
| | UNDP/GRET | ၄ | ၈၁ | ၁၁,၄၇၉ |
| | UNDP/PACT | ၁၇၉ | ၁၃,၅၁၇ | ၂,၀၃၂,၁၃၂ |
| စုစုပေါင်း | | ၁,၈၅၄ | ၆၀,၁၅၁ | ၇,၃၅၅,၅၁၁ |

**၂၀၁၂ နှစ်ကုန်ထိ ချထားပေးခဲ့သော စိုက်ပျိုးရေးအတွက် မဟုတ်သည့် ချေးငွေ စုစုပေါင်း**

| ဖုံ | မိတ်ဖက်အဖွဲ့ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | စုစုပေါင်း ချေးငွေ (ဒေါ်လာ) |
|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် | | ၂၄၇ | ၂,၅၃၄ | ၃၈၀,၃၃၅ |
| | UNDP/Pact | ၂၄၇ | ၂,၅၃၄ | ၃၈၀,၃၃၅ |
| အပူပိုင်း | | ၂၄၉ | ၁၃,၁၈၆ | ၁,၂၉၁,၁၉၀ |
| | UNDP/SC | ၅၃ | ၃၅၅ | ၁၄,၅၃၄ |
| | UNDP/Pact | ၁၉၆ | ၁၂,၈၃၁ | ၁,၂၇၆,၆၅၆ |
| စုစုပေါင်း | | ၄၉၆ | ၁၅,၇၂၀ | ၁,၆၇၁,၅၂၅ |

**မိတ်ဖက်အဖွဲ့များက ၂၀၁၂ အတွင်း စီစဉ်ခဲ့သော ကျေးရွာတွင်း လှည့်လည်စီးဆင်းသော ရန်ပုံငွေနှင့် ချေးငွေ ချထားပေးခဲ့မှု (စိုက်ပျိုးရေးအတွက် ရည်ရွယ်သော ချေးငွေ)**

| မိတ်ဖက်အဖွဲ့များ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | စုစုပေါင်း ချေးငွေ (ဒေါ်လာ) |
|---|---|---|---|
| ActionAid | ၄၈ | ၁,၁၃၁ | ၅၁,၀၀၂ |
| DPDO | ၆၉ | ၁,၂၄၉ | ၃၁,၈၃၁ |
| LEAD | ၂၁ | ၁၅၆ | ၁၄,၆၈၆ |
| MercyCorps | ၁၆၄ | ၅,၂၈၉ | ၄၄၈,၀၄၄ |
| MERN | ၅၁ | ၁,၁၉၀ | ၆၁,၄၆၂ |
| SwissAid | ၁၅ | ၁၅၂ | ၂၅,၅၈၃ |
| WHH | ၂ | ၁၂ | ၆,၅၃၈ |
| စုစုပေါင်း | ၃၇၀ | ၉,၁၇၉ | ၆၃၉,၁၄၆ |

**မိတ်ဖက်အဖွဲ့များက ၂၀၁၂ အတွင်း စီစဉ်ခဲ့သော ကျေးရွာတွင်း လှည့်လည်စီးဆင်းသော ရန်ပုံငွေနှင့် ချေးငွေ ချထားပေးခဲ့မှု (စိုက်ပျိုးရေးမဟုတ်သော ကိစ္စရပ်များအတွက် ရည်ရွယ်သော ချေးငွေ)**

| မိတ်ဖက်အဖွဲ့များ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | စုစုပေါင်း ချေးငွေ (ဒေါ်လာ) |
|---|---|---|---|
| ActionAid | ၂၀ | ၁၃၄ | ၄,၄၅၂ |
| ADRA | ၉ | ၁၀၀ | ၁၀,၀၀၀ |
| EcoDev | ၈ | ၂၀ | ၁၀,၀၀၀ |
| MCS | ၆ | ၁၈၂ | ၁၂,၁၀၀ |
| Mercy Corps | ၂၇ | ၄၆၆ | ၂၄,၆၅၅ |
| MERN | ၂၉ | ၂၈၁ | ၅၀,၇၅၂ |
| Oxfam | ၆၇ | ၉၂၀ | ၇၁,၂၀၇ |
| SwissAid | ၂ | ၂၆ | ၁,၉၈၁ |
| စုစုပေါင်း | ၁၆၈ | ၂,၁၂၉ | ၁၈၅,၁၄၇ |





**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ**

**UNOPS ဘဏ္ဍာရေးတာဝန်ခံရုံး**


အမှတ် ၁၂ (O)၊ ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ

ဖုန်း +၉၅ ၁ ၆၅ ၇၇ ၀၂~၀၄၊ +၉၅ ၁ ၆၅ ၇၂ ၈၀~၈၇၊ ဖက်စ် +၉၅ ၁ ၆၅ ၇၇ ၀၂/ ၆၅ ၇၂ ၇၉

Email: lift@unops.org

Website: www.lift-fund.org